www.burmeseclassic.com

# ရှက်ကျိုးရင်တက် တက်ကျိုးရင်လက်

ကျော်မြသန်း



လုံးချင်းဝတ္ထုရှည်

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၂၂၀၃၀၉
မျက်နှာဖုံးခွင့်ပြုအမှတ် – ၅၀၁၁၀၀၀၈၀၉

**ထုတ်ဝေသူ**
ဦးမောင်မောင်မြင့်အေး(မြ–၀၄၁၀၀)၊ လာဘ်မိုးချွေစာပေ
အမှတ်–၂၀၅/က၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးမြင့်ဝေ(မြ–၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်
အမှတ်–၁၈၂၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**
ဒေါ်နန်းအုန်းမြင့်(မြ–၅၇၈၁၆)၊ အောင်အောင်ဆက်လုပ်ငန်း
အမှတ်–၂၈၀၊ ဗိုလ်ချွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့်ကာလ**
၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ(ဒုတိယအကြိမ်)

**အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၁၀၀/–**

၈၉၅.၈၃
ကျော်မြသန်း
ရွှက်ကျိုးရင်တက် တက်ကျိုးရင်လက် / ကျော်မြသန်း။
–ရန်ကုန်၊
လာဘ်မိုးချွေစာပေ၊ ဒု–ကြိမ်၊ ၂၀၀၉။
၃၂၀–စာ၊ ၁၂.၇ × ၁၇.၈ စင်တီမီတာ။
(၁) ရွှက်ကျိုးရင်တက် တက်ကျိုးရင်လက်

BURMESE CLASSIC .com

# ကျော်မြသန်း

# ရွှက်ကျိုးရင်တက် တက်ကျိုးရင်လက်


လုံးချင်းဝတ္ထုရှည် (ဒုတိယအကြိမ်)

ဦးဓေးညွန့်
ရွှေပုပ္ပါးစာပေ
အခန်း–၄၆/၄၇၊ သိမ်ကြီးဈေးဟာအုပ်ဆိုင်တန်း၊
စီရုံအဆောင်–၄၊ ပထမထပ်။
☎ –၀၉–၈၉၂၆၆၇၈၊ ၀၁–၃၇၁၀၀၀(Ext–၃၆၀/၃၆၂/၃၆၃)၊
Home: ၀၉–၅၁ ၈၄၅၄၆၊ ၀၉–၅၀၇၀၂၀၇

www.burmeseclassic.com

www.burmeseclassic.com





မိမိတို့ထံကို လေ့ဝန်သုံးသပ်ပါ။ (လေ့ဝန်) မိမိအပြစ်ကို သိပါ။ (အသိ)
သတိဖြင့် ထိန်းသိမ်း ပြုပြင်ပါ။ (သတိ)

( ကျော်ထက်ကျော် )

## ရွှက်ကျိုးယင်တက် တက်ကျိုးယင်လက်

အဆောင်တံခါးပိတ်ချိန်၊

အဆောင်ပြင်ပတွင် အလင်းရောင်မချုပ်ငြိမ်းသေးသော်လည်း အားပျော့မှေးစမှိန်ပြုနေပြီ။ မိန်းမဆောင်တွင် ထွန်းထားသည့် ၆၀ အား မီးလုံးမှ ဖြာဝေလာသည့် အလင်းရောင်မှာ တောက်တောက်ပပမရှိ။ တစ်ယောက်ကိုတစ်ယောက် သဲသဲကွဲကွဲ မြင်နိုင်ရုံသာ။

တံခါးသော့ခလောက်ကြီးကို အားပါးတရ သုံးလေးခါလောက် ဆွဲခါလိုက်သည့်အသံမှာ နားထဲသို့ စူးဝင်သွားပြီး နှလုံးသားသို့ပါ ရိုက်ခတ်လိုက်ဘိသို့ ရှိချေ၏။

ထောင်များတွင် အသုံးပြုမည့် သော့ခလောက်များမှာ သေးသေးကွေးကွေးဟူ၍မရှိ။ ရောမသော့ခလောက်ကြီးတွေမို့ အားပါးတရ ဆွဲခါလိုက်သည်။ အသံမှာ နားမခံသာရုံထက် ပို၍ ကျယ်လောင်လွန်းဘိ၏။

မိန်းမဆောင်တွင် ရှိနေကြသော အချုပ်နှင့် အကျဉ်းသမများမှာ အိမ်ထောင်ပိတ်ချိန်တွင် အားလုံး ပုံစံထိုင်ကြရသည်။ စကား လုံးဝမပြောရ။ မနက်မိုးလင်း အိပ်ဆောင်ဖွင့်ချိန်မှသည်နေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆောင်ပိတ်ချိန်သို့တိုင် သီချင်းဆိုသံ စကားပြောသံ မရပ်မစဲ ရှိနေသော်လည်း အိပ်ဆောင်ပိတ်ချိန်တွင်မူ တိတ်ဆိတ်မှု လွှမ်းမိုးသွားစမြဲ ရှိချေ၏။

'ဟာမတွေနော်၊ မနက်ကျရင် ဘာသံညာသံ မကြားရစေနဲ့'

မိန်းမဆောင်ကိုင်ရသည့် ထောင်မှူးလေး၏ အသံသာ တိတ်ဆိတ်မှုကို ဖောက်ထွက်လာ၏။

ညနေတိုင်း အဆောက်ကိုင်ထောင်မှူးလေးက ဤသို့သတိပေးရစမြဲ။

'ကောင်မတွေ' ရိုင်းရိုင်းပျပျ အခေါ်အဝေါ်အစား နားခံသာဖွယ်ရာရှိသည့် 'ဟာမတွေ' ဟု အခေါ်အဝေါ် ပြုသည်ပါ။

စိတ်သွားတိုင်း ကိုယ်ပါ၊ လိုရာသို့ မရောက်နိုင်သည့်နေရာမှာတောင်။

ထိုနေရာသို့ အားကောင်းမောင်းသန် ယောကျ်ားများသာ ရောက်ကြသည်မဟုတ်၊ နုနယ်ပျော့ပျောင်း ဖော့ဖယောင်းနှင့် နှိုင်းရှာအပ်သည့် မိန်းမသားများလည်း ရောက်ကြသည်။ ဘဝကံကြမ္မာ အလှည့်အပြောင်းနှင့် ကြုံလာသည့်အခါ မရောက်အပ်သည့်နေရာသို့လည်း မရှောင်မလွှဲသာ ရောက်ရသည်ပါ။ သတ္တဝါတို့သည် ကံတည်းဟူသော အလုပ်၊ မိမိကိုယ်တိုင်၏ ပြုမူချက်အပေါ်၌တည်၍ ပြောင်းလဲမှု ဖြစ်နေကြသည် မဟုတ်ပါလော။

ဝေဝေ၏ ငယ်စဉ်ဘဝမှာ ဆူးညောင့်ခလုတ်ကန်သင်းဘိ၏။ ဘဝ၏ ချမ်းမြေ့မှုအရိပ်နှင့် တွေ့ဆုံခဲ့ရ၏။ သည်လိုနေရာမျိုးကို ရောက်ရလိမ့်မည်ဟု အိပ်မက်သော်မှ မမက်ရာသို့ ရှိခဲ့ပါ၏။



သို့တစေ ခုရောက်နေရပါလေပြီ။

သည်အကြောင်း အတွေးစဉ်သို့ ထင်ဟပ်လာသောအခါ၊ ရင်ထဲမှာ နာကျည်းစိတ်များ ယိုဖိတ်လျှံတက်လာသည်။ နဖူးထင်ကြောများ ထောင်တင်းလသည်။

ဖြစ်လိုရာဖြစ်စေ မစဉ်းစားတော့ပါဘူးဟု အဆုံးအဖြတ်ပြုခဲ့စေကာမူ အိပ်ဆောင်ပိတ်ချိန်ရောက်တိုင်း အတွေးစဉ် ထင်လာစမြဲ ရှိခဲ့၏။

ထောင်မှူးလေး ပြန်ထွက်သွားပြီး ပုံစံအထိုင်မှ ထိုင်ချင်သလို ထိုင်နိုင်သည့်အထိုင်သို့ ပြောင်းလိုက်ရတော့မှဘဲ အတွေးစဉ်လည်း ရိပ်ကနဲ ပြတ်ထွက်သွားရသည်။

ယောကျ်ားတွေထက် လျှာတိုစေကာမူ၊ စကားရှည်တတ်သည့် မိန်းမတို့ထုံးစံအတိုင်း စကားသံတွေ စည်စည်ဝေဝေ ရှိလာချေ၏။ အိပ်ချိန်သို့ မရောက်မချင်း တိုးတိုးကြိတ်ကြိတ် စကားပြောသံများ၊ ခပ်အုပ်အုပ်ရယ်သံများ၊ ညင်းညင်းသဲ့သဲ့ သီချင်းညည်းသံများ ထွက်လာစမြဲရှိသလို မအောင့်မအီးနိုင်ရယ်လိုက်သည့် အသံများလည်း ထွက်ပေါ်လာတတ်၏။

'ကောင်မတွေနော်'

တန်းစီး ဒေါ်အေးမြတ် ဟဲ့သံလည်း ပေါ်ထွက်လာရစမြဲရှိချေ၏။

ရပ်တည်လျှောက်လှမ်းခဲ့ရဖူးသော ဘဝ၏ အဆစ်အပိုင်းတွင် ရင်ဆိုင်ကျော်လွှားခဲ့ရသည့် အတိတ်ခရီးကားချပ်မှာ စွေ့စွေ့မျက်ဝန်းထဲသို့ ပန်းချီရေးတင်ပြလိုက်ရသလို တရိပ်ရိပ် ပေါ်ရေးရေး ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင့်မားလုံခြုံသော အုတ်ရိုးကြီးလေးဘက် ကာထားသည့် အထဲတွင် ထပ်ဆင့်ကာထားသည့် ဝါးတပြန့်အုတ်ရိုးအပြင် ဧရာမ သော့ခလောက်ကြီးနှင့် လှောင်အိမ်ထဲသို့ ရောက်နေစေကာမူ ဝေဝေ၏ စိတ်အစဉ်မှာ အုတ်ရိုးပြင်ပဆီသို့ ပျံ့လွင့်လျက်. . .

* * *



## တစ်

မော်လမြိုင်ရထားမှခရီးသည်များ ဘူတာအပြင် ဘက်သို့ အန်ထွက်လာသည်။ ဘူတာကြီးရှေ့ ကွက်လပ်ပြင်တွင် ကားမျိုးစုံ တို့မှာ နေရာလပ်မရှိအောင် တစီးနှင့်တစီးပိတ်ဆို့ ရပ်ထားကြ သည်။ ဆိုက်ကားများ ဝင်ရောက်ရပ်နား ခွင့်မရှိသည့် နေရာမို့ လှအောင်မှာ သူ၏ဆိုက်ကားကို ဘေးလွတ်ရာနေရာတွင် ရပ်ထား ရသည်။

အချိန်မှာ နေ့လယ်နှစ်နာရီခွဲ။

ချစ်ချစ်တောက်ပူလောင်သည့် နေပူရှိန်မှာ အားမာန် ဝင့်ဖြာလျက်။

နီးချောသပ် ရေနံချေးသုတ် ဦးထုပ်ကို ဆောင်းထားသည့် လူငယ်မှာ ဆိုက်ကားဘေးတွင်ရပ်နေယင်း ကားမစီးပဲဆိုက်ကား နှင့်သွားမည့် ခရီးသည်ကို လှမ်းမျှော်နေရသည်။

နေပူလိုက်တာ၊ မိုးရွာလွန်းရန်ကောလို့ ချွေးပြိုင်းပြိုင်း ကျအောင် အသုံးပြုခဲ့ရပြီမို့ လန်းဆန်းနိုင်အား ကုန်ခန်းစပြုနေပြီ။ သို့တစေ စိတ်ပျက်သည့် အရိပ်အဆင်သူ့မျက်နှာတွင် မတွေ့ရပေ။ ခရီးသည်ရပ့်ါမလားဆိုသည့် စိုးရွံ့စိတ်ကလေးသာသူ့ မျက်နှာတွင် ရေးရေးပျပျထင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေနင်းပြားအလည်းများမှနေ့တွက် ကိုက်သည်မို့ခရီးသည်ကိုမျှော်ရသည်ပါလေ။

ဗဟန်းဘက်သွားသည့် ခရီးသည်၊ ကန်တော်လေးဘက်သွားသည့် ခရီးသည်မျိုးက ကားစီးလေ့မရှိ။ ဆိုက်ကားကိုပဲစီးလေ့ရှိသည်။ ကားသမားတွေက ခရီးနီးတယောက်သမားဆိုမတင်ချင်။ တယောက်တည်းသမားကလည်း တယောက်တန်ကြေးသာ ပေးနိုင်သဖြင့်ဈေးနှုန်း အပြောအဆိုတည့်လေ့မရှိ။

လှအောင်ကဖဆပလမှာ အမြဲတမ်းဂိတ်ထိုးလေ့ရှိပေမယ့် ရထားချိန်ရောက်လို့ ရပ်ကွက်ခရီးသည် မပေါ်လာယင်ဘူတာကြီးဘက်ကို ဘီးလှိမ့်ထွက်လေ့ရှိသည်။

အဲဒီနေ့က ခရီးသည်မျှော်နေဆဲမှာ ခရီးသည်ပေါ်လာသည်။

အမျိုးသမီးတယောက် ဘေးလွယ်အိတ်အတော်ကြီးကြီးတစ်အိတ်နှင့် လက်ဆွဲခြင်းတခုပါသည်။ ပခုံးတဘက်မှာ ဆလင်းဘက်အိတ်လွယ်လို့။ ဘဲခေါင်းစိမ်းရောင်ဝမ်းဆက်နှင့် ရထားဆင်းခါနီးမှ မိတ်ကပ်ဖို့လာသည်ထင်ပါ့။ မျက်နှာပြင်ပေါ်မှာ အဆီမပြန်၊ ချွေးမတင် လှလှယဉ်ယဉ်ကလေး။

သွားမည့်ခရီးက ဗဟန်း။

ဈေးစကားပြောပြီး ဈေးတည့်တည့်နှင့် ခြင်းနှင့်အိတ်ကိုလှမ်းယူ၍ နောက်ခုံပေါ်တင်ပြီး ကြိုးသိုင်းချည်လိုက်သည်။

နေပူထဲ နင်းရပေမယ့် အမျိုးသမီးထံက ထွက်လာသည့်ကိုယ်သင်းရေမွှေးကြောင့် အမောပြေသလိုရှိရသည်။ ပြီး. . . အမျိုးသမီးက ဟန်ကြီးပန်ကြီး ဂိုက်ဆိုက်မဖမ်းပဲ နှုတ်သွက်အာသွက်



စကားတပြောပြောနှင့်မို့ နင်းရမှန်းမသိ။

သူ့ကို တရင်းတနှီးခေါ်ပုံက မောင်လေးတဲ့။ အသက်အရွယ်ချင်း အလွန်အမင်ကွာအုံမထင်။ ကွာလှ သုံးလေးနှစ်ပေါ့။

'မောင်လေးက အမြဲတမ်း ဘယ်ဂိတ်မှာထိုးသလဲ'

'ဖဆပလ ရပ်ကွက် တိုက်(၅) ရှေ့ပါမှာ'

'အဲဒီမှာ ခရီးသည်ကောရရဲ့လား'

'ဟုတ်ကဲ့၊ အမြဲတမ်းဖောက်သည်တွေ ရှိပါတယ်'

'နေတော့ကော ဖဆပလမှာပဲပေါ့'

'ဟုတ်ကဲ့ ဖဆပလ ရပ်ကွက်မှာပါ'

ကျောက်တိုင်ကွေ့ ကွေ့လိုက်ပြီးသည်နှင့် ဆိုက်ကားကိုဂရုတစိုက် နင်းနေရသည်။

'အစ်မရေ သည်လမ်းမှာတော့ စကား သိပ်မပြောနဲ့ဗျ။ သေမင်းတမန်ကားတွေက အရမ်းမောင်းကြတာ။ ရေခဲဆိုင် မှတ်တိုင်က ခရီးသည်ကို အလုအယက်တင်ဖို့လေ'

တောင်၊မြောက်ဥက္ကလာဆွဲသည့် သဘော်သားကားလေးများသည်ယာဉ်ထိန်းရဲ မရှိတတ်သည့်နေရာတွင် အလုအယက်တရကြမ်းမောင်းလေ့ ရှိရာ ဟီးနိုးကားကြီးများကိုပင်နင်လားငါလားကျော်တက်လေ့ ရှိကြသည်။ ပြီးတော့ သည်လမ်းယာဉ်ကြောပေါ်တွင် ကားပြတ်သည်ဟူ၍မရှိ။ ဆိုက်ကားနင်းသူများ အထူးဂရုစိုက်ရသည့်လမ်း။

မောင်းလေးခေါ်သည့် မမကလည်း အလိုက်တသိ စကားမပြောတော့။ ဆင်မည့်လမ်းရောက်ခါနီးမှ လက်ညှိုးထိုး ပြသည်။

အမျိုးသမီးက ဆလင်းဘက်အိတ်ထဲက ငါးဆယ့်ပြိုက်တန်

www.burmeseclassic.com

www.burmeseclassic.com



တရွက်ထုတ်ပေးပြီး အိတ်နှင့်ခြင်းကိုယူဖို့ ဖြေနေသည့်ကို ရပ်စောင့်နေသည်။

'စောင့်မနေနဲ့အစ်မ၊ ကျွန်တော် အိမ်ပေါ်လိုက်ပို့ပေးမယ်'

အပြုံးနှင့် ခေါင်းညိတ်၍ အိမ်ပေါ်တက်သွားသည်။

အမျိုးသမီးက တလှဲ့ထင်ကောင်း ထင်သွားလေးလားမသိ။ ဆိုက်ကားဆရာအများအပြားက ခရီးသည်၏ပစ္စည်းကို အိမ်ပေါ်ရောက်သည်အထိ ပို့ပေးရိုးထုံးစံမရှိ။ ခု လှအောင်က အိမ်ပေါ်အရောက်ပို့ပေးသည်မှာ မမခရီးသည်၏ အပြုံးနှင့်အလှကြောင့်မဟုတ်။ ခရီးသည်တိုင်းအပေါ်ထားလေ့ရှိသည့် သူ၏စေတနာကြောင့်။

လှအောင်ဆိုက်ကား စီးဖူးသည့် ခရီးသည်များမှာ သွားစရာလာစရာရှိယင် လှအောင်ကို အယင်ကြည့်ကြသည်။ လှအောင်မတွေ့မှ တခြားဆိုက်ကားကို ခေါ်ကြသည်။

ဇဆပလ ရပ်ကွက်ထဲက မိဘရှင်နှစ်ဦးကဆိုလျှင်သူတို့ကလေးတွေကျောင်းပို့ ကျောင်းကြိုအတွက် လှအောင်ကိုပင်တိုင်ငှားထားကြသည်။ မိဘတွေကိုယ်တိုင် မလိုက်ကြ။ ဆိုက်ကားပေါ်တင်ပေးရုံနှင့် လှအောင်က ကျောင်းခန်းထဲက ထိုင်ခုံအထိ ပို့ပေးသည်။ ပြန်ကြိုတော့လည်း ထိုနည်းအတိုင်း အိမ်ပေါ်ရောက်သည်အထိ ပို့ပေးသည်။

သူ၏ရိုးသားမှု ဝီရိယနှင်နှင့် စေတနာက သူ့ကိုပြန်၍အကျိုးပေးသည်ဟု ဆိုရလေမလားမသိ။ ဝင်ငွေချင်းယှဉ်လျှင် သူကတပန်းသာစမြဲ။ နေ့တွက်မကိုက်သည့် နေ့ဟူ၍လည်း မရှိစမြဲ။

တနေ့ဝင်ငွေသုံးဆယ် အထက်မှာပဲရှိသည်။အောက် မယို့။



ဆိုက်ကားသမားအချင်ချင်းပင် မနာလိုဝန်တိုစကားဆိုကြသည့်အထိ လှအောင်၏ဝင်ငွေမှာ အသာစီး အပေါ်စီးမှာပဲအလံစိုက်ထူထားနိုင်ခဲ့သည်။ အလံလဲသည်ဟူ၍ မရှိခဲ့။

ပြီးတော့ သူက အရက်သေစာ သောက်စားခြင်းမရှိဆိုသည့်နာမည်ကောင်းလေး တလုံးကိုလည်း အများအသိအမှတ်ပြုရထားသည်။ များသောအားဖြင့် ဆိုက်ကားသမားနှင့် အရက်သေစာသည် တွဲစပ်စမြဲ ရှိကြ၏။ တနေကုန် မင်ပန်းနွမ်းနယ်သည်ကို ယမကာအဖျော်ရည်ကလေးနှင့် ဆေးကြောသုတ်သင်၍ အားသစ်ပြန်လည်းမွေးကြသည်မှာ သူတို့အလေ့အကျင့်ဟုဆိုရမည်ပါ။

ထိုမှာ အရက်ကို စွဲစွဲမြဲမြဲကြိုက်သွားတတ်ကြသည်။

အင်္ဂလိပ်ခေတ်က ဆိုက်ကားဆရာများနည်းတူ တနေကုန်ကာယအားကို အသုံးပြုရသည့် လန်ချာဆွဲသော ဂေါ်ရင်ဂျီကုလားများမှာ နေညိုချိန်ရောက်လျှင် ကဇော်ဆိုင်တွင် စုရုံး၍အပန်းဖြေကြသည်မှာ အစဉ်အလာ။

ကာဇောဆိုင် ဆိုင်းဘုတ်ကိုကြည့်။

နှုတ်ခမ်းမွေးကားကားနှင့် အားရပါးရပြုံးနေသည့် ဂေါ်ရင်ဂျီကုလား ပုလင်းမော့နေသည့်ပုံ။

ကာယအားကို အသုံးပြုနေရသူများ၏အပန်းဖြေဆေးသည် အရက်ဟူ၍ စွဲထင်လာသည့် အစဉ်အလာမှာယနေ့ထက်တိုင် ခိုင်မြဲနေပါလေသည်။

လှအောင်က အရက်မသောက်တတ်၊ သို့တစေ နေညိုချိန်ရောက်လျှင် အရပ်ထဲက အရက်ပုန်းဆိုင်ကိုရောက်မြဲ။ အရက်သုံးတျပ်ဖိုးမှန်မှန်ဝယ်ရသည်။ဒါကသူ့အတွက်မဟုတ်၊အဖေ့အ

www.burmeseclassic.com

www.burmeseclassic.com



တွက်။

ပတ်ဝန်ကျင်က ဘယ်သို့ဆိုဆို အရက်ချိုးကပ်နေသည့် ဖခင်ကြီးအတွက် နေ့တိုင်းအရက်ဝယ်ရသည်မှာ ဝတ္တရားအရပ် သို့နှယ် ရှိခဲ့ပါချေ၏။

ဖခင်ဖြစ်သူက သူတို့မိသားစုအပေါ် တာဝန်မကျေပွန် ခဲ့ဟု ဆိုရမည်သို့ ရှိခဲ့စေကာမူ လှအောင်က မိဘအပေါ်ထားရှိ ရမည့် သားသမီးတို့၏ ကျေးဇူးတရားကို မယိုယွင်းအောင်ထိန်း ခဲ့သည်။

အဖေ့အကြောင်းပြောယင် အကောင်းနှင့်အဆိုးဒွန်တွဲ ပြောရမည်သို့ရှိခဲ့ရာအကောင်းထက် အဆိုးဘက်သို့အလေး သာသည်ဟု ဆိုရမည်ပါ။

စစ်ပြီးခေတ် ဘီးလစ်စာရေးကြီး ဦးဘထွန်း။

လခထက် ဆယ်ဆမကသော ဝင်ငွေအားလုံးကိုနေ့စဉ် အရက်ဆိုင်သို့ပို့သည်။အဝတ်စဉ်မြင်းပွဲသို့ ပို့သည်။ ပိုကာဝိုင်းထိုင် မိယင်အိမ်မပြန်။လဆန်းတရက်နေ့ မယားလက်ထဲကို လခအပြည့် ထည့်ပေးသော်လည်း တတိ တတိ ပြန်တောင်းသည့်ငွေကလခ ထုတ်စဉ်ပေးသည့်ငွေထက် ပိုစမြဲရှိခဲ့၏။

အမေ့ဈေးဆိုင် ဝင်ငွေနှင့် သားအမိသုံးယောက် ရပ်တည် ခဲ့ရသော်လည်း ချို့ချို့တဲ့တဲ့ မရှိခဲ့။ အများနည်းတူနေနိုင် စားနိုင်ခဲ့ သည်။ အမေက အပြုံးမပျက် ရှာနိုင်ဖွေနိုင်ရှာတတ် ဖွေ တတ်သမို့ ဘီးလစ်စာရေးကြီးကတော့ နာမည်ခံရသည်မျှနှင့်ပင် ကျေနပ်နေ သည်။

အဖေကလူချော၊ အမေကရွှက်ကြမ်းရေကျို။



ဘီးလစ်စာရေးကြီးဆိုတော့ ငွေရှင်သလို အပျော်ထားစရာ လည်းပေါသည်။အဖေက သည်တခုကိုတော့ ဝါသနာမပါ။ တယောက်အပြင် နှစ်ယောက်ဆိုတာမျိုးမထား။အမေနှင့် သူတို့ မောင်နှမ နှစ်ယောက်ကိုသာ သားမှတ်မှတ် မယားမှတ်မှတ် တိုင်ထူ နေထိုင်ခဲ့သည်။

သူတို့မှာ မွေးချင်းငါးယောက် ရှိသော်လည်း အထက်သုံး ယောက်က အဖတ်မတင်။

အမေက သည်တကြောင်းတည်းနှင့် အဖေဆိုးသမျှကို ခွင့်လွှတ်နိုင်ခဲ့သည်။ အကြောင်းဆိုရပါမူ အဖေနှင့်လုပ်ဖော်ကိုင် ဖက်ဘီးလစ်စာရေးကြီးတွေဆို အနည်းဆုံးနှစ်အိမ် ကူးချည်းသန်း ချည်း အလှည့်ပေးနေထိုင်ကြသည်ကို အမေကြားနေ၊ သိနေ၊ မြင် နေရသည်ကြောင့်။

အဖေအတော့ တအိမ်တည်း။

အဖေ့အကြောင်း အကောင်းပြောရမည်ကတော့ သည် အကြောင်းတကြောင်းနှင့် အိမ်အပြန် မယားနှင့်သားသမီး တွေ စားဖို့ အထုတ်ကြီး အထုတ်ငယ် ဆွဲလာစမြဲ ရှိသည်ပါ။

မြင်းပွဲနိုင်လာပြီးဆိုယင် အမေ့လက်ထဲကို ငွေစက္ကူ တထပ် ကြီး ထိုးထည့်ပေးပြီး သူတို့မောင်နှမ လက်ထဲကိုကလေးမ ကိုင်အပ် သည့် ငွေစက္ကူအကြီးစားများကို အိတ်ထဲအရောက်ထည့် ပေးတတ် သည်။

နိုင်သည့်အကြိမ်က နည်းနည်း၊ ရှုံးသည့်အကြိမ်ကများ များမို့ ပေးသည်က တကြိမ်၊ ပြန်ယူသည်က ဆယ်ကြိမ်ဆိုလို့ရှိသမို့ အမေ့ငွေရင်းထဲကပင် ပဲ့ပါရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီထွန်းက သူတို့ ဖ-ဆ-ပ-လ ရပ်ကွက်ထဲကိုမရောက်သေး။ ဂွတ္တာလစ်ရပ်ကွက်မှာ သုံးပင်နှစ်ခန်း အိမ်ပိုင်လေးနှင့် နေသားကျကျ နေနိုင်သည်။

အတွဲလိုက် တိုက်ခတ်လာသည့် အကုသိုလ်မှန်တိုင်းသူတို့မိသားစုကို မွှေနှောက်လိုက်သည့်အချိန်မှာ အစ်မ မကြည်ကလေးတန်း၊ သူက သုံးတန်းသို့ရောက်သည့်နှစ်။

ပြဿနာအပေါ်သည့် လုပ်ရိုးလုပ်စဉ် လုပ်ငန်းမှာတနေ့တော့ ပြဿနာပေါ်လာသည်။

အဲဒီနေ့ အဖေ့ထုံးစံ လုပ်ရိုးလုပ်စဉ်အတိုင်း ညကအရှိန်ကြောင့် ခေါင်းမကြည် ရင်မရှင်း ဖြစ်နေသည်ကို ပစ်ကမီအတ်ခေါ်တခွက်မော့၍ ရုံးသို့ထွက်သွားခဲ့သည်။ အဖေက ရုံးသွားဖို့ကို အစောကြီးကတည်းကပြင်ဆင်လေ့ရှိသည်။ ဗန်ကောက်လုံချည်နှင့် အပေါ်အင်္ကျီအနက်မှာ အဖေရုံးသွားယင် ဝတ်သည့်ဝတ်စုံ။ ဗန်ကောက်လုံချည်ထည်လဲ အရောင်စုံပြောင်းဝတ်သော်လည်း အတွင်းခံအင်္ကျီအဖြူနှင့် အပေါ်အင်္ကျီအနက်ကိုမူ မပြောင်းမလဲ ပုံသေထား၍ ဝတ်ဆင်လေ့ရှိသည်။ လက်ကိုင်ပဝါကို အဖြူကလွဲ၍ အရောင် အကွက်တို့ကိုမသုံး။ အဖေ့တိုက်ပုံအင်္ကျီ၊ ညာဘက်အိတ်မှာ ရွှေရောင်စီးကရက်ဗူးပြားလေးနှင့် မီးခြစ်၊ အတွင်းအိတ်မှာတော့ ပယင်းရောင် ပုလင်းပြားလေး။

အဖေရုံးထွက်သွားပြီးမကြာခင် သူတို့ မောင်နှမနှစ်ယောက်လည်း မြို့မကျောင်းက ကျောင်းကြိုးကား အစိမ်းကြီးပေါ်သို့ တက်ခဲ့ပေသည်။

အမေကဆိုင်ထွက်နေပြီ၊ အိမ်မှာကျန်ရစ်ခဲ့သူက ဒေါ်လေး



တဝမ်းကွဲ၊ အိမ်ဖော်။ သူတို့ ကျောင်းကပြန်ရောက်ချိန်တွင် အမေဆိုင်သိမ်းပြီး အိမ်ရောက်နေပြီး၊ အဖေဘယ်အချိန်ပြန်ရောက်မည်ကို အမေက မမျှော်သလို သူတို့ မောင်နှမကလည်းအလေးမထား။ သူတို့အလေးထားသည်က ကျောင်းပြန်ချိန်ဆီးကြိုနေတတ်သည့် အမေ့အပြုံးကိုသာ။

သူတို့ မောင်နှမမှာ မိစုံဖစုံနေရသည် ဆိုစေကာမူအဖေနှင့် ပွန်းပွန်းတီးတီး မရှိလှ။ မိသားစုအစုံအညီ ထမင်းဝိုင်းဖွဲ့ရလေ့မရှိ။ အဖေက မနက်စာရော ညစာပါ အိမ်မှာမစား။ မြင်းပွဲမရှိသည့် ရုံးပိတ်ရက်များတွင်လည်း အိမ်မှာ စားလေ့မရှိ။အပေါင်းအသင်းများရှိရာ သောက်ဝိုင်းမှာသာ အချိန်ကုန်လေ့ရှိသည်။ အဖေ့မျက်နှာကို နံနက်တကြိမ်သာ မှန်မှန်မြင်ရသည်။ ညပိုင်းအမြင်မမှန်၊ များသောအားဖြင့် သူတို့အိပ်ရာဝင်မှ အဖေပြန်လေ့ရှိသည်။

သူတို့မောင်နှမမှာ အဖေ၏အယုအယကို မခံခဲ့ရ။ အမေနှင့် တပွန်းတတီး တရင်းတနှီး ရှိသလောက် အဖေနှင့် တပွန်းတတီး မရှိခဲ့။ သူစိမ်းပြင်ပြင်သို့နှယ် နေထိုင်ခဲ့ကြသည်။

သူတို့ကျောင်းပြန်ချိန်တွင် တွေ့ရမြဲဖြစ်သည့် အမေ့အပြုံးကိုသာ မက်မက်မင်မင် ရှိခဲ့ရသည်။ အဲဒီနေ့က ကျောင်းကားပေါ်ကဆင်းပြီး အိမ်ပေါ်လှမ်းတက်လိုက်ရာ အမေက ခါတိုင်းလို အပြုံးနှင့် မဆီးကြိုပဲ စီးတွေသည့်မျက်ရည် ကြောင်းများဖြင့် ဆီးကြိုလိုက်သည်။ သူတို့မောင်နှမနှစ်ယောက်ကိုဖက်ပြီး တရှိုက်မငင်မက်ကြီး ငိုနေပါလေတော့၏။

ဘာဖြစ်မှန်းမသိ၊ သို့တစေ ရှိုက်ကြီးတငင်ငိုကြွေးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



အမေ့ရိုက်သံကြောင့် သူတို့နှစ်ယောက်လည်း ရောယောင်မျက်ရည်သွယ်ခဲ့ရသည်။

'မင်းတို့ အဖေတော့'

အမေ့ နှုတ်ဖျားက ဒီလောက်ပဲ စကား ထွက်လာသည်။ အမေ ဆက်မပြော၊ အိမ်တွင် အတူနေသည့်ဒေါ်လေးကသူတို့မောင်နှမကို အိမ်နောက်ဖေးဘက်ခေါ်သွားပြီး တိုးတိုးတိတ်တိတ်ပြောပြသည်။

အဖေ အဖမ်းခံရပြီ။

*

ခေတ်စနစ် အပြောင်းအလဲ ဖြစ်ခဲ့သော်လည်း အဖေက အပြောင်းအလဲမရှိ၊ ပြောင်းရကောင်းမှန်းလည်း သိဟန်မတူ။ ယခင်လို လုပ်မြဲ၊ ယခင်လို နေမြဲ၊ အချိုးအပြောင်းအလဲမရှိ။ မြင်းပွဲရှိတော့ ပိုကာဝိုင်းမှာ ပို၍အချိန်ဖြုန်းသည်။ အမေ့အရောင်းအဝယ်အယင်ကလောက်မဖွံ့ဖြိုးတော့ အဖေ့အကူအညီကိုမရခဲ့။ အဖေ့အရက်သောက်နှုန်းလည်း ပို၍များလာသည်။

တနေ့အဖေတာဝန်ယူရသော သက်သေခံပစ္စည်းထားသည့် အခန်းကို တာဝန်ရှိသူများက ဝင်ရောက်စစ်ဆေးရာ စာရွက်ထဲကစာရင်းနှင့် မျက်မြင်ရှိ ပစ္စည်းစာရင်းကွာနေကြောင်း စစ်ဆေးတွေ့ရှိကြသည်မှ အဖေ အဖမ်းအဆီးခံလိုက်ရသည်။

ငွေနှစ်သောင်းကျော်ဖိုး ကွာသည်ဆိုတော့ အဖေမျက်လုံးပြူးရသည်။

ကျောက်တံတား ရဲစခန်းအချုပ်မှာ တညအိပ်ပြီး နောက်



တနေ့ ထောင်ထဲကို ရောက်သွားသည်။

ရတုန်းကအဖေသုံးခဲ့ဖြုန်းခဲ့သည်။ သောက်စားလောင်းကစားခဲ့သည်မှာ သဌေးသားသို့နှယ်။ ခု . . . အမှုဖြစ်ပြီးဆိုတော့ အမေလိုက်ရပြီ။ အဖေပေးထားသည့်အထုတ်အထည်မရှိ။

အမှုတခု ဖြစ်လာပြီဆိုယင် လက်ခြေနဲ့ချည်း လိုက်လို့မရ။ ကုန်စရာ ခန်းစရာတွေက အလျှိုလျှို ပေါ်လာသည်။ ဆိုလိုအပေါက်ရှာပြီး ထွက်တတ်သည် ဆိုသလို ထွက်ဖို့သာပြင်၊ စားစရာမရှိနေ လျော်စရာတော့ ရှိရမည်ဆိုသည့် ပမာစကားအတိုင်း အမေက အထုပ်အထည်ကို ဖြေရပါလေတော့၏။

ငွေကုန်လူပန်းရုံမက အရောင်းအဝယ် လုပ်ငန်းကိုပါ ထိခိုက်လာသမို့ သူတို့မိသားစု ရပ်တည်မှုမှာမယိုင်သေးသော်လည်းနဲ့လာပြီ။

လိုက်နိုင်လွန်းလို့ ထော ဒဏ်တနှစ်နဲ့ပဲကိစ္စပြီးသွားသည်။

အမေ့မှာ ငွေကုန်လူပန်း၊ စိတ်ထောင်းကိုယ်ကြေ၊ ဖွတ်ဖွတ်ညက်ညက် ကြေသွားသည်။ အမှုမပြီးခင်က နဲ့ရုံရှိခဲ့ရာအမှုလည်းပြီးရော ယိုင်ထွက်သွားသည်။ ယိုင်သမှုနည်းနည်းပါးပါးမဟုတ်၊ သွက်သွက်ခါအောင်။

ဂွတ္တလစ်ဈေးက ဆိုင်နှင့်အိမ်ကိုရောင်းပြီ အမေ့အစ်ကိုကြီးရှိရာ ဖဆပလ ရပ်ကွက်ထဲသို့ ပြောင်းရွှေ့ခဲ့ရသည်အထိ။

တရားဝင် မဟုတ်သော်လည်း လခတလ ဆယ့်ကျပ်ပေးရသည့် အခန်းတခန်းဝယ်ပြီးနေကြရသည်။

အမေ့ အစ်ကိုအရင်းဘကြီးဖြစ်သူက ဆိုက်ကားထောင်းသည့်လုပ်ငန်းနှင့် အခြေတကျရှိနေသမို့ အမေ့ကိုလည်းဆိုက်ကားထောင်ခိုင်းသည်။ အဲဒီအချိန်က ဆိုက်ကားဈေးကအတော်လေး

www.burmeseclassic.com

www.burmeseclassic.com



ပေါသည်။ လိုင်စင်လုပ်ရတာ လွယ်သလိုလိုင်းဝင်ဖို့ကလည်းအခက်အခဲမရှိ။ ငှားရမ်းရေးအပိုင်ကိုလည်း ဘကြီးလုပ်သူကတာဝန်ယူ လုပ်ပေးမှာမို့ အမေ့အင်အားနှင့် ဆိုက်ကားသုံးစီးထောင်လိုက်သည်။သူတို့ မောင်နှမအလည်း မင်္ဂလာတောင်ညွန့် အ ထက (. . . )သို့ ပြောင်းနေရသည်။ ရပ်ကွက်နှင့်နီးသဖြင့် ကားစရိတ်သက်သာအောင် ကျောင်းပြောင်းနေဖို့ သူတို့မောင်နှမကို အမေကမျက်ရည်စက်လက်နှင့် စကားဆိုခဲ့သည်။ အစ်မဖြစ်သူက ခေါင်းမခါခဲ့သော်လည်း သူကခါးခါးသီးသီး ခေါင်းခါပြီး ကျောင်းမပြောင်းဟုဆန္ဒပြခဲ့သည်။

အဲဒီနှစ်က မောင်နှမ နှစ်ယောက်စလုံး စာမေးပွဲကျသည်။

အမေ့မှာနှလုံးရောဂါရှိသည်ကို အမေလည်းမသိ။ လင်အတွက် စိတ်ထောင်းကိုယ်ကြေဖြစ်နေသည့် အမေ့ခမျာ သားရေသမီးပါ စာမေးပွဲကျသည့်အဖြစ်ကြောင့် စိတ်ထိခိုက်လွန်ပြီးရှိယင်းစွဲနှလုံးရောဂါကို ထိုးဆွပေးလိုက်သလို ရှိခဲ့ရာ ဆရာဝန်ခေါ်ချိန်သော်မှ အရလိုက်ဘဲ 'ရင်ညွန့်ထဲက အောင့်လိုက်တာ၊ အသက်ရှူလို့မရတော့ဘူး' ဆိုသော စကားလုံးများကို အနိုင်နိုင်အားယူပြောယင်းက ဇက်ကျိုးကျသွားခဲ့သည်။

အဖေက ထောင်ထဲမှာ အမေ ကွယ်လွန်ချိန်တွင် ဥမမည်ဖာမမြောက် မောင်နှမနှစ်ယောက် ငေါက်တောက်တောက် ကျန်ရစ်ခဲ့ရာ ဘကြီးဖြစ်သူ၏ အုပ်ထိန်းမှုအောက်မှာ နေထိုင်ခဲ့ရသည်။ ယခင် အတူနေခဲ့သည့် ဒေါ်လေးမှာသူတို့ ဖဆပလကို ပြောင်းကတည်းက တောပြန်သွားသဖြင့်မားမား မတ်မတ် ရပ်မည့်သူမရှိသမို့ကောင်းနိုးရာရာ ပစ္စည်းများထုပ်ပိုးပြီး သူတို့နေထိုင်ရာအခန်းကို သော့ခတ်၍ ဘကြီး အိမ်သို့ပြောင်းရွှေ့ နေထိုင်ကြရသည်။



အဖေထောင်ကလွတ်ဖို့ သုံးလလောက်လိုသေးသည်။

လှအောင်၏ဘဝမှာ ယေ်စဉ်ကတည်းက လောကဓံ၏အထုအထောင်းကို ဖိဖိစီးစီးကြီး ခံခဲ့ရသည်။ တေပေ လေလွင့်ဖို့လမ်းကြောင်းကြီးက သူ့ရှေ့မှာ ထင်းထင်းလင်းလင်းကြီး။

သို့တစေ. . .

*

အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိစေကာမူမောင်းလေးလို့ တရင်းတနှီးခေါ်ခဲ့သည့် မမနှင့် ဘူတာကြီးတွင်ဆုံရပြန်သည်။ ပထမတခေါက်တွေ့ကြစဉ်က မမ၏အလှကိုလျှပ်တပြက်သာကြည့်မိခဲ့သည်။ ဒုတိယ အကြိမ်ဆုံတော့မှပဲ ပိုင်းပိုင်းစပ်စပ်ကြည့်လိုက်ရသည်။

အသားအရေမှာ ဖြူဝင်းစိုပြည်သည်။ အရပ်အမောင်းနှင့်ကိုယ်လုံးကိုယ်ပေါက်မှာ မြန်မာဆန်ဆန် ပြတ်ပြတ်သွယ်သွယ်လေး။ နှာတံမပေါ်တပေါ်၊ မျက်ခုံးနက်နက်၊ နှုတ်ခမ်းက အထူမပါး၊ မျက်ပေါက်ကျဉ်းသယောင် ရှိသော်လည်း အလှပျက်လောက်အောင်မကျဉ်း။ လှလွန်းသည်ဟု မဆိုသာသော်လည်း မျက်နှာပေါ်မှာရှင်းလင်းသည်၊ ကြည်မြသည်၊ ကြည့်လို့ပြေပြစ်သည်။

ရှိုက်ဖိုကြီးယေ်အသွယ်သွယ်တို့မှာ ထွားထွားဖွံ့ဖွံ့မရှိစေကာစေမူ ပြည့်ပြည့်ဖြိုးဖြိုးတော့ရှိသည်။

ထိုနေ့က အနက်ရှစ်နာရီဆိုက်သည့် မန္တလေးအစုန်ရထားနှင့် ပါလာခြင်းပါ။ အတူပါ ပစ္စည်းကလည်း အိတ်တအိတ်နှင့်ခြင်းတခြင်းသာ၊ ခိုပြာရောင်ပါတိတ်ဝမ်းဆက် ဝမ်းဆက်ဝတ်ထားသော်လည်း အနက်ရောင် ဇာပေါက်ဆွယ်တာကလေး လွှမ်းခြုံထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ညရထားပေါ်တွင် အိပ်ရေးပျက်လာလို့လား မသိ၊ ပထမ တခေါက် တွေ့စဉ်ကလို လန်းလန်းဆန်းဆန်းမရှိ။

'ဟော. . . . မောင်လေးနဲ့ ဆုံရပြန်ပြီနော်'

သူက တရင်းတနှီးအပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။

တကယ်တော့ ဘယ်ကလာသလဲ၊ ဘာလဲဆိုသည့်မေးရိုး အစဉ်အလာ စကားကို မေးသင့်သော်လည်း သူကမမေး၊ မစပ်စု။ သူတို့အလုပ်ကလာသည့် ခရီးကိုမေးဖို့မဟုတ်၊ သွားမည့်ခရီးကို ပို့ပေးရန်သာ။

သည်တခေါက် သွားမည့်ခရီးလမ်း ပြောင်းသွားသည်။

မော်လမြိုင်ရထားနှင့် ပါလာစဉ်တုန်းက ဗဟာန်းကိုပို့ပေး ရသည်။ ခု မန္တလေးရထားနှင့် ပါလာတော့ ယောမင်းကြီးလမ်း ထဲကိုပို့ပေးရသည်။ ဆိုက်ကားရပ်ခိုင်းသည့်နေရာက ခြံကြီးတခြံရှေ့။ ခြံထဲက နှစ်ထပ်တိုက်ကြီးမှာ ခန့်ထည်သစ်လွင် သားနားသည်။ သံပန်းဝင်းတံခါးမှာ ပိတ်လျက်။

ငါးကျပ်တန်ထုတ်ပေးသည်။

သူက နှစ်ကျပ်ပြန်အမ်းသည်။

ပြုံးပြုံးလေး ခေါင်းခါပြီး ပြန်အမ်းငွေကိုမယူ။

သူက အိတ်နှင့်ခြင်းကို ပို့ပေးဖို့ပြင်လိုက်ရာ 'နေပစေ မောင်လေး၊မမပဲယူသွားမယ်' လို့ တုံ့ပြန်စကား ဆိုလာသည်။

အမျိုးသမီးခြံထဲဝင်သွားသည်ကို စောင့်ကြည့်မနေတော့ ပဲဆိုက်ကားလှည့်ပြီးနင်းထွက်ခဲ့သည်။

မမေးပေမယ့် သိနိုင်ရာသည် ဆိုသည်မျိုး။ အရွယ် ကောင်းအလှကြွယ်သူအမျိုးသမီးတယောက် အဖော်မပါပဲမိရထား နှင့် ခရီးသွားနေသည်မှာ အကြောင်းမဲ့တော့ မဟုတ်တန်ရာ။



သို့တစေ အကြောင်းဇာစ်မြစ်ကိုတော့ ခန့်မှန်းရန်မလွယ်။

လှစ်ကနဲပေါ်လာသည့် အတွေးစဉ်ကို ဖြတ်ကနဲဖျောက် လိုက်ရသည်။

သူ့ကိစ္စနှင့်သူ၊ ကိုယ့်ကိစ္စနဲ့ကိုယ်။

ခရီးသည် သွားလိုက်ရာကို ပို့ပေးပြီးယင် ကိုယ့်ကိစ္စပြီးပြီ။ ခရီးသည် အကြောင်း အတွေစဉ်ကို ခေါင်းထဲထည့်စရာမလို။

အမြဲတမ်းဂိတ်ထိုးသည့်နေရာကို ပြန်ရောက်သည်နှင့် ထိုင်ခုံအံဖုံးထဲတွင် ထည့်ထားသည့် စာအုပ်ကလေးကို ထုတ်ယူပြီး စာအုပ်ဖတ်ယင်း ခရီးသည်ကို စောင့်နေလိုက်သည်။

သူဖတ်နေသည့် စာအုပ်မှာ ဆိုက်ကားဆရာတချို့ နားနေ ယင်းဖတ်တတ်သည့် ရုပ်ပြစာအုပ်တော့အဟုတ်။ သူ့မှာ ရုပ်ပြတို့ ဝတ္ထုတို့ ဖတ်ချိန်မရ။ ဆိုက်ကား နင်းရခြင်းနှင့် ကျောင်းစာဖတ်ရ မှတ်ရ၊ ကျက်ရ သည်မှာ အားပြိုင်နေသည်။ မနက်ငါးနာရီ အိမ်က ထွက်၊ ဆယ့်တစ်နာရီ အိမ်ပြန်ထမင်းစား၊ တနာရီသာသာ နားပြီး တနာရီပြန်ထွက်၊ ညနေငါးနာရီသိမ်း၊ညစာစားပြီး တဖြုတ် တချက် နား၊ကိုးနာရီခွဲအထိ စာကျက်ပြီးအိပ်ရာဝင်။

မနက်အစောကြီး ထရသမို့ စောစော အိပ်ရာဝင်ရသည်။ မနက် ၆ နာရီ စိန်ဂျွန်ဈေးသို့ပို့ပေးရသည့် အမြဲတမ်းဖောက်သည် ရှိသည်။

လှအောင် ဆိုက်ကားစနင်းသည်မှာ ၉ တန်းရောက် သည့်နှစ် အနေးယာဉ်လုပ်သား (ဝါ) ဆိုက်ကားသမားစစ်စစ် ဖြစ်လာသည်မှာ ၉ တန်းရောက်သည့်နှစ်က စသည်ဟုဆိုရမည် ဖြစ်သော်လည်း ကျောင်းသားတပိုင်း၊ ဆိုက်ကားတစ်မားတပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို စတင်ခဲ့သည်မှာ ၇ တန်းအောင်းသောနှစ်နွေရာသီ ကျောင်းပိတ်ရက်မှစ၍ဟု အမှတ်အသားပြုရမည်ပါ။

သူလိုလူတွေ ဆိုက်ကားသမားထဲမှမရှိမဟုတ်၊ ရှိကြပါသည်။ ဒါပင်မဲ့ ရှားသည်။

ရုံးစာရေးတပိုင်း၊ ဆိုက်ကားသမားတပိုင်း၊ ဘွဲ့ရနေ့စား အလုပ်ခွင်တပိုင်း၊ ဆိုပ်ကားသမားတပိုင်းဟူ၍ ရှိသလို ဆယ်တန်းအောင်ပြီး ဘွဲ့ရပြီး အချိန်ပြည့် ဆိုက်ကားသမားများ လည်းရှိကြသည်။ ဒါပေမယ့် သူတို့က နေ့လူတွေမဟုတ်၊ ညလူတွေ။ ပြီး. . . ဆိုက်ကားနင်းယင်း ဆယ်တန်းအောင် ဘွဲ့ရခဲ့ကြသည် လည်းမဟုတ်။ဆယ်တန်းအောင်ပြီး ဘွဲ့ရပြီး အလုပ်ခွင်သို့ရောက် ပြီးမှ စီးပွားရေး မပြေလည်လို့ ညဦးပိုင်းဆိုက်ကားထွက် နင်းကြသူတွေပါ။ တချို့ကလည်း ဆယ်တန်းအောင်ပြီး ဘွဲ့ရပြီး သည့်တိုင် အလုပ်အကိုင် အဆင်မပြေဖြစ်ပြီး ညဘက်ဆိုက်ကား နင်းသူများ လည်း ရှိကြသည်။

လှအောင်က ဆိုက်ကားနင်းယင်း ဆယ်တန်းဖြေသည်။ ဆိုက်ကားနင်းယင်း အယ်လ်၊ အယ်လ်၊ ဘီ ဥပဒေဘွဲ့ကိုရယူရန် ကြိုးစားနေသူပါ။

တကယ့်တော့ မိမိကာယအားကိုအသုံးပြု၍ ဆိုက်ကားနင်းပြီး သက်မွေးဝမ်းကျောင်းပြုသည်မှာ သမ္မာအာဇီဝစစ်စစ်မို့ ဂုဏ်သိမ်စရာမလိုပေ။သူတို့သည်လည်း ပြည်သူ့ဝန်ထမ်းများ ဖြစ်၏။ ပြည်သူတို့၏ သွားလာရေးကို အဆင်ပြေအောင်း တဘက်တလမ်းက ပါဝင်၍ တာဝန်ထမ်းဆောင်းနေသူများ ဖြစ်သော ကြောင့်ပါတည်း။



ဆိုက်ကားသမား (ဝါ) အနေ့းယာဉ်လုပ်သား

တက်ကြွသည်၊ စည်းလုံးသည်၊ ညီညွတ်သည်။

အင်းစန်မြို့နယ် အခြေခံအလုပ်သမားအစည်းအရုံး အမှတ် (၆၉) အနေ့းယာဉ် လုပ်သားများ ကြီးမှူးကျင်းပသည့် စာဆိုတော်နေ့ အခမ်းအနား။

ဖိတ်စာ

ဟောပြောမည့် စာရေးဆရာ လေးယောက်၏ ပုံတူပန်ချီ ရေးဆွဲပြီး စာရေးဆရာတယောက်စီ ရေးသားခဲ့သည့် စာအုပ်များထဲမှ ကောက်နုတ်ချက်ကို ပုံတူအောက်တွင် စာပိုဒ်ငယ်အဖြစ် ဖော်ပြထားသည်။

ပို၍ထူးခြားသည်မှာ ယင်းကောက်နုတ်ချက်ကို စာရေးဆရာကရေးသားမပေးရပဲ သူတို့ဘာသာ စာရေးဆရာရေးသားခဲ့သည့် စာအုပ်များကိုဖတ်၍ ကောက်နုတ်ချက်ထုတ်ဖော်ပြထားခြင်းပင်ဖြစ်၏။

တမူထူးခြားသည့် သူတို့ဖိတ်စာမျိုးကို ဘယ်မှာမှ မတွေ့ရှိရသေးပေ။

စင်မြင့်

ခန့်ထည်လွန်းသည်။

ဇရာမ နောက်ခံကားချပ်ကြီး တခုလုံး၏ ပတ်လည် တွင်ရောင်စုံမီးလုံးများ အပြည့်ထွန်းထားရုံမက ဆလိုက်ကြီးလေးလုံးဖြင့် အောက်ကပင့်၍ အလင်းအား ပေးထားပုံမှာ ဟန်ချက်ညီလွန်း၏။ နောက်ခံ ကားချပ်ကြီး ပေါ်တွင် ရေးထားသည့် စာတန်းလေးတန်း၏စာလုံးအရွယ်အစား ယူထားပုံမှာ အကွာအဝေးအချိုးမှန် ညီညွတ်တိကျလှ၏။ သစ်သားပန်းအိုးကြီးခြောက်လုံးကိုစင့်မြင့်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



တွင် အကွာအဝေးညီညီချထားသည်။

ပရိသတ်

ခုံပေါင်းတထောင်ကျော်တွင် ခုံလွတ်မရှိ။ ဘေးဘက်တွင် အာလပတ်များ၊ ဖျားများခင်းပေးထားသည်။ ထိုနေရာမှာလည်း ပရိသတ်အပြည့်။ ခုံတန်းအဆုံး နောက်ဘက်တွင်မတ်တတ်ရပ်လျက် နားထောင်နေသည့် ပရိသတ်မှာအုံ့ခဲနေသည်။

ဟောပြောပွဲ ပြီးသည့်အချိန်မှာ တနာရီခွဲ။ နှင်းမှုန်များ တဖွဲဖွဲကျနေသော်လည်း ပရိသတ်အားမှာ လျော့နည်းသွားခြင်းမရှိ။

တက်ကြွသည်၊ စည်လုံးသည်၊ ညီညွတ်သည်။

စာကြည့်တိုက်

အနွေးယာဉ်လုပ်သားများ၏ စာကြည့်တိုက်တွင် ရသ၊ သုတ၊ ဘာသာရေးစာအုပ်ပေါင်း တထောင်ကျော်ရှိသည်။

သူတို့၏ တက်ကြွစည်းလုံး ညီညွတ်သည့်အားကို နှုတ်မှ ဖွင့်ဟချီးကျူးရုံနှင့် အားမရ။ ပီတိဝေဖြာမှုကို ရင်မှာ ထွေးပိုက်လျက် ပြန်ခဲ့ရသည်။

ဆိုက်ကားခေါ် စက်မဲ့အနွေးယာဉ်။

* * *



## နှစ်

ဒုတိယကမ္ဘာစစ်ဖြစ်အံ့ဆဲဆဲ ကာလတွင် စက်ဘီးလန်ချား ပေါ်လာသည်။ ကလေးစီး သုံးဘီးစက်ဘီးလို ရှေ့ကနင်းသူထိုင်၍ နောက်က ခရီးသည်နှစ်ယောက် ယှဉ်တွဲထိုင်လိုက်ရသည်။ မလေးရှား၊ ဟောင်ကောင်၊ စင်ကာပူတို့မှာ စက်ဘီးလန်ချား ပေါ်နေသည်မှာ ကြာပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ စစ်ဖြစ်ခါနီးလောက်မှ ထွက်ပေါ်လာသော်လည်း ခေတ်မစားလိုက်။

စစ်မဖြစ်ခင် ဘီ၊ အက်(စ်)အေ၊ နော်တင်၊ အေရီယယ်လ်၊ ဟာလီဒေဗေးရှင်း စသည့် မော်တော်ဆိုင်ကယ်ဘေးတွဲတွေ ပေါ်လာသည်။ မော်တော်ဆိုင်ကယ်၏ ဘေးတွဲမှာ သင်္ဘောဦးပုံသဏ္ဍာန် ဦးချွန်။

မော်တော်ဆိုင်ကယ် ဘေးတွဲကို ကြည့်၍ စက်ဘီးတွင် ဘေးတွဲတွဲဖို့ စိတ်ကူးရလာသူမှာ မန္တလေးက လက်မှုအတတ်ပညာရှင် ဦးမှုံ။

လန်ချားကို ဂေါ်ရင်ဂျီများသာ ဆွဲသည်။ မြန်မာလူမျိုးများက ဆွဲဖို့နေနေသာသာ စိတ်ကူးတောင် မထည့်။ စက်ဘီးကို ဘေးတွဲတွဲရင် မြန်မာလူမျိုးတွေ မလုပ်နိုင်စရာမရှိ။ အောက်တန်းနောက်တန်းကျသည်ဟုလည်း မဆိုနိုင်။ ခရီးသည်နှင့် ရင်ပေါင်

www.burmeseclassic.com

www.burmeseclassic.com


တန်း လုပ်ရသမို့ လုပ်နိုင်ရာသည်။

ထိုမှ သင်္ဘောဦးပုံ သံကိုင်းချိုး ဘေးတွဲကို စက်ဘီးနှင့် ယှဉ်တွဲ၍ စပယ်ယာဘီးပိုတစ်လုံးကို ဟန်ချက်ညီညီတပ်ပြီး စမ်းသပ်ကြည့်ရာ ခရီးသည်တင်၍ အဆင်ပြေသည့်အပြင် သွားနှုန်းမှာလည်း စက်ဘီးနှင့်မခြားသို့ ရှိသဖြင့် စမ်းသပ်မှု အောင်မြင်သွားသည်။

ပထမ စနင်းစက ဘေးတွဲရှိရာဘက်သို့ တဘက်လိုက်နေရာ နင်းသူက ကိုယ်ဟန်အနေအထားဖြင့် ထိန်း၍နင်းရသည်ကို သဘောပေါက်လာသည်။

သင်္ဘောဦးပုံစံချိုးထားသည့် ဘေးတွဲမှာ ဦးပိုင်းအနည်းငယ် ကျဉ်းမြောင်းသောကြောင့် ခြေဆန့်ထားလျှင် ကွေးခေါက်ခေါက် ဖြစ်နေသည်။ အတက်အဆင်း လုပ်ရန် ဖောက်ပေးထားသည့် အပေါက်မှ ခြေနှစ်ဖက် ဘေးထုတ်စီးလျက် ပို၍ အဆင်ပြေကြောင်းတွေ့လာသည်။

ရွှေခြေကျင်း မမ မန္တလာသူများအတွက် တိုင်းယက်သည့် ပက္ကလာမိုးရွာသည်နှင့် အဆင်သင့်ဆိုသလို ရှိသွားရသည်ကြောင့်လည်း ဆိုက်ကား ခေတ်စားသွားသည်ဟု ဆိုရမည်ပါ။

ခြေနှစ်ဘက် ဘေးထုတ်ပြီး ထဘီကို အနည်းငယ် မထားလိုက်သည့်အခါ ဝါဝါဝင်းဝင်း ရွှေခြေကျင်းကြီးတွေ အတိုင်းသားပေါ်နေသည်။ ရွှေခြေကျင်းနှင့် မမ မန္တလာသူများအတွက် တိုင်းယက်သည့် ပက္ကလာမိုးရွာသည်နှင့် အဆင်သင့်ဆိုသလို ရှိသွားရသည်ကြောင့်လည်း ဆိုက်ကား ခေတ်စားသွားသည်ဟု ဆိုရမည်ပါ။

မူလက စက်ဘီးကို အင်္ဂလိပ် လိုအခေါ်အားဖြင့် 'ဘိုင်စကယ်' ဟု ခေါ်ကြသည်။ စက်ပါသော ဆိုက်ကယ်အား စက်ကို



ဝိဇ္ဇာသပြုသောအားဖြင့် မော်တော်နှင့်ဆိုက်ကယ်ကိုပေါင်း၍ 'မော်တော်ဆိုင်ကယ်' ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ဆိုက်ကားပေါ်စက စက်ဘီးဘေးတွဲဟု ခေါ်ရာမှ ဆိုခဲ့သည့် အင်္ဂလိပ်စကား ဆိုက်ကို တိုက်ရိုက်ယူ၍ ဆိုက်တွဲဟု ခေါ်ခဲ့ကြပြန်သည်။ ထို့မှ စကားလုံး အဆင်ပြေရာကို တွဲ၍ 'ဆိုက်ကား' ဟု ဝေါဟာရမူ ပြုလိုက်လေတော့၏။

ဆိုက်ကားအစ မန္တလေးကဟု ဆိုစကားပြုကြသည်။

သည့်နောက် သင်္ဘောဦးပုံမှ ယနေ့ မြင်တွေ့နေရသည့် ကျောချင်းကပ်၍ ခြေထောက်ရှေ့ချစီးရသော ဆိုက်ကားပုံစံတစ်မျိုး တီထွင်ခဲ့ကြပြန်ရာ သင်္ဘောဦးပုံ ဘေးတွဲဆိုက်ကားများထက် ခရီးသည်ရော နင်းသူအတွက်ပါ အဆင်ပြေသည်။ ဆိုက်ကားပုံစံသစ်များ ခေတ်စားလာသည်မှ သင်္ဘောဦးပုံများ ပျောက်သွားတော့၏။

တချို့ကလည်း မော်တော်ကားကို အားကျမခံ 'ကား' ဟုဆို သည့် စကားလုံးကိုယူ၍ 'ဆိုက်' နှင့်တွဲ၍ 'ဆိုက်ကား' ဟုခေါ် တွင်ကြောင်း ဆိုစမှတ်ပြုကြသည်။

ဆိုက်ကားပေါ်စက အငြိမ့်လူပြက်တွေ ပြက်လုံးထုတ်ကြသည်အထိ တာစားခဲ့သည်။

'မြန်မာတွေ ကျောချင်း ကပ်ကုန်ကြပြီကွ'

'ဘာဖြစ်လို့လဲ လွတ်လပ်ရေးတိုက်ပွဲအတွက်လား'

'မဟုတ်ဘူးကွ ဆိုက်ကားစီးကြလို့'

ခေတ်ပေါ်ဆိုက်ကားကို ခေတ်နှင့်အညီ ပြက်လုံးထုတ်ကြသည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားပေါ်သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ပါလေပြီ။

ယခင်က လန်ချားခေတ်။

နောက်တော့ ဆိုက်ကားခေတ်။

ခေတ်ဦးအစ ဆိုက်ကားနင်းသည့်အလုပ်ကို အထင်အမြင်သေးကြသည်။ တော်ရုံလူက မလုပ်ချင်။ မြင်းလှည်းမောင်းသည့်အလုပ်လောက် အထင်ကြီးစရာဟု မမြင်ကြ။ ကုလားတွေ ရထားလုံးမောင်းပြီး၊ မြန်မာတွေ မြင်းလှည်းမောင်းရသည်မှာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်းက အပြိုင်အဆိုင်။

ရန်ကုန်တွင် မြင်းလှည်း၊ မော်လမြိုင်တွင် ဘုံပြတ်ဟု ခေါ်သည့်ယာဉ်မှာ ကာယအား မစိုက်ရဘဲ မြင်းသတ္တဝါ၏ အားကို အသုံးပြုရသောကြောင့် မြင်းလှည်းမောင်းသူများမှာ ချွေးသံမစို့ ကြော့ကြော့လေးပဲ နေနိုင်ကြသည်။

ဆိုက်ကားက မိမိကာယအားကို အသုံးပြုပြီး ကျောပူချွေးပူ၊ ရင်အေး၊ ဝမ်းပြည့်သည်ဟု ဆိုစမှတ်စကားစဉ်လာရှိသောကြောင့် အစပိုင်းတွင် မဝံ့မရဲလုပ်ကြရသည်။ နောက်ပိုင်းကျတော့ တိရစ္ဆာန်ကို မညှင်းဆဲရပဲ ကိုယ့်ခွန်အားကို အသုံးပြုရသော သမ္မာအာဇီဝလုပ်ငန်း စစ်စစ်အဖြစ်သဘောမူ၍ ဝံ့ဝံ့ရဲရဲ လုပ်ကိုင်ကြသည်။

'စုံးပြုံး' ဆိုသည်မှာ နေရာတကာတွင် ရှိစမြဲမို့ ဆိုက်ကားသမားလောကတွင်လည်း စုံးပြုံးမလွတ်။

ရိုးရိုးသားသား ဆိုက်ကားနင်းသူများ ရှိသလို၊ ပြည့်တန်ဆာအိမ်များနှင့် မိတ်ဖွဲ့ပြီး အဆွယ်လုပ်သူ၊ အရက်ပုန်းအိမ်ဆိုင်



များနှင့် မိတ်ဖွဲ့ပြီး အကြိုအပို့လုပ်ပေးသူ၊ ညဉ့်လူ (သူခိုး)များနှင့် ပေါင်း၍ အလုပ်တွဲလုပ်သူ စသည်ဖြင့် စုံးပြုံးများ ရှိကြသည်။

အနေ့ယာဉ် အစည်းအရုံးမပေါ်ခင်အထိ လူမိုက်များကြီးစိုးခဲ့သည်။ ရိုက်ရဲနှက်ရဲမှ ဆိုက်ကားသမား လုပ်ဖြစ်သည် ဆိုသည့် ခေတ်တခေတ် ရှိခဲ့ဖူးသည်။ ဆိုက်ကား လုံးဝမနင်းဘဲ ဆိုက်ကားသမားတွေဆီက မိုက်ကြေးခွဲစားနေသူတွေ ရှိခဲ့ဖူးသည်။

ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးခေတ် နောက်ပိုင်း လူထုလူတန်းစား အဖွဲ့အစည်းများ ဖွဲ့စည်းရာ၌ ဆိုက်ကားသမားများသည် အနေ့ယာဉ် အခြေခံအစည်းအရုံးတွင် ပါဝင်ခွင့်ရခဲ့ကြရာမှ ခေါင်းပုံဖြတ် မိုက်ကြေးခွဲစားသည့် လူမိုက်စနစ် ချုပ်ငြိမ်းခြင်းသို့ ရောက်ရှိသွားခဲ့သည်။

ခုတော့ ဂိတ်စနစ်တကျ သတ်မှတ်ပေးထားသလို ခရီးသည်ကို လှူခေါ်စရာမလိုပဲ အလှည့်နှင့် ဝင်ထွက်စနစ်ဖြင့် ညီညွတ်မှုအားကို တည်ဆောက်စေသည့်အပြင် သက်သာချောင်ချိရေးရန်ပုံငွေ၊ သာရေးနာရေး ရန်ပုံငွေ စသည်များကိုလည်း စနစ်တကျ ကောက်ခံ၍ စနစ်တကျ သုံးစွဲသည့်အဆင့်သို့ ရောက်နေပြီ။

အစည်းအရုံးဝင်တစ်ယောက် ကွယ်လွန်အနိစ္စရောက်လျှင် နာရေးထောက်ပံ့ငွေ နှစ်ထောင်ကျပ်ထိ ပေးနိုင်လောက်အောင် ရန်ပုံငွေ ပြည့်ဖြိုးသည့် အနေ့ယာဉ်အဖွဲ့များပင် ရှိနေပါလေပြီ။

အမေကွယ်လွန်ချိန် အဖေက ထောင်ထဲမှာ၊ ကျက်စိသူငယ် ကျန်ရစ်ခဲ့သည့် မောင်နှစ်မနှစ်ယောက်အနက် အစ်မ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သူက မိန်းကလေးမို့ အကြောင်းမဟုတ်။ လှအောင်က ယောကျ်ားကလေး။ ကျောင်းမှန်မှန်တက် စာမကျက်ပဲ စိတ်လေဖို့ အခြေအနေ အရပ်ရပ်က ဖန်တီးပေးနေသည်။

သည်ကြားထဲ ကျောင်းမနေပဲ လေးခွတလက်နှင့် အရပ်ထဲ ခြေပွေမွှေ့နေသည့် သံချောင်းနှင့် သွားတွဲမိသည်။

သံချောင်းအဖေ ကိုမောင်ပုက လှအောင်တို့ ဘကြီးဆိုက်ကားကို အငှားနင်းနေသူ။ ကလေးပုစုခရု ငါးယောက်နှင့် အမေက မနက် နှစ်နာရီလောက်ထပြီး ပဲပြုတ်ရသည်။ မိုးမလင်းခင် ဈေးတောင်းခေါင်းပေါ်ရွက်ပြီး ထွက်ရသည်။ မောင်တထမ်းမယ်တရွက် လုပ်ကြစေကာမူ ပိုသည်လျှံသည်မရှိ။ လုံးချာလိုက်နေသည်။ သံချောင်းကို ကျောင်းထားပေးခဲ့သော်လည်း စာအုပ်ဖိုးကအစ ပြည့်ပြည့်စုံစုံ မပေးနိုင်။ ကျောင်းမှာ မျက်နှာငယ်ရတော့ သံချောင်း ကျောင်းမပျော်။ အကြောင်းကြောင့် ကျောင်းပြေးရာက စာသင်ခန်းနှင့် ပို၍ ပို၍ ဝေးကွာလာသည်။

သည်ကြားထဲ မိုးတွင်းကြီးတ တစ်နေကုန် ဆိုက်ကားနင်းရာမှ အပြန် ကိုခွေးပု အအေးမိပြီး အဖျားကြီး ဖျားခဲ့သည်။ တလလောက် ဆိုက်ကားမနင်းနိုင်။ ဆိုက်ကားပိုင်ရှင်က ကိုယ့်ဆိုက်ကားနင်းနေသူ နေ့တွက်ပျက်လျှင် သုံးရက်ထက်ပို၍ သည်းမခံ။ ဖျားနေလို့ ဆိုပြီး ခွင့်မလွှတ်နိုင်။ နေ့တွက်မပေးနိုင်ရင် နောက်လူငှား၍ ဆိုက်ကားကို လက်ပြောင်းပေးလိုက်မည်သာ။

ကိုခွေးပု ဆိုက်ကားကို လက်လွှတ်လိုက်ရသည်။ နေကောင်းလာတော့ ကိုယ်နင်းခဲ့သည့် ဆိုက်ကားကို ပြန်ရဖို့ အခွင့်အလမ်းမရှိ။ အခွင့်အရေးစာစ်ရပ် အနေမျိုးဖြင့် တောင်းခံပိုင်ခွင့်လည်းမရှိ။ ကိုယ့်နည်းကိုယ့်ဟန်နှင့် ဆိုက်ကားရအောင် ရှာရ



သည်မှာ အစဉ်အလာ။ ဆိုက်ကားနင်းသူအချင်းချင်း ငဲ့ညှာပြီး ပြန်မပေးရင် ဆိုက်ကားလောကကို ပြန်ဝင်ဖို့မလွယ်။

ကိုခွေးပု ဆိုက်ကားကို လက်လွှတ်လိုက်ရသလို သံချောင်းလည်း စာသင်ခန်းကို စွန့်ခွာလိုက်ရသည်။

အလုပ်လုပ်နိုင်သည့်အရွယ်မဟုတ်ပဲ စာသင်ခန်းမနှင့် မနီးစပ်သူ လူငယ်တစ်ယောက်၏ အချိန်ဖြုန်းခြင်းမှာ ဦးတည်ရာမရှိ သွားလာနေခြင်းသာ။

လှအောင်နှင့် သံချောင်းက အရွယ်မတိမ်းမယိမ်း။ လှအောင် သံချောင်းနှင့်တွဲမိတော့ ရေကူးတတ်သည်။ လောက်လေး ပစ်တတ်သည်။ တစ်နေကုန် တစ်နေခမ်း ခြေမသြောင်းမချင်း လျှောက်သွားတတ်သည့် အကျင့်စွဲကပ်လာသည်။ ကျောင်းပြေးတတ်လာသည်။ လှအောင်၏ လျှောက်လှမ်းရာ လမ်းကြောင်းမှာ မဖြောင့်တော့။

လှအောင် လမ်းကြောင်း မဖြောင့်သည်ကို မြင်တွေ့လာသူမှာ ဆရာဦးမြတ်သွင်။ ဆရာဦးမြတ်သွင်က လူပျိုကြီး။ သူ ဘွဲ့ရသည့်အချိန်က အစိုးရဌာနက အရာရှိငယ်အလုပ်ကို အလွယ်တကူ ရနိုင်သည့်အချိန်။ သို့တစေ သူက တက်လမ်းမြန်သော အရာရှိငယ်အလုပ်ကို မရွေး။ တက်လမ်းနှေးသော ကျောင်းဆရာအလုပ်ကို မက်မက်မောမော ရွေးချယ်ခဲ့သည်။ ဝမ်းရေးသက်သက်မဟုတ်ပဲ ဝါသနာနှင့် စေတနာအရ ရွေးချယ်ခဲ့သည့် ကျောင်းဆရာဘဝတွင်လည်း စာသင်ခန်းမှာသာ တာဝန်ရှိသည်လို့ သဘောမမူ။ စာသင်ခန်း ပြင်ပတွင်လည်း တာဝန်မဟုတ်သော စေတနာ ပြုပြင်ရေးကို မျက်နှာထားအပ်ထားသူပါ။

www.burmeseclassic.com

www.burmeseclassic.com



လှအောင်တို့ မောင်နှမ အဖြစ်အပျက်ကို မြင်တွေ့ရသလို သံချောင်းတို့ မိသားစု အနေအထားကိုလည်း သိရှိထားသူဖြစ်၏။

လှအောင်နှင့်သံချောင်းတို့၏ ခြေလှမ်းဦးတည်ချက် မမှန်ပဲ လမ်းကြောင်း ပြောင်းလျှောက်နေသည်ကို နည်းအမျိုးမျိုးဖြင့် ထိန်းမတ်ပေးခဲ့၏။ လှအောင်က ဆရာမြတ်သွင် ထိန်းပေးသည့် လမ်းကြောင်းခွင်ထဲကို တစိုက်မတ်မတ် ပြန်ဝင်လာသော်လည်း သံချောင်းက မဝင်။

တလွဲလွှတ်လပ်မှုကို မက်မင်နေသည့် သံချောင်းက စည်းကမ်းဘောင်ခတ်ပေးလာသည်ကို ကျဉ်းကျပ်မှုလို့ မြင်ပြီး လမ်းဟောင်း အတိုင်းပင် ပြန်လျှောက်ခဲ့သည်။ လှအောင်က တဖြည်းဖြည်း လမ်းကြောင်းသစ်မှာ ပျော်မွေ့လာသည်။

သံချောင်းနှင့် အခင်အမင်မပျက်သော်လည်း တွဲဖော်အဖြစ် လက်တွဲဖြုတ်လိုက်သည်။

အဖေထောင်က လွတ်လာပြီ။

အိုစာရိပ် လွှန်လွှန်မင်းမင်း ထင်လာသည်။ တခေါင်းလုံးမှာ ဆံပင်အနက်ဟူ၍ လေးပုံတစ်ပုံပင် မရှိတော့။ ဘီးလစ်စာရေးကြီး ဘ၀က ဟန်ပန်ရိပ်မှာ လုံး၀ကွယ်လေပြီ။ တစ်နှစ်နီးပါး ပြတ်တောက်ခဲ့သည့်အရက်ကို တစ်သက်လုံး မသောက်တော့ပါဟု ပြောခဲ့သော်လည်း တစ်ပတ်ပင်မခံ။

အပြင်သို့ သူ သိပ်မသွားတော့။ သွားစရာအကြောင်းလည်း မရှိ။ ကိုယ့်ကိုယ်ကိုလည်း အလွန်အမင်း သိမ်ငယ်နေဟန်ရှိသည်။ သို့တစေ သူတို့မောင်နှမအပေါ် ဆက်ဆံပုံမှာ နူးညံ့ပျော့ပြောင်းလွယ်လွန်းလှသည်။

သူတို့မောင်နှမမှာ အမေ၏ အယုအယ ပိုက်တွေ့မှုကို



ခံခဲ့ရသော်လည်း အဖေ၏ အယုအယ မေတ္တာကို စွဲစွဲထင်ထင်မရခဲ့။ ဘီးလစ်စာရေးကြီးဘ၀က အဖေ အိမ်ကပ်လေ့မရှိ။ မနက်ပိုင်းလောက်သာ မြင်တွေ့ရလေ့ရှိသည်။ အမေ့ရင်ခွင့်ကို အပြည့်အဝ ခိုလှုံခွင့်ရသော်လည်း အဖေ့ရင်ခွင့်ကို အပြည့်အဝ ထွေးနွေးမှုမရခဲ့။ ခု အဖေ ထောင်က လွတ်လာပြီးမှ သားအဖသုံးယောက် တထွေးတနွေးနေရသည်။ ညနေပိုင်း အဖေ အရက်သောက်သော်လည်း အလွန်အကျွံ မူးအောင်မသောက်။ သူတို့ မောင်နှစ်မနှစ်ယောက်ကို ညဦးပိုင်း စာပြပေးခဲ့သည်။

ဘကြီးထံ အပ်ထားသည့် ဆိုက်ကား သုံးစီးအနက် အမေ့အသုဘကိစ္စကြောင့် တစ်စီးရောင်းလိုက်ရသည်။ ဆိုက်ကားနှစ်စီးငှားထားသည်မှရသည့် ဝင်ငွေနှင့် အရောင်းအဝယ်စီးပွားဖြစ်ထွန်းနေသော အဖေ့ညီတစ်ယောက်၏ လစဉ်ထောက်ပံ့ငွေကြောင့် မိသားစုမှာ အခြေမပျက် ရပ်တည်နေနိုင်သည်။

မောင်နှစ်မနှစ်ယောက် ခုနှစ်တန်းရောက်သည့်နှစ် အဖေ့မိတ်ဆွေ ဗဟိုတရားရုံး ရှေ့နေကြီးတစ်ယောက်၏ ကူညီစောင်မမှုဖြင့် လျှောက်လွှာစာရေးလုပ်ငန်းကို လုပ်ခွင့်ရခဲ့သောကြောင့် မိသားစု အနေအထားမှာ အကောင်းဘက်သို့ ပြန်ယိုင်လာသည်။

အစ်မ မကြည် ရှစ်တန်း နှစ်နှစ်ဆက်ကျ၍ ကျောင်းထွက်လိုက်ရသော်လည်း သူက ရှစ်တန်းကို ရှောရှောရှူရှူအောင်မြင်ခဲ့သည်။

သူရှစ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်မှာ ဆရာဦးမြတ်သွင်၏ စေတနာပံ့ပိုးမှုကြောင့်ဟု ဆိုရမည်။ သူတို့မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို တစ်နေ့တစ်နာရီ အချိန်ယူပြီး စာပြပေးခဲ့သည်။

သို့တစေ သူတို့မိသားစု အပေါ် မွှေနှောက်ခဲ့သည့် အကုသိုလ် မုန်တိုင်းမှာ ပျက်ပြယ်မသွားပဲ ခေတ္တငြိမ်သက်သွားခြင်း ဖြစ်သည်ကိုမူ သူတို့မမြင်သာ။

၉ တန်း ဒုတိယအစမ်းဖြေဖို့ တစ်ပတ်အလိုတွင် အဖေ လေ့ဖြတ်သွားသည်။ ငြိမ်သက်သွားသည့် အကုသိုလ် မုန်တိုင်း တကျော့ပြန်ဝင်လာသည်။ အဖေ့ရောဂါ ကုသဖို့အတွက် အဖေ့ညီ ဦးလေးဖြစ်သူ၏ ထောက်ပံ့မှုနှင့် မလုံလောက်။ ကောင်းပေ့ဆိုသည့် အကြောအနှိပ်သည်ဆရာကြီးကို ပင့်ရသည်။ တခါပင့် ငါးဆယ်၊ တစ်လ သုံးကြိမ်နှိပ်ရသည်။ ဆေးဖိုးဝါးခလည်း တနင့်တပိုး ဖြစ်လာ မှတော့ မတတ်နိုင်။ မျက်စိမှိတ်ပြီး ဆိုက်ကားတစ်စီး ရောင်းလိုက် ရပြန်သည်။ ရှင်နည်းရာ အဂ္ဂင်ထွက်ဆိုသလို ဘာလုပ်ရမှန်း မသိ ဘဲ လောကဓံကို ကန့်လန့်တိုက်ချင်သည့် ခံယူချက်ကို ထွေးပိုက် လိုက်မိသည်။

'ကျွန်တော်တို့ မိသားစုအပေါ် ချမှတ်တဲ့ လောကဓံ စီရင်ချက်က ပြင်းထန်လွန်းပါတယ်ဆရာ၊ လောကဓံကို ကျွန်တော် တည့်တည့် ရင်မဆိုင်ချင်တော့ပါဘူး။ ကန့်လန့်တိုက်ပြီး ရင်ဆိုင် လိုက်ချင်ပြီ ဆရာ'

လှအောင်က ရင်မှဖြစ်ပေါ်လာသည့် နာကျည်းချက်များ ကို ဆရာဦးမြတ်သွင်အား ရင်ဖွင့်ပြလိုက်သည်။

'အေး မင်းပြောတာကို ဆရာ မငြင်းပါဘူးကွာ၊ လက်ခံပါ တယ်၊ လောကဓံစီရင်ချက်ကို ပြင်းပြင်းထန်ထန်ခံရတဲ့လူတွေလည်း လောကမှာ တစ်ပုံတစ်ပင်ကြီးရှိပါတယ်။ မင်းကစ်ယောက်တည်း



မဟုတ်ပါဘူး။ ကိုယ့်အပေါ် တည့်တည့်ကျလာတဲ့ ခဲကို ခေါင်းထိုး ခံရင် ကိုယ့်ခေါင်းပဲ ကွဲမှာပေါ့၊ မင်းငှက်ကလေးတွေကို ကြည့် တချို့ငှက်ကလေးတွေဟာ အတောင်ကျိုးနေပေမဲ့လို့ ပျံဖို့တော့ ကြိုးစားနေရက်ပဲ၊ တချို့ခွေးတွေဟာ ခြေထောက်ကျိုးနေပေမယ့် အစာကို မရှာပဲ ငြိမ်မနေဘူး။ သူတို့ရဲ့ အားမာန်ကို မလျှော့ဘူး၊ တိရစ္ဆာန်တွေတောင်မှ အဲဒီလို အားမာန်မျိုး မွေးနိုင်ရင် တို့လူသား တေက ဘာလို့ အားမာန်မမွေးနိုင်ရမှာလဲ၊ ရွှက်ကျိုးရင် တက်နဲ့ လှော်မယ်။ တက်ကျိုးရင် လက်နဲ့လှော်မယ်ဆိုတဲ့ စိတ်ဓာတ်အား မာန်ကို မွေးရမှာပေါ့၊ အခု မင်းအဖြစ်က ရွှက်ကျိုးရုံပါ၊ လက်ထဲမှာ တက်ရှိပါသေးတယ်ကွာ၊ ရည်မှန်းချက် ပန်းတိုင်ရောက်အောင် အားမာန် မွေးလိုက်စမ်းပါ လှအောင်ရာ၊ ဆရာလဲ မင်းကို အတတ် နိုင်ဆုံး ကူညီပါ့မယ်၊ လောကဓံဆိုတာ လှိုင်းကြီးလေ့အောက် တောင်ကြီးဖဝါးအောက်ပါကွာ'

မဝံ့ချင် ဝံ့ချင် အားမာန်ကို ပြန်ဝင်လိုက်ရသည်။

ကျောင်းသားတပိုင်း ဆိုက်ကားသမားတပိုင်း။

တက်ရသည့်ကျောင်းက နေ့လယ်ပိုင်း၊ မနက်ပိုင်း ဆိုက် ကားနင်းပြီး နေ့ပိုင်းကျောင်းတက်ရသည်။ ဆိုက်ကားနင်းရသည် ကတော့ အကြောင်းမဟုတ်၊ အကျင့်ရှိပြီးသား။ ကျောင်းမှာတော့ မျက်နှာထားရ အတော်လေးခက်သည်။ လူပျိုပေါက်အရွယ်ဆိုတော့ လည်း အရှက်ကြီးသည်ပ။

ဆရာဦးမြတ်သွင်၏ အထိန်းအမတ်ကြောင့် လမ်းကောင်း ကိုမှ လျှောက်အံ့ဆဲဆဲ လမ်းဖြောင့်ကို ပြန်လျှောက်ခဲ့သည်။ သို့ တစေ သံချောင်း၏ အဆွယ်ကောင်းမှုကြောင့် လမ်းချောင်းဆီသို့ ဝေ့လျက်သား ဖြစ်သွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားနင်းရင်း ဆုံမိသည့်အခါ သံချောင်းကို အကြောင်းပြု၍ သံချောင်းအပေါင်းအသင်းများနှင့် လက်ဘက်ရည်ဆိုင် အတူထိုင်ဖြစ်သည်။

သံချောင်းတို့ အကျီနှင့် အတွင်းခံဘောင်းဘီမှာ အိတ်သူခိုးတွေ လေးငါးအိတ်မက ရှိသည်။ လက်ဖက်ရည်ဆိုင်ထိုင်ကြပြီဆိုလျှင် သူတို့အိတ်ပေါင်းစုံက ငွေစက္ကူတွေ၊ စာရွက်ကလေးတွေ၊ ထွက်လာစမြဲပါ။ ငွေစက္ကူရေတွက်ပြီး ဝေစုခွဲကြသည်ကိုကြည့်၍ အားကျမိရသည်။

လှအောင်က ကျောပူပြီး ချွေးထွက်များမှ ဆယ်တန်လေး၊ ငါးကျပ်တန်လေးရသည်။ သံချောင်းတို့က သူလို ချွေးမထွက်ပဲ သူ့လို မပင်ပန်းပဲ အစိတ်တန် ရာတန်ကို ကိုင်နိုင်သုံးနိုင်သည်။

လက်ကြားက မချ၊ အရက်ကလေး တမြမြနှင့် ပေါ်ပင် အကျီမျိုးစုံ သူတို့ခါးပေါ်မှာ။

သူတို့လုပ်ငန်းအကြောင်း ပြောဆိုနေသည်ကို နားထောင်ကြည့်တော့လည်း အားကျစရာကြီး။ သူတို့ ပြောဆိုနေသည့် အလုပ်သဘောကို နားထောင်ရသည်မှာ ဘဝင်ငြိစရာတွေချည်း။ ငှက်ပျောသီး အခွံနွှာရတာထက်တောင် လွယ်နေသည်။

'ဟောဒီ ကြိုးတင်လက်မှတ် တစ်ရွက်တန်းစီလို့ရရင် ငါးကျပ်၊ တမနက်စာ နှစ်ခေါက်ပြန်စီရင် တစ်ဆယ်၊ တို့နဲ့ တွဲလုပ်မယ်ဆိုလည်း ဟုတ်တယ်။ မင်းကို ငါက သူငယ်ချင်းမို့ လက်တွဲခေါ်တာ၊ တို့လောကထဲကို အစိမ်းသက်သက် ဝင်လာဖို့ ဆိုတာကတော့ မလွယ်ဘူး။ မင်းလို အိတ်ထဲမှာ ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ ဘာတို့ ရှိတဲ့လူဆို ပိုတောင်လွယ်သေးတယ်'

သံချောင်းက လေးခွတစ်ချောင်းနှင့် လတ်လျားလတ်လျား သွားနေသည့်သံချောင်းမဟုတ်တော့။ ရုပ်ရှင်လက်မှတ် မှောင်ခိုလောကမှာ အကောင်။



သံချောင်းတို့၏ ဆရာကြီး ဆိုလည်း ဟုတ်။ ဝေါဖားသား၊ ခေါင်းတိုင်အဖေလည်းဟုတ်သည့် ရုပ်ရှင်လက်မှတ် မှောင်ခိုဂိုဏ်းခေါင်းဆောင်နှင့် ကျွမ်းကျွမ်းဝင်ဝင် မရှိသော်လည်း မြင်သိသိနေသည်။

သူက ဖဆပလ ရုပ်ကွက်သား။

လူကောင် သေးသလောက် အကြံကြီး ဉာဏ်ကြီးသည်။ အပေါင်းအသင်း ဝင်ဆံ့သည်။ တပည့်အမွေးကောင်းသည်။ ကင်းအော့(ဖ)သည် ဘလက်မာကက်ဟု နာမည်တစ်လုံး တင်စားခံထားရသူလည်း ဖြစ်သည်။

သံချောင်းက လှအောင်ကို ဆွယ်သည်။ စေတနာနဲ့ပါ။

'လှအောင်ရာ၊ ပင်ပင်ပန်းပန်း ဆိုက်ကားနင်းမနေစမ်းပါနဲ့ကွာ။ ငါနဲ့လာပြီး တွဲစမ်းပါ။ လက်တဘက်ပြတ်ကားတုန်းကများ ငါတို့ဆိုတာ ငွေစက္ကူကို ငွေစက္ကူလို့တောင် မထင်ဘူး၊ အဲဒီလောက်ရတာ'

အပြောသာမဟုတ်။ လက်တွေ့ပါ မြင်နေရတော့ စိတ်လည်သွားသည်။ ဆရာဦးမြတ်သွင် မသိအောင် ဆိုက်ကားကို တစ်လှည့်အနားပေးပြီး ရုပ်ရှင်လက်မှတ်မှောင်ခိုလောကသို့ ခြေချကြည့်လိုက်သည်။ တကယ်လုပ်ကြည့်တော့ ငွေရသည်ကလွဲလို့ ကျန်တာအားလုံး မကောင်းသည်ကို သိလာရသည်။ တွေ့လာရသည်။ ခံစားလာရသည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုလောကသားများနှင့် စရိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်း မတူ။ လူတကာကို ကြောက်ရပြီး အောက်တန်းနောက်တန်း ကျလွန်းလှသည်။ ပြေးရပြီဆိုတော့ အခါမျိုးတွင် လုံချည်မနိုင်၊ ဘာမနိုင်။ စီးထားသည့်ဖိနပ် ကျန်ရစ်သည်အထိ။ အလံပြဘုရား လမ်းမကြီးပေါ်မှာ သွားလာနေသည့် ကားကြီးကားငယ် အသွယ်သွယ်ကြားမှာ သက်စွန့်ဆံဖျား ပြေးလွှားနေသည်။

ရတာနှင့် စိတ်ပင်ပန်း လူပင်ပန်းရတာ မကာမီ။ အဖွဲ့နှင့် အုပ်စုနှင့်လုပ်ရသည့်အလုပ်။ ရသည့်အခါ ဝေစုမခွဲခင် သောက်ဝိုင်းဖွဲ့ကြသည်။ အဲဒီကပိုမှ ဝေစုခွဲကြသည်။ ငြိမ့်ငြိမ့်ကလေး နေပြီး ခေါင်းပုံဖြတ်နေသူတွေကလည်း တပုံတပင်။ တကယ်တွက်ကြည့်တော့ ကိုယ့်အတွက်ထက် သူတို့အတွက် လုပ်ကျွေးရသလို ဖြစ်နေသည်။ ဆိုက်ကားနင်းနေတုန်းကမှ စာကျက်နိုင်သေးသည်။ ခု သည်အလုပ်လုပ်မှ စာလုံးဝမကျက်နိုင်။

အချိန်မနှောင်းမီ သံချောင်းနှင့် လမ်းခွဲလိုက်ရသည်။

ကျော့ပူပြီး ချွေးထွက်သော်လည်း ရင်အေးရသည့် ဆိုက်ကားလောကကိုပဲ ခြေဦးပြန်တည့်လိုက်ရတော့၏။

ကံကောင်းသည်ဟု ဆိုရမည်။ ရုပ်ရှင်လက်မှတ်မှောင်ခိုလောကမှာ မျက်နှာမကျက်မီခင် ပြန်ထွက်လိုက်ပေလို့ပေါ့။ နို့မဟုတ်ရင်. .

၁၉၇၅ ခု။

မှတ်တမ်းဝင် ရုပ်ရှင်လက်မှတ် မှောင်ခိုသမားတွေကို ညဉ့်သန်းခေါင်ကျော် အိမ်တိုင်ရာရောက်လာနှိုးပြီး အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့ရာ သံချောင်းတို့၏ ဂေါ်ဖားသား အပါအဝင် လူပေါင်း ငါးဆယ်ကျော် ပါသွားခဲ့သည်။



ပထမတော့ သူတို့က အပြုံးအမျက်။ စစ်ဆေးသည့်အတိုင်း ရောက်တော့မှ အပြုံးရိပ်ကွယ်သွားသည်။ ခါတိုင်းလို တစ်ပတ်၊ နှစ်ပတ်ချုပ်ထားပြီး ပြန်လွှတ်လိမ့်မည်ဟု ထင်ခဲ့ကြ၏။

အမိန့်ချမှတ်လိုက်တော့မှ မကျဖူးသည့်မျက်ရည် မြေသို့ ခရသည်။ အနည်းဆုံးသမားက ထောင်ဒဏ်လေးနှစ်၊ သူတို့အဖွဲ့ ခေါင်းဆောင် ဂေါ်ဖားသားကြီးက ထောင်ဒဏ်ဆယ်နှစ်။

ရုပ်ရှင်လက်မှတ်မှောင်ခိုမှု ထောင်ဒဏ် ဘယ်လောက် ချမှတ်မှာမို့လို့လဲဟု ကြုံးဝါးခဲ့သည်။ ကြုံးဝါးသံတွေ ဆိတ်ငြိမ်သက်သွားပါလေတော့သည်။

အဲဒီတုန်းက လှအောင်တောင် အဖျားခတ်လေမလား ဆိုပြီး မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ရသေးသည်။ သံချောင်းတို့ မဖော်လို့သာပေါ့။ နို့မဟုတ်ရင် ကြမ်းခင်းဈေး လေးနှစ်ထဲပါပြီး တွံတေးရွှေသူဌေးတာမှာ ငိုပွဲဆင်သူထဲ ပါသွားလိမ့်မည်ပါ။ လှအောင်က ထိုလောကမှာ လပိုင်းမျှသာ ကြာခဲ့သမို့ မျက်နှာကျက်မိသည့် မှတ်တမ်းဝင်စာရင်းထဲ မပါခဲ့။

သည်ကတည်းက ဥပဒေနှင့်ဆန့်ကျင်သော အလုပ်လုပ်ရမည်ကို သေတပန် သက်တဆုံး ရှောင်ကြဉ်ပါမည်ဟု သိန္နိဋ္ဌာန်ချ၍ ဆုံးဖြတ်ခဲ့ပါသည်။

ဆယ်တန်းကို ဆိုက်ကားနင်းရင်း အောင်ခဲ့သည်။

ရုပ်ကွက်ထဲက အတူတူ ဆိုက်ကားနင်းဘက်မျင်းက လှောင်သံထေ့သံ ပေးလာသည်။ တန်ရာတန်ရာ လုပ်စမ်းပါကွာ လို့ မကြားတကြား စကားသံလွင့်လာသည်။ တချို့ကလည်း သူ၏ အေးစက်စက် ပေါင်းသင်း ဆက်ဆံမှုတို့အပေါ် အမြဲတည်၍

www.burmeseclassic.com

ဘဝင်ကိုင်နေတဲ့ကောင်ပါကွာလို့ အပနာမစကား ဆိုခဲ့သည်။

ဂရိတ်ဆိုသည့် မဟာ့မဟာ စူပါစတားဆိုသည့် ကျူရှင်သုံးလေးခု အပြေးအလွှားတက်ပြီး အချိန်ပြည့် ကျောင်းနေတာတောင် တဖုတ်ဖုတ်ကျနေတာ။ သည်ကောင်လေး ဆိုက်ကားနင်းရင်း ဆယ်တန်းဖြေလို့များတော့ နံတောင်စွတ်မှာ မဟုတ်ဘူး။ တချို့ကလည်း စကားပုံခပ်ရိုင်းရိုင်း အမဲရိုးက ဟင်းအိုးမှ အားမနာဆိုသည့် မှိုချိုးမျှစ်ချိုး စကားမျိုး ဆိုကြသည်။

တစ်နည်းအားဖြင့်တော့ သည်အပြော၊ သည်အဆို၊ ထိုအလေ့၊ အလှော်င် အပနာ့မစကားများသည် သူ၏ အားမန်ကိုနိမ့်ကျမသွားစေတဲ့ တွန်းတင်ပေးသည်သို့ ရှိခဲ့ပါချေ၏။

ငါမအောင်ရင် သည်ထက်မက ပြောလိမ့်မည် ဆိုသောအသိက သူ၏ ကြိုးစားမှုအရှိန်ကို ပို၍ မြင့်တက်စေခဲ့၏။

ဆရာဦးမြတ်သွင်က . . . ။

'ဆယ်တန်းအောင်ရင် တော်ပြီဆိုတဲ့ ခံယူချက်မျိုး ဘယ်တော့မှ မထားနဲ့၊ ဆယ်တန်းလဲ အောင်ရမယ်၊ အမ်စီတို့၊ အာရ်အိုင်တီတို့လဲ ရောက်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုး ထားရမယ်' ဟု တဖွဖွ သတိပေးစကား ပြောခဲ့သည်။

အကယ်၍သာ ဆိုက်ကားမနင်းပဲ ကျောင်းသားအဖြစ်စာမေးပွဲဖြေရမည်ဆိုလျှင် အောင်မအောင်ကိစ္စကို သူအလေးထားကောင်းမှ ထားပေမည်။ ခုတော့ သူ့မှာ အလေးထားစရာ ဖြစ်လာသည်။ ရိုးရိုးကျောင်းသားတစ်ယောက် စာမေးပွဲမအောင်သည်ကိုဖြေဖြေဖျော့ဖျော့၊ လျော့လျော့ပေါ့ပေါ့ ပြောကြဆိုကြမည် ဖြစ်သော်လည်း သူ့ကိုမူ တင်တင်စီးစီး၊ ရှုံ့ရှုံ့ချချ စကားဆိုလိမ့်မည်မှာ



သေချာနေသည်။

ဒါကြောင့် သူက အလွန်အမင်း ကြိုးစားခဲ့သည်။ အားမာန်ကို တအားတင်ပေးခဲ့သည်။

အောင်စာရင်းထွက်လာတော့ အင်္ဂလိပ်စာဂုဏ်ထူးနှင့်။

အပနာ့မ ပြောသံတွေ တိတ်သွားသည်။ ကျူရှင်အမျိုးမျိုးထားပြီး မကြောင့်မကျ၊ မတောင့်မတ ကျောင်းနေစေခဲ့ပါလျက် စာမေးပွဲကျရှုံးသည့် ကျောင်းသားမိဘများ၏ လက်ညှိုးထိုး၍ စံတင်ပြောစရာ ဖြစ်လာရသည်။

တော်လိုက်တဲ့ ကလေးဟု ချီးကျူးသံ စီစီညံခဲ့သည်။

သူက ဆရာ ဦးမြတ်သွင်၏ ခြေဖျားအစုံကို နဖူးထိ၍ကန်တော့ခဲ့သည်။

ဆယ်တန်းအောင်ပြီး ဘာလုပ်မလဲ။

ဆရာဦးမြတ်သွင်က သူ့အဆက်အသွယ် ပုဂ္ဂိုလ်များကိုအကြောင်းပြု၍ စာရေးတစ်နေရာလောက်တော့ အလုပ်သွင်းပေးလို့ဖြစ်သည်။ သို့တစေ တပည့်ဖြစ်သူက စာရေးစာချီဘဝကို သာယာမက်မင်ပြီး ကြိုးစားမှုကိုလျော့၍ ဘဝလမ်းဆုံးသွားမည်ကိုစိုးရိမ်သည်။ သူ့မှာ လုအောင်ထံမှ ဘာမျှော်ကိုးချက်မှ တုံ့ပြန်ရစရာမရှိ။ သူ ပြုစုပျိုးထောင်ပေးလိုက်သည့် ပင်ပျိုကလေးက ပွင့်လာမည့် ထုံသင်းမွှေးပျံ့သော ပန်းပွင့်လွှာကလေးများကို ကြည့်၍တစိမ့်စိမ့် တသိမ့်သိမ့်ကြည်နူးမှုကို ခံစားချင်သည်။

ပန်းနှစ်ပွင့်သုံးပွင့်လောက်ပွင့်ပြီး ပျိုးတုံးပင်ပျို မဖြစ်စေလို ပန်းတွေ ဝေနေအောင် ပွင့်စေချင်သည်။

စာရေးစာချီ အားမာန်က ဖျော့သွယ်သည်။ ဆိုက်ကား

www.burmeseclassic.com

www.burmeseclassic.com

သမား အားမာန်က တင်းမာသည်။ ဆိုက်ကားနင်းရင်း ဘွဲ့ယူစေချင်သည်။ အများအမြင် မဖြစ်နိုင်လို့ ပြောတာကို ဖြစ်နိုင်အောင် လုပ်ပြမည့် အားမာန်မျိုး မွေးသည်ကို ပို၍ သဘောကျသည်။ ဆိုက်ကားနင်းရင်း လုပ်သားကောလိပ် တက်လို့မရ။ လှအောင် ရမည့် အမှတ်ပေါင်းက ဥပဒေဘွဲ့ အကြိုးဝင်နေသမို့ နေ့ကျောင်းသားအဖြစ် ဥပဒေဘွဲ့ ဆွတ်ခူးဖို့ လမ်းညွှန်ချက်ပေးခဲ့သည်။

'မင်းနည်းနည်းတော့ ပင်ပန်းမယ်ကွာ၊ ခုထက်ပဲ ပိုပြီး ကြိုးစားရလိမ့်မယ်၊ မဖြစ်နိုင်ဘူးလို့ ပြောစရာရှိပေမယ့် တကယ် လုပ်ရင် အဟုတ်ဖြစ်နိုင်တယ်။ တကယ်လုပ်ရမှာကတော့ မင်းပဲ၊ စာအုပ်အတွက်နဲ့တော့ မပူနဲ့ ဆရာရှာပေးမယ်၊ စတိုင်ပင်ရဖို့လဲ ဆရာအစွမ်းကုန် ကြိုးစားပေးမယ်။ မင်းတို့ မိသားစု အနေအထား အရ ဆိုရင် စတိုင်ပင်ရဖို့ သေချာတယ်'

ဆရာ ဦးမြတ်သွင်က ဤသို့အားပေးစကား ဆိုရုံမက သုံးဘီးမောင်းရင်း ဘွဲ့ယူသူ၊ လက်ဖက်ရည်ဆိုင် ကောင်တာထိုင်ရင်း ဆရာဝန်ဘွဲ့ရခဲ့သူ၊ သတင်းစာပို့ရင်း အင်ဂျင်နီယာဘွဲ့ရသူများကို လက်တွေ့လိုက်ပြခဲ့သည်။

'တို့ မြန်မာလူမျိုးတွေက ကိုယ့်သားသမီးကို သုံးဘီး မမောင်းခိုင်းရက်ဘူး၊ ဈေးမရောင်းခိုင်းရက်ဘူး၊ ခု မင်းအမြင်ပဲ သူတို့က သုံးဘီးမောင်းမှ ကျောင်းနေနိုင်တဲ့ အနေအထား မဟုတ်ဘူး။ ဒါပေမယ့် သုံးဘီးမောင်းရင်း ကျောင်းတက်ခဲ့ကြတယ်။ ဘွဲ့ရအောင်ယူကြတယ်။ အေးကွာ ခြားနားချက်တော့ ရှိတာပေါ့ကွာ မင်းက ဆိုက်ကားနင်းရင်း ကျောင်းတက်ရမှာဆိုတော့ သူတို့ထက် တော့ ပိုပင်ပန်းလိမ့်မယ်။ လောကမှာ မဖြစ်နိုင်တာမရှိ။ မဖြစ်



သေးတာသာ ရှိတယ်ဆိုတဲ့ ပမာစကားကို လက်ကိုင်ထားပြီး ကြိုးစားရမယ်။ မဖြစ်သေးတာကို ဖြစ်အောင် လုပ်ပြနိုင်သူက လူချွန်ပဲ၊ တော်ရုံနဲ့ မပြီးဘူးနော် လှအောင်ချွန်ရမယ်'

ဆရာ ဦးမြတ်သွင်က တပည့်ဖြစ်သူကို အားမာန်တအား သွင်းပေးနေသည်။ သို့တစေ လှအောင်က ယတိပြတ် ဆုံးဖြတ်ချက် ချဖို့ ဝန်လေးနေသည်။ ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိ အဖြစ်မျိုး ဖြစ်လေမလားလို့ မဝံ့မရဲ ချီတုံချတုံ ဖြစ်နေသည်။

သူ့အလိုသာဆို ဆယ်တန်းအောင်သည်ကို လမ်းဆုံးမှတ်တိုင်အဖြစ် သဘောထားလိမ့်မည်ပါ။ ဆရာဦးမြတ်သွင်၏ စေတနာကို တုံ့ပြန်ချင်သော ဆန္ဒကြောင့် ခေါင်းညိတ်လိုက်ရသည်။

'ကျွန်တော်ကြိုးစားပါမယ်ဆရာ'

*

စစ်မဖြစ်ခင်က တရားရေးနယ်ပယ်နှင့် ဥပဒေလောကတွင် မျက်နှာဖြူဗိုလ်ကပြားများနှင့် အိန္ဒိယ အမျိုးသားများသာ ကြီးစိုးတွင်ကျယ် ချယ်လှယ်ခဲ့ကြသည်။ သူ့ကျွန်ဘဝတွင် ရှုန်းထနေရသည့် မြန်မာလူမျိုးမှာ ထိုးဖောက် ဝင်ရောက်ဖို့ မလွယ်။ အောက်တန်းရှေ့နေလောက်အဆင့်နှင့် နှစ်သိမ့်ကျေနပ်နေရသည်။

သင်ကြားလျှင် တတ်မြောက်သိမှတ်ရန် လွယ်လင့်တကူ ရှိသော ဥပဒေပညာရပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထား၍ စကားလုံးအသုံးအနှုန်းများ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် လုပ်ထားရုံမက ဥပဒေလောကသို့ မြန်မာလူမျိုးများအလွယ်တကူ ဝင်ရောက်ခွင့် မရအောင်လည်း ကျပ်ကျပ်တည်းတည်း လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှေ့နေကို အောက်တန်းရှေ့နေ၊ အထက်တန်း ရှေ့နေဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထား၏။

အောက်တန်းရှေ့နေ (လိုဝါးဂရိတ်ပလီဒါ) ကို ခုနှစ်တန်းအောင်လျှင် ဝင်ရောက်ဖြေဆိုခွင့်ပေးပြီး၊ အထက်တန်းရှေ့နေစာမေးပွဲသို့မူ တက္ကသိုလ် ဥပစာ အထက်တန်း (အင်တာမီဒိတ်) အောင်မှ ဖြေဆိုခွင့်ရသည်။ ဝတ်လုံစာမေးပွဲကျတော့ ဘွဲ့တစ်ခုရပြီးမှ ဆက်လိုက်ရသည်။

ဥပဒေလောကသို့ မြန်မာတိုင်းရင်းသားများထဲမှ ဝတ်လုံတော်ရအဖြစ် ဦးစွာပထမ ရဲရဲဝံ့ဝံ့ ဝင်ရောက်ထိုးဖောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များမှာ ရခိုင်အမျိုးသားကြီးများ ဖြစ်ကြ၏။ ယင်းပုဂ္ဂိုလ်ကြီးများက နိုင်ငံခြားသားများနှင့် ရင်ပေါင်တန်း လိုက်ကြသည်မှ တရားရေးနယ်ပယ်နှင့် ဥပဒေလောကထဲသို့ မြန်မာတိုင်းရင်းသားများ ဝင်ရောက်ရန် လမ်းပွင့်ခဲ့သည်။

ရှေးခေတ်ရှေ့နေကြီးများမှာ နာမည်တစ်လုံးကို သိက္ခာရှိရှိ ထိန်းသိမ်းခဲ့ကြသည်။ ပရမ်းပတာမနေ၊ ပေါက်တတ်ကရမပြော၊ အလုပ်ခွင်မှ သူ့နယ် ကိုယ့်နယ်၊ သူ့စည်း ကိုယ့်စည်းထားကြသည်။

မိမိအမှုသည်၏ ရုံးချိန်းရက်ကို အလွန်လေးစားသည်။ ပျက်ကွက်ခြင်းမရှိ၊ လာရောက်ကြသည်။ ယခုခေတ်ရှေ့နေများလို တရားရုံးက သတိပေးရခြင်းမျိုး ဘာမျိုးမရှိ။ 'ကျီးဘုတ်ရှိသေ၊ ဘုတ်ကို ကျီးရှိသေ'ဆိုသလို သိက္ခာသမာဓိကို အလေးထားကြသည်။

အမှုသည်ကြိုက် ရှေ့နေအဖြစ်မျိုးလည်း မရပ်တည်။

ခုခေတ်မှာတော့ အမှုသည်ကြိုက် လုပ်ကြသည်က ခပ်များများ။



အမှုနှင့်ပတ်သက်သော်လည်း အရည်မရ၊ အဖတ်မရ ရုံးက အရေးတယူ မှတ်တမ်းမတင်သည့် အရှုးချေးပန်းမေးခွန်းများကို အမှုသည်အကြိုက် အချိန်ဖြုန်းမေးမြန်းခြင်းဖြင့် လေမရှည်ကြ။

လူနာက ဆရာဝန် ဆေးထိုးမှ ကြိုက်သလို အမှုသည်က ရှေ့နေမေးခွန်းများများ မေးမှ ကြိုက်ကြသည်။

လိုရင်းတိုရှင်း ရှေ့နေမျိုးဆို အမှုသည်က မကြိုက်။

ဒါကြောင့်လည်း တချို့က အမှုသည်အကြိုက်၊ တိုရှင်းလိုရင်း မဟုတ်ပဲ ဝေလေလေ ရှည်တေတေ လုပ်ကြသည်။

လွတ်လပ်ရေးရပြီး သည်တက်ခေတ်၊ အောက်တန်းရှေ့နေ၊ အထက်တန်းရှေ့နေ မခွဲခြားပဲ ရှေ့နေဟူ၍သာ အသိအမှတ်ပြုလိုက်သည်။ စနစ်သစ် ပညာရေးတွင် ဘီအေ၊ ဘီအက်စ်စီ အောင်ပြီးမှ ဘီအယ်တက်ရသည့်အစား အယ်လ်အယ်လ်ဘီဘွဲ့ တိုက်ရိုက်ယူနိုင်သည့် စနစ်ကို အစားထိုးလိုက်သည်။

လှအောင်က ကျောင်းစာသင်ခန်းနှင့် ဆိုက်ကားကို တွဲလျက် ဆိုက်ကားနင်းရင်း စာကျက်၊ စာကျက်ရင်း ဆိုက်ကားနင်းခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ခြေလှမ်းမှန်မှန်ဖြင့် ချီတက်နေသည်။

ဆိုက်ကားနင်းသည့်အခါ သူ၏ဝတ်စုံမှာ လုံချည်တပတ်နွမ်း အစိမ်းရောင်၊ စစ်အင်္ကျီ လက်ရှည်နှင့် ဝါးဖတ်ဦးထုပ်၊ စစ်အင်္ကျီလက်ရှည်မှာ အကြမ်းခံသည့်အပြင် လက်ကို နေမလောင်အောင် ကာကွယ်ပေးသည်။ ကျောင်းတက်တော့ အင်္ကျီအဖြူနှင့် ကချင်လုံချည်ရိုးရာဆင်ကို ဝတ်လေ့ရှိသည်။ ကချင်လုံချည်ရိုးရာဆင်က အပေအတေခံသလို အသားလတ်သည့် သူ့အသားနှင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်သည်။ တခါတလေတော့ မီးခိုးရောင် ဘားမား တက်ထရက်အပေါ် အကျီဝတ်တတ်သည်။

ချစ်တတ်သည့်အရွယ်မို့ အချစ်ရေးကို စိတ်ဝင်စားပေမယ့် ကိုယ့်ဘဝပေး အခြေအနေအရ ထိုမှာဘက်သို့ ဦးမလှည့်သာ။

သို့တစေ အခွင့်အရေးပေးသူ တစ်ယောက်တော့ ရှိနေသည်။ မြင်းက မလှုပ်ပေမယ့် ခုံက ခပ်လှုပ်လှုပ်။

မခင်သောင်းနှင့် မနက်တိုင်း မျက်နှာချင်း ဆုံခဲ့ကြသည်မှာ ခြောက်နှစ်ကျော် ခုနှစ်နှစ်ကာလသို့ တိုင်ခဲ့ပြီ။ ဆိုက်ကားသမားဆိုတာက မနက်ကို ဝမ်းအရင်ဖြည့်ရသည်။ တခါတလေ စောစောခရီးသည် အဆင်ပြေသည့်အခါ ခရီးသည်ကို အရင်၊ အစားကို နောက်ထားရသော်လည်း များသောအားဖြင့် အစားကို ဦးစားပေးရသည်။ မနက်မိုးလင်းအစာမရှိဘဲ ဆိုက်ကားနင်းရင်ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာတတ်သမို့ ခရီးဝေးသမားကို ပို့လေ့မရှိ။

လှအောင်မှာ စိန်ကွန်းဈေးကို ပို့ရသည့် ပင်တိုင်ဖောက်သည်ရှိသည်။ ခရီးတာက နီးနီးမဟုတ်၊ သည်လောက်ခရီးကို အစာမရှိပဲ နင်းလို့မရ။ အများအားဖြင့် ဆိုက်ကားသမားများမှာ လက်ဖက်ရည်နှင့် ဒူးယားကြိုက်ကြသည်။ မနက်ပိုင်း နံထော (နံပြားထောပတ်သုတ်)၊ ပဲနံ (နံပြားနှင့် ပဲပြုတ်) ဒါမှမဟုတ် မုန့်ဟင်းခါး၊ မုန့်ဟင်းခါးနှင့် လိုက်ဖက်သည့် လက်ဖက်ရည်၊ လက်ဖက်ရည်နှင့် လိုက်သည့် ဒူးယား စသည်များကို စားသောက်ကြစမြဲ။

ရုံးစာရေးတစ်ယောက်၊ လက်ဖက်ရည်ဆိုင် မှန်မှန် မထိုင်နိုင်စေကာမူ ဆိုက်ကားသမားက လက်ဖက်ရည်ဆိုင် မှန်မှန် ထိုင်



နိုင်သည်။

လှအောင်က လက်ဖက်ရည်ကို ပါးစပ်နှင့်တည့်အောင် အကျင့်မလုပ်၊ အဆာခံသည့် ထမင်းကြော်စားပြီး ရေနွေးကြမ်းနှင့် ပါးစပ်တည့်အောင် လုပ်ထားသည်။ လက်ဖက်ရည်ကို လုံးလုံးမသောက်သည်တော့ မဟုတ်။ ခရီးသည်ကွ အဆင်ပြေပြီး၊ ဝင်ငွေ မြက်မြက်ရသည့်နေ့မျိုးတွင် ချိုဆိမ့်ကလေး တစ်ခွက်နှင့် ဒူးယားလေးတစ်လိပ်ကို တွဲစပ်ပေးလေ့ရှိသည်။နေ့စဉ်တော့ မသောက်။ အထူးသဖြင့် မနက်ပိုင်း လက်ဖက်ရည်သောက်လေ့မရှိ။ တကျပ်ခွဲနှင့် ဗိုက်တင်းသည့် ထမင်းကြော်စားပြီး ရေနွေးကြမ်းခါးခါးလေးနှင့် ကိစ္စပြီးလေ့ရှိသည်။

ထမင်းကြော်ရောင်းသည့် မခင်သောင်းနှင့် မနက်တိုင်း ဆုံစမြဲ။ ရယ်လိုက်ရင် ပါးချိုင့်ခွက်ကလေး ထင်းထင်းပျပျ ပေါ်စမြဲရှိသူ မခင်သောင်းက သူ့အပေါ် လိုက်လျောလွန်းသည်၊ မဆွတ်ခင်က ညွှန်ဟန်အမျိုးမျိုးပြခဲ့သည်။ စေတနာ ဓရစီးကမ်းပြိုလွန်းသည်။ လှအောင်က မခင်သောင်းကို တရင်းတနှီး လိုက်လိုက်လျောလျော ဆက်ဆံခဲ့သော်လည်း ဟိုနှယ်သည်နှယ် အရိပ်အဆင်မျိုး လုံးဝမပြ။

မခင်သောင်းက အကျည်းမတန်ပါ။ ညိုညိုယဉ်ယဉ်၊ တုတ်တုတ်ကစ်ကစ်ကလေး။ ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုဟု ဆိုရမည်ဖြစ်သော်လည်း ပါးချိုင့်လေးကြောင့် အပြုံးလှသည်။ စကားပြောပုံက ချစ်စရာလေး၊ အနေအထိုင် ပိပြားသည်။ စကားပြောပုံက ချစ်စရာလေး၊ အနေအထိုင် ပိပြားသည်။ မိန်းမတို့၏ အလှပါး ဟု ဆိုအပ်သော ဆံနွယ်ကြီးမှာ သန်စွမ်းပျော့ပျောင်းနွဲ့သွယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိတုံးရောင်ကေသာ ဖြေကာချလိုက်ရင် သုံးတောင့်တထွာဆိုသည့်မျိုး။ ဘီးကြောပတ် ပတ်ထားလျှင် အယ်ပြီးကားထွက်နေသည်။

လှအောင်က မခင်သောင်းကို လုံးဝ စိတ်မဝင်စားသည်တော့ မဟုတ်ပါ။ သို့တစေ မခင်သောင်းတို့မှာ ညီအစ်ကို မောင်နှမတွေ တပြုံကြီး။ အစ်ကိုတွေ၊ မောင်တွေက ရပ်ကွက် အော်ကြောလန်တွေ။ တူးတူးခါးခါးဆိုးကြသည်။ သူတို့အသိုက်ထဲကို ဝင်ဖို့တော့ မစဉ်းစားဝံ့။

ဒါကြောင့်လည်း မဆွတ်ခင်က ညွှန်ဟန်ပြနေသည့် မခင်သောင်းကို သူက ဆွတ်ယန့် မပြုခဲ့ပါလေ။

လှသောင်း ရှောင်ဖယ်ဖယ်လုပ်ခဲ့သည့် နောက်တကြောင်းမှာ ဆိုက်ကားနင်းဖော် သူငယ်ချင်း ခင်စိုးကြောင့်။ ခင်စိုးက မခင်သောင်းကို အသေအလဲကြိုက်သည်။ စွဲစွဲလန်းလန်း ချစ်သည်။ သို့တစေ မခင်သောင်းက ခင်စိုးကို 'ဟင်' သည်။ ကျောက်ပေါက်မာသက်သက်ရှိသည့် ခင်စိုးကို ကျောက်ရှုးလို့ ချိုးချိုးနှိမ်နှိမ်ခေါ်ပြီး မျက်နှာသာမပေး။ ခင်စိုးကလဲ ကျောက်ရှုးပဲပါလို့လား၊ မခင်သောင်းကို ချစ်လွန်းလို့လားမသိ၊ မခင်သောင်းနှင့်တွေ့ရင် မျက်နှာရှုးလွန်းသည်။ ပြောသမျှ ဆိုသမျှကို တဟဲဟဲနှင့် မျက်နှာပိုးမသတ်ပဲ ခံသည်။

ခင်စိုးက ကျောက်ပေါက်မာ သက်သက်ပါသော်လည်း ရုပ်မဆိုး။ အလုပ်ကို ဖိဖိစီးစီးလုပ်သည်။ သူက ညနင်းသမား၊ ညနင်းဆိုက်ကားသမားများမှာ နေ့နင်းသမားလောက် မပင်ပန်းသော်လည်း အိပ်ရေးပျက်သည်။ အန္တရယ်များသည်။ နေ့သမားက ကားတောဝါကို ကြောက်ရသည်။ ညသမားက လူတောဝါကို ကြောက်ရသည်။ ညနင်းဆိုက်ကားသမားကို အများဆုံး ဒုက္ခပေးလေ့ရှိသူများမှာ အမူးသမား၊ ဖဲဝိုင်းပြန်၊ လူပေလူတေများနှင့် ညဥ့်ငှက်မယ်များပါလေ။



ညနင်းသမားက သူတို့ကြောင့် တခေါက်ဆို တခေါက် စိုးစိုးပိုပိုရတတ်သလို၊ ပြဿနာအဖုံဖုံလည်း တက်တတ်သည်။ အခံနိုင်မသင့်ရင် ရဲစခန်းသို့အထိ ရောက်တတ်သည်။

ညနင်းသမား နှစ်မျိုးရှိသည်။

အမူးသမား၊ ဖဲသမား၊ ဒုစရိုက်လောကသားများ၊ ညဥ့်ငှက်များနှင့် လုံးဝမဆက်နွှယ်ပဲ ခရီးသည် သန့်သန့်နှင့် ဆက်နွှယ်သည့် ဆိုက်ကားသမားနှင့် ဘရုတ်သုတ်ခသမားများနှင့် တပူးတွဲတွဲရှိသည့် ဆိုက်ကားသမားဟူ၍ နှစ်မျိုးရှိသည်။

အကြောင်းကြောင်းကြောင့် ဆိုက်ကားသမား မဟုတ်ပဲ ဆိုက်ကားနင်းနေကြသော ရုံးစာရေး၊ စက်ရုံအလုပ်သမားစသည်များမှာမူ ညဥ့်လုံးပေါက် မနင်းကြ၊ ရုပ်ရှင်ပြီးချိန်တွင် သိမ်းကြသည်။

ခင်စိုးက ညဥ့်လုံးပေါက်သမား။ ပြီးတော့ သူက ရှုပ်ရှုပ်ထွေးထွေး၊ ရုတ်ရုတ်ရက်ရက်သမားများနှင့် ထွေးရောယှက်တင်ရှိသူ လှအောင်တို့ထက် ဝင်ငွေပိုရသော်လည်း အန္တရာယ်ယာဉ်ကြောပေါ် နင်းနေရသောကြောင့် ခဏ ခဏ ပြဿနာ ဖြစ်သည်။ ဒါပေမယ့် ခင်စိုးက လျင်သည်၊ နပ်သည်။ ပါးသည်၊ လည်သည်၊ မိုက်သွေးလေးလည်း ရှိသမို့ သူ ခံလှည့်နည်းသည်။

မခင်သောင်းက ခင်စိုးကို ဖယ်ရှောင်ရှောင် လုပ်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သည်အကြောင်း တကြောင်းလည်း ပါသည်။ သူ့ကို နေ့နှင်းပြောင်းဖို့ လှအောင်က မကြာခဏ တိုက်တွန်းခဲ့ပေမယ့်မရ။

သူက ကျော့ပူ ချွေးထွက်ပြီး ဝမ်းမအေးချင်၊ ကျော့မပူ ချွေးမထွက်ပဲ ဝမ်းအေးချင်သူ။

ဆိုစကားတော့ ပြောသည်။

မခင်သောင်းကသာ သူ့ဆန္ဒကို လိုက်လျော့ရင် နေ့နှင်းပါမည်တဲ့။

မနီးစပ်ပါ။

ခင်စိုး ဆိုက်ကား သိမ်းချိန်တွင် မခင်သောင်း ဆိုင်ထွက်ပြီ။ ပထမဆုံး ဈေးဦးပေါက်စားသူမှာ ခင်စိုး။ ဗိုက်ဆာလို့လည်း စားသည်၊ မဆာပဲနှင့်လည်း စားသည်။ ဘယ်သူ အစားပျက်ပျက် ခင်စိုးကတော့ မပျက်။

မခင်သောင်း၏ မျက်နှာကို ပထမဆုံးမြင်ရသူအဖြစ် စံချိန်တင်ထားသူပါ။

လောကကြီးမှာ ရတာမလို၊ လိုတာမရ စကားပမာ ပေါ်လာရသည်မှာ သည်သို့သော အကြောင်းတွေများကြောင့်လား။

* * *



## သုံး

ယက်ယက်ယိုယိုလှသည်ဟု မဆိုသာစေကာမူ စွံစွံထင်ထင် လှသည်ဟု ပြောနိုင်သော အမျိုးသမီးနှင့် ဘူတာကြီးတွင် နှစ်ကြိမ်ဆုံပြီးနောက်၊ နောက်ထပ်မဆုံဖြစ်။ စိတ်ထဲမှာလည်း အစွဲအလန်းမထား။ သူ့အပေါ် တရင်းတနှီး ဆက်ဆံပြီး မောင်လေးလို့ ခေါ်ခဲ့သည့်အတွက်ကြောင့် အမှတ်အသားတော့ ပြုလိုက်မိသည်။ ဘယ်မှာနေ၍ ဘာလုပ်နေသည်ကိုလည်း သိစရာမလိုသဖြင့် မစပ်စု ခဲ့။ ထပ်ပြီးတွေ့ရပါစေလို့လည်း မတောင်းတခဲ့။ သို့တစေ ဆုံမိကြ ပြန်သည်။ ဘူတာကြီးမှာ မဟုတ်။ တိုင်းတရားရုံးမှာ။

အမျိုးသမီးနှင့် တွဲလာသည့်ပုဂ္ဂိုလ်က အသက်ငါးဆယ်ဝန်းကျင်လောက်ရှိမည်။ ဥပမိရုပ်သားနားသလို၊ ဝတ်စားဆင်ယင်ပုံကလည်း ထည်ထည်ဝါဝါရှိသည်။ ရုပ်ရေတင်သည်ဟု ဆိုရလောက်အောင် နုနယ်သည်။

တရားရုံးသို့ လာသူများမှာ အများအားဖြင့် ရို့ရို့ကျိုးကျိုး ဟန်ပန်ထင်စမြဲ။ ရဲစခန်းတို့ တရားရုံးတို့ကို လာရောက်ပြီးဆိုရင် ရှိရင်းစွဲဝင့်ဝင့်ကြွားကြွား ဟန်ပန်များ လျော့သွယ်သွားကြစမြဲရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဒီလိုမဟုတ် ရှိရင်းစွဲဟန်ပန်ထက် ပို၍ ဝင့်ကြွားထားသည်။ ကိုယ်အပေါ် စီးက နေရမည့် နေရာမျိုးကို လာသည့် ဟန်ပန်ထင်နေသည်။

မောင်လေးဟု ခေါ်သည်။ မမကလည်း ဘူတာမှာ ခရီးသည်အဖြစ် တွေ့ဆုံစဉ်ကပုံနှင့် သိသိသာသာကြီး ခြားနားလွန်းနေသည်။ ဝတ်စားဆင်ယင်ထားပုံ မျက်နှာပြင်ပေါ်တွင် အလှကောက်ကြောင်းတွေ ဆွဲထားပုံ၊ လမ်းလျှောက်ပုံ၊ ကြည့်ပုံအားလုံး သိသိသာသာ ပြောင်းလဲနေသည်ဟု ဆိုရမည်သို့ ရှိနေသည်။

အပြင်အဆင်ကြောင့်လားမသိ။ ပို၍လှနေသည်။

လှအောင်က ဥပဒေဝန်ထမ်းရုံးကအထွက် သူတို့က ရုံးခန်းထဲကို အဝင် နီးနီးကပ်ကပ် ဆုံတွေ့လိုက်ရသည်။ မမအကြည့်က ဖျတ်ကနဲအကြည့်၊ သူ့ကို မှတ်မိလေဟန် မပြ။ သူကတော့ တွေ့ကတည်းက မှတ်မိလိုက်သည်။

ထိုနေ့က ဆုံတွေ့ခြင်းမှာ တစ်ကြိမ်မဟုတ်ပဲ နှစ်ကြိမ်ဆုံတွေ့ကြသည်။

နောက်တစ်ကြိမ်က တရားခွင်ခန်းမထဲမှာ သူတို့နှစ်ယောက်က ခုံတန်းတစ်ခုတွင် ထိုင်နေကြသည်။

လှအောင်က ချိန်ဘာခေါ် လက်တွေ့သင်တန်း ဆင်းနေရသဖြင့် ဆရာဖြစ်သူ ဗဟိုတရားရုံးချုပ်ရှေ့နေကြီး ဦးမြင့်မောင်နှင့် တရားခွင်သို့ ဝင်ရောက်ခဲ့ရသည်။ ဆရာဖြစ်သူ ဦးမြင့်မောင်လိုက်သော အမှုကို အရင်စစ်ဆေးမည်ဖြစ်သောကြောင့် လှအောင်က ဆရာ့အနားမှာထိုင်၍ စစ်ဆေးချက်များကို မှတ်ရန် ဘောလ်ပင်နှင့် စာရွက်များထုတ်ပြီး အဆင်သင့်လုပ်ထားလိုက်သည်။



အမှုစစ်ဆေးသည့်နေရာမှာ ရန်ကုန်တိုင်းတရားရုံး။

မြို့နယ်တရားရုံးမှာလို အဝင်အထွက်မများ၊ ရှုပ်ရှုပ်ထွေးထွေး မရှိ။ မြို့နယ်တရားရုံး တရားခွင်မှာလို တရားစီရင်ရေး အဖွဲ့တွေ ပူးကပ်မနေ။ ထိုင်ရန်ခုံများလည်း ပြည့်ပြည့်စုံစုံ များများစားစားရှိသည်။ တရားခွင်တွင် ရှေ့နေ စကားပြောသည်ကလွဲလို့ အပြင်လူများ စကားပြောလေ့မရှိကြ။ တိုင်းတရားရုံး ဆိုသည့် အရှိန်အဝါကလည်း ကြီးသည်။

လှအောင်က လည်ကတုံး အင်္ကျီအဖြူ၊ လည်ထောင်တိုက်ပုံ အင်္ကျီအနက်၊ ပုလဲပေါက်ယောလုံချည်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ လှိုင်းတွန့်ကလေး ယောင်ယောင်ရှိသည့် ဆံပင်ကို ပိပိပြားပြား ဖီးသင်ထားသည်။

အမျိုးသမီးက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသော်လည်း မှတ်မိပုံမရ။ ဇဝေဇဝါ ဖြစ်နေဟန်ရှိသလို လူသူမရှားဟု ထင်နေလိမ့်မည်ပါ။

ရေနံရည်ဝနေသည့် နှီးချောဦးထုပ် စစ်အင်္ကျီ အစိမ်းရောင် လက်ရှည်နှင့် ဘူတာကြီးရှေ့က ဆိုက်ကားသမား သူ့ရုပ်သွင်နှင့် ဆံပင်ကို ပိပိပြားပြား ဖီးသင်၍ လည်ကတုံး အင်္ကျီအဖြူ၊ လည်ထောင်အပေါ်အင်္ကျီအနက် ဝတ်ဆင်ထားပြီး တရားခွင်မှာ ရှိနေသည့် သူ့ရုပ်သွင်မှာ ခြားနားခြင်း ရှိနေသည်မှာ မဟုတ်ပါ။ တူသယောင်ရှိစေကာမူ ဆိုက်ကားသမားနှင့် ရှေ့နေကိုတော့ တွဲစပ်ကြည့်လိမ့်မည် မထင်ရာ တွဲစပ်၍လည်း ကြည့်စရာ အကြောင်းမရှိပါလေ။

သူတို့အမှုကို ရက်ချိန်းပေးလိုက်သဖြင့် အမျိုးသမီးထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ရာမှ ဖြတ်လျှောက်၍ အပြင်သို့ ထွက်ခဲ့ရသည်။

မျက်လုံးချင်း အနီးကပ် ဆုံမိကြပြန်ပြီ။ သူက သိဟောင်း ကျွမ်းဟောင်း အပြုံးမျိုး ဝင့်ပြသင့်သော်လည်း ဘာကြောင့်မှန်း မသိ။ မဝင့်ပြမိ။

ချိန်ဘာ ဆင်းနေသည့်အထိ သူ ဆိုက်ကားနင်းနေဆဲ။ ရှေ့နေ လိုင်စင်ရသည့်အထိလည်း အခြေအနေအရ ဆိုက်ကားကို လက်လွှတ်ချင်မှ လက်လွှတ်ရဦးမည်။ လိုင်စင်ရပြီး အမှုငှားမည့်သူ ချက်ချင်း တွေ့ဖို့မှာမလွယ်။ ဆရာဖြစ်သူနှင့် အတော်ကြာ တွဲလိုက်ပြီး တစင်ထောင်နိုင်သည့် အခြေအနေရောက်ဖို့ကို ဇွဲနှင့် ကြိုးစားရလိမ့်မည်ပါ။

ဆိုက်ကားနင်းယင်း ဆယ်တန်းအောင်အောင် ကြိုးစားခဲ့ရသည်။ အယ်(လ်)အယ်(လ်)ဘီဘွဲ့ကို ဆိုက်ကားနင်းရင်း ရခဲ့ပါသည်။ ဆိုက်ကားနင်းရင်း ချိန်ဘာ ဆင်းခဲ့သည်။ ဆိုက်ကားနင်းရင်း ရှေ့နေလိုက်ရတော့လည်း ဘာထူးမှာမို့လဲ လိုက်ရမည်သာ။

တခုတော့ ရှိသပေါ့။ ကိုယ့်ကိုယ်ကိုယ် တင့်တယ်အောင် ဟိတ်ဟန်လေးနှင့် နေဖို့တော့ လိုမည်။ အဲဒီတော့ မနက်ကနေ ညနေအထိ လည်ထောင်အင်္ကျီ အနက်ကလေးဝတ် ညဦးပိုင်း အမှောင်ရိပ်သန်းချိန်မှာ အစိမ်းရောင် စစ်အင်္ကျီလေး ပြန်ဝတ်ပြီး ထမင်းနှင့် ဟင်းလျာဖိုးလေး ရှာရုံသာ။ စနေ တနင်္ဂနွေကျတော့ မျက်မှန်အနက်ကလေးတပ်ပြီး နင်းသင့်နင်းရမှာပေါ့။

ကိုယ့်ဘဝပေးအခြေအနေက အတက်ချီကျေစ်ကိုင်၍ လည်ထောင်အင်္ကျီဝတ်ပြီး ဟန်ရေးပြနိုင်သည့် အနေအထားမှ မဟုတ်တာ။ ဆိုက်ကားကို ခြေစုံကန်၍မဖြစ်။ ရှေ့နေဖြစ်ပြီဆိုပြီး



ဟန်တလုံး ပန်တလုံး နေနိုင်သည့်ဘဝ အနေအထားမျိုး မရှိသေး။ ပြီးတော့ သူနင်းနေသည်က အငှားဆိုက်ကားမဟုတ် ကိုယ်ပိုင်၊ အငှားဆိုက်ကားနင်းသူက ကိုယ်ဖို့ထက် ပိုင်ရှင်ဖို့ အလျင်ရှာရသည်။ သူတို့က နားနားနေနေ နေလို့မရ။

'ကိုယ့်အတွက် မကိုက်သေးဘူးပေါ့ သူ့အတွက်ပဲ ရှိသေးတယ်' ဟု ပြောလေ့ရှိကြသည်။ ကိုယ်ပိုင်သမားကတော့ သည်အပြောအဆိုမျိုးပြောစရာမလို၊ ခရီးသည်ရလို့ ဘီးစလိမ့်လိုက်သည်နှင့် ရသည့်ပိုက်ဆံမှာ သပိတ်ဝင် အိတ်ဝင်။

ဆိုက်ကားတွေ ဈေးတက်လာသည်။ လေးထောင်အထက် ဈေးခေါ်ကြသည်။ မဆန်းပါ။ ဝင်ငွေလည်း ကောင်းနေကြသည် ကိုး။ နားနားနေနေ သမားသည်ပင်လျှင် ဝင်ငွေနှစ်ဆယ်ထက် ကျော်သွားတတ်သည်။

နင်းသူအတွက် တွက်သားကိုက်သမို့ ဆိုက်ကားထောင်သူလည်း တွက်သားကိုက်သည်။ 'ဈ' အက္ခရာ၊ ဘီးခြောက်ရာ လေးဘီး တစ်စီးမှာ သိန်းကျော်သည်။ ဝင်ငွေက တစ်နေ့တရာ၊ ဆိုက်ကား ဆယ်စီးထောင်သည့် အရင်းအနှီးမှာ ငါးသောင်းဝန်းကျင်၊ ခြောက်သောင်းထက်မပို၊ တစ်နေ့ဝင်ငွေ အနည်းဆုံးရှစ်ဆယ်၊ ပြင်ဆင်စရိတ်ကျတော့ ဆိုက်ကားနှင့် မော်တော်ကား ကုန်ကျငွေ ဘာမှ မဆိုင်၊ ဆိုက်ကားမှာ ပရိမီယံကြေးတို့ ဘာတို့ပေးစရာမလို။ ဓာတ်ဆီအတွက် တန်းစီရသည့်ဒုက္ခမရှိ။

အသေးအဖွဲ့ အပျက်အစီးကို အငှားနင်းသူ ခံရသည်။

ကားထောင်သူက အတိုက်အခိုက်အတွက် ရင်တမမ ရှိရသည်။ ဆိုက်ကားက အတိုက်အခိုက်နည်းသည်။ ဆိုက်ကားနင်းသူ

www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်အသက်ကို ကာကွယ်ရန်အတွက် အထူးသတိထား၍ ဂရုစိုက်သည်။ အတိုက်အခိုက်မရှိတော့ မဟုတ် ရှိသည်။ နည်းသည်။

ကားဒရိုင်ဘာက ကားပိုင်ရှင်အပေါ် ပတ်နည်းအမျိုးစုံ ရှိသော်လည်း ဆိုက်ကားနင်းသူက ပိုင်ရှင်အပေါ် 'ပတ်နည်း' နည်းသည်။

ဆိုက်ကားတစ်စီးလောက် ထောင်ပြီး ဒူးနှံ့စားနေသူတွေ အများကြီး။

ထားဘိတော့။

တိုင်းတရားမှာတွေ့ပြီး တပတ်ပင်မကြာ၊ စိတ်မဝင်စားသေးသော်လည်း အမှတ်အသားပြုရသည့် အမျိုးသမီးနှင့် ဆုံကြပြန်သည်။ ဘူတာကြီးမှာတော့ မဟုတ်၊ သူပင်တိုင်ဂိတ်ထိုးလေ့ရှိသည့် ဖ-ဆ-ပ-လ ရပ်ကွက် တိုက်နံပါတ် (၅)ရှေ့မှာ တိုက် (၅)ဘေးနှင့် ဆေးပစ္စည်းဆိုင်က ထွက်လာခြင်းပါ။ ထုံးစံအတိုင်း ကိုယ်လုံးအလှပေါ်အောင် ချပ်ချပ်ယပ်ယပ် ချုပ်ထားသည့် ချောကလက်အသွေးပါတိတ်ဝမ်းဆက်နှင့် နေကာမျက်မှန် လှလှလေး တပ်လို့ပါ။ လက်တစ်ဘက်မှာ အထုပ်တစ်ထုပ်။ လက်တစ်ဘက်က ဆလင်းဘက်ကိုင်လို့ လက်ထဲက အထုပ်မှာ အတော်ကလေးကြီးသည်။ ဆေးများဖြစ်ဟန်ရှိသည်။ တဗူးတလေတော့ ဟုတ်ဟန်မတူ။ ဆေးတမျိုးတလေ ဝယ်ဖို့ အခက်အခဲရှိတတ်သော်လည်း လေးငါးမျိုး ဝယ်ဖို့ အခက်အခဲမရှိသူများလည်း ရှိကြလိမ့်မည်ပါ။ လောကမမွှတာပေကိုး။

'ဟော မောင်လေးပါလား'

'ဟုတ်ကဲ့ ဆေးလာဝယ်တယ် ထင်တယ်'



အမျိုးသမီးက အပြုံးဖြင့် ခေါင်းညိတ်လိုက်တယ်။

'ကဲ အတော်ပဲ မကို သိမ်ဖြူလမ်း လိုက်ပို့စမ်းပါအုံး၊ ထွက်လာတုန်းကတော့ လေးဘီးနဲ့သွားမလို့၊ မောင်လေးနဲ့ တွေ့တာနဲ့'

လှအောင်က ဆိုက်ကားလက်ကိုင်ကို လှည့်ပြီး နင်းထွက်လိုက်သည်။ ဒီလိုခရီးသည်မျိုး ပို့ရတော့လည်း နင်းရသည်ကို မောသည်လို့မထင်။ ကိုယ်သင်းနံ့က သင်းပျံ့ပျံ့။

'မောင်လေးမှာ ညီအစ်ကို မောင်နှမတွေ ဘာတွေရှိသလား'

'မရှိပါဘူး အစ်မတစ်ယောက်ပဲရှိပါတယ်'

'ဟိုနေ့က တရားရုံးမှာတွေ့တဲ့ ရှေ့နေလေးက မောင်လေးနဲ့ တူလိုက်တာ'

'လူတူမရှား ရှိမှာပေါ့ မမရယ်'

မောင်လေး အခေါ်အဝေါ်ကြောင့် သူကလည်း မမလို့ပဲ ခေါ်လိုက်သည်။

'တူတာမှ တော်တော်ကိုတူတာ'

သူက တုံ့ပြန်စကား မဆိုတော့။ မြန်မာ့ဂုဏ်ရည် လမ်းမကြီးမှာ ကားတွေရှုပ်သည်။ ကျောက်မြောင်းတာမွေ ဆွဲသည့် တစ်ကျပ်ကား လေးဘီးမောင်းသမားများမှာ ဘယ်တော့မှ ဖြည်းဖြည်းမှန်မှန်မမောင်း။ သူတို့လို့ အနေးယာဉ်များကို ရှိသည်လို့ပင် သဘောမထားလေသမား မသိ။ မောင်းချင်သလိုမောင်းပြီး ရပ်ချင်သလိုရပ်ကြသည်။ လမ်းက တလမ်းမောင်းမဟုတ် နှစ်လမ်းမောင်း၊ ယခင် (၁၅)လိုင်းဘတ်စ်ကားကြီးများမှာလည်း ထိုလမ်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com

အသွားအပြန်မောင်းကြသည်။ ခြေကျင်ခရီးသွားများလည်း ပြတ်လပ်သည်ဟူ၍မရှိ။ ဆိုက်ကားအလယ်ယာဉ်ကြောပေးသို့ နေရာမယူရဲ၊ ညာဘက် ဘေးသို့ ကပ်၍ နင်းရသည်။

မန္တလေးလမ်းထိပ်အလွန်သို့ အရောက်တွင် သူ့ဆိုက်ကားနှင့် ဘေးချင်းယှဉ်လျက်လာသည့် လေးဘီးကားကို ခရီးသည်တစ်ယောက်က လှမ်းတားလိုက်ရာ လေးဘီးကားက ရပ်မည်ဟု အချက်မပြပဲ ရုတ်တရက် သူ့ဆိုက်ကားရှေ့ကွေ့ပြီး ထိုးရပ်လိုက်သည်။ အကယ်၍ သူသာ သတိမဲ့ နင်းခဲ့ရင် လေးဘီးကား နောက်ပိုင်းကို ဒိုင်းကနဲ ဝင်ဆောင့်မိမှာ သေချာသလို လူကို မထိခိုက်သည့်တိုင် ဆိုက်ကားရှေ့ဘီးခွင်သွားဖို့လည်း သေချာသည်။

တကယ်ရှင်းကြပြီဆိုလျှင် နောက်ကတိုက်သူက အလွန်ဖြစ်ဦးမည်။ သူတို့ထင်သလိုမောင်း ထင်သလို ထိုးရပ်သည်ကို ပြောလိမ့်မည်မဟုတ်။

လှအောင်က ကဗျာဆရာ ဆိုက်ကားပေါ်က ဆင်းပြီး လေးဘီးကားမောင်းသူကို ရင်ဆိုင်လိုက်ရသည်။

'ခင်ဗျားဘယ်လိုလုပ်တာလဲ၊ လမ်းဘေးမှာ ဖလက်ဖောင်းနဲ့ အချက်မပြပဲ ကွေ့ထိုးရပ်တာတော့ လွန်တာပေါ့ဗျ၊ ရှေ့ကို နည်းနည်းပြောပြီးရပ်မှာပေါ့'

ကားသမားက ပြေရာပြေကြောင်းမပြော၊ ဂျစ်တစ်တစ် အငေါ်တူးသည်။

တစ်ယောက်တစ်ခွန်း စကားများကြရာ လမ်းသွားများ အုံလာသလို ဆိုက်ကားနှစ်စီးသုံးစီးလည်း ရောက်လာသည်။ ကားသမားတွေက ဆိုက်ကားသမားဆို မထေမဲ့မြင်လုပ်လွန်း



အားကြီးသမို့ ဖြစ်ပဟော့ဆို တွေ့သည့် ဆိုက်ကားသမားများ အပြေးအလွှားရောက်လာစမြဲ။

သူတို့က သည်လိုမှ သွေးစည်း မညီညွတ်လျှင် မဖြစ်။ သူတို့က ခံဘက်ကချည်း။ ရောက်လာသည့် ဆိုက်ကားသုံးစီး အနက်တစ်ရပ်တည်းနေ အသိကိုဘခွေးဆိုက်ကားလည်း ပါသည်။

'မောင်အောင်လေး ဘာဖြစ်ကြတာလဲ'

အမေးပုစ္ဆာထုတ်လာသည်။ ကိုဘခွေးကို သူက ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

'ဒါကတော့ ငါ့လူက လွန်တာပေါ့၊ မင်းတို့လဲ ပိုက်ဆံရှာတာပဲ၊ တို့လဲ ပိုက်ဆံရှာတာပဲဟာ တစ်ယောက်နဲ့ တစ်ယောက် သက်သက်ညှာညှာရှိကြမှပေါ့၊ ကိုယ်လုပ်တာလဲ မဟုတ်ဘူး၊ ကိုယ်ကလည်း မောက်မောက်မာမာဆိုတော့'

ကိုဘခွေးလေသံက မမာပေမယ့် မျက်နှာထားက ခပ်တင်းတင်း တခြား ဆိုက်ကားနှစ်စီးပေါ်က ဆိုက်ကားသမား နှစ်ယောက်ဆင်းလာပြီး ခါးထောက်ရပ်လာသည်။ သူတို့မျက်နှာကြောတွေကလည်း ခပ်တင်းတင်း။

သည်တော့မှ လေးဘီးသမား နလေသံပျော့သွားသည်။ တောင်းပန်စကား ဆိုလာသည်။

'အေး အဲဒီလိုမှပေါ့ကွ၊ ငါက ကားမောင်းရတာ ဆိုပြီး ဆိုက်ကားသမားကို မထေမဲ့မြင် မလုပ်ပါနဲ့ကွာ၊ လူလူချင်းပါ'

အကယ်၍သာ ကိုဘခွေး ဝင်ရောက်ဖြန်ဖြေသည်ကို ဆက်ပြီး အငေါ်တူးတူး ဂျစ်တစ်တစ် လုပ်နေလို့တော့ဖြင့် မလွယ်။ ဆိုက်ကားသမား လက်သီး မျက်နှာမရွေးဘူးဆိုတာနဲ့ ထွေ့သွား

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဆိုက်ကားသမားလောကမှာ ကိုဘခွေးက နာမည်တစ်လုံးနှင့်လူ မဟုတ်မခံ လက်မြန်သည်။

'ကဲ မောင်အောင်လေး ခရီးသည် အားနာစရာ ကောင်းတယ်၊ မင်းကလဲ ရှေ့နေဖြစ်တော့မယ့်ဟာ ဆိုက်ကားမနင်းပါနဲ့တော့လား'

ကိုဘခွေးက ပြောပြောဆိုဆို သူ့ဆိုက်ကားပေါ် တက်ပြီးနင်းထွက်သွားသည်။

သူက ရှေ့ခရီးဆက်ဖို့ ချေနင်းပြားကို နင်းချလိုက်သည်။

'ဟင် မောင်လေးက ရှေ့နေ၊ ဒါဖြင့် ဟိုနေ့ကတွေ့တာ မောင်လေးပဲပေါ့'

မငြင်းသာတော့ ခေါင်းညိတ်လိုက်ရသည်။

'ဒါနဲ့များ မောင်လေးက ဆိုက်ကားနင်းနေရတယ်လို့'

အခြေအနေအရပေါ့ မမရာ'

စာတိုက်မီးပွိုင့် စိမ်းနေသဖြင့် ညာဘက်သို့ ချိုးကွေ့လိုက်ရသည်။

'ဟောဟိုရှေ့နားလေးပဲ'

ပြသည့်နေရာတွင် ရပ်လိုက်သည်။ နှစ်ထပ်တိုက် တစ်လုံးလှေကားတစ်ဆင်းအတက်အဝတွင် ဆရာဝန် ဆိုင်းဘုတ် ချိတ်ထားသည်။

'ရော့ မောင်လေး'

ငါးကျပ်တန်ရွက်

သူက ပြန်မအမ်းလို့ အိတ်ထဲနှိုက်နေစဉ် 'မအမ်းနဲ့တော့ ယူသွားတော့' ဟု ပြောပြောဆိုဆို လှည့်ထွက်မည်အပြု။



'ကျွန်တော် အဲဒီလို မယူတတ်ပါဘူးခင်ဗျ'

လှအောင်စကားကြောင့် တုံ့ကနဲ ရပ်သွားသည်။

'မမက စေတနာနဲ့ပါ'

သူ ဘာမှပြန်မပြောလိုက်နိုင်မီ အပြုံးဝေ့သီ၍ ခပ်သွက်သွက် လှေကားပေါ် တက်သည်။ သုံးကျပ်လမ်း ငါးကျပ်ရလိုက်ပါသည်။

ဆိုက်ကသားသမားများမှာ စေတနာရှင်နှင့် တွေ့ခဲသည်။ နှုန်းထားမပေးပဲ ဆိုက်ကားတစ်စီးပြီး ပိုက်ဆံပေးခါနီးကျတော့ အလိုလေးတော် တောင်းလှချည့်လား၊ သည်လမ်းနဲ့ သည်လမ်းကို တစ်ကျပ်မှတ်လို့ စီးတာ၊ ကဲ. . . ကဲ. . . တစ်ကျပ်ခွဲတော့ ယူသွားဟု နှစ်ကျပ်လမ်းကို ပြားငါးဆယ်လျှော့ပြီး တင်တင်စီးစီးပြောတတ်ကြသည်။

တချို့က သုံးကျပ်ခရီးကို မပြောမဆိုစီးပြီး တစ်ကျပ်လောက်က စပေးတာ တစ်ကျပ်လမ်း မဟုတ်ကြောင်းပြောမှ ပြားငါးဆယ် ထပ်တိုးပေးပြီး လောဘကြီးလွန်ရန်ကောဟု ဆိုတတ်သည်။

သွားနေကျ မျက်နှာသိမဟုတ်ရင် သူက ဈေးမပြောစေကာမူ ကိုယ်ကဈေးပြောမှ ခုရှုပ်မှ နောင်ရှင်းဖြစ်သည်။

ဆိုက်ကားသမားကို ဒုက္ခအပေးဆုံးမှာ အမူးသမား။

ဇက်ထောင်ထောင်၊ ဟန်ပန်ကြွေရွရွ ခပ်ထွေထွေ အမူးသမားဆို ကိစ္စမရှိ။ ဇက်ကျိုးပြီး လူမှန်းမသိအောင် မူးသည့် ငနဲမျိုးတွေ့ရင်တော့ ခေါင်းသာခါလိုက်။ သူတို့ဆီက ပိုက်ဆံကို မမျှော်လေနဲ့။ ဆိုက်ကားခ မရသည့်အပြင် ပြဿနာကို ဝယ်ယူသလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။

မူးချင်ရာမူးပြီး နှိုက်ချင်သူက နှိုက်၊ ဖြုတ်သူက ဖြုတ်လိုက် သည့်ပိုက်ဆံတို့၊ နာရီတို့ ဆိုက်ကားသမားကပဲ နှိုက်လေ။ ဖြုတ် လေဟန် စွပ်စွဲတတ်သည်။ တချို့က တလမ်းလုံး ညီလေး ညီမလေး နဲ့ စကားပြောကလည်း ချိုလိုက်ပါဘိသနဲ့။ ကိုယ့်ရပ်ကွက် ကိုယ့် လမ်းရောက်တော့မှ ငါနဲ့ကိုင်တုတ်ပြီးချဲလင်းလုပ်တော့တာ။ အမူး သမားနဲ့ ဖက်ဖြစ်လို့ကတော့လား ကိုယ့်ဘက်က အရှုံးချည်းပါ။

ရှိသေးသည် ခပ်ထွေထွေနှင့် ဆိုက်ကားစီးပြီး တောင်စဉ် ရေမရလျှောက်ပြော လမ်းမှတွေ့သည့် လူတွေကို အသားလွတ် ချဲ့လင်းလုပ်၊ မခံနိုင်သူတွေနဲ့တွေ့လို့ ပြဿနာဖြစ်သည့်အခါ ဆိုက်ကားသမားက ကန့်လန့်ကန့်လန့်ပါရသည်။

ခရီးသည်ကချည်း ဆိုးသလား၊ ဆိုက်ကားသမားကကော ဆိုးသလားဟု ဆိုငြားအံ့။ သူတို့အထဲမှာလည်း စုံပြုံးတွေ အများ ကြီးရှိသည်ပါ။ ခရီးသည်ကို မိုက်မိုက်ကန်းကန်း၊ မောက်မောက် မာမာ ဆက်ဆံတတ်သူ၊ ဈေးပြောမစီးသူဆီမှာ ဆိုက်ကားခ အဆ မတန်တောင်းသူ၊ ခရီးသည်နှင့် ရန်ဖြစ်ရမှာ ဝန်မလေးသူ။ ခရီး သည် စိတ်ဆင်းရဲအောင် လုပ်သူ၊ စသည်များရှိသလို ဥပဒေလုပ် ငန်းများနှင့် ဒွေးရောယှက်တင် ဆက်နွယ်ပြီး ရှုပ်ရှုပ်ထွေးထွေး လုပ်သူများလည်း ရှိကြပါသည်။ သို့သော် အနည်းစုပါပဲ။ ပဲများ လေ စုံပြုံးပဲများလေ ဆိုသလောက်တော့ ရှိသည်ပ။

အကောင်းနှင့်ဆိုးမှာ ဒွန်တွဲစမြဲပါ။

*



ဝေဝေနှင့် သူရင်းနှီးခဲ့သည်မှာ သူက စသည်မဟုတ်။ ဆေးဆိုင်ကအထွက် သိမ်ဖြူလမ်းကို ပို့ပြီးသည့်နောက်ပိုင်း. . .။

တစ်နေ့. . .

သူရှိနေရာ ဂိတ်သို့ ဝေဝေရောက်လာသည်။ လာတုန်းက လေးဘီးနှင့်။

'မောင်လေး အားတယ်မဟုတ်လား'

'အားပါတယ်'

'ဒါဖြင့် ဗဟန်းလိုက်ပို့'

တကယ်တော့ လေးဘီးနှင့် လာသည်ပဲဟာ ဗဟန်းကို ဆက်စီးသွားရုံပေါ့။ လေးဘီးပေါ်က ဆင်းပြီးမှ ဆိုက်ကားငှားပုံ ကတော့ တစ်မျိုးကြီး၊ စဉ်းစားစရာပါ၊ သည်သို့ စဉ်းစားစရာ မရှိ ပေမယ့် သူက ခေါင်းမခါသာ။ ကားပေါ်က ဆင်းလာပြီးမှ ဆိုက်ကားပဲငှားငှား၊ ခြေကျင်လာပြီးပဲ ဆိုက်ကားငှားငှား၊ အားနေ ရင် လိုက်ရမည်သာပ။ ကားနဲ့ပဲ ဆက်သွားရုံပေါ့လို့ ပြောဖို့ရာ ကိုယ့်အလုပ်မှမဟုတ်တာ။ ပိုက်ဆံပေးသူ သွားလိုရာ ပို့ပေးရမည် မှာ ကိုယ့်အလုပ်။

လမ်းကျတော့မှ ပြောသည်။

'မမက မောင်လေးကို ကိုယ့်ဒူးကိုယ်ချွန်ပြီး ဆိုက်ကား နင်းရင်း ဘွဲ့ရအောင် ကြိုးစားတာမျိုး မတွေ့ဖူးဘူး။ ရှားလဲရှား ပါလိမ့်မယ်လေ။ ခုတွေ့လိုက်တော့ မမ သိပ်ချီးကျူးမိရတယ်။ အိမ် ပြန်ရောက်ရောက်ချင်း မေမေ့ကို ပြန်ပြောရတယ်လေ။ မမတို့ မိသားစုမှာ မောင်လေးလို မောင်လေးတစ်ယောက်ရှိပေမယ့် အဲဒီ မောင်လေးအတွက် ဂုဏ်ယူစရာ၊ စိတ်ချမ်းသာစရာ တစ်ခါမှ မရှိ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးဘူး။ ကျောင်းထားတော့လည်း ကျောင်းမှန်မှန် မတက်ဘူး။ အပေါင်းအသင်းတွေ တရုန်းရုန်းနဲ့ တေပေနေတာပဲ။ အိမ်က ရှိသမျှ ပစ္စည်းလဲ သူဖြုန်းလို့ကုန်ပြီ။

လှအောင်က မမပြောသမျှကို နားထောင်ရင်း ဆိုက်ကား ကိုသာ ဂရုတစိုက် နင်းနေသည်။ စကားဝင်ထောက်ခြင်း မပြု အမေးအမြန်း စကား မဆို။ အဆန်းတော့မဟုတ် ဆိုက်ကားနင်း ယင်း ခရီးသည်အချို့၏ မမေးပဲ ရင်ဖွင့်သည့် စကားမျိုးကို ကြား ရစမြဲရှိခဲ့ဖူး၏။

ဗဟန်း( )လမ်းထဲသို့ ချိုးဝင်ခဲ့သည်။ ပထမဆုံး အခေါက် စတင်တွေ့ဆုံစဉ်က ပို့ပေးရသည့်အိမ်။

မထင်မှတ်ရာ ဖိတ်ခေါ်ချက်ရှိလာသည်။

'မောင်လေး အချိန်ရရင် အိမ်ပေါ်ခဏ တက်ပါအုံးတဲ့'

ဖိတ်ခေါ်သူက ဖိတ်ခေါ်သည်ကို ငြင်း၍မကောင်း၊ ငါး မိနစ် ဆယ်မိနစ်လောက်တော့ အချိန်ဖြုန်းလိုက်ရပါသည်။

ဦးထုပ်ကိုချွတ်ပြီး ဆိုက်ကားထိုင်ခုံပေါ်တင်၍ အိမ်ပေါ် သို့ တက်ခဲ့ရသည်။

သုံးပင်နှစ်ခန်းအိမ်ကို အခန်းဖွဲ့ထားခြင်းမရှိ၊ ဧည့်ခန်း အပြင်အဆင်မှာ လူလတ်တန်းစား အိမ်တစ်အိမ်၏ ပြင်ဆင်မှု ထက် မပို။ အိမ်ထောင်ပရိဘောဂများမှာ ခေတ်မမီသော်လည်း ပြောင်ပြောင်လက်လက် ရှိနေသည်။

မမက သူ့မိခင်နှင့် မိတ်ဆက်ပေးရင်း အမေ့နာမည်နှင့် သူ့အမည်ကိုပါ ထည့်ပြောသွားသည်။

အမေ့နာမည်က ဒေါ်ခင်သန်းနွယ်၊ သူမ နာမည်က



ဝေဝေနွယ်။

'သမီးပြောတော့ ဒေါ်ဒေါ်နားတောင် ဒေါ်ဒေါ်မယုံ ချင်ဘူး၊ ချီးကျူးပါတယ်ကွယ် ချီးကျူးပါတယ်၊ နောက်လဲ လမ်း ကြုံရင် ဝင်ထွက်ပေါ့'

ဝေဝေက ကော်ဖီဖျော်လာပြီး ချပေးသည်။

ကိုယ့်အကြောင်း ချီးကျူးစကားပြောတော့လည်း နား အစိမ့်သား၊ ဒါပေမယ့် မျက်နှာထားရခက်သည်။

ဝေဝေက စကားတွေ ဖောဖောသီသီ ပြောသလောက် ပြုံးတဝေဝေနှင့်။

ဆယ့်ငါးမိနစ်လောက် ထိုင်ပြီး ပြန်ထွက်ခဲ့သည်။ ရင်ထဲ မှာ အမည်မဖော်ပြနိုင်သော ဝေဒနာသစ်တစ်ရပ် ပေါက်ဖွားလျက်။

တိရစ္ဆာန်ရုံထောင့်တွင် သံချောင်းနှင့်တွေ့သည်။

ကြမ်းခင်းဈေး လေးနှစ်ထိပြီး တွဲတေး ရွှေသူဌေးတာတွင် တစ်နေ့ ဆယ်ပေပတ်လည် မြေတစ်ကျင်းတူး၍ ပြစ်မှုကြွေးကို ချေး ဖြင့် ဆပ်ပြီးနောက် ပြန်လွှတ်လာစက ထောင်နှင့်နီးစပ်သော အလုပ်ကို လက်မြှောက်လိုက်ပါပြီဟု ပြောခဲ့သူ သံချောင်းမှာ ဒုံရင်း အလုပ်နှင့် ပြန်လည်မိတ်ဆက်နေပြန်ပါပြီ။

သံချောင်း တစ်ယောက်သာမဟုတ်။ ရုပ်ရှင်လက်မှတ် မှောင်ခိုဖြင့် ထောင်ထဲရောက်သူအားလုံးနီးပါးမှာ ထိုလုပ်ငန်းတွင် ပြန်လည်ပျော်မွေ့လျက်ရှိကြ၏။ ထိုအလုပ်အား လက်မလွှတ်နိုင် ကြသည်ကို ဆန်းသည်မဆိုသာ။ ပေါ့ပေါ့နေပြီး လွယ်လွယ်နှင့်မြတ် မြတ် သက်သက်ရသည့် အလုပ်ကို မမက်မင်သူဟူ၍ မရှိရာ။ သို့ တစေ သူတို့မှာ အဖတ်မတင်ကြ။ ဒါလဲ သဘာဝကြသည်။ လွယ်

www.burmeseclassic.com

www.burmeseclassic.com



လွယ်ရသည့် ငွေကြေးကို ကျစ်ကျစ်လျစ်လျစ် စုစုဆောင်းဆောင်း လုပ်လေ့မရှိကြ။ သောက်သောက်စားစား၊ ပျော်ပျော်ပါးပါးပင် နေကြသည်။ နောက်ထပ်ရဖို့ မသေချာရင်တော့ တစ်မျိုးပေါ့။ ရတာလေးကို ထုပ်ထုပ်ထည်ထည် လုပ်လိမ့်မည်ပါ။ သူတို့မှာကတော့ ရစရာတွေ တမျှော်တခေါ်ကြီး။ အင်လိပ်ကားရော် မြန်မာကားပါ။ အပတ်စဉ်လို လဲနေသည်ပဲဟာ ရှေ့မှာ ကငွေလမ်းခင်းထားသည်ဟု ပြောနိုင်ရာသို့ ရှိချေရာ ရသမျှ သုံးဖြုန်းနေသည်ကို သဘာဝကျသည်ဟု ဆိုရမည်ပါလေ။

သူတို့က ရသမျှ သုံးဖြုန်းပြီး အန္တရာယ်လမ်းကြောပေါ် လျှောက်နေသော်လည်း သူတို့ကို အတိုးနှုန်းကြီးကြီး ငွေထုတ်ချေးနေသည့် ငွေရှင်များမှာမူ ဖောင်းသည့်အလှည့် ဖောင်း၊ ပိန်သည့်အလှည့် ပိန်ဟူ၍မရှိပဲ ဖောင်းပြီးရင်းသာ ဖောင်းနေကြသည်။

ပေါပေါရ လွယ်လွယ်သုံးရမှု အသောက်အစား ဖက်လာကြရာ အပျော်သဘောမှ ပင်တိုင်ဖြစ်လာသည်။ ပင်တိုင်သဘောမှ အချိန်မရွေးဖြစ်လာသည်။ မနက်အိပ်ရာထ အရက်နှင့် မျက်နှာသစ်သည့်အဆင့်သို့ ရောက်လာသူထဲမှာသံချောင်းတစ်ယောက်လည်း ပါသည်။

သံချောင်းကျန်းမာရေးမှာ အတော်လေး ဆိုးနေသည်။

ချစ်တတ်သူများက အသည်းစကားပြောသည်။ အသည်းကွဲသည်ဟု ဆိုစကားပြုကြ၏။ တကယ်တော့ အသည်းစကားမပြောတတ်သလို အသည်းလည်း မကွဲဖူးတတ်ပါ။

တကယ့်အသည်းစကားပြောတာ အသည်းကွဲတာက အရက်အလွန်အကျွံသောက်သူတွေ။



အသည်းရောင်၊ အသည်းကြီး၊ အသည်းပွ၊ အသည်းခြောက်၊ အသည်းကျုပ်၊ အသည်းကျုံ့ဟူ၍ရှိရာ သံချောင်းမှာ အသည်းစကားပြောနေပြီ။ အသည်းကျစ်ရောဂါ ရနေပြီ။

'ငါ့ကို ဆေးရုံလိုက်ပို့စမ်းပါ သူငယ်ချင်းရာ၊ ငါတော့ နေရမယ် မထင်ဘူး၊ မရှာနိုင်တော့လဲ ဝင်လမ်းမရှိဘူးပေါ့ကွာ၊ ဆေးရုံပေါ်က ခုတင်ပေါ်မှာပဲ အသက်ပျောက်ပါရစေတော့'

ရင်ထဲမှာ နင့်ကနဲနေအောင် ခံစားလိုက်ရသည်။

သံချောင်းနှင့် မတွေ့တာကြာပြီ။ နေမကောင်းနေသည်ကိုမှ မသိလိုက်။ သူက ရုပ်ကွက်ထဲမှာ မနေတော့။ စတော့ဂိုတ်က ဝါဝါဝင်းရပ်ကွက်ကို ပြောင်းနေသည်မှာ ကြာပြီ။

'မင်းနဲ့ကွာ နေမကောင်းတာ တစ်ယောက်ယောက်နဲ့ ပြောခိုင်းလိုက်ရောပေါ့၊ ကဲ ငါနဲ့လိုက်ခဲ့ ဆိုက်ကားပြန်ထားပြီး ကားနဲ့သွားကြမယ်'

'ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ'

သူ့အသံမှာ ယခင်ကလို မဟုတ် အတော်ကြီး တိမ်ဝင်နေသည်၊ အသံပျက်နေပြီဟု ပြောရမည်သို့။

ဆိုက်ကားအိမ်ပြန်ထားပြီး သုံးဘီးငှား၍ သံချောင်းကို ဆေးရုံပို့ပေးရသည်။ ဆေးရုံမှာ တစ်နာရီလောက် စောင့်ပြီးမှ ပြင်ပလူနာဌာန ဆရာဝန်လေးဆီမှာ ပြရသည်။ ဆရာဝန်ကလေးက ဆေးရုံကို စောစောမလာရောင်းလားလို့ အပြစ်တင် စကားဆိုခဲ့ရာ လှအောင်က ဖြစ်ရပ် အကြောင်းအမျိုးမျိုးကို ရှင်းပြပြီး တောင်းပန်စကား ဝင်ပြောတော့မှ သူ့ထက်ကြီးသည့် ဆရာဝန်ကြီးအလာကို စောင့်ခိုင်းသည်။ နောက်ထပ် တစ်နာရီကျော်ကျော်ဆက်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရပြန်၏။ ကံကြောင်းထောက်မသည်ဟုပဲ ဆိုရမလား သံချောင်းရောဂါကပဲ ကြီးလို့လားမသိ။ အခန်းနံပါတ် (၁၁) ဝရံတာမှာ တစ်နေရာစာ ရခဲ့သည်။

ဆရာဝန်ကြီးကိုစောင့်နေစဉ် သံချောင်းက နောင်တစကားကို တဖွဖွပြောရှာသည်။

အလာကောင်းပေမယ့် အခါနှောင်းလေပြီဟု မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရမည်ပါ။

အဖေလည်း လေဖြတ်တော့မှ နောင်တစကားပြောသည်။ သံချောင်းလည်း အသည်းကျွမ်းလုနီးမှ နောင်တစကား ပြောသည်။ နောင်မှ တရသည့် နောင်တစကားကို စောစောက ပြောကြလျှင် ဘယ်လောက်ကောင်းကောင်းလေမလဲ။

*

နောင်မှတသည့် စကားနှင့် ပတ်သက်လို့ တရားရုံး အတွေ့အကြုံအရ ပြောစရာရှိသေးသည်။

အမှုသည်များ နောင်မှတရသည့်အကြောင်း။

ဆရာဖြစ်သူနှင့် အမှုတွဲလိုက်နေစဉ် တွေ့ကြုံခဲ့ရသည့် တစ်ရပ်ကွက်တည်း တစ်လမ်းတည်း အတူနေထိုင်ကြသူများ ဘာမဟုတ်သည့် အကြောင်းလေးနှင့် ရုံးပြင်ကန္နားရောက်အောင် ဦးတိုက်လျှောက်ထားသည့် အမှုများ၊ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုသည့် အမှုများ၊ တရားမမှု အသေးအဖွဲ့များတွင် တရားရုံးရောက်ပြီး တစ်ဦးကို တစ်ဦး အပြတ်အသတ် ဆော်မည်ဟု ကြိမ်းဝါး၍ မောင်းတင်ခဲ့ကြ၏။ ကြိမ်းဝါးမောင်းတင်သည့် အတိုင်းလည်း



လက်တွေ့လုပ်ကြသည်။ အမှုခါးလည်လောက်ရောက်သည့်အခါ ပန်းလာသည်။ စိတ်ရော လူပါ ပင်ပန်းရသည့် တရားရုံး အတွေ့အကြုံက စကားပြောလာသည်။

အမှုကို ပြန်နုတ်ရအခက်၊ မနုတ်ရအခက်။ မောင်းတင်ထားသည့် မာနမောင်း ပြုတ်စပြုပြီ။ အရည်မရ၊ အဖတ်မရ ငွေကုန်လူပန်း ဖြစ်လာတော့မှ နောင်တကို ရင်မှာ ပိုက်ထွေးလိုက်ရတော့၏။

အလွန်ထူးဆန်းသည့် အမှုတစ်မှု တွေ့ကြုံဖူးသည်။ ရှစ်ထောင်တန် သရက်ပင်ဟု ပြောစမှတ်တွင်ခဲ့သည့်အမှု။

ရန်ကုန်မှာတော့ မဟုတ်။ သင်္ဘောတစ်နေ့ခရီးသွားရသည့် မြစ်ဝကျွန်းပေါ်မြို့တစ်မြို့မှာ။

ဦးဖြူနှင့် ဦးမဲတို့မှာ အိမ်ချင်းကပ်လျက်၊ အိမ်နှစ်အိမ်ကြားမှာ မြေလွတ်ငါးပေ ရှိနေသည်။ မြေလွတ်ရှိစေကာမူ ခြံစည်းရိုးမကာ။ အိမ်နှစ်အိမ်၏ လေးဘက်လေးတန်တွင် ခြံစည်းရိုး အပြည့်ကာထားသော်လည်း နှစ်အိမ်ကြား မြေလွတ်တွင် ပုဏ္ဏရိတ်တန်းပဲ ချထားသည်။ နှစ်အိမ့်တစ်အိမ်လို၊ အိမ်တစ်ဝန်းတည်းလို နေခဲ့ကြသည်။

လူချင်းကလည်း အလွန်ခင်သည်။ ဘာပြဿနာမှ မရှိခဲ့။

အိမ်ဝန်းနှစ်ဝန်းကြားက ပုဏ္ဏရိတ်ပင်တန်းမှာ ကျိုးတိုးကျဲတဲ။ သရက်ပင်ကို ဘယ်သူစိုက်ခဲ့မှန်းမသိ။ သရက်ပင် ပြဿနာဖြစ်သည့်အချိန်မှာ ဦးဖြူရော ဦးမဲပါ မရှိကြတော့။ ကွယ်လွန်သွားကြပြီ။ သရက်ပင်က မျိုးကောင်းသလို အသီးလည်း အနံ့လွန်းသည်။ ပထမတော့ သူ့ခူး ငါခူး ပြဿနာမဖြစ်။ သည်မှ လူတို့၏

www.burmeseclassic.com

www.burmeseclassic.com



သဘာဝအတိုင်း အတ္တလွန်ကဲလာသည်။ ပိုင်ဆိုင်မှု လောဘဇော တက်လာသည်။ ဦးဖြူမိသားစုက ဦးဖြူစိုက်ခဲ့သော အပင်ဟု ဆိုလာသလို ဦးမဲမိသားစုကလည်း ဦးမဲစိုက်ခဲ့သောအပင်ဟု ဆိုခဲ့ရာမှ သရက်သီး ခူးဆွတ်မည့်ပြဿနာ ပေါ်လာသည်။ ရှေးမဆွကတည်းက ခင်ခင်မင်မင် နေခဲ့ကြသူများ တစ်ဦးကို တစ်ဦး ကြည့်မရအောင် ဖြစ်လာသည်။ ထိုမှ ရိုက်မောင်းပုတ်မောင်းအဆင့်သို့ ရောက်လာခဲ့ရာ ရပ်ကွက်ပြည်သူ့ကောင်စီရုံးသို့ နှစ်ဦးနှစ်ဘက် တိုင်ကြားချက် ရောက်လာသည်။ တစ်ဦးပေါ် တစ်ဦး စွပ်စွဲချက်မှာလည်း အပြန်အလှန် ပြင်းပြင်းထန်ထန်။

ရပ်ကွက်ကောင်စီသည် အဆုံးအဖြတ်ထက် ဖျန်ဖြေမှုကို အလေးပေးရသည်ဖြစ်ရာ သရက်ပင်ကိစ္စအတွက် မြေဇရိယာကို ပေကြိုးဆွဲကြည့်ကြ၏။ သရက်ပင်က တိတိကျကျပင် ဦးဖြူမြေတစ်ဝက် ဦးမဲ၏ မြေထဲတစ်ဝက် ခွပေါက်နေသည်။ ဖြေရှင်းရအတော်ခက်သည့်ပြဿနာ။

ရပ်ကွက်ကောင်စီက နှစ်လမ်းနှစ်သွယ် လမ်းညွှန်ဖျန်ဖြေပေးသည်။

နှစ်ဦးစလုံးက သရက်သီးကို စောစီးစွာ မခူးပဲ အုပ်လို့ရသည့်အရွယ်ကျမှ ခူးပြီး တစ်ဝက်စီယူရန်၊ ဒါမှမဟုတ် ကိုယ့်မြေဘက်ကို စွန်းထွက်နေသည့် အကိုင်းမှအသီး၊ မိမိပိုင်အသီး အဖြစ်ဆွတ်ခူးရန်။

နောက်ထပ်ပြဿနာ မပွားအောင် သရက်ပင်ကို ခုတ်လှဲ၍ ခြံစည်းရိုးခတ်ရန်။

ရပ်ကွက်ကောင်စီ၏ ဖျန်ဖြေလမ်းညွှန်ချက်ကို နှစ်ဘက်



လုံးက လက်မခံ။ သရက်ပင်ကို မခုတ်ပစ်နိုင်ဟု အကြောက်အကန်ငြင်းကြသည်။

ပြဿနာမှာ ပြေမသွား။ ထိုသရက်ပင်ကြောင့် တုတ်တပြက် ဓားတပြက် ဖြစ်ပြီး တရားရုံးသို့ ရောက်ခဲ့သည်။

ဦးဖြူဘက်က မြို့ခံရှေ့နေကို မငှားပဲ ရန်ကုန်တက်ပြီး ရှေ့နေငှားခဲ့သည်။ ဦးမဲဘက်ကလည်း အားကျမခံ ရန်ကုန်က ရှေ့နေကို တက်ငှားခဲ့သည်။

အမှုအစပိုင်းမှာ နှစ်ဘက်စလုံးက ဒေါင်းတင်မောင်းတင်။

သူတို့နှစ်ဦးနှစ်ဘက် ပြဿနာဖြစ်သည်က အကြောင်းဟုတ်။ ပတ်ဝန်းကျင်နေသူတွေကသိကအောင့် ဖြစ်ရသည်။ ချက်နှာထားခက်ရသည်။

ဦးဖြူဘက်က ရှေ့နေပြောသည့်အတိုင်း သက်သေထွက်ချက်သည်လို ထွက်ပေးပါဟု ဆိုလာသကဲ့သို့ ဦးမဲဘက်ကလည်းသည်ပုံထွက်ပေးပါဟု ဆိုလာသည်။ ကိုယ့်အလုပ်ပျက် အကိုင်ပျက်သက်သေလိုက်ရသည်ကို ထားဘိတော့။ ရုံးတွင် ထွက်ဆိုချက်အတွက် အခြောက်တိုက် နှစ်ဘက်စလုံး၏ အမုန်းကို ခံရသည်။

တိုက်ကြွက်များ ခွပ်သလို အစပိုင်းမှာတော့ အားနှင့်မာန်နှင့် ခွပ်လှည့်အပြည့်ခွပ်ကြသည်။ ခွပ်လှည့် နှစ်လား သုံးလားသည်း ရောက်ကရော ခွပ်လက်ပျော့လာသည် ဆိုသလို အမှုခါးသည်လောက်ရောက်သည့်အခါ နှစ်ဘက်စလုံး ပန်းလာသည်။

အမှုက မပြီးသေး။

တစ်ဦးကို ငွေလေးထောင်စီလောက် ချောနေပြီ။ လူတွေသည်း အတော်လေး ပန်းလာပြီ။ နောက်ဆုံးတော့ ကြွေးလွှာ

www.burmeseclassic.com

www.burmeseclassic.com



တင်သွင်း၍ အမှုကို ဖြတ်လိုက်ရသည်။ နောက်ထပ် ပြဿနာ မဖြစ်ပွားအောင် ရှစ်ထောင်တန် သရက်ပင်ကို ခုတ်လှဲ၍ အိမ်နှစ်အိမ်ကြားတွင် ခြံစည်းရိုးကာရုံခြင်းဖြင့် ပြီးဆုံးသွားသည်။

နှစ်ဘက်စလုံး ငွေကုန်လူပန်း ဖြစ်ရသည်မှ နောင်တကို ထွေးပိုက်လိုက်ရတော့၏။

တလွဲဆံပင် မကောင်းရာသလို ကလွဲမာနလည်း မထား အပ်ပေ။



## လေး

ဝေဝေနှင့် တရင်းတနှီးရှိလာကြသည်။ မောင်လေးနှင့် မမ အခေါ်အဝေါ်မှ ကိုအောင်နှင့် ဝေနွယ် အခေါ်အဝေါ်ဖြင့် အစားလိုက်လေပြီ။ သို့တစေ သူတို့နှစ်ယောက်မှာ အတူသွား အတူလာရှိကြရုံ။ တစ်ခါတရံ ရုပ်ရှင်အတူကြည့်ကြသည်ကလွဲလို့ ဘာမှ မဖြစ်ကြသေး။ အချစ်အရွယ်လွန်များ ဖြစ်နေကြသည့်တိုင် ထိန်းသိမ်းမှု ရှိကြသည်။ အထူးသဖြင့် လှအောင်က အိမ်ထောင်ရေး နယ်လွန် အနေအထားသို့ မရောက်အောင် ထိန်းရသည်ပါ။

လေဖြတ်ထားသည့် အဖေလူမမာသည်နှင့် အိမ်ထောင် မကျသေးသည့် အစ်မတာဝန်ကြောင့် တကိုယ်ရေသာယာမှုကို ချုပ်တည်းထားရသည်။

ဝေဝေနွယ် မိသားစု အကြောင်းကို သိလာရသည်ကြောင့် ဘဝနာခဲ့ရသည့် ကိုယ့်ဘဝဖြစ်စဉ်နှင့်ကိုယ်ချင်းစာပြီး ဝေဝေနွယ် အပေါ် ခင်မင်မှု ပိုလွန်ခဲ့သည်ဟု ဆိုရမည်ပါ။

ဝေဝေနွယ်ဖခင်မှာ နိုင်ငံခြားကုမ္ပဏီတစ်ခုမှ ကိုယ်စား လှယ်ဖြစ်၍ အသောက်အစား လောင်းကစား ကင်းသည့် လူရိုး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းပိုင်းတွင် အောင်မြင်ခဲ့သမို့ အိုးပိုင်အိမ်ပိုင်နှင့် တင့်တောင့်တင့်တယ် နေနိုင်ခဲ့သည် သူတို့မိသားစုမှာ ဘဝ၏ ချမ်းမြေ့မှု အရိပ်အောက်တွင် အရိပ် မိုးခံအဖြစ် နေခဲ့ကြရသည်။ ဝေဝေနွယ်တို့မှာ မွေးချင်းသုံးယောက် ရှိသော်လည်း နှစ်ယောက်သာ အဖတ်တင်သည်။ ဘဝ၏ ငှအေး ရိပ် ရုတ်တရက် ကွယ်သွားသည်။ မမျှော်လင့်ဘဲ အရိပ်သစ်ပင်ကြီး အမြစ်ကျွတ်ထွက်ပြီး လဲကျသွားသည်။ ဖခင်ဖြစ်သူမှာ သက်ဆိုး မရှည်ခဲ့။ ဝေဝေနွယ် အပျိုဖော်ဝင်စအရွယ်တွင် ကွယ်လွန် အနိ ရောက်သွားခဲ့သည်။

လင်သား၏အရိပ်ကိုမှီ၍ အေးအေးလူလူ နေထိုင်ခဲ့သည် ဒေါ်ခင်သန်းနွယ်မှာ အရိပ်ကွယ်သည်နှင့် ဘာလုပ်၍ ဘာကိုင် မှန်းမသိဘဲ ယောင်တောင်တောင် ကျန်ရစ်ခဲ့တော့၏။ သို့တ လင်သား ကိုသက်လှိုင်ထားခဲ့သော အထုပ်အထည်လေးကြော ကြွန်မြွေမဲ့လောက်အောင် မဖြစ်ခဲ့။ ပထမတော့ ထိုင်စားပဲနေခဲ့သည် ကလေးနှစ်ယောက်နှင့် ကြာရှည်ထိုင်စားလို့မဖြစ်။ တစ်ခုခုတော လုပ်ရမည်။ အလုပ်လုပ်စရာမရှိသူများအတွက် တစ်ခုခု လုပ် ဆိုသည်မှာ မလွယ်။ စဉ်းစားရသည်နှင့် လုပ်ရမည့်အလုပ်ရွေးချယ် ရသည်ကပင် အချိန်တော်တော်ကုန်သွား၏။

မုဆိုးမတို့ဖြစ်လေ ဓမ္မတာဝက်ဘာမှာ ယောင်တော တောင် လည်နေရဆဲ။ အရောင်းအဝယ်လုပ်နေသည့် အဒေ တစ်ယောက်က ငွေစုထည့်ဖို့ ပြောလာသည်။ သုံးဘီးတစ်စီး ခြော ထောင်လောက် ဈေးရှိသည့်အချိန်က ငွေငါးထောင် အစုထ လိုက်သည်။ ဆွေမျိုးရင်းချာ အဒေါ်လည်းဖြစ်ပြန် ကိုယ်



မလုပ်တတ်၊ မကိုင်တတ် ဖြစ်နေချိန် လိုလိုလားလား အားပေး ကူညီမှု ပြုလာသည်လည်း ဖြစ်နေသမို့ စာချုပ်စာတမ်းရယ် ဘာရယ်မထား လက်လွှတ်ပေးလိုက်သည်။ အဒေါ်က ငွေငါး ထောင် အစုထည့်ထားသည့်အတွက် တစ်လ နှစ်ရာ့ငါးဆယ် အသားတင် ဝင်ငွေရမည်ဟု ကတိစကားဆိုထားသည်။

ဆီတစ်ပိဿာ သုံးကျပ်ခွဲ၊ ဘဲဥ တစ်ကျပ်ဆလုံးအချိန် ကုန်ဈေးနှုန်းနှင့် ဝင်ငွေနှစ်ရာ့ငါးဆယ်မှာ သူတို့မိသားစု သုံး ယောက်အတွက် ချောင်ချောင်လည်လည် စားနိုင် နေနိုင်မည့် အနေအထားရှိသည်။ အိမ်ကလည်း အိမ်ပိုင်မို့ ပူစရာပင်စရာမရှိ။ ဒါပေမယ့် တကယ်လက်တွေ့ကျတော့ မှန်းချက်နှင့် နှမ်းထွက် မကိုက်။ လေးလလောက်ပဲ နှမ်းထွက်ကိုက်ပြီး ကျန်လတွေက နှမ်းထွက်မကိုက်။ ကိုယ်ငွေ့ကို ပြန်နုတ်ဖို့ ပြောကြည့်တော့ လုပ် ငန်းထဲ ဝင်နေသည်၊ ချက်ချင်းကြီး ပြန်နုတ်ဖို့ မလွယ်ဟု ဆိုခဲ့ သည်။

ကိုယ့်ငွေနှင့် ကိုယ် မျက်နှာငယ်ရပြီ။

ပို့တာကို မရတော့ ကိုယ်ကသွားတောင်းရသည်။ မျက်နှာ က မကြည်မသာ။ ပေးတော့လည်း ငွေတစ်ရာကို သုံးကြိမ်လောက် သွားရသည်။ တချို့လတွေမှာ ငါးဆယ်နှင့် ကိစ္စပြီးရသည်။

လက်ရင်းဆိတ်တော့ ဆတ်ဆတ်နာဆိုသလို ခံလိုက်ရပြီ။

အကျိုးအမြတ်ရယ်လို့ သဘာမထားနိုင်တော့ဘဲ ကိုယ့် ငွေရင်းကို အလီလီပြန်ယူရသလို ရှိခဲ့၏။

ရတာလေးနှင့် ရှိတာလေး ထုခွဲပြီး ရပ်တည်ခဲ့ရသည်မှ ဦးကျော်ခိုင်နှင့် ပြန်လည်ဆုံဆည်းခဲ့ရသည်။

တစ်နေ့ ဂျစ်ကားနှင့် လူတစ်ယောက် အိမ်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဥပမိရုပ်က သားသားနားနား ဝတ်ဆင်ထားသည်က အရွယ်နှင့် မလိုက်အောင် နုနုဖတ်ဖတ်။ စကားအပြောအဆိုက သွက်သွက်လက်လက်။

အဲဒီတုန်းက အမေ့နားမှာ ဝေဝေနွယ်လည်း ရှိနေသည်။

'အသန်းသမီးတောင် တော်တော်ကြီးနေပြီပဲ။ သမီးလည်း အမေ့လို ချောတာပဲကိုး'

ဘယ်သူ ဘယ်ဝါဟု မသိစေကာမူ အမေ့နာမည် ခေါ်ပုံ ပြောပုံမှာ အလွန်အမင်း ရင်းနှီးလွန်းလှချည်ဟု ဝေဝေနွယ်နားလည်လိုက်ရသည်။

ခေါ်ပုံက အသန်းတဲ့။ အမေ၏ တုံ့ပြန်မှုမှာလည်း တရင်းတနှီး ရှိလွန်းဘိ၏။

'ကိုယ်လည်း ကိုသက်လှိုင်ဆုံးတာ မသိလိုက်ရဘူး အသန်း၊ ကိုယ်က အဲဒီတုန်းက မန္တလေးမှာ နေတာဆိုတော့လည်း မသိဘူးပေါ့'

အမေ့နာမည်ကိုပါ တရင်းတနှီးထည့်ပြောလာသည်။

'ခုတောင် ကိုမြအေးကြီးပြောလို့ ဒါနဲ့ အသန်းတို့ နေရေးထိုင်ရေးကော အဆင်ပြေကြရဲ့လား'

'ပြေတယ်လို့တော့ မဟုတ်ဘူး ကိုခိုင်၊ အထုပ်ကလေး ဖွဲ့နေရတာပေါ့'

'ဟာ ဒီလိုလုပ်နေလို့တော့ ဘယ်ဖြစ်မလဲ၊ တစ်ခုခုတော့ လုပ်ရမှာပေါ့'

'အသန်းတော့ ဘာမှ မလုပ်တတ်ဘူး ကိုခိုင်'

'ကိုယ်လည်း အသန်းတို့အတွက် ဘာလုပ်ပေးရမယ်ဆိုတာ



ကြည့်ပါဦးမယ်၊ ကိုယ်တို့ ပြန်တွေ့ကြဖြို့ပဲဟာ ဘာမှ အားငယ်စရာ မရှိပါဘူး'

'ကိုခိုင်နဲ့တွေ့ရတာ အသန်းလည်း တအားပါပဲ ကိုခိုင်ရာ'

'ကဲ. . . ကိုခိုင် ပြန်လိုက်ဦးမယ်၊ သမီးနာမည်က. . '

'ဝေဝေနွယ်ပါ ကိုခိုင်'

'သည်ဦးလေးက ဘယ်သူလဲ မေမေ'

အမေ၏ မျက်တောင်အစုံမှာ ငြိမ်သက်ပြီး မျက်လုံးများမှာ တွေဝေရိပ်ထင်နေသည်။ အတိတ်၏ အရိပ်ပုံပြင်များ မေမေ့ မျက်ဝန်းထဲ ပြန်ပေါ်နေလိမ့်မည်ထင့်။ မေမေက ဦးကျော်ခိုင် အကြောင်းကို ပြန်ပြောသည်။

'ဝေနွယ်တို့အမေက အရွယ်လည်းတင်တယ်၊ တော်တော် လည်းလှတယ်'

လှအောင်က ဝေဝေနွယ်နှင့် တရင်းတနှီးရှိလာသည့်အခါ ဝေဝေနွယ်အမေ ဒေါ်ခင်သန်းနွယ်၏အလှကို ဝင့်ဖော်ပြောဆိုခဲ့ရသည်။

ဟုတ်လည်းဟုတ်သည်။ ဒေါ်ခင်သန်းနွယ်က မပြင်မဆင်ပဲ လှယဉ်သူ။ မိဘများလက်ထက်ကလည်း အေးအေးဆေးဆေး နေခဲ့ရသည်။ အိမ်ထောင်ကျပြီးတော့လည်း ကြော့ကြော့တင်တင် လေးနေခဲ့ရသည်။ လင်သားဆုံးပြီး မုဆိုးမတို့ ဓမ္မတာအိုင်း ညှိုးရိပ်ထင်နေသည့်တိုင် ဒေါ်ခင်သန်းနွယ်၏ အလှမှာ ဝင့်ဖြာဆဲ၊ အလှရိပ်ကြွယ်နေဆဲ။

မုဆိုးမဘဝတွင် စားမတတ်၊ ဝါးမတတ် အကြည့်မျိုးကို ဝိုင်းဝိုင်းလည်လည် ထူးထူးထင်ထင် ခံနေရသည်။ သို့တစေ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်သန်းနွယ်က အလှမခြယ်ခဲ့။ ရှိသည့်အလှနှင့်ပင် ရိုးရိုးသွယ်သွယ်လေး နေခဲ့သည်။

'သည်လောက်လှမှတော့ မကြာပါဘူးလေ' ဆိုသည့် အပြောအဆိုရှိလာသည်ကို သုံးနှစ်လွန်ကာလအထိ အမေထိန်းထားဆဲ ရှိခဲ့သော်လည်း ကိုကျော်ခိုင်နှင့် ပြန်လည်တွေ့ဆုံသည့်နောက်တွင်။

*

လှယဉ်ကျေးမယ် မခင်သန်းနွယ်။

ခင်သန်းနွယ် လှယဉ်ကျေးမယ်ဘွဲ့ရတုန်းက အသက်ဆယ့်ရှစ်နှစ် အလှရည်ဖူးကြွစအရွယ်။

လှယဉ်ကျေးမယ်ဘွဲ့အတွက် ယှဉ်ပြိုင်သူ ဆယ်ယောက်။

လှယဉ်ကျေးမယ်ဘွဲ့ မကျင်းပခင် ကတည်းက တစ်မြို့လုံး စိတ်ဝင်တအစား ရှိနေကြသည်။ ဘယ်သူရမည်ဟူ၍ 'တစ်ကြို' ပေးကြသည်မှာ နေရာတကာတိုင်းတွင်။

လက်ဖက်ရည်ဆိုင်မှာလည်း သည်အကြောင်း၊ ဈေးထဲမှာလည်း သည်အကြောင်း၊ ဆေးလိပ်ခုံမှာလည်း သည်အကြောင်း ယုတ်စွအဆုံး၊ အသုဘအိမ်မှာသည်ပင် သည်အကြောင်း ပြောမလွတ်။

ဝင်ရောက်ယှဉ်ပြိုင်မည့်သူ ဆယ်ဦးစလုံးမှာ ကိုယ်မြို့က အလှမယ်တွေ မြင်နေ၊ တွေ့နေ၊ သိနေကြသည်မို့ 'တစ်ကြို' ပေးကြသည်မှာ မမောနိုင် မပန်းနိုင်။

မနှစ်က လှယဉ်ကျေးမယ်ဘွဲ့ရထားသည့် ချယ်ရီဝင်းကို




နံပါတ်တစ်နေရာမှာ ထားကြသည်။ မနှစ်က မခင်သန်းနွယ် မယှဉ်ပြိုင်။

ဒုတိယ တစ်ပေးခံရသူထဲတွင် မခင်သန်းနွယ် ပါသည်။ ဒုတိယ လျာထားသူများထဲတွင် သူတစ်ယောက်တည်းတော့ မဟုတ် အပြိုင်စာရင်းပေါက်သူ သုံးယောက်ရှိသည်။

ခင်သန်းနွယ်

ခင်သီတာအောင်

နှင်းပွင့်ဦး

သုံးယောက်စလုံး၏ အလှမှာ သူမသာ ကိုယ်မသာ။ တစ်မျိုး တစ်ဘာသာစီလှကြသည်။ အလှရည်ဝင့်ဖြာပုံမှာ မတိမ်းမယိမ်း။

မနှစ်က ချယ်ရီဝင်းနှင့် ခင်သီတာအောင်တို့ နှစ်ယောက်မှာ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး ချယ်ရီဝင်းက နှာတစ်ဖျားအသာရပြီး အလှယဉ်ကျေးမယ်ဘွဲ့ ဆွတ်ခူးခဲ့သည်။ သို့ပါမေ ပရိသတ်ဆန္ဒနှင့် မကိုက်ညီခဲ့။

အကဲဖြတ်ဒိုင်လူကြီးများက ချယ်ရီဝင်းကို ရွေးချယ်ခဲ့သော်လည်း ရွေပွဲလာပရိတ်သတ်များကမူ ခင်သီတာအောင်ကို ရွေးချယ်ခဲ့ကြသည်။ အဆုံးအဖြတ်မှာ ပရိသတ်မဟုတ် ဒိုင်လူကြီးများ ဖြစ်ရာ ချယ်ရီဝင်းကို လှယဉ်ကျေးမယ်ဘွဲ့စလွယ် အပ်နှင်းခဲ့သည်ပါ။

တစ်ကြိုပေးသူများကလည်း သည်နှစ်လည်း 'ချယ်ရီဝင်းပဲ ရမှာပါကွာ' လို့ ထင်မြင်ချက်ပေးကြသည်။

သို့တစေ ပရိသတ်ထုမှာ ရုပ်ရှင်ရုံ လျှံထွက်လုမတတ် လာရောက်အားပေးကြသည်။ ကတ္တီပါ အစိမ်းရင့် ကန့်လန့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်တွင်. . . မြို့မောင်ရွေးပွဲနှင့် လှယဉ်ကျေးမယ်ရွေးပွဲ ရွေးစာလုံးကြီးများမှာ ထင်းထင်းဝင်းဝင်း၊ ရောင်စုံ မီးလုံးများက စင်မြင့်ကို အားဖြည့်ပေးထားသည်သို့။

မောင်ရွေးပွဲ. . .

ပရိသတ် စိတ်ဝင်စားသော်လည်း ဒုတိယပွဲကို ပို၍ မျှော်ကိုးနေကြသည်။

လှယဉ်ကျေးမယ်ရွေးပွဲ. . .

ဩဘာသံများ လျှံထွက်သွားသည်။ စင်မြင့်ပေါ်မှ ရောင်စုံ မီးလုံးများ၊ ဖျပ်ကနဲ ပိတ်သွားပြီးနောက် ရွှေလျားနေသည့် ဆလိုက် မီးတန်းနှင့်အတူ လှယဉ်ကျေးမယ်များ၏ ကိုယ်ဟန်ပြကွက်များမှာ ရွှေပွဲလာပရိတ်သတ်ကြီးကို ညှို့ယူထားဘိသို့ ရှိချေ၏။

ပေါင်ပေါ် ဘာပေါ်မပေါ်ဘဲ မြန်မာဆန်ဆန် ပြသွား သည့် ကိုယ်ဟန်ပြကွက်များမှာ မျက်စိအမြင်ကို ပို၍ ကြည်လင် စေသည်။

လက်ခေါက်မှုတ်သံ၊ လက်ခုပ်သံမှာ သောသောညံလျက်။

အကဲဖြတ်လူကြီးများ အမှတ်ပေါင်းနေသည့်အချိန် အတိုင်းအတာလေးများမှာ ပရိသတ်များ ငြိမ်သက်၍ အစီအစဉ် ကြေငြာမည့် အမျိုးသမီးကိုသာ အာရုံစူးရောက်နေကြသည်။

လှယဉ်ကျေးမယ် မခင်သန်းနွယ်။

ကြေငြာသံနှင့်အတူ ဩဘာသံကြီး ဟိန်းထွက်သွားသည်။ ဩဘာသံများမှာ တော်တော်နှင့်မစဲ။

အကဲဖြတ် ဒိုင်လူကြီးများအမြင်နှင့် ပရိသတ်အမြင် တထပ်တည်း တသားတည်း ရှိသွားသည်။



ချယ်ရီဝင်းမှာ ဒုတိယနေရာတွင်ပင် မချိတ်။ ခင်သီတာ အောင်က ဒုတိယ။ ဒါကိုလည်း ရွှေပွဲလာပရိတ်သတ်က အပြည့် အဝလက်ခံကြသည်။

လှယဉ်ကျေးမယ် ခင်သန်းနွယ်၏ အလှကိုပိုင်ဆိုင်ခွင့်ရဖို့ အပြင်းအထန် ကြိုးစားနေသူ နှစ်ယောက်ရှိသည်။

ကျော်ခိုင်နှင့် သက်လှိုင်။

ကျော်ခိုင် မိဘတွေက ချမ်းသာသည်။ ပရိက္ခရာတိုက် ဆိုင်ကြီး ဖွင့်ထားသည်။ ခင်သန်းနွယ်တို့ထက်ပင် ချမ်းသာသည်။ သက်လှိုင်မိဘများက ကျော်ခိုင်နှင့် ခင်သန်းနွယ်တို့ မိဘများ ချမ်း သာသော အဆင့်ကို မမီစေကာမူ မြို့မဝန်ထောက်ကြီးသားဆို သော ဂုဏ်ရှိန်ရှိသည်။ ပညာရေးတွင် ကျော်ခိုင်ထက် သာသည်။ ကျော်ခိုင်က ပညာရေးဘက်တွင် မထွန်းပေါက်။ အားကစား ထူး ချွန်သည်။ မြို့လူထု အချစ်တော် ဘောလုံးသမား။

သက်လှိုင် တက္ကသိုလ် ပရဝုဏ်ထဲ ရောက်သွားသည့် အချိန် ကျော်ခိုင်မှာ သူတို့မြို့က ဘောလုံးကွင်းထဲမှာပင် ရှိနေသေး သည်။

အပြိုင်အဆိုင်ကြိုးစားသူ နှစ်ယောက်အနက် ချိန်ခွင်လျှာ တိမ်းစောင်းပေးရမည့် ခင်သန်းနွယ်က သက်လှိုင်ဘက်သို့ ချိန်ခွင် လျှာ သာသာထိုးထိုး စောင်းပေးလိုက်သည်။

ကျော်ခိုင်ကလည်း အားကျမခံ။ ဆန်စက်ပိုင်ရှင် သမီး တစ်ယောက်နှင့် တွဲပြလိုက်၏။

နောက်ပိုင်း လူချင်းကွဲသွားကြသည်။

အမေက အတိတ်ဇာတ်ကြောင်း သမီးဖြစ်သူအား ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ရာတွင် အဖေ့ကိုသတိရပြီး မျက်ရည်ဝဲလည်လာသည်။ အားငယ်နေချိန်မှာ ကိုကျော်ခိုင်ကို ပြန်တွေ့ရတော့ အားတက်ရ သလိုလို။

*

ဝေနွယ်က ကိုအောင်ကို သူတို့မိသားစုအကြောင်း ပြော ပြရာတွင် ဦးကျော်ခိုင်အကြောင်းနှင့်အတူ မောင်လေး သန်းထူးလှိုင်အကြောင်းလည်း ပါသည်။

'သန်းထူးလှိုင်က အိမ်မှာပဲလား'

'အိမ်မှာမရှိဘူး ကိုအောင်၊ အိမ်မပြန်တာတော့ တစ်နှစ် လောက်ရှိသွားပြီ၊ စုံစမ်းလို့မရဘူး'

'သူ့အပေါင်းအသင်းတွေက ဘာပြောသလဲ'

'သူတို့လဲ မသိကြဘူး၊ ခင်မောင်ထွေးဆိုတဲ့ သူငယ်ချင်း တစ်ယောက်နဲ့ ကော့သောင်းဘက်ကို သွားကြတာပဲ သိတယ်၊ ခင်မောင်ထွေးလဲ အိမ်ပြန်မလာဘူး'

အငယ်အထွေးသားကို အမေက အလွန်အကျွံ အလိုလိုက် ခဲ့သည်။ ဖခင်မရှိသည့်နောက် အလိုလိုက်မှုမှာ တအားပိုခဲ့ပြန် သည်။ သားငယ်ထွေးက အလိုလိုက်သူ အမေ့အပေါ် တုံ့ပြန်မှု မကောင်း။ စိတ်ကစားတတ်သည့် အရွယ်တွင် အပေါင်းအသင်း ကောင်းများနှင့် မတွဲခဲ့။ စာသင်ခန်းကို စွန့်ခွာပြီး အပေါင်းအသင်း ဆိုးများ တွဲခေါ်ရာနောက်သို့ မက်မက်မင်မင် လိုက်ခဲ့သည်မှ သားငယ်ထွေး၏ ဆိုးကျိုးကို အမေ အလူးအလိမ့်ခံခဲ့ရသည်။ အမေ့ မှာရှိသည့် အထုပ်အထည် ပြေလျော့သွားရုံမက ပျောက်လုခမ်း



ဖြစ်သွားပြီး အငယ်ထွေးသားအပေါ် အလိုလိုက်မှုများမိသည့် အမှား ဒဏ်ကို ပိုးပိုးပိပိကြီး ခံလိုက်ရတော့၏။

လင်သေ သားဆုံးဘဝသို့ ရောက်နေသူ အမေ့မှာ သမီး ကို ရင်မှာထွေးပိုက်ပြီး သောကဗျာပါဒကို ခုခံတိုက်ခိုက်နေရသည်။

'ဝေနွယ် ဘာဖြစ်လို့ ကျောင်းထွက်လိုက်ရတာလဲဟင်'

'မောင်လေးကြောင့်ပါ ကိုအောင်၊ အိမ်မပြန်တဲ့ မောင်လေးကြောင့် အမေအလူးအလဲ စိတ်ထိခိုက်ရတယ်လေ။ သည်အချိန် ဝေနွယ်အမေ့အနားမှာမရှိရင် အမေဟာ မပဋ္ဌာ မြေလူးဖြစ်တော့မှာပေါ့'

'ဒါနဲ့ ဦးကျော်ခိုင်ကိစ္စကရော'

ဦးကျော်ခိုင် ဒုတိယအခေါက် အိမ်ကို ရောက်လာသည်။ ဝယ်လာသည့် လက်ဆောင်များမှာ တပုံတပင်။ ဒေါ်ခင်သန်းနွယ် အတွက်ရော၊ ဝေဝေနွယ်အတွက်ပါ။ ဒေါ်ခင်သန်းနွယ်က ပေးလာ သည့် လက်ဆောင်ပစ္စည်းများကို အတန်တန် ငြင်းဆန်ခဲ့ပါသေး သည်။

'အသန်းက ကျွန်တော့်ရဲ့စေတနာကို လက်မခံဘူးပေါ့၊ ဒါဆိုလည်း ကျွန်တော့်ရဲ့ စေတနာကို ဝမ်းနည်းစွာနဲ့ ပြန်ရုပ်သိမ်း ရတော့မှာပေါ့'

ဒေါ်ခင်သန်းနွယ် မငြင်းသာတော့၊ လက်ခံလိုက်ရသည်။

သည်နောက်တော့. . .။

*

'ဝေနွယ်တို့မှာ ဆွေမျိုးသားချင်းတွေ မရှိဘူးလား၊ ဝေနွယ့် အမေမှာတော့ ညီအစ်ကို မောင်နှမ အရင်းအချာတွေ မရှိဘူး လား'

www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ် ကိုအောင်'

'ဒါဖြင့် သူတို့ကရော ဘာမှ အကူအညီမပေးကြဘူးလား'

'မေမေတို့မှာ ညီအစ်ကို မောင်နှမ မွေးချင်းသုံးယောက် ရှိတယ်'

ဒေါ်ခင်သန်းနွယ် ဦးသက်လှိုင်နှင့် အိမ်ထောင်ကျပြီး သုံးနှစ်မြောက်သည့်အချိန်တွင် ဖခင်ဖြစ်သူ ကွယ်လွန်၍ နောက်တစ်နှစ်အကြာတွင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို အမေကွယ်လွန်ခဲ့သည်။

အမွေပြဿနာပေါ်လာသည်။

မြန်မာတို့ ဓလေ့ထုံးစံအတိုင်း မိဘများနှင့် အတူနေကြသည့် အစ်ကိုနှင့် ညီမတို့ပေါင်း၍ ဒေါ်ခင်သန်းနွယ်ကို ပယ်ထုတ်လိုက်ကြသည်။

လုံးလုံးလျားလျား မပေးသည်တော့မဟုတ်။ လိပ်ခဲတင်းလင်း ပြောဆိုခဲ့ရသည်။ တစ်ယောက် မျက်နှာ တစ်ယောက်မကြည့်ချင်လောက်အောင် အမုန်းပွားခဲ့ရသည်။ တအူထုံဆင်း ညီအစ်ကိုမောင်နှမ အရင်းအချာသို့ သဘောမမူနိုင်ကြတော့။ လောဘသားကောင်များသို့ ပြောင်းကုန်ကြသည်။

သည်ကတည်းက ဒေါ်ခင်သန်းနွယ်တို့ ဆွေမျိုးသားချင်းများမှာ ဆအဆက်အဆံ အဝင်အထွက် လုံးဝမရှိကြတော့။

'ဝေနွယ်တို့ဆို ဘကြီးနဲ့ အဒေါ်ကို ဒီနေ့ထိ မမြင်ဖူးဘူး။ မေမေက သူတို့အပေါ် သိပ်စိတ်နာတယ်။ သူတို့အကြောင်းကို ဘယ်တော့မှ မပြောဘူး'

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မစ္ဆရိယစိတ် တို့သည်



ကောင်းကျိုးမပေးဟု သိနားလည်စေကာမူ စွဲစွဲမြဲမြဲ ထွေးပိုက်သိမ်းဆည်းကြသည်သာ

*

ကိုးတန်းကတည်းက ဆိုက်ကားနှင့် တွဲဖက်ခဲ့ရသည်။ အယ်လ်အယ်ဘီအောင်ပြီး ချိန်ဘာဆင်းနေသည်အထိ ဆိုက်ကားနှင့် လှအောင်မှာ အတွဲမလွတ်သေး။ ချိန်ဘာပြီးဖို့ သုံးလအလိုတွင် ဆရာဦးမြတ်သွင် ကျေးဇူးကြောင့် ဆိုက်ကားနှင့် အတွဲဖြုတ်ပြီး ကျူရှင်ဆရာဘဝကို စတင်ခဲ့သည်။

ကျော်အောင်ညာသည့် ကြော်ငြာကြောင့် နာမည်ကြီးသည့် ဂရိတ်ကျူရှင်ကျောင်းမှာ ပြရသည့် ကျူရှင်ဆရာ မဟုတ်သလို မိုက်ကရိုဖုန်းလေး လည်ပင်းမှာချိတ်ပြီး ကျောင်းစာထက် ရယ်စရာမောစရာ အပြောကောင်းသည့် လူရွှင်တော် ကျူရှင်ဆရာလည်း မဟုတ်ပါ။ ရှစ်တန်းသမား အပါအဝင် အတန်းလေးသမားများကို အိမ်တိုင်ရာရောက် စာပြပေးရသည့် ကျူရှင်ဆရာပါ။ တလလေးရာလောက်တော့ ဝင်ငွေရသည်။ ဆိုက်ကားငှားခ အပါအဝင် တစ်လ ဝင်ငွေ ငါးရာလောက်စီသဖြင့် အိမ်ထောင်စု၏ စားဝတ်နေရေး အတော်အသင့် ပြေလည်သည်။

ပို၍ အဆင်ပြေသည်က အစ်မ မကြည် အိမ်ထောင်ကျသွားသောကြောင့်။

သူ့ယောက်ဖက ပုလဲနှင့်ငါး သဘော်သား။ ဆုကြေးကောင်းကောင်းရသည်။ အခြားသော ဝင်ငွေလေးများလည်းရှိသည်။ ယောက်ဖက အသောက်အစားမရှိ။ မိဘဆွေမျိုးတွေက

www.burmeseclassic.com

www.burmeseclassic.com



တောမှာ။

လူကြီးစုံရာမပါစေကာမူ ရန်ကုန်တွင်ရှိသည့် ဦးလေးက အဖနေရာမှ ပါဝင်ပြီး ရပ်ကွက်ကောင်စီရုံးမှာ လက်မှတ်ရေးထိုး၍ လူကြီးများကို လက်ဖက်ရည်ပွဲ တည်ခင်းလျက် ကိစ္စပြီးကြသည်။ အစ်မ မကြည်တို့ လင်မယားက တအိုးတအိမ်ခွဲမထောင်၊ အတူနေအတူစားကြသမို့ အဖေ့အတွက်ပါ ပို၍ အဆင်ပြေရသည်။

ရွက်ကျိုးရင်တက်၊ တက်ကျိုးရင်လက်ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထား၍ ကြိုးစားခဲ့ရာမှ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်လိုက်ရပါလေပြီ။

* * *



ငါး

ရန်ကုန်မြို့ရဲစခန်းများအနက် ဗဟန်းရဲစခန်း၏ နေရာအနေအထားမှာ ပြေသွယ်လှသည်။

ကားလမ်းကွေ့သွားပုံနှင့် ကုန်းမို့မို့ပေါ်မှ ရဲစခန်းမှာ အလွန်ပန်ရသလို မျက်နှာချင်းဆိုင် ကုန်းမြင့်မြင့်ကြီးပေါ်မှ ခန့်ထည်သည့် တိုက်ကြီးနှင့် အုတ်နံရံကြီးကို မျက်နှာပြုထားပုံမှာလည်း လိုက်ဖက်ညီထွေရှိပါလေ၏။

အဆောက်အအုံ၏ ပုံသဏ္ဌာန်မှာ မျက်စိပသာဒ ကြည်မြစရာသို့။

သို့တစေ ဤနေရာသို့ကား လူအများ ဝင်ထွက်သွားလာရန် စိုးရွံ့ကြ၏။ ပြည်သူတို့ အေးချမ်းစွာ နေထိုင်ဖို့အတွက တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ပေးနေသည့် နေ ဌာနဖြစ်စေကာမူ လူအများတို့က မဆက်နွယ်မပတ်သက်လိုကြပေ။ အကြောင်းကြီးငယ်ရှိ၍ လာရသည့်တိုင် မဝံ့မရဲ ရှိကြသည်။ ထိုနေရာသို့ လာသူတိုင်း၏ မျက်နှာဟန်ပန်သွင်ပြင်မှာ ကြည်မြခြင်း အေးရိပ်မထင်။

သို့စေကာမူ အကြောင်းအမျိုးမျိုးကြောင့် ဤနေရာသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြ၏။ ကိုယ့်အကြောင်းနှင့် ကိုယ်လာသူ ရှိသလို မလာချင်ပဲ ခေါ်ဆောင်ခြင်းခံရ၍ လာသူများလည်း ရှိကြသည်။

လောဘ၊ ဒေါသ၊ မောဟ အကြောင်းတရားသုံးပါးတို့ နှင့် မကင်းရာသော လူတို့သည် ထိုအကြောင်းတရားသုံးပါးကို ထိန်းသိမ်းခြင်းငှာ မစွမ်းသာသောအခါ ပြစ်မှုကျူးလွန်ခြင်းနှင့် တွဲစပ်ရစမြဲရှိသည်မှာ မရောက်လိုသောနေရာကို ရောက်ကြရ၏။

ကိုယ်က ဖန်တီးသော ပြစ်မှုကြောင့် ရောက်ရသူရှိသလို သူတစ်ပါး ဖန်တီးမှုကြောင့် ရဲစခန်းအချုပ်ထောင်သို့ ရောက်ရသူများလည်း ရှိလေသည်။

ငွေကြယ်ပွင့်တစ်ပွင့် ကာကီရောင် ရဲဝတ်စုံကို ဝတ်ဆင်ထားသည့် ဒုရဲအုပ် ကိုအောင်မိုးက သူ့စားပွဲရှေ့တွင် ညှိုးဝယ်နေရှာနေသည့် တုန်လှုပ်ချောက်ချားမှု အသွင် ပေါ်လွင်နေသည့် အမျိုးသမီးကို စူးစူးစိုက်စိုက်ကလေး အကဲခတ်ကြည့်နေသည်။

စားပွဲပေါ်မှာ စာရွက်စာတမ်း၊ ဖိုင်တွဲစသည့် ရုံးသုံးပစ္စည်းများမရှိချေ။ စီးကရက်ဗူးနှင့် ဂတ်(စ်)မီးခြစ် အဝါရောင်လေးသာ ရှိသည်။ ခဏနေမှ အံဆွဲထဲက စာရွက်ကို ထုတ်ယူ၍ စားပွဲပေါ်သို့ တင်လိုက်ပြီး အိတ်ထဲက ဘောလ်ပင်ကို အပြာရောင်ကလေးကို ထုတ်လိုက်သည်။

'ကဲ. . . . . အမှုဖြစ်ကြောင်း ကိစ္စနဲ့ပတ်သက်လို့ မဝေဝေနွယ် ပြောတတ်သလိုသာ ပြောပါ၊ လိုအပ်တာတွေကို ကျွန်တော် ထောက်ပေးပြီး မေးပါမယ်'

ဝေဝေနွယ်၏ အသံမှာ တုန်ပြီး တိုးလွန်းသဖြင့် ဒုရဲအုပ် ကိုအောင်မိုးက အတော်ကြီး ဂရုစိုက်နားထောင်၍ ရေးမှတ်နေရ



သည်။ တရားလိုဖြစ်စေ၊ တရားခံဖြစ်စေ ရဲစခန်းသို့ ရောက်လာသည့်အခါ မူလပုံမှန်အသံမျိုးမထွက်တတ်။ ချောက်ချားမှု ခံစားနေရသူများ၏အသံမှာ ပို၍ တိုးညှင်းသည်။ သူတို့ကို ကျယ်ကျယ်လေး ပြောဖို့ မေတ္တာရပ်ခံသည်ထက် ကိုယ်က ဂရုစိုက် နားထောင်ခြင်းက ပို၍အလုပ်ဖြစ်သည်။

ဝေဝေနွယ်၏ ထွက်ဆိုချက်ပြီးသွားသောအခါ ကိုအောင်မိုးက သူရေးမှတ်ထားသည့် ထွက်ဆိုချက်ကို ပြန်လည်ဖတ်ပြ၍ ဝေဝေနွယ် ဖတ်ရန် စာရွက်ကို လက်ကမ်းပေးလိုက်သည်။

'မဝေဝေနွယ် ဖတ်ကြည့်ပါ၊ ပြင်ချင်တာရှိလဲ ပြင်နိုင်ပါတယ်။ ပြင်စရာမရှိဘူးဆိုရင် စာရွက်ပေါ်မှာ လက်မှတ်ထိုးရပါမယ်'

'ကျွန်မ ရှေ့နေတွေ ဘာတွေငှားဖို့'

'ဟုတ်ကဲ့ ဒါက တရားရုံးရောက်ပြီးမှ ကိစ္စပါ၊ နက်ဖြန်ရုံးတင်ပြီး ယမန်ယူပါမယ်၊ အဲဒီတော့ အိမ်ကလာတဲ့လူတွေနဲ့ တိုင်ပင်ပါ၊ တော်ကြာကျရင် မဝေဝေနွယ် မိခင်နဲ့ တွေ့ပေးမှာပါ'

'သည်အမှုအတွက် ကျွန်မ ဘယ်လို အပြစ်ဒဏ်မျိုးများ ခံရမှာပါလဲရှင်'

'ပြောဖို့ နည်းနည်းစောပါသေးတယ် မဝေဝေနွယ်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခုခံပိုင်ခွင့်ရှိတာ လူတိုင်းမှာရှိတဲ့ အခွင့်အရေးပါတဲ့၊ ခုခံကာကွယ်ပိုင်ခွင့် ဘယ်လောက်ရှိတယ်ဆိုတာကိုတော့ အမှုစစ်ဆေးပြီးတဲ့အခါ တရားရုံးက အဆုံးအဖြတ်ပေးပါလိမ့်မယ်၊ ကျွန်တော်တို့ကတော့ တရားရုံးကို တရားစွဲဆိုတင်ပို့ရုံပါ၊ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

တော့ရှိပါတယ်လေ၊ အခု မှုခင်းဖြစ်တဲ့နေရာ မဝေဝေနွယ်တို့အိမ်ပေါ်မှာ ဖြစ်တာမို့ မဝေဝေနွယ်ဘက်က တပန်းသာပါလိမ့်မယ်၊ မဝေဝေနွယ်အမေနဲ့ တွေ့ပြီးရင် မဝေဝေနွယ်ကို အမျိုးသမီးအချုပ်ဆောင်ရှိတဲ့ ဗိုလ်တစ်ထောင်ရဲစခန်းကို ပို့ပါလိမ့်မယ်၊ နက်ဖြန်ရုံးတင်ဖို့အတွက် ကျွန်တော်ဆက်လုပ်စရာ ရှိပါတယ်'

*

'သမီးလေးရယ် အမေ ဘယ်လို ဖြေဆည်ရပါ့မလဲ၊ အမေ့အမှားပါကွယ်'

'သမီးနားလည်ပါတယ် မေမေ၊ မေမေ့ အမှားမဟုတ်ပါဘူး၊ ဖြစ်လာမှတော့ ဖြစ်သလိုပဲ ရင်ဆိုင်ရတော့မှာပေါ့၊ ကိုအောင့်ဆီကိုသာ မေမေကိုယ်တိုင်သွားပြီး အကျိုးအကြောင်း ပြောပြပါ'

သားအမိနှစ်ယောက်စလုံးမှာ မျက်ရည်ကို သိမ်းမနိုင်ကြ။

'သည်အဖြစ်မျိုးအထိ ရောက်လိမ့်မယ်လို့ မေမေ လုံးဝမထင်ခဲ့ဘူး'

'သမီးတို့ရဲ့ ဘဝဝဋ်ကြွေးလို့ပဲ သဘောထားရမှာပေါ့၊ သမီးလဲ မထင်ရာလုပ်လာတော့ ကြောက်အားလန့်အားနဲ့'

'သမီးလေးရယ် မေမေတော့'

မျက်ရည်နှင့်အတူ အသံပါရောစွက်ပါလာသည်။

'ကိုအောင်နဲ့ ဒီနေ့တွေ့ဖို့ အရေးကြီးပါတယ် မေမေ'

'ဒါဖြင့် မေမေ ခုပဲ သွားလိုက်မယ်'

ဝေဝေနွယ်၏ ပါးကို ညင်ညင်သာသာ ထိလာသည့် မေးစေ့လက်များမှာ အေးစက်နေသည်။ အမေရဲစခန်းက ထွက်သွားသည်နှင့် ဝေဝေနွယ် အားမာန်တင်းလိုက်သည်။ တုန်လှုပ်ချောက်ချားမှုများ ပြေလျော့သွားသည်သို့ ခံစားလိုက်ရ၏။



အချုပ်ခန်းသို့အဝင်။

ရင်ထဲမှာ နာကျဉ်သွားသည်။ ထိန်းထားသည့်ကြားက မျက်ရည်များ စီးထွေလာသည်။ အလင်းရောင်အားနည်းသည့် အခန်းလေးထဲက ဆီးကြိုလိုက်သည့်အနံ့အသက်ကြောင့် ရင်ထဲမှာ ပျို့တက်လာသည်။ စီးထန်းသော တံတွေးများ ပါးစပ်ထဲတွင် ပြည့်လျှံလာသည်။

အချုပ်ခန်းထဲတွင် လူသိပ်မများ၊ လေးယောက်သာ ရှိသည်။ သူပါနဲ့ ငါးယောက်၊ ကျပ်တည်းလွန်းသည်ဟု မဆိုသာစေကာမူ ဘယ်နေရာတွင် ထိုင်ရမည်မသိ တွေပြီးရပ်နေမိသည်။

'အို မတ်တပ်ကြီး ကြိုက်တဲ့နေရာမှာ ထိုင်လို့ရပါတယ်'

ဖိတ်ခေါ်လာသည့် အသံရှင်ကို ကျေးဇူးတင်သော အကြည့်ဖြင့်ပြုံးပြလိုက်ရသည်။

'ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ကျွန်မလဲ မရောက်ဖူးတဲ့နေရာ ရောက်လာတော့'

ခံပြာပြောဆိုဆို အသံရှင် အမျိုးသမီးအနားမှာပဲ ထိုင်ချလိုက်ရသည်။

'ကျွန်မနာမည် ကြူကြူပါ ညီမအမှုက'

လိပ်ပတ်လည်အောင် ပြောရရင် အရှည်ကြီးပြောရမည်မို့ စကားလုံးရွေးပြီး အတိုချုံးဖြေလိုက်ရသည်။

'မတော်တဆဖြစ်ရတဲ့ လူသတ်မှုပါ'

'ဟယ် လူသတ်မှုကြီးကိုး'

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ရပ်မသွား။ မိန်းမတို့၏ မွေ့တာအတိုင်း စပ်စုမှု ထပ်ဆင့်လာသည်။

'ဘယ်မှာဖြစ်တာလဲဟင်'

'ဗဟန်းမှာပါ'

'သေတဲ့လူက'

မပြောလို့မဖြစ်တော့၊ မေးခွန်းတွေ ဆက်တိုက် ဆက်တိုက် လာတော့မည်မို့ အတိုချုံး ပြောပြလိုက်ရသည်။

နားထောင်နေသူ အားလုံးထံမှ ကရုဏာ အာမေဍိတ်သံ ပြိုင်တူ ထွက်လာသည်။

'အို ဖြစ်မှဖြစ်ရလေ'

မပြောချင်သည့် အကြောင်းကို ပြောရသည်မှာ စိတ်ပင် ပန်းလွန်းရဘိ၏။

ညနေစာ ထမင်းလာကျွေးသည်။ ချဉ်ပေါင်ဟင်း ကျဲကျဲ နှင့် မျှစ်ကြော် နီထွေးထွေးငစိန်ဆန်မှာ မာကြောကြမ်းတမ်းလွန်း လှသည်။

သည်နေရာမျိုးမှာ ပေါ်ဆန်မွှေးနှင့် ဆီပြန်ဟင်းစားရဖို့ မမျှော်လင့်ရာ။ သို့တစေ သူ့အတွက် ထမင်းမယူလိုက် ရင်ထဲမှာ အလိုလိုပြည့်နေသည်။

ရှိပါစေတော့ သူက လက်ဖက်ရည်ဖိုး ငါးကျပ်ဖိုး ဝယ်ခိုင်းပြီး အတူနေသူတွေကို မျှတတိုက်လိုက်သည်။ ဝယ်ပေးသူကို ဝန်ဆောင်ခ လက်ဖက်ရည်ဖိုး နှစ်ကျပ်ပေးသော်လည်း လက်ဖက်ရည် ရစ်စစ်မရ။ သုံးကျပ်ဖိုးလောက် ဝယ်ပြီး ရေနွေးထပ်ရောလာဟန် ရှိသည်။



အိပ်စရာအတွက် အခင်း၊ ခေါင်းအုံးဘာမှမရှိ။ အကြောင်းမဟုတ်ပါ။ အိပ်လို့လည်း ရမည်မထင်၊ ကိုယ့်ဒူးခေါင်းကို ခေါင်းအုံး အမှတ်ပြု၍ ငိုက်မြည်းရလေမည်ပါ။ အတူနေသူများအနက် နှစ်ယောက်မှာ စောင်ပါးလေးတော့ ရှိကြသည်။ နှစ်ယောက်မှာ ဘာမှမရှိ။

စားသောက်ပြီးသည်နှင့် သူတို့က ဖျာကြမ်းပေါ်မှာ လက်ကလေးများ ခေါင်းခုံ၍ လှဲနေကြသည်။ ဝေဝေနွယ်က သူတို့ ခြေဆင်းထားရာဘက်ရှိ နံရံကို ကျောမှီလျက် ခြေဆင်းထားလိုက်၏။

လူ့ဘဝဖြစ်စဉ် အပြောင်းအလဲများသည် မြန်ဆန်လွန်းသည်ဟု ဆိုရမည်။

ဒီနေ့ မနက် အိပ်ရာထစဉ်က ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း အမေနှင့်အတူ ရယ်ရယ်မောမော လက်ဖက်ရည် သောက်ပြီး ဗဟန်းဈေးသို့ ထွက်ခဲ့သည်။ အမေကြိုက်သည့် ငါးနု သန်းလတ်လတ် ငွေရောင်ပေါက်ကလေးများ တွေ့သဖြင့် ဆယ့်ငါးကျပ်သား ဝယ်လိုက်သည်။ ရောင်းသူ မျက်နှာက သိပ်မကြည်ချင်။ သူတို့က တစ်ဆယ်အလေးကို ငါးကျပ်အလေးတို့မှ မကိုင်ချင်တာ။ အနည်းဆုံး အစိတ်သား အလေးပဲ ကိုင်ချင်ကြသည်။

ဈေးမေးရင် အစိတ်သားဈေးပဲ ပြောလေ့ရှိသည်။ ငါးကျပ်သား တစ်ဆယ်သားဈေးကို မပြောကြတော့။ ငါးကျပ်ဈေးဆို တစ်ပိဿာ နှစ်ဆယ်ဈေးလို့ ကိုယ့်ဟာကိုယ်တွက်ယူလိုက်ရသည်။

'ကျွန်မတို့က သားအမိနှစ်ယောက်ထဲမို့ပါ အဒေါ်ရယ်၊ ဆယ့်ငါးကျပ်သားတော့ ရောင်းပါ' လို့ပြောပြီး တောင်းတောင်းပန်ပန် ဝယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ ငါးနုသန်းလေး ဆီပြန်ချက် ဘင်းပွန်းရွက် အရေသောက်ကလေး ချက်လိုက်သည်။ ခေါင်းလည်းလျှော်လိုက်သည်။ ဂုတ်ဝံဆံပင်က ခေါင်းလျှော်ရည်တွေ ဘာတွေ မလို။ ထမင်းစားသေက်ပြီး အမေက အပြင်သွားမည်မို့ သူက အိမ်စောင့်နေခဲ့သည်။ သနပ်ခါး ထူထူလေး ဘဲကြားလူးပြီး မဂ္ဂဇင်း စာအုပ်တစ်အုပ်နှင့်။

မမျှော်လင့်ဘဲ ပြဿနာဖြစ်လာသည်။ မွန်းတိမ်းတော့ ဗဟန်းရဲစခန်းမှာ ညနေပိုင်း ဗိုလ်တထောင်ရဲစခန်း အချုပ်ထဲမှာ။

မနေ့ကနှင့် သည်ကနေ့ မတူသလို မနက်နှင့် ညနေလည်း မတူပဲ သည်ကနေ့နှင့် နက်ဖြန်လည်း တူလိမ့်မည်မဟုတ်ပေ။

ရဲစခန်းမှ နာရီအချက်ပေး သံချောင်းခေါက်သံ ခုနှစ်ချက် ထွက်လာသည်။ အချုပ်အနှောင် ဘဝနှင့် လွတ်မြောက်ရမည့် ညတာများမှာ။

*

အဲဒီနေ့က လှအောင် အိမ်ပြန်ရောက်တော့ မှောင်ရိပ်သန်းနေပြီ။ အစ်မ မကြီးက ဒေါ်ခင်သန်းနွယ် လာသွားသည့်အကြောင်း ပြောသွားသည့် အတိုင်း စုံစုံစေ့စေ့ ပြန်ပြောပြသည်။

ထမင်းမစားတော့။ ကမန်းကတန်း ရေချိုးပြီး ပြန်ထွက်ခဲ့သည်။ ဖ-ဆ-ပ-လ ကနေ ဝေနွယ်တို့ အိမ်ကို နှစ်မှတ်တိုင်ပဲ စီးရသည်။

'ဒေါ်ဒေါ်နှစ်ခေါက်တောင် လာတယ် မောင်လှအောင်'

'ဟုတ်ကဲ့ အစ်မ ပြောပါတယ်၊ သည်ကနေ့ သန်လျင်



တရားရုံးသွားနေရတာနဲ့ နောက်ကျတာပါ'

'အေးကွယ်. . . အဖြစ်အပျက်ကတော့ အဲ. . . ဒေါ်ဒေါ် အပြစ်ပဲ ဆိုရတော့မှာပေါ့။ ဒေါ်ဒေါ်တို့ အိမ်အခြေအနေကို မောင်လှအောင် သိသင့်သလောက် သိပါလိမ့်မယ်၊ သမီးတို့ အဖေဆုံးပြီးတဲ့နောက် သားအငယ်ဆုံး ဖျူန်းသွားတာနဲ့ ဒေါ်ဒေါ်မှာရှိတဲ့ အထုပ်အထည်ကလေးဟာ ဖြုံကာပြာကာ ကျသွားခဲ့တာ ပေါ့ကွယ်၊ ဟောဒီအိမ်ရဲ့ အခြေအနေကိုတောင် ဖျက်ရမယ့် ဆဲဆဲပဲ။ အဲဒီတုန်းမှာ ကိုကျော်ခိုင်နဲ့ ပြန်တွေ့ကြတာပေါ့'

ဒေါ်ခင်သန်းနွယ်က စကားဆက်မည်ပြုစဉ် လှအောင်က လက်ကာပြပြီး ထားလိုက်ရသည်။

'ကဲ. . . ဒေါ်ဒေါ် သည်အကြောင်းတွေကတော့ နောက်မှ ပြောကြာတာပေါ့၊ ခုလောလောဆယ် ဝေနွယ် ဘယ်မှာရှိတယ် ဆိုတာကိုသာ'

'ဗိုလ်တထောင်ရဲစခန်းမှာ ထားတယ်လို့ ပြောတယ်၊ ဒေါ်ဒေါ်လဲ မောင်လှအောင်အလာကို စောင့်နေတာပဲ'

'ကဲ. . လာသွားကြရအောင်၊ ညအိမ်မှာ အိပ်ဖို့ အဖော်ကော ရှိရဲ့လား'

'အိမ်နီးနားချင်း သုံးလေးယောက် လာအိပ်လိမ့်မယ်'

'ဒါဖြင့် လာအိပ်မယ့်လူတွေကို မှာထားပြီး ကျွန်တော်တို့ ဗိုလ်တထောင်ရဲစခန်းကို လိုက်ကြမှဖြစ်မယ်'

သူတို့ ဗိုလ်တထောင်ရဲစခန်းရောက်တော့ ခုနှစ်နာရီခွဲလုပြီ။ သူ့မှတ်ပုံတင်ကတ်ပြားထုတ်ပြပြီး အစော်ကြီးအောင်းတောင်းပန်ပန်နှင့် တွေ့ခွင့်ရအောင် ကြိုးစားခဲ့ရသည်။

'ဟင်. . . မေမေ ကိုအောင်လည်း ပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းထဲတွင် ဒလဟောကျနေသည့် စိတ်ဓာတ်များ တဟုန်ထိုး ပြန်တက်သွားသည်။ ဝေ့လည်နေသည့် မျက်ရည်မှာမူ အံထွက်လာသည်။ ဝမ်းနည်းသည်ကြောင့်လား၊ ဝမ်းသာသည် ကြောင့်လား မဝေခွဲတတ်။

'ကဲ. . . ငိုမနေနဲ့ ဝေနွယ်ရဲစခန်းမှာ အဖြစ်အပျက် အမှန်ကို ပြောပြခဲ့တယ်နော်'

'ဟုတ်ကဲ့ အမှန်အတိုင်းပဲ ပြောပြပါတယ်'

'ထွက်ဆိုချက်ရော ပြည့်စုံရဲ့လား'

'ဟုတ်ကဲ့ ပြည့်စုံပါတယ်'

'ဒါ အရေးကြီးတယ်။ သိပ်ပူမနေနဲ့၊ အာမခံကတော့ လောလောဆယ်ရဖို့ လွယ်လိမ့်မယ်မထင်ဘူး။ ကြိုးစားရမှာပဲ၊ ကိုအောင့် ဆရာဆီမှာ အကူအညီတောင်းပြီး၊ အစွမ်းကုန် ကြိုးစားပေးမယ်'

'ဝေနွယ်လဲ ကိုအောင့်ကိုပဲ'

စီးကျလာသည့် မျက်ရည်များကို လက်ကိုင်ပဝါနှင့် တို့လိုက်သည်။

'ထမင်းစားပြီးပလား'

'မစားတော့ဘူး ကိုအောင်။ လက်ဖက်ရည်ပဲ သောက်လိုက်တယ်၊ ဘာမှ မစားချင်ဘူး၊ ရေပုလင်းနဲ့ စောင်ပါးလေးတစ်ထည်တော့ လိုချင်တယ် ကိုအောင်၊ ဖြစ်နိုင်ရင် အခုညပဲ'

'ရပါတယ် ကိုအောင်လာပို့ပေးမယ်'

ဗဟန်းနှင့် ဗိုလ်တထောင် ရဲစခန်းသို့ ကူးချည်သန်းချည် လုပ်၍ စောင်နှင့် ရေပုလင်းသာမက လက်ဖက်ရည်နှင့် မုန့်ပါ ပို့ပေးလိုက်သည်။



ဗဟန်းအိမ်ပြန်ရောက်တော့ ဆယ်နာရီထိုးလုပြီ။ ဒေါ်ခင်သန်းနွယ်၏ မပြီးပြတ်သေးသော ဇာတ်လမ်းကို ဆက်ခိုင်းရသည်။ သူကိုယ်တိုင်လည်း ထမင်းမစားရသေး။ လက်ဖက်ရည်တစ်ခွက် မုန့်တစ်ခုနှင့်သာ ဆာလောင်ခြင်းကို ဟန့်တားထားရသည်။

အမှုတစ်ခုအတွက် မှုဖြစ်ကြောင်းရင်းကို စေ့စေ့စပ်စပ် သိထားဖို့လိုသည်။ ဒါမှ ပြင်ဆင်စရာများကို ပြင်ဆင်နိုင်သည်။ ဝေဝေနွယ်ဖြစ်ရသည့် အမှုဖြစ်ကြောင်းက ရှင်းသော်လည်း ဝေဝေနွယ်အတွက် ခုခံကာကွယ်ရာတွင် မှုဖြစ်ကြောင်းရင်း ဆက်နွယ်လာပုံကို အရင်းအတိုင်း သိထားဖို့ လိုသည်။ ဒါမှ တရားရုံးတွင် မည်သို့ မည်ပုံ ထွက်ဆိုရမည်ကို ပြင်ဆင်ရမည်ပါ။

'ကိုကျော်ခိုင်ဟာ ဒေါ်ဒေါ်တို့သားအမိကို အများကြီး အကူအညီပေးခဲ့ပါတယ်၊ သူလိုချင်တဲ့ အခွင့်အရေးကို သုံးနှစ်လောက်ရှိမှ တောင်းခဲ့တာပါ။ ဒေါ်ဒေါ်လဲ တော်တော်နဲ့ မလိုက်လျောခဲ့ပါဘူး။ ဒါပေမယ့် ကျေးဇူးတရားနဲ့ ထောက်ထားရမယ့် အကြောင်းတွေ အများကြီးရှိတာကြောင့် ဇွတ်နှစ်ပြီး မျက်စိမှိတ်လိုက်ရတာပါ'

'သည့်အကြောင်းကို ဝေဝေနွယ်သိတယ်နော်'

'ဒေါ်ဒေါ် သမီးကို ဖွင့်ပြောခဲ့ပါတယ်'

'ဝေဝေနွယ်က. . .'

'ဘယ်သဘောကျပါ့မလဲ မောင်လှအောင်ရယ်၊ ဒေါ်ဒေါ်ဲ သမီးကို နားချရတာပါ၊ ပထမတော့ သားအမိနှစ်ယောက် အိမ်ရှောင်းပြီး တောင်ဥက္ကလာပမှာ အသင့်အတင့်နဲ့ အိမ်လေးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဝယ်မယ်၊ ပိုလျှံတာလေးနဲ့ ရောင်းဝယ်စားကြမယ်လို့ စီစဉ်ကြည့်ပါသေးတယ်၊ ဒေါ်ဒေါ်တို့မှာ မိန်းမသားနှစ်ယောက်ထဲနေရတာဆိုတော့ မျက်နှာစိမ်းတွေ ကြားထဲကို ရုတ်တရက်ဝင်တိုးဖို့က မလွယ်ဘူးလေ။ ဒီမှာက အားလုံးနဲ့ ရပ်ဆွေရပ်မျိုးလို့ ဖြစ်နေတာ။ အိမ်နီးပါးချင်းတွေကလည်း ဒေါ်ဒေါ်တို့ သားအမိကို အများကြီး ပဲစောင့်ရှောက်ကြတယ်။ ပြီးတော့လဲ သည်အိမ်လေးကို သံယောဇဉ်တွယ်နေပြီလေ'

'ဦးကျော်ခိုင်မှာ သားကြီး မယားကြီး ရှိတယ်နော်'

'ရှိတယ် မောင်လှအောင်၊ ဒါပေမယ့်'

'ပြောပါ ဒေါ်ဒေါ်'

'သူတို့က ဒီမှာတော့ မဟုတ်ဘူး၊ မန္တလေးမှာ'

'ကျွန်တော်အမှုအတွက် ပြည့်ပြည့်စုံစုံ မေးရတာမို့ ဒေါ်ဒေါ် ဘယ်လိုမှ သဘောမထားစေချင်ဘူးနော်'

'ဒေါ်ဒေါ်နားလည်ပါတယ် မောင်လှအောင်၊ မေးသာမေးပါ၊ ဒေါ်ဒေါ်မှာ ထိန်ချန်ထားစရာ အကြောင်းလဲ မရှိပါဘူး'

'ဦးကျော်ခိုင်နဲ့ ဒေါ်ဒေါ်တို့ တရားဝင်စာချုပ်စာတမ်း လုပ်ထားတာများ ရှိသလား'

'အဲဒါတော့ မရှိဘူး မောင်လှအောင်'

'ဦးကျော်ခိုင် ဝင်ထွက် သွားလာနေတာနဲ့ ပတ်သက်လို့ မယားကြီး အသိုင်းအဝိုင်းက ပြောဖူးဆိုဖူးတာကော ရှိသလား'

'မရှိပါဘူး'

'ဝေဝေနွယ် ခရီးထွက်နေတဲ့ကိစ္စက ဦးကျော်ခိုင်နဲ့ ပတ်သတ်သလား ဒေါ်ဒေါ်'



'မပတ်သက်ပါဘူးကွယ်၊ သမီးခရီးထွက်တာက ဒေါ်ဒေါ်တို့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ ဥပဒေနဲ့ လွတ်ကင်းပါတယ်'

လှအောင်အိမ်ပြန်ရောက်တော့ ဆယ့်တစ်နာရီကျော်နေပြီ။ သူဉာဏ်မီနားလည်သလောက် အမှုခွင်အနေအထားကို ကြည့်ရာတွင် ဦးကျော်ခိုင် မိသားစုဘက်က ဘယ်သို့ ဘယ်ပုံ လိုက်မည်ဆိုသည့်အပေါ် တည်နေသည်ဟု ဆိုသည်။ ဖိဖိစီးစီး လိုက်မလား၊ မလိုက်ဘူးလား၊ ဖိဖိစီးစီးလိုက်ရင် အကြိတ်အနယ် ဖြစ်မည်။ မလိုက်ရင် အကြိတ်အနယ် ဖြစ်စရာ အကြောင်းမရှိ။

မည်သို့ရှိစေ အမှုတစ်ခုဖြစ်လာပြီဆိုရင် လွယ်သည်ဟူ၍မရှိရာ။

*

နောက်တစ်နေ့မနက်. . . ။

လက်ထိပ်မခတ်သော်လည်း ရဲမေ အစောင့်အရှောက်နှင့်အတူ တရားခွင်သို့ ဝင်ခဲ့ရသည်။ ခေါင်းမဖော်ရဲ။ ဖြတ်သန်းခဲ့ရသည့်နေရာမှ တီးတိုးတီးတိုး ထင်မြင်ချက်ပေးသံများကို လျှပ်တပြက် ကြားလိုက်ရသည်။ သဲသဲကွဲကွဲတော့မရှိ။

တရားရုံးသို့ ကိစ္စအသီးသီးနှင့် လာကြသူများမှာ ကိုယ့်ကိစ္စထက် သူများကိစ္စကိုပို၍ စိတ်ဝင်စားကြသည်ထင်ပ။ ဝေဝေနွယ်ရောက်နေသည့် ရုံးခန်းသို့ စုပြုံရောက်လာကြပါလေ၏။ တချို့များ မမီမကမ်း ခြေဖျားထောက်၍ပင် ကြည့်ကြပါလေသည်။

လှသော အမျိုးသမီးငယ်တစ်ယောက် တရားခံအဖြစ် တရားခွင်သို့ ဝင်လာသည်ကို စိတ်ဝင်တစားရှိကြသည်မှာ ဆန်း

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု မဆိုသာ။

ကြည့်ရုံသာကြည့်ကြသည်မဟုတ်။ ပါးစပ်ကလည်း တီးတိုး တီးတိုး သဖန်းပိုး ထိုးကြသည်။ သို့သော် အမှန်စကားဟူ၍ ထွက်မလာ။ မှုဖြစ်ကြောင်းရင်း ဇစ်မြစ်ကို ဂဃနဏ မသိကြသမို့ စိတ်ထဲထင်သလို စွတ်ပြောပြီး ထင်သလို ကောက်ချက်ဆွဲနေကြသည်ပါ။

ဖြောင့်ချက်ပေးပြီးနောက် တရားစီရင်ရေးအဖွဲ့မှာ ရမန်ကြီး တပတ်ချုပ်နှောင်ထားရန် အမိန့်ချလိုက်သည်။ တရားခွင်အခန်းထဲသို့ ပြန်ထွက်လာတော့လည်း ခေါင်းမမော့ရဲ။ အလုအယက် တိုးဝှေ့ကြည့်သူများမှာ စုစုဝေးဝေးပင် ရှိနေကြသည်။

ဒေါ်ခင်သန်းနွယ်၏ မျက်လုံးများမှာ မို့အစ်နီမြန်းနေသည်။ ပါလာသည့် အဖော်အမျိုးသမီးနှစ်ယောက်က ဒေါ်ခင်သန်းနွယ်၏ လက်မောင်းကို ကိုင်တွဲလျက်။

မနေ့က အချုပ်ထဲမှာ သည်ကနေ့ ထောင်သို့ ဝင်ရတော့သည်။

*

တစ်ရက်သော တနင်္ဂနွေနေ့။

လှအောင်နှင့် ဝေဝေနွယ်တို့ သီတာသဘော်နှင့် သန်လျင်ဘက်ကမ်းသို့ ကူးခဲ့ကြပြီ။ ကျောက်တန်းရေလယ်ဘုရားသို့ ခြေဆန့်ခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် နှုတ်ဖွင့်စကား မဆိုရသေးစေကာမူ နားလည်မှုရှိနေကြပြီ။ လှအောင်က အခြေတကျအလုပ်တစ်ခု မရှိသေးဘဲ အိမ်ထောင်ရေး နယ်ထဲသို့ တိုးမဝင်ချင်။



ဥပဒေဝန်ထမ်းအဖြစ် တာဝန်ထမ်းရမည်လား၊ ပြင်ပဥပဒေအကျိုးဆောင်အဖြစ် ရပ်တည်ရမလား ဆိုသည်ကို မဆုံးဖြတ်နိုင် ရှိနေသည်။ ပြင်ပ ဥပဒေ အကျိုးဆောင်အဖြစ် ရပ်တည်ရေးမှာ လွယ်မယောင်နှင့် ခက်သည်။ အမှုအသေးအဖွဲကလေးများ လိုက်ရရုံလောက်နှင့်တော့ ဘဝရပ်တည်မှု အဆင်မပြေနိုင်။ ဗဟိုတရားရုံးရှေ့နေ အဆင့်ရောက်မှ အမှုလိုက်ရေးပို၍ အဆင်ပြေမည်။ သို့တိုင် ရှေ့နေလမ်းဟု ခေါ်သင့်သည့် ဘားလမ်းလိုပန်းဆိုးတန်းလို နေရာမျိုးမှာ အခန်းနှင့်ဆိုင်းဘုတ် မတတ်နိုင်ရင် အောင်မြင်သည့် ရှေ့နေတစ်ယောက် မဖြစ်နိုင်ပြန်။

ယခင်ခေတ်က အောက်တန်းရှေ့နေနှင့် အထက်တန်းရှေ့နေဟူ၍ ခွဲခြားရှိသလို အောက်တန်းရှေ့နေများမှာ အမှုအသေးအဖွဲကလေးများ လိုက်ကြရသည်။ ယခုခေတ် လှအောင်တို့ ဥပဒေဘွဲ့ရပြီး အခြေမခိုင်သေးသည့် ရှေ့နေကလေးများမှာ ကိုယ့်ဟာကိုယ် ရပ်တည်လို့တော့ အမှုအသေးအဖွဲ လိုက်ရဖို့ပင်မလွယ်။ နယ်မှာလိုမဟုတ် ရန်ကုန်မှာက နာမည်ကျော်ကြားသည့် ဥပဒေပညာရှင်များ စုဝေးနေကြသည်။ သူတို့ကို ထိုးဖောက်ကျော်လွှားဖို့မှာ သုံးလေးနှစ်လောက် အနည်းဆုံး ကြာလိမ့်မည်။

ဒါကြောင့်လည်း ဆိုစကားကို တုံ့ပြန်မည့်ဘက်က အသင့်ရှိနေသော်လည်း သူက ဆိုစကားမပြုဝံ့။ သို့တစေ တနင်္ဂနွေနေ့တိုင်း လိုလိုပင် တစ်နေရာမဟုတ်။ တစ်နေရာသို့ တွဲသွားတွဲလာရှိနေကြသည်။

ကျောက်တန်းသွားသည့်နေ့က ရေလယ်ဘုရားသို့ ကူးခဲ့ကြရာ၌ ရေကျချိန်နှင့် ဆုံသဖြင့် သမ္ဗာန်ပေါ်ကအဆင်း ရွှံ့နှစ်

www.burmeseclassic.com

www.burmeseclassic.com



များ တင်၍ ချောနေသည့် ကျောက်တုံးပေါ်သို့ အကူးတွင် ဝေဝေနွယ်မှာ ခြေချော်၍ လဲကျလုမတတ် ယိုင်သွားသည်။

အလန့်တကြား အော်လိုက်သံနှင့်အတူ ဝေဝေနွယ်၏ ကိုယ်လုံးကလေးမှာ လှအောင်၏ ရင်ခွင်ထဲသို့ ပိုင်ပိုင်စီးစီး ရောက်သွားရသည်။ အော်သူက အလန့်တကြား၊ ဖမ်းဆွဲသူက ကာတိုက်ကရိုက်မို့ တစ်ကိုယ်လုံးမှာ. . .။

ဝေဝေနွယ်တော့ ဘယ်သို့နေမည်မသိ။ လှအောင်ရင်ထဲက ကလီစာတွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသည်မှာ တော်တော်နှင့်အရှိန်မသေ။ အပြန်ခရီးတွင် ခံစားမှု ဝေဒနာ အသစ်တစ်ရပ်မှာ လှအောင်ရင်ထဲတွင် စွဲစွဲခိုင်ခိုင် မြဲမြဲထင်ထင်ကပ်လျက် ပါလာခဲ့ချေ၏။

ဝေဝေနွယ်နှင့် အကြောင်းကို ဆရာဦးမြတ်သွင်အား ဖွင့်ပြော၍ အကြံဉာဏ်တောင်းခံခဲ့ရ၏။ လူပျိုကြီး ဦးမြတ်သွင်၏ အကြံဉာဏ်မှာ သည်တစ်ခါတော့ မပြတ်ထင်။ သူကိုယ်တိုင်က လူပျိုကြီးမို့လားမသိ။ ရှေ့ဆက်လုပ်ဟု အမိန့်မပေးခဲ့။ အချိန်ယူပြီး စဉ်းစားကြတာပေါ့ကွာဟု မတင်မကျ စကားဆိုခဲ့သည်။

ခုတော့. . . . .။

*

ထောင်သို့အဝင်။

အချုပ်ကားကြီး၏ နောက်ခန်းလေးထဲမှာ ကျပ်ကျပ်တည်းတည်း လိုက်ခဲ့ရသည်။ အမျိုးသမီးအချုပ်သမားခြောက်ယောက်အတွက် ချောင်ချောင်ချိချိ မရှိ။ ဝေဝေနွယ်လက်ထဲမှာ အဝတ်



လွယ်အိတ်တစ်လုံး ကိုင်လျက် အဝတ်အစား အပိုတစ်စုံနှင့် စောင်ပါးလေးတစ်ထည်၊ ဘီးတစ်ချောင်း၊ သုံးလက်စ ကရင်ပတ် တစ်ဗူး၊ ဘီစကွတ်မုန့် တစ်ထုပ်ပါသည်။ ထောင်ထဲကို ဘာပစ္စည်းတွေ ဘယ်လောက် ယူရမှန်းမသိ။ ကြားဖူးနားဝလည်း မရှိ။

အချုပ်ကားပေါ်မှာ သူတို့အရင်ဆင်းရသည်။ အုတ်ရိုးမြင့်မြင့်ကြီးနှင့် ထောင်တံခါးအကြီးကြီးကို 'တွေ့လိုက်သည်နှင့် ရင်အခုန်မြန်ပြီး ထန်နေသည်။ ရင်အုပ်အမို့အမောက်မှာ သိသိသာသာ နိမ့်ချည်မြင့်ချည်သို့ ရှိနေ၏။ ထောင်တံခါးအသေးလေး ပွင့်သွားပြီး ခေါင်းငုံ့၍ အထဲကို ဝင်ခဲ့ကြရသည်။

ဆယ်ယောက် ဆယ့်ငါးယောက်လောက်ရှိမည့် ယောကျ်ားလေးတစ်အုပ်၏ စူးစူးရဲရဲ အကြည့်ကြောင့် လုံးဝ ခေါင်းမဖော်ရဲ။ နှစ်ယောက်တတွဲ ဆောင့်ဆောင့်လေးတွေ ထိုင်နေရသည်။

ခဏကြာတော့ အခန်းလေးတစ်ခုထဲသို့ တစ်ယောက်စီဝင်ပြီး အရှာအဖွေခံရသည်။ မိန်းမချင်းမို့ တော်သေးရဲလို့ ဆိုနိုင်ရာသော်လည်း မျက်နှာတစ်ပြင်လုံး ထူးဆန်းနေသည်။ သည်အကြောင်းပြန်စဉ်းစားမိတိုင်း ရင်တုန်ရပါဘိ။

ပြီးတော့ မိန်းမဆောင်ရှိရာကို တန်းစီပြီး သွားရသည်။ ခေါင်းလုံးဝမဖော်ရဲသမို့ ဘယ်နေရာ ဘယ်အဆောက်အအုံမျိုးကို ဖြတ်သန်းခဲ့ရမှန်းမသိ။ တံခါးနီနီကလေးတစ်ခု ရှေ့ရောက်တော့မှ ရပ်လိုက်ရသည်။ ပွင့်သွားသည့်တံခါးပေါက်မှ အထဲသို့ လှမ်းဝင်လိုက်သည်နှင့် အူတိုသလောက် လျှာရှည်သူများ၏ ကြွက်စီကြွက်စီ အသံကို ကြားရသလို သူတို့အား ဗူးဝကြီးမှ ခေါ်လာသည့် အမျိုးသမီးဝါဒါမကြီး၏ အော်သံလည်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ ကောင်မတွေ ဆူလှချည်လား'

ကြက်စီကြွက်စီအသံများ ချက်ချင်းငြိမ်သက်သွားသည်။

နှစ်ထပ်တိုက် အဆောင်ထဲမှာအင်အားမသေးလှသော အမျိုးသမီး ထုကြီးကို တွေ့လိုက်ရ၏။ ထောင်ထဲမှာ အမျိုးသမီးတွေ သည်လောက် များလိမ့်မည်မထင်ခဲ့။ တွေ့လိုက်ရသည့်အင်အား ကြောင့် ကိုယ့်လိုလူတွေ အများကြီး ရှိပါသေးသလားလို့ တအား တက်သွားရသည်။

ဝါဒါမကြီးဒေါ်အေးစိန်(နောက်မှနာမည်သိရသည်)က ခြောက်ယောက်ထဲမှ လူသစ် သူတို့နှစ်ယောက်ကို တန်းစီးထံအပ် လိုက်သည်။ ကျန်လေးယောက်က ရုံးထွက်ပြန် လူဟောင်းတွေ။

တန်းစီး အမျိုးသမီးမှာ အသက် ၄၀ ကျော်လောက် ရှိလိမ့်မည်။ အသားညိုညို ကြည့်ပျော်ရှုပျော် ရုပ်ရည်ရှိသည့်အကျီ လုံချည်မှာ အတော်လေး လတ်လတ်ထည်ထည်ရှိသည်။ မျက်နှာ ထားမှာ တင်းတည်လွန်းခြင်းမရှိ။ ကရုဏာရိပ်ထင်သည်။ စကား ပြောလည်း ပြေပြစ်သည်။ ထောင်ထဲ မရောက်ခင်ကတည်းကပါ လာသည့် ကြောက်စိတ်များ ပြေလျော့သလို ရှိသွားရသည်။

နောက်မှသိရသည်။ တန်းစီးအဟောင်း ဒေါ်ချစ်ပိုတုန်းက ဟုတ်သည် သို့မဟုတ် ဆက်ဆံရေး မောက်မာလွန်းသည့်အပြင် မိန်းမသားချင်းရယ်လို့ စာနာစိတ်လုံးဝမထား အလွန်ဗိုလ်ကျသည်။ ပေးနိုင်ကမ်း ဖော်လံဖားနိုင်သူသာမျက်နှာသာရသည်။ မပေးနိုင် မကမ်းနိုင် မဖားနိုင်ယင် အဆူအဆဲ အငေါက် အကြိမ်းကို အချိန်နှင့်အမျှ ခံရပါတဲ့။

ဝေဝေနွယ်ရောက်မှ ဆက်ဆံရသည့် တန်းစီးသစ် နာမည်



က ဒေါ်ခင့်မေ။

အပြောအဆို ပြေပြစ်သည်။ မိန်းမချင်း ကိုယ်ချင်းစာစိတ် အပြည့်ရှိသလို အတောင်းအရမ်းလည်းမရှိ။ စေတနာနှင့်ပေးသော် ကျွေးသော်မှ ပေးတိုင်းမယူ၊ ကျွေးတိုင်းလည်း မစား၊ အနေအထိုင် တည်ငြိမ်သိမ်မွေ့သည်။ ဘယ်တော့ ကြည့်လိုက်ကြည့်လိုက် လက်ထဲ မှာ ပုတီးလေးနှင့်။

'တို့ဟာ မိန်းမသားတန်မဲ့ အကြောင်းမလှလို့ ထောင်ထဲ ရောက်ခဲ့ရတာ၊ တယောက်နဲ့တယောက် ခင်ခင်မင်မင် သက်သက် ညာညာ ပြောဆို နေထိုင်ကြရမှာပေါ့၊ တကိုယ်ကောင်း ဆန်တဲ့ စိတ်ထားမျိုးမွေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ထောင်ထဲ ရောက်နေသူ အချင်းချင်း သူကဘာပဲ ငါကဘယ်လိုဆိုတဲ့ မာနလဲ မထားကြ သင့်ဘူး၊ မရှိယင်တောင်းစား ခိုးဝှက်ယူတာမျိုး မလုပ်ကြနဲ့၊ ဂုံးချော ဂုံးတိုက် မလုပ်နဲ့ အတင်းအဖျင်းမပြောနဲ့ တယောက် ချောက် မတွန်းနဲ့ ကောင်းကောင်း အေးအေးနေပြီး မျှမျှတတစိတ် ထားကြ ပါကွယ်'

ရောက်ရောက်ချင်း ဤသို့ဆုံးမစကားဆိုခဲ့သည်။

ပြီးတော့မှ သူတို့နှစ်ယောက်ကို နေရာချပေးသည်။ လူကများသဖြင့် ကျယ်ကျယ်ဝန်းဝန်း နေရာမျိုးတော့မရ၊ ကျော တခင်းစာသာ။ ဖျာကြမ်းကြီးများခင်းထားသည့် ထောင်ကပေး သည့်စောင်ကြမ်းကို အခင်းလုပ်၍ ပါလာသည့် လွယ်အိတ် ကလေးကို ခေါင်းခုပြီး လွှာချင်းစောင်လေးကို ကိုယ်ပေါ်လွှမ်းရ မည်ပါ။ ခြင်ထောင်ဆိုတာကတော့ နတ္ထိ။

ညစာအတွက် ထောင်ထမင်းနှင့် စတင်မိတ်ဆက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

နီကျင်ကျင်လုံးတီးထမင်းမှာ စပါးလုံးအဝါတွေ အရော ရော အထွေးထွေးနှင့် ပဲဟင်းက ပြာနှမ်းနှမ်း၊ ငါးပိက ညှိုပုတ်ပုတ် ဆာလောင်မွတ်သိပ်ခြင်းဆန္ဒ မဖြစ်ပွားစေပဲ အဟာန့်အတားသို့နှယ် ရှိပါချေ၏။ သို့တစေ ဝမ်းမီးငြိမ်းသတ်ရန် စားရပေမည်သာ ထောင်ထဲမှာ နေရသမျှကာလပတ်လုံး သူ့ကို မျက်နှာလွှဲ၍မဖြစ်

မနေ့က တညလုံး အိပ်ရေးပျက်ပြီး နေ့လယ်ဘက်တွင် တမှေးတစက် ငိုက်မြည်းခွင့် မရခဲ့သောကြောင့်လားမသိ။ ဖန်တွတ် တွတ်ဖြစ်နေသည့် မျက်လုံးများစင်းငိုက်လာသည်။ ရထား‌သော နေရာတွင် လှဲလိုက်သည်နှင့် အတွေးစဉ်များ မလွှမ်းမိုးခင် အိပ်ပျော်သွားခဲ့သည်။ အိပ်ရာက တရေးနိုးသည့် အခါ အဆော ထဲတွင် ထွန်းထားသည့် မီးရောင်ကလွဲ၍ ပတ်ဝန်းကျင် တခုလုံး အမှောင်ဖုံးလွှမ်းလျက်၊ ဘယ်အချိန်ရှိပြီမသိ။

ဆက်အိပ်ဖို့ကြိုးစားသော်လည်း အိပ်မပျော်။ မိုးလင်းသည် အထိ အတွေးဝက်ဘာထဲသို့ ကျွံနစ်သွားတော့၏။

လူရေတွက်ရန် ထောင်မှူးလေးနှင့် ဝါဒါများ ရောက်လာ ချိန်တွင် သူနိုးနေပြီ။ အခြားသော အဆောင်အတူနေ များလည် နိုးနေကြပြီ။ နှစ်ယောက်စီတွဲ၍ ထိုင်ပေးရသည်။ လူရေတွက် ပြီးနောက် စာရွက်အတိုလေးထဲတွင် ရေးမှတ်၍ ပြန်ထွက်သွား ကြသည်။ သူတို့လည်းနှစ်ယောက်စီတွဲ၍ အခင်းလေး၊ အခင်းကြ သွားသည်ကိစ္စ၊ မျက်နှာသစ်သည့်ကိစ္စလုပ်ရသည်။

မိန်းမသားတွေချည်းနေရသည်ဆိုစေကာမူ တံခါးမရှိသ အိမ်သာတွင် ထိုင်ရသည်မှာ တမျိုးကြီး။ စိတ်ထဲက မလုံမလဲရှိဘိ၏

မနက်အစောကြီးဂန်စီခေါ် ဆန်ကွဲကျိုထားသည့်



တောက်တောက် အရည်တမျိုး ဝေပေးရာ ကိုယ့်ခွက်နှင့်ကို ယူကြရ သည်။ ရောက်နှင့်ပြီးသူ လူဟောင်းများက ဂန်စီကို မြိန်ရည်ယှက် ရည်ပင် သောက်လိုက်ကြသည်။ ဝေဝေနွယ်က သူလျှာနှင့် မရင်းနှီး သေးသမို့ သောက်လို့ မရချင်။ ပြစ်ချွဲချွဲ၊ ငန်ကျွတ်ကျွတ်၊ အရသာ မှာ တမျိုးကြီး။

ရောက်စသမားတိုင်း ထိုသို့ပင်ရှိကြသော်လည်း နောက် ပိုင်းတွင် လျှာရည်လည်သွားကြသည်သာ။

အဆောင်တွင်ရှိနေသူ အတော်များများမှာ သနပ်ခါးနှင့် ပေါင်ဒါနှင့် ရုံးထွက်သွားရမည့်သူများ ဝတ်စားပြင်ဆင်ထားသည် မှာ ကြော့လို့။

ရုံးထွက်မသွားရသူများက ထိုင်သူထိုင်၊ လှဲသူလှဲ။ တချို့ လည်း လေးငါးယောက်စုပြီး စကားဝိုင်းဖွဲ့လို့။ တချို့လည်း အဆောင် အပြင်ဘက်က ပန်းခြံမှာ မြတ်နုတ် ပေါင်းသင် နေကြသည်။

အဆောင်တန်းစီး ဒေါ်ခင်မေက ဝေဝေနွယ်ကိုသူ့ အနား ခေါ် ထိုင်ခိုင်းပြီး အမှုအကြောင်းကို မေးမြန်းနေသည်။

'ဖြစ်ရလေတူမရယ်။ အမေတခု သမီးတခု ဆိုတော့ လည်း ဒါပေမယ့် သည်လို ယောကျ်ားတွေကိုတော့ ဒီလိုလုပ်ပေးမှ အရှက် ကိုငဲ့ပြီး ကျိတ်မှိတ်ခံလိုက်ယင် ကိုယ့်ဘဝပဲနစ်မွန်းမှာ ဒေါ်ဒေါ် အဖြစ်နဲ့လည်း ခပ်ဆင်ဆင်လို့ဆိုရမှာပေါ့လေ သမီးမိန်းကလေး မွေးထားပြီး တပင်လဲတပင်ထူ ဆိုတာကတော့ ဘယ်လိုမှ မကောင်း ပါဘူးလေ'

ဒေါ်ခင်မေက အပြင်ဘက်သို့ ငေးငေးစိုက်စိုက် ကြည့်နေ သည်။ အတိတ်၏ ကြေးမုံရိပ်ပြင်မှာ သူ့မျက်လုံးတွင် ထင်ဟပ်

www.burmeseclassic.com

www.burmeseclassic.com



နေဘိသို့။

'အေးပေါ့ တူမရယ်၊ လူတွေမှာဘဝအကြောင်း အမျိုးမျိုး ရှိခဲ့တာကိုး။ ဘဝစဉ်ဆက် ဟိုတုန်းက ပြုခဲ့ဖူးတဲ့ အကြောင်း မကောင်းတဲ့အခါ ကျတော့ ခုဘဝမှာ လာပြီး မကောင်းတဲ့ အကျိုးထင်တာပေါ့၊ အဲဒီလိုဝဋ်ကြွေးရှိခဲ့ပြီဆိုမှဖြင့် သူ့အချိန်ရောက်ပြီဆိုယင် ပေးဆပ်ရစမြဲပဲ။ အေး ထောင်ထဲမှာနေရ အခိုက်တော့ ကြည့်ပေါင်း ကြည့်နေပေါ့ကွယ်။ ဘယ်သူတွေကို စိတ်ပေါင်း ကိုယ်ခွာပေါင်းရမယ်၊ ဘယ်သူတွေကို စိတ်ပေါင်း ကိုယ်ခွာပေါင်းရမယ်၊ ဆိုတာကိုတော့ တူမ သိလာပါလိမ့်မယ်။ တို့ မိန်းမ ထောင်မှာ ပြဿနာကြီးကြီးမားမား မဖြစ်ပေမယ့် အသေးအဖွဲကတော့ ခဏခဏပဲ။ သည်အထဲမှာ ကိုယ်မပါအောင်တော့ ကြည့်နေပေါ့။ အကြောင်းကိစ္စကြီးငယ် ရှိရင်လည်း ဒေါ်ဒေါ်ကိုပြောတော့။

'ခုလို ကူညီစောင့်ရှောက်တဲ့အတွက် ကျေးဇူး အများကြီး တင်ပါတယ် ဒေါ်ဒေါ်ရယ်၊ ဆုံးမစရာရှိရင်လည်း ဆုံးမပါ'

'ကဲ. . . ကဲ. . ရေချိုးဖို့အတွက်ပြင်ကြ၊ တော်တော်ကြာ ရေချိုးရမယ်'

ရေကို အစုလိုက် အပြုလိုက် မချိုးရ၊ လေးယောက်တတွဲ တစ်ယောက် ဆယ့်ငါးခွက်ပဲ ချိုးရသည်။ အဝတ်လျှော်ဖွပ်လိုသူများက နောက်ဆုံးမှ ချိုးရသည်။ ရေချိုးပြီးသည်နှင့် အလှကြိုက်သော မိန်းမတို့ မွေ့တာအတိုင်း ဖီးလိမ်းပြင်ဆင်ကြသည်။ သူတို့၏အလှသရုပ်ကို ပီပီပြင်ပြင် ဖော်လျက်သာပါ။

ကျဉ်းကျပ်လှသည့် အချုပ်အနှောင်ခံဘဝသို့ ရောက်နေစေကာမူ တချို့မှာ အလှမပျက် အပြုံးမပျက် ရှိကြ၏။ ဝေဝေနွယ်တို့လို တခါတခေါက် ရောက်ဖူးကြသည့် ရောက်စများသာမရယ်နိုင်၊ မပြုံးနိုင်ရှိကြသည်။ ဝင်ကစို့လုပ်နေသည့် ထောင်ကြီးပျော်အမျိုးသမီးအချို့မှာ တပေါ့ပေါ့ တဟားဟား မညှိုးလုံးသို့နှယ်ပျော်ပျော်ပါးပါးကြီး နေနိုင်ကြသည်။



မြန်မာ့အသံမှာ တစ်စုံတစ်ယောက်ကို ရည်ညွှန်း၍ တောင်းဆိုသည့် သောတရှင်တို့လိုရာ သီချင်းကဏ္ဍရှိသလို မိန်းမထောင်မှာလည်း ထောင်အပြင်တွင် ကျန်ရစ်ခဲ့သည့် 'မောင်မောင် ဘယ်သူ့အတွက်' ဟု ကြေငြာပြီး ထောင် အဆိုတော်များလည်း ရှိကြသည်။

တကယ်တော့ ပြောလိုက်ကြ၊ ရယ်လိုက်ကြ၊ ဆိုလိုက်ကြ နေနိုင်သူ မညှိုးလုံးတွေ ရှိသောကြောင့်သာ နောက်ကျီစရာ၊ စိတ်အစဉ်ကို ဖြေလျော့ခွင့်ရသည်။ နို့မဟုတ်ဘဲ ရှိသမျှ အားလုံး တတွေးတွေး၊ တမှိုင်မှိုင် တငိုင်ငိုင်၊ တမောမော ရှိနေကြမည်ဆိုလျှင် တရက်တာ အချိန်ကို အချိန်ကုန်ဖို့ပင်မလွယ်။ .

'တပိန်ပိန် တလိမ်လိမ်' ဆိုသော ပမာစကားမှာ ထောင်ထဲရောက်နေသူများနှင့် လိုက်လျောညီထွေ အရှိဆုံး ပမာစကားဟု ဆိုရပါချေမည်။

မျက်စိပသာဒ ကြည်မြစရာ ကြည့်စရာမရှိ၊ သာယာနာပျော်ဖွယ် အသံဆိတ်သုဉ်းသည့်နေရာတွင် တပိန်ပိန် တလိမ်လိမ် ကုန်လွန်စေခဲ့ပြီး သုံးရက်မြောက်နေ့တွင် ပထမဆုံး ထောင်ဝင်စာ တွေ့ရသည်။ ထောင်ဝင်စာဆိုသည့် အတွေ့အကြုံသစ် တစ်ရပ်ကို တွေ့ရတော့မည်ပါ။ ထောင်ဝင်စာ အတူတွေ့ရမည့် သူတို့ သုံးယောက်အဖွဲ့ကို ဝါဒါ ဒေါ်အေးစိန်က ခေါ်ဆောင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးကြီးရောက်တော့ နှစ်ယောက်ကို ထောင်ဝင်စာ တွေ့
မည့် အခန်းထဲ ခေါ်သွားသော်လည်း ဝေဝေနွယ်က ထောင်မှူးကြီး
ရုံးခန်းထဲသို့ သီးခြားခွဲ၍ ဝင်ခဲ့ရသည်။

လှအောင်နှင့် မမြင့်ဖူးသူ လူစိမ်းတစ်ယောက်။

'ဝေနွယ်နေကောင်းတယ်နော်'

'ကောင်းပါတယ် ကိုအောင်'

'ဟောဒါ ကိုအောင့်ဆရာ၊ ဗဟိုတရားရုံးရှေ့နေကြီး
ဦးမြင့်မောင်ပဲ ဝေနွယ်'

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

'ဝေနွယ့်အမှုကို ဆရာနဲ့ ကိုအောင်တို့ နှစ်ယောက်စလုံး
လိုက်ပေးမှာ'

'ကျေးဇူးတင်လိုက်တာ ဝေနွယ် ဘယ်လိုပြောရမှန်းတော
မသိတော့ဘူး'

'အမှုဖြစ်ပုံ အသေးစိတ်ကို ဝေနွယ်ကိုယ်တိုင် ဆရာ့
ပြောပြ'

ဝေဝေနွယ်က အမှုဖြစ်ကြောင်းကို အသေးစိတ်ပြော
ခဲ့ရာ ဦးမြင့်မောင်က လိုအပ်သည်များကို မေးမြန်းပြီး ရဲစခ
ထွက်ဆိုချက်ကိုပါ အသေးစိတ် မေးမြန်းခဲ့သည်။

ရဲစခန်းထွက်ဆိုချက်နှင့် တရားရုံးထွက်ဆိုချက် အလွ
အမင်း မကွဲပြားဖို့ အရေးကြီးသည်။ ရဲစခန်း ထွက်ဆိုချက်
တရားရုံး ထွက်ဆိုချက် တခြားစီထွက်ဆိုလျှင် တရားခံအတွ
နစ်နာသည်။ တရားစီရင်ဆုံးဖြတ်မည့် ပုဂ္ဂိုလ်များအနေဖြင့် တ
ခံထွက်ဆိုချက်အပေါ် အလေးမထားရှိတတ်သည်။



လှအောင်နှင့် ဦးမြင့်မောင်တို့ ပြန်သွားကြပြီးနောက် သူ
လည်း အဆောင်သို့ ပြန်ခဲ့ရသည်။ အမှုအတွက် အားတက်စရာ
သို့ ဖြစ်ရသော်လည်း အမေ့အတွက်မူ သောကထွေနေရသည်။
အမေတစ်ယောက်တည်း ဘယ်လိုများ နေမှာပါလိမ့်ဟုဆိုသည့်
စိုးရိမ်မှု၊ ပူပန်မှုများ ရင်မှာ ပြည့်သိပ်နေသမို့ ထောင်ဖွင့်စာမှ
အပြန်ရသည့် ပုံစံထမင်းကို အနည်းငယ်မျှသာ စားနိုင်သည်။

ထမင်းစားပြီး ရထားသည့် နေရာကလေးမှာ ခွေခွေ
ကလေး လှဲနေစဉ် ဒေါ်ခင်မေက ထောင်ဝင်စာကိစ္စ မေးလာ
သဖြင့် အကျိုးအကြောင်း ပြောပြရ၏။ ဟိုအကြောင်း သည်
အကြောင်း ဆက်ပြောကြရင်း မေးချင်သော်လည်း မမေးဝံ့သမို့
အောင့်အည်းနေရသည့် ဒေါ်ခင်မေ အမှုအကြောင်းသို့ ရောက်
သွား၏။

ဒေါ်ခင်မေက လိုလိုလားလား စကားစလာသည်။ ထောင်
ထဲမှာ တစ်ယောက်အကြောင်း တစ်ယောက်ပြောကြသည်မှာ အစဉ်
အလာ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ခြောက်

'ဒေါ်ဒေါ်အဖြစ်နဲ့ တူမအဖြစ်က မတူပေမယ့် ခပ်ဆင်ဆင်လို့တော့ ဆိုနိုင်တယ်လေ၊ ဒေါ်ဒေါ်ရဲ့ ပထမခင်ပွန်းက သိပ်သဘောထား ပြည့်ဝတာ။ သားမယားအပေါ် အလိုလိုက်တာကလည်း ဘေးလူတွေ မနာလို မရှုစိမ့် ဖြစ်ရလောက်အောင်ကို အလိုလိုက်တာ။ ဒေါ်ဒေါ်ဆို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နူးနူးဖတ်ဖတ် ကြော့ကြော့တင်တင်ကလေး နေခဲ့ရတာပေါ့။ လုပ်ငန်းကလည်းကောင်း၊ ဝင်ငွေကလည်း ဖြောင့်၊ တစ်လနဲ့ တစ်လ အလျှင်မီရုံဆိုတာမျိုး မဟုတ်ပဲ အလျှံအပယ် သုံးတာတောင် ပိုလျှံသေးတဲ့ အနေအထားမျိုးဆိုတော့ ပူပင်သောကဆိုတာ ဘယ်ရှိပါ့မလဲ တူမရယ်'

မော်တော်ကားစက်ပြင်ဆရာ ကိုကျော်ဖေ။ နာမည်နှင့်လိုက်အောင်ကျော်၍ နာမည်ကြီးသည်။ စစ်ပြီးစကတည်းက အော်တိုကားမှာ စက်ပြင်ပညာသင်ဘဝနှင့် အောက်ခြေက စလုပ်ခဲ့သူ။ ရရစားစား လခစားအလုပ်ကို စတင်လုပ်ခဲ့သော်လည်း ထိုဘဝမြဲ၍ ထိုဘဝနှင့်သေဖို့ စိတ်ကူး လုံးဝမထည့်ခဲ့။ တစ်နေ့ ကိုယ်ပိုင် ဝပ်ရှော့ထောင်နိုင်ရမည်ဆိုသည့် ရည်မှန်းချက်ကို အခိုင်



အမာပိုက်ထွေးထားသူပါ။

မခင်မေနှင့် ချစ်စတုန်းက အော်တိုကား မဏ္ဍနစ်ကလေး။

ကျော်ဖေက ပေပေရေရေ အလုပ်ကို လုပ်နေရစေကာမူ သူ့ကိုယ်သူ သန့်သန့်ပြန့်ပြန့်လေး နေတတ်သည်။ အလုပ်သွား အလုပ်ပြန် သူ ဝတ်စားဆင်ယင်ပုံကို ကြည့်ရင် ရုံးစာရေးလေး လားလို့ ထင်ရလောက်အောင် ရှိုးကျကျ ဝတ်ဆင်ခဲ့သည်။

ရည်မှန်းချက်ကြီးမားသူ ကျော်ဖေက လခစားအလုပ်ကို သေတန် သက်တဆုံး လုပ်ဖို့ မရည်ရွယ်သည့်အတိုင်း ဝပ်ရှော့နှင့် သက်ဆိုင်ရာ ပစ္စည်းများကို တဖြည်းဖြည်းချင်းစုခဲ့ရာ အတော်ကလေး ပြည့်စုံနေပြီ။ သို့တစေ ဝပ်ရှော့တစ်ခု ထောင်နိုင်လောက်အောင် မပြည့်စုံသေး။ ကိုယ်ပိုင်ဝပ်ရှော့ထောင်ပြီးမှ မခင်မေနှင့် ချစ်ရည်တူနှစ်ကိုယ်မျှဖို့ စီစဉ်ထားကြသည်။ မခင်မေတို့အိမ်ကလည်း သူတို့နှစ်ယောက် အနေအထားကို ရိပ်မိတန်သလောက် ရိပ်မိနေကြပြီ။ သဘောမတူနိုင်သည့် အရိပ်အခြေမျိုးမပြ။ သူတို့နှစ်ယောက်က အေးအေးဆေးဆေး၊ ဒါပေမယ့် မမျှော်လင့်ပဲ မခင်မေကို စိတ်ဝင်စားသူတစ်ယောက် ပေါ်လ သည်။

ကြည့်မြင်တိုင်ဘူတာရုံ ဘူတာစာရေး သိန်းငွေ။

သိန်းငွေ မပေါ်ခင်က မခင်မေ၏အမေ ဒေါ်အေးရင်၏ လိုက်လိုက်လျောလျော ဆက်ဆံမှုကို ခံခဲ့ရသူမှာ ကျော်ဖေ။ သိန်းငွေဝင်လာသည့်နောက် ဒေါ်အေးရင် အရေးပေးခံရသူမှာ ကျော်ဖေ မဟုတ်တော့ သိန်းငွေ ဖြစ်လာသည်။

မဏ္ဍင်းနစ်နှင့် စာရေး။

ဒေါ်အေးရင်က စာရေးကို ရွေးလိုက်သည်မှာ မိဘ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အနေနှင့် မှန်သည်ဟု ဆိုရမည်။ မကြွင်းနစ် ကတော်လို့ မရှိ၊ စာရေးကြီးကတော်သာ ရှိသည်။ ကိုယ့်သမီးကို ကတော်စာရင်း ဝင်စေချင်သည်မှာ မိဘ၏စေတနာနှင့် မေတ္တာဟု ဆိုရမည်ပါလေ။

အေးအေးဆေးဆေး အခြေအနေက ဖုတ်ပူမီးတိုက် အနေအထားသို့ ရောက်လာသည်။ သို့တစေ မခင်မေကတော့ သဘောထားမပြောင်း၊ အချစ်မျက်နှာ အလှည့်မပြောင်း။

ဝပ်ရှော့ထောင့်ပြီးမှ ဆိုသည့် အစီအစဉ်ကို ပြောင်းလိုက်ရတော့၏။

အခြေအနေ ဖန်တီးမှုကြောင့် သူတို့နှစ်ယောက် စောစီးစွာ အိမ်ထောင်ကျခဲ့သည်။

မိသား ဖသား ပီပီ ပြန်အပ်ဖို့ စကားဆိုသည်ကို ဒေါ်အေးရင်က ကြည်ကြည်သာသာ လက်မခံ။ လိုလားသည့် သားမက်အပေါ် လွတ်သည့်ငါး ကြီးချင်နေသည်။ ကျော်ဖေရင်ထဲမှာ အောင့်အောင့်တောင့်။ ဒါပေမယ့် အမျက်စကားမထွက်ဆို။ ရွှေသမက် အယ်သူလည်းဆိုတာ တစ်နေ့သိစေရမည်ဟု ရင်ထဲကပဲ ကြုံးဝါးလိုက်၏။

မခင်မေနှင့်ရပြီး တစ်နှစ်ကျော်ကျော်တွင် အလုပ်မှထွက်၍ ဝပ်ရှော့ထောင်လိုက်သည်။ အကြီးစား ဝပ်ရှော့တော့မဟုတ်။ သူ့အကြောင်းသိသူတွေက တစ်ဆင့်စကား တစ်ဆင့်နားဖြန့်ရာမှ အလုပ်လက်မလည်အောင် ဖြစ်လာရာ တပည့်လေးယောက်နှင့်ပင် မနိုင်မနင်း ဖြစ်လာသည်။ ငါးနှစ်အတွင်း မခင်မေမှာ ရွှေတွဲလွဲ၊ ငွေတွဲလွဲ။ ခဲသမက်လောက် သဘောထားခဲ့သည့် ဒေါ်အေးရင်က



ခုတော့ ငွေသမက်၊ ရွှေသမက်ရယ်လို့ အမြင်ကြည်ကြည်လင်လင်ရှိလာသည်။

ဘူတာစာရေးလေး သိန်းဌေးလည်း မခင်မေတို့နှင့် မရှေးမနှောင်း အိမ်ထောင်ပြုခဲ့သည်။ ဒေါ်အေးရင်အထင်ကြီးခဲ့သော သိန်းဌေးမိန်းမမှာနားကပ်ကလေးတရံနှင့် သွတ်နန်းကြိုးလောက်ဆွဲကြိုးတကုံးသာ ဆွဲနိုင်ရှာသည်။

ပမာပြောစကားရှိသည် 'ခွေးသေသားရေမရှိ၊ စာရေးသေအမွေမရှိ' ဟူ၍"

အတတ်ပညာရှင်ဆိုတာကမှ လက်ဖျားငွေသီးတာ။ စက်မှုပိုင်းဆိုင်ရာ အတတ်ပညာ အများစုမှာ အောင်မြင်လာပြီဆိုယင် အလုပ်ခွင် မမြဲချင်ကြတော့။ ငွေသီးအောင် လုပ်နိုင်စွမ်းသည့် လက်များကို အလုပ်ခွင်မှ အနားပေးပြီး အရက်ဖန်ခွက်နှင့် ဖဲချပ်ကိုင်သော လက်များအဖြစ်သို့ ပြောင်းလဲပစ်တတ်ကြ၏။

သည်လိုမျိုး ပြောစမှတ်ပြုရသူထဲမှာ ကိုကျော်ဖေမပါ။ သူကရသမျှ မယားကိုဆင်ပြီး အလုပ်ထဲမှာပဲ စိတ်ရောကိုယ်ပါနစ်မြုပ်ထားသူပါ။

ကားစက်သံကို နားထောင်ရုံနှင့် ဘာဖြစ်နေသည်။ ဘာဖြုတ်၍ ဘာလုပ်ရမည်ကို ပြောနိုင်လောက်အောင် လုပ်ငန်းကျွမ်းကျင်သူအဖြစ် ရပ်တည်နိုင်ခဲ့သည်။

'အဒေါ်ဆိုတာနှစ်နှစ်လောက်ပဲ ကိုယ်တိုင်မီးဖိုထဲ ဝင်လိုက်ရတယ်၊ နောက်ပိုင်းတော့ ခြေမွေးမီးမလောင် နေခဲ့ရတာပေါ့ 'မနက်မိုးလင်းတာနဲ့ ကြော့နေအောင် ဖီးလိမ်း ပြင်ဆင်ပြီး'

ဒေါ်ခင်မေပြောသည့်အတိုင်းဟုတ်နိုင်ဖွယ်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်ထဲမှာတောင် မိုးလင်းတာနဲ့ သနပ်ခါးဖုံလို့ပါ။

ကိုကျော်ဖေတို့အလုပ်က ဝင်ငွေကောင်းတာတော့ဟုတ်ပါရဲ့ ဒါပေမယ့် ထမင်းစားချိန်မမှန်၊ လုပ်လက်စတန်းလန်းကို ဖြုတ်ဆို့ချထားခဲ့လို့ ရတာမျိုးမှ မဟုတ်တာ။ လက်ဖက်ရည်ပဲ စွတ်ကယ် စွတ်ကယ်သောက်ယင်း မနက်စာ လွတ်ရက်များရသည်။ ကြာတော့ အစာအိမ် စကားပြောလာပြီ။

'ဒီလိုနဲ့ တနေ့တော့ ဗိုက်ထဲက အောင့်လှချည်ဆိုပြီး လူးလိမ့်နေတာနဲ့ ဆေးရုံပို့လိုက်ရတယ်'

ဒေါ်ခင်မေမှာ ပြောနေယင်းမျက်ရည်များဝေ့ဝဲလာသည်။

'ကိုကျော်ဖေ ဒေါ်ဒေါ်တို့သားအမိကို မျက်ကွယ်ပြုတော့ သမီးလေး ဆယ့်သုံးနှစ်၊ ဝပ်ရှော့ပစ္စည်းတွေရော ရွှေငွေပါ ထုပ်ထုပ်ထည်ထည် ကျန်ရစ်ခဲ့ပါတယ်။ ဒါပေမယ့်သူရှိတုန်းကလို အလုပ်မကောင်းတော့ဘူးလေ၊ အလုပ်သမားတွေကလဲ သူရှိတုန်းကလို မဟုတ်ဘူး အလုပ်ကောင်းကောင်းမလုပ်ကြတဲ့အပြင် ဝပ်ရှော့ပစ္စည်းတွေဟိုဟာပျောက်သည်ဟာပျောက် ဖြစ်လာတယ်။ ဒါနဲ့ ဝပ်ရှော့ကို ပိတ်ပစ်လိုက်ရတယ်'

ဒေါ်အေးရင်တို့က ဝပ်ရှော့ပိတ်ပစ်တာကို သဘောမကျ။ ဦးစီးကောင်း တယောက်ရှာပြီး ပြန်လုပ်ဖို့ တကျိကျိ တိုက်တွန်းလာသည်။

'ဟဲ့ ခင်မေ နင့်အဖေလဲ အားနေတာပဲဟာ နင့်အဖေလဲ ထိုင်လိမ့်မပေါ့၊ ဒီလောက်ဝင်ငွေကောင်းတဲ့အလုပ်ကို ဘာလို့ရပ်ပစ်ရမှာလဲ၊ နင့်အဖေနဲ့ ခင်တဲ့ ဝပ်ရှော့ဆရာရှိတယ် နင်မလုပ်ချင်လဲ နေ တို့ပဲလုပ်မယ်'



'အမေတို့က အဲဒီလိုပြောလာတော့ ဒေါ်ဒေါ်လဲ ခေါင်းညိတ်လိုက်ရတယ်'

ဝပ်ရှော့ဆရာ ကိုညိုသောင်း။

ကိုကျော်ဖေကို မမီသော်လည်း ဝပ်ရှော့တခုကို ဦးစီးလုပ်နိုင်သည့် အရည်အချင်း အပြည့်မီသည်။ ပိတ်ထားသည့် ဝပ်ရှော့ကို ပြန်ဖွင့်ရသည်ကတကြောင်း၊ ဆက်ဆံမည့် လုပ်ငန်းရှင်များမဝံ့မရဲရှိသည်က တကြောင်းကြောင့် ပထမပိုင်း လုပ်ငန်းမတွင်ကျယ်၊ နောက်ပိုင်း သုံးဘီးတွေကို လပေးနှင့် လက်ခံလိုက်ရာမှ နာမည်ထွက်လာပြီး သုံးဘီးဝိဇ္ဇာအဖြစ် အသိအမှတ်ပြု ခံလာရ သည်။ တော်တော်လေးလည်း အလုပ်ဖြစ်သည်။

ကိုညိုသောင်းက အလုပ်ကို အတော်လေး ကြိုးစားသည်။ ဒါပေမယ့် ညနေလေးနာရီခွဲ နောက်ပိုင်းတော့ အလုပ်ကိုမကိုင်သူက ပါစကကို မက်မက်မင်မင်မှီဝဲခဲ့သူ။ အတူနေကြတာမဟုတ်တော့လည်း ပါစကမှီဝဲတတ်ကြောင်းမသိကြ။ လုပ်ငန်းသဘောအရ ဆက်ဆံရသည်မှ တယောက်နှင့်တယောက် ရင်းနှီးမှုရှိလာသည်။ ကိုညိုသောင်းက လူပျိုကြီး မခင်မေက မုဆိုးမဆိုပေမယ့် အပျိုကြီးသို့နှယ် အရွယ်တင်သည်။ လှနေဆဲ ကြွနေဆဲ။

ဘေးတီးပေးသူက အမေဒေါ်အေးရင်။

'တပင်လဲ တပင်ထူတာဘာဖြစ်သလဲ နှစ်နှစ်ကျော်ကျော်ရှိပြီပဲဟာ တသက်လုံး တပင်မထူတော့ဘူးလား၊ ခုဟာက ကိုယ့်လုပ်ငန်းနဲ့ ဆက်စပ်နေတာဆိုတော့ ပိုပြီးအဆင်ပြေတာပေါ့၊ နင့်သမီးအတွက် ဘာပူစရာရှိလဲ၊ သူ့ကိုလဲ အိမ်ထောင်ရက်သား ကြည့်ချပေးလိုက်ယင်ပြီးတာပဲ၊ သည်လိုမှမဟုတ်ယင်လဲ တို့အတူ

www.burmeseclassic.com

www.burmeseclassic.com



လာနေပစေပေါ့'

'ဒေါ်ဒေါ်လဲ အဘက်ဘက်က အမျိုးမျိုးတွေ့စဉ်းစား သေးတာပဲ ဒါပေမယ့်'

ကိုညိုသောင်းနှင့် မခင်မေတို့ အကြောင်းဆက် ပေါင်းဖက်ကြသည်မှာ တနှစ်ကျော်ပြီ။ မယားပါသမီးအပေါ် ဆက်ဆံပုံမှာလည်း ပထွေးရယ်လို့ မပြောရလောက်အောင် ကောင်းသည်။ ဖခင်အရင်းအချာသဖွယ်သို့ရှိခဲ့သည်။ စိတ်မချစရာအသွင်အပြင် လုံးဝမထင်။ ညနေဘက် ပါစကမှိဝဲပေမယ့် ဆိုးဆိုးရွားရွားကြီး မဟုတ်။ ဣန္ဒြေရရ အားလုံး အဆင်ပြေပြေ သမီးအပေါ်လဲမရိုးသားတဲ့ဟန်မျိုးမပြဘူး။ ဒါပေမယ့် ဆင်ကြံကြံသည်ဆိုသောပမာစကားရှိသည်။ ဆင်ကြံ ကြံသည်ကိုမူ သိရန်ခက်ခဲဘိ၏။

'အခြေအနေက အားလုံးကောင်းနေတယ်လေ၊ သမီးချိုမြာကို အိမ်ထောင်ရက်သားချပေးဖို့ကိစ္စ ပေါ်လာတော့ အဖေနေရာမှာရှိတဲ့ ကိုညိုသောင်းကို တိုင်ပင်ရတာပေါ့၊ သူက အင်းမလုပ် အဲမလုပ် မင်းတို့ကိစ္စ မင်းတို့ပဲကြည့်စီစဉ်ပေါ့လို့ ပြောလာတယ်။ အဲဒီနေ့က ဝါဆိုလပြည့်နေ့ ဝပ်ရှော့ပိတ်ထားတယ် သူလဲမနက် အစောကြီးကတည်းက အိမ်ကထွက်သွားတယ်၊ ဒေါ်ဒေါ်လဲ သမီးကိစ္စအတွက် အပြင်ထွက်ရတယ်၊ အိမ်မှာ သမီးတယောက်တည်း ဒေါ်ဒေါ်လည်း ဒီလိုဖြစ်လိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး။ တော်သေးတာပေါ့ ဒေါ်ဒေါ်အချိန်မီ ပြန်ရောက်လာပေလို့ သမီးရေတိမ်မနစ်တာ၊ ဒေါ်ဒေါ်အပြင်ကပြန်ရောက်လာတော့ အိမ်ခန်းထဲမှာ ဝရုန်းသုန်းကား ဖြစ်နေပြီလေ၊ မျက်စိတွေ ပြာဝေပြီး သူ့ခေါင်းကို သံတုတ်နဲ့ ရိုက်ထည့်လိုက်တာပဲ၊ ဝပ်ရှော့ဆိုတော့



အိမ်မှာ သံတိုသံစတွေကလဲပေါတာကို၊ ဒေါသကြောင့်လား မသိဘူး ရိုက်ချက်ကလဲပြင်း ထိတာလဲနောက်စေ့ဆိုတော့ တခါတည်းပဲ'

ဒေါ်ခင်မေ၏ မျက်နှာထားမှာ ရုတ်ချည်းပင် တင်းမာခက်ထန်သွားသည်။

'ဒေါ်ဒေါ် ထောင်ဘယ်လောက်ကျသလဲဟင်'

ဝေဝေနွယ်က အမောတကော မေးလိုက်မိသည်။

'ငါးနှစ်တူမ ငါးနှစ်'

သူလည်း သည်လောက်တော့ မျှော်မှန်းထားရလိမ့်မည်ပါ။

ယောကျ်ားတို့အကြောင်း စဉ်းစားရသည်မှာအသိခေါက်ခက် အဝင်နက်ဘိသို့ ရှိရပါချေ၏။

တဏှာဝေမနှင့် ပတ်သက်ယင် သိက္ခာသမာဓိရှိသည်ဟူ၍ မယုံစားရာ။

'ရုံးထွက်တွေ့ အသင့်ပြင်ကြမယ်ဟေ့'

အမျိုးသမီးထောင်ကြပ်၏ သတိပေးသံထွက်လာသည့် အချိန်တွင် သူတို့အားလုံး အသင့်ဖြစ်နေကြပြီ။

ရုံးထွက်သမားတွေ အစောကြီး ရေချိုးကြရသည်။

တချို့လည်း ဖီးလို့လိမ်းလို့၊ တချို့လည်း မပြင်မဆင်နဂိုအနေအတိုင်း။

ဝေဝေနွယ်က မျက်နှာကို နဂိုအတိုင်းရှိစေသည်။ ဘာမှမပြင်ဆင်။ အကျီလက်ရှည်ကြည်ပြာရောင်နှင့်ပါတိတ်ဘဲခေါင်းအစိမ်းရောင်ထဘီကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ ဒေါ်ခင်မေက သနပ်ခါးလေး ပွတ်သွားပါအုံးလားလို့ စေတနာနှင့် ပေးလာသည့် သွေးပြီးသား သနပ်ခါးကိုပင် မျက်နှာပေါ် မတင်ခဲ့။

အသိန်းတို့ မခင်ရွှေတို့ဆို မျက်နှာတပြင်လုံး ဖွေးကနီကာ

www.burmeseclassic.com

www.burmeseclassic.com



အပြည့် ခြယ်ထားကြသည်။ ရုံးထွက်သွားရမည့် အချုပ် တရားခံလို့ မပြောသာအောင်ပင်။ ဝမ်းဆက်ခေတ်လို့ မပြောရ၊ သူတို့မှာ ဝမ်းဆက်ကိုယ်စီနှင့်။

အသိန်းခေါ် မမြသိန်းက အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်လျလျမို့ ဝမ်းဆက်နှင့်လိုက်ဖက်သည်။ မမြရွှေက မည်းမည်းတုတ်တုတ်၊ ပုံမကျပန်းမကျ ကိုယ်လုံးကိုယ်ထည်နှင့် အနီရောင်ဝမ်းဆက်မှာ မလိုက်ဖက်ဟု ဆိုရမည်သို့။

အိုးတိုက်ဖွဲပြာသည် ဒေါ်ဖွားတင်မှာ ဆီမတွေ့သော ဆံပင်နီကျန်ကျန် ဖွာလံရာကြနှင့် အရောင်အသွေး လွင့်စင်နေပြီဖြစ်သောအိန္ဒိယ ရှန်သားပွင့်ရိုက်နှင့် ပါတိတ်လုံချည်အဟောင်းကို ဝတ်ထားသည်။ သူ့မှာ ဝတ်စုံအပိုမရှိ။ ထောင်ထဲမှာလည်း သည်ဝတ်စုံ၊ ရုံးထွက်တော့လည်း သည်ဝတ်စုံ။

သူတို့အထဲမှာ ရှိုးအကျဆုံးကတော့ မမကြည်ခေါ် မမေမေကြည်။ ပါတိတ်ဝမ်းဆက်ဆိုပေမယ့် ရှစ်ဆယ်၊ တရာတန်မဟုတ်သုံးရာအထက်မှာရှိသော အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်နှင့် ရုပ်ကလည်းလှ ဟန်ပန်ကလည်း ပြည့်တင်းသည်။ ထောင်ထဲမှာ တဦးတည်းသော မျက်တောင်အတုတပ်သူ။ တခါတရံ မျက်တောင်တုတပ်သူများမှာ မျက်တောင် အောင့်သည့်ဒဏ်ကို မခံနိုင် မျက်တောင်ကို ခဏခဏ ပုတ်ခတ်ပုတ်ခတ်လုပ်ရသည်။ မမကြည်ကတော့အမြဲတပ်သမို့လားမသိ မျက်တောင်မှာ ငြိမ်ငြိမ်သက်သက်၊ ကော့စင်းနေသည်။ ထောင်ထဲမှာ မိတ်ကပ်မပြတ်အောင် လိမ်းသူအဖြစ် အားလုံးက အသိအမှတ်ပြုထားရသူပါ။

ညွန့်ညွန့်နှင့် အမြခေါ် မတင်မြတို့မှာ ထောင်ထဲကို ဝင်က



စို့ လုပ်နေသူများနှင့် ဖြစ်သည့်အတိုင်း မျက်နှာပိုးမသေ၊ ဖီးလိမ်းပြင်ဆင်ပုံမှာလည်း သိသာလွန်းသည်။

သူတို့ ထောင်ဗူးဝသို့ အသွားမှာ ဝါဒါ ဒေါ်အေးစိန်က ညွန့်ညွန့်နှင့် အမြတို့က တဟင်းတဟင်းတဟဲဟဲ လုပ်နေရ၏။ အကြည့်ခံရရုံသာမဟုတ်။ ထင်မြင်ချက်အသံလေးများကိုပါ သဲ့သဲ့ကွဲကွဲ ကြားနေရသည်။ အပြာလေးက ဘယ်လို၊ အဝါလေးက ဘယ်သို့၊ အနီလေးက ဘယ်ပုံဆိုသည်များကို ပါးစပ်စည်းလွတ်ပြောနေကြသည်။ ဒေါ်ခင်မေက ရုံးထွက်သွားရင် ဘယ်မှမကြည့်နဲ့ဟု မှာလိုက်သဖြင့် ဘယ်ကိုမကြည့်။ ကြည့်မိရင် ကိုယ်အမူအရာနှင့် အပြစ်တွေကို မြင်ရမည်။

သူတို့မှာ အမှတ်(၂)လိုင်း အချုပ်ကားနှင့် လိုက်ခဲ့ရသည်။

အချုပ်ကားတွေမှာလည်း မထသလိုင်းကို ကားလိုင်းသတ်မှတ်ချက်ရှိသည်။ တစ်လိုင်းက ဘယ်မြို့နယ်တရားရုံးတွေကို သွားမည်။ နှစ်လိုင်းက ဘယ်မြို့နယ်၊ သုံးလိုင်းက ဘယ်မြို့နယ် စသည်ဖြင့် ခရီးစဉ် သတ်မှတ်ချက်ရှိသည်ပါ။

အချုပ်ကား တရားရုံးရောက်တော့ ဝိုင်းကြည့်သူတွေက တစုတ်တဝေးကြီး လက်ပြကြ၊ အော်ပြီးနှုတ်ဆက်ကြနှင့် တပျော်တပါးကြီး။

လူအုပ်ထဲကို မျက်လုံးမွေ့ပြီး ရှာလိုက်ရသည်။ အမေ့ကို တွေ့လိုက်ရတော့ ရင်ထဲမှာ တမျိုးကြီး။ ဝမ်းနည်းဝမ်းသာမှု တပြိုင်တည်း ဖြစ်ရသမို့ မျက်ရည်များလည်း စို့လည်လာသည်။

အနီးကလေး လှမ်းတွေ့ရစေကာမှု စကားမပြောသာ။ တရားရုံးအချုပ်ထဲသို့ ဝင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နီးလျက်နှင့် ဝေးသည်မှာ သူတို့အဖြစ်။

ဝေဝေနွယ်က အမေ့ကို ပြုံးပြသည့်အပြုံးနှင့် အမေက သူ့ကို ပြုံးပြသည့် အပြုံးတို့မှာ ကြည်ကြည်မြမြ လှလှပပ မရှိရ။ သောကကို ပိုက်ထွေးထားရသူတို့၏အပြုံးမှာ ဘယ်သို့လျှင် ကြည်မြ လှပနိုင်ရာပါမည်နည်း။

အချုပ်ခန်းထဲရောက်ပြီးမှ အမေတို့နှင့် တွေ့ဆုံစကားပြော ရသည်။ အမေတို့ဆိုရာတွင် အမေနှင့်အတူ ဘေးအိမ်မှ မမထွား နှစ်အိမ်ကျော်မှ ဒေါ်လေးမိ၊ ကိုအောင့်အစ်မ မကြည်တို့ပါကြသည်။

သူတို့အားလုံးပင် မျက်နှာမကောင်းကြ။ သို့သော်စေ အပြုံး ဆောင်ထားကြသည်။ ဝေဝေနွယ်က အမေ့စိတ်သက်သာရာ ရပါ စေတော့ဟု ခံစားနေရသည့် ရင်ထဲက ဝေဒနာကို ခဏရုတ်သိမ်း ပြီး ရယ်ရယ်မောမောရှိနေအောင် အပူရုပ်ကို မပူရုပ်ဆင်နေရ သည်။

အမေ့နေရေး ထိုင်ရေး အဆင်ပြေသည်ကို ကြားရတော့ ရင်မောခြင်းသက်သာသလို ရှိသွားရသည်။ ဒေါ်လေးမိက အမေ့ အတွက် မပူဖို့အကြောင်း ထပ်ခါတလဲလဲ အားပေးစကား ဆိုလာ သည့်ကြောင့် ဦးချမိမတတ် ကျေးဇူးတင်ရသည်။ သူတို့တွေ့ဆုံခြင်း မှာ ဆယ်မိနစ်မျှသာ။ ပေးစရာ မြန်မြန်ပေး၍ ပြောစရာ သုတ် သုတ်ပြောပြီး လှူချင်းခွဲလိုက်ရသည်။

ပေးသွားသည့် ထမင်းချိုင့်(ကျိုင့်)ကို ဖွင့်လိုက်ရသည်။ ပုစွန်ထုပ်ကြီးဆီပြန်မှာ ထွေးထွေးအိအိ။ ပုစွန်ဆီ အရောင်မှာ နီသည်လည်း မဟုတ်။ ဝါသည်လည်းမဆိုသာ။ ကြက်သားကြော် လည်း ပါသည်။ သူကြိုက်သည့် သီးစုံကုလားဟင်းမှာ မဆလာန်



သင်းပျံ့ပျံ့။

သည်အနံ့အသက်များနှင့် ဝေးပြီး လျှာရင်းပျက်နေသည် မှာ ဆယ့်ငါးရက်တောင် ရှိပြီ။ လျှာရင်းမမြက်သည့် ထောင်ထမင်း ထောင်ဟင်းအနံ့အသက်နှင့် ထမင်းချိုင့်ထဲမှ ထွက်လာသည့် အနံ့ အသက်မှာ အီးနှင့် နံ့သာဆီလို ကွာခြားဘိသို့။ ကွာခြားသည်ဟု ဆိုရမည်သို့ ရှိပါချေ၏။

အမှန်အတိုင်း ဝန်ခံရပါမူ ထမင်းချိုင့်ဖွင့်လိုက်သည်နှင့် လိပ်တက်လုံးထွေးလာသည့် သွားရည်များတို့မှာ ခံတွင်းအပြည့်။ ထွေးထုတ်ရမှာ ရှက်သမို့ ကပျာကသီမျိုချလိုက်ရသည်ပါ။ ထောင် ထဲက အတူထွက်ခဲ့ကြသည့် သူတို့လူစုမှာ တစုတဝေးတည်း မဟုတ်။ ကိုယ့်အမှုတွဲ တင်ထားရာ တရားရုံးများတွင် ဆင်းနေခဲ့ ကြရသည်။ သူနှင့် တရားရုံး တရုံးတည်းကျသူမှာ အိုးတိုက်ဖွဲ့ပြာ သည် ဒေါ်ဖွားတင်။

အမေချက်ပြုတ်ယူလာသည့် ထမင်းဟင်းများကို တယောက်တည်း စားလို့ ကုန်နိုင်သော်လည်း မျိုမကျ။ ဒေါ်ဖွားတင် ကိုပါ မျှတကျွေးလိုက်ရသည်။ ကြက်သားကြော်တစ်တုံးကိုတော့ ထောင်ထဲက တန်းစီး ဒေါ်ခင်မေအတွက် ရည်စူး၍ ချန်ထား လိုက်၏။

ဒေါ်ဖွားတင်ကို သမီးဖြစ်သူက လာတွေ့သော်လည်း ထမင်းတွေ ဟင်းတွေ အထူးတလည် ချက်ပြုတ်ယူမလာနိုင်ရှာ။ ဆီထမင်းကလေးတထုပ်၊ ခေါက်မုန့်လေးသုံးခု၊ ဆယ့်ငါးပြားတန် ဆေးပေါ့လိပ် ဆယ်လိပ်ပဲ ယူလာနိုင်ရှာသည်။ ဆီထမင်းလေး တထုပ်ဆိုသည်မှာ တစ်ကျပ်ဖိုးလောက်ရှိမည်။ သုံးဆေးလိပ်စာ

www.burmeseclassic.com

www.burmeseclassic.com



ထက်မပို။ ဒါတောင်မှ အနိုင်နိုင်။

'တူမကြီးရယ်၊ အဒေါ်လေ ဟောဒီလို ပုစွန်ထုပ်ကြီးမျိုး မစားရတာ နှစ်နှစ်၊ သုံးနှစ်လောက်တော့ ရှိမလားပဲ'

ထောင်ထဲရောက်နေသည့်ကာလကို ပြောခြင်းမဟုတ်ပါ။ ဒေါ်ဖွားတင် ထောင်ထဲရောက်နေသည်မှာ သုံးလကျော်လေးပဲ ရှိသေးသည်။

အစိတ်သား ကိုးကျပ်အောက်ကို မယိုတတ်သော ပုစွန်ထုပ်ကို သူတို့ ဘယ်လိုချက်စားနိုင်မှာပ။ အိုးတိုက်ဖွဲပြာ တတင်းကုန်မှ ကိုယ့်အတွက် သုံးလေးကျပ် ကျန်တာ။

ထမင်းစားပြီးတော့ ကိုအောင် လာတွေ့သည်။ စကား များများ ပြောချိန်တော့မရ။ ကိုအောင်က အမှုအတွက် မပူဖို့ အကြောင်းသာ တဖွဖွ အားပေးစကား ဆိုခဲ့သည်။ မပူဖို့ နှစ်သိမ့် သူက နှစ်သိမ့်စေကာမူ ခံစားနေရသူမှာတော့ အပူမကျ။ ထောင် တန်းကျမှာစိုးသည့်အပူက ဒီလောက်မဟုတ်။ အမေ့အတွက် ပူ သည့်အပူကိုတော့ မငြိမ်းသာ။ သမီးဖြစ်သူအတွက် အမေ ဘယ် လောက် ပူပင်ငိုညှာခဲ့သည်ကို သူအသိဆုံး။

တရားခွင်ဝင်ဖို့ အလှည့်ရောက်လာသည်။

တရားခွင်မှာ ဦးမြင့်မောင်ရော ကိုအောင်ပါ ရှိနေသည် အမေတို့က ကိုအောင်တို့ ထိုင်သည့် နောက်ခုံတန်းမှာ၊ တဘက် ခုံတန်းမှာ ခေါင်းပေါင်းစ တလူလူနှင့် တရားလို ရှေ့နေကြီး နှစ်ယောက်။

ဦးကျော်ခိုင် မယားကြီးက ငှားထားသည့် ရှေ့နေကြီးများ ဖြစ်ကြောင်း နောက်မှသိရသည်။ တဘက် ရှေ့နေကြီးတစ်ယောက်

၏ အကြည့်မှာ စူးရဲလွန်းသည်။ မျက်လုံးချင်း ဆိုင်မိလိုက်တိုင်း စားတော့မတတ်၊ ဝါးတော့ မတတ် အကြည့်မျိုးနှင့်။

တရားစီရင်ရေးအဖွဲ့က တင်ပြထားသော စာရွက်စာတမ်း များကို ဖတ်ရှုကြည့်၍ အမှုကို စတင်စစ်ဆေးမည့် ရက်ချိန်းပေး လိုက်သည်။

ထိုနေ့က ထိုမျှသာ။

အချုပ်ခန်းထဲသို့ ပြန်ဝင်ရန် တရားခွင်မှ အထွက်တွင် အသံတသံ ကြားလိုက်ရသည်။ သူ့ကို ရည်စူးသလား၊ အခြားသူကို လားဆိုသည်ကို အပ်ချမပ်ချမသိ။

'အသည်းစားဘုရင်မနဲ့ တူပါတယ်ကွာ'

သို့ကလို ပြောလိုက်သံမှ နားထဲသို့ စူးရှဝင်ရောက်လာ သည်။

တရားခံတစ်ယောက်ဘဝ ရောက်နေစဉ် မျက်လုံးကို အလှည့်အပြောင်းလုပ်၍မကောင်း။။ ကိုယ့်မျက်လုံးက အရှုံးဘက် ကချည်း။။

ထောင်သို့အပြန် ကားပေါ်အတက် လက်ကိုင်ပဝါနှင့် မျက်အိမ်ကို တို့နေသည့် အမေ့ကို လက်ပြလိုက်ရသည်။

ကိုယ့်မျက်လုံးအိမ်မှာလည်း မျက်ရည်ရစ်ဝဲလျက်။

ထောင်သို့အဝင်မှာ ပထမဆုံး ဝင်စကလောက် ဒူးမတုန်။ ရင်မခုန်တော့။ အုတ်ရိုးအတွင်းဘက်နှင့် ရင်းနှီးမှု အတန်အသင့် ရှိခဲ့ပါလေပြီ။

သည်ကနေ့တော့ လုံးတီးနှင့် မျက်နှာလွှဲလိုက်သည်။ နိုး ထွက်သမားတိုင်း ရှုံးထွက်နေ့တွင် ထောင်ထမင်းဟင်းကို မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

လွဲကြစမြဲ။

နက်ဖြန်လုံးတီးနှင့် ပြန်လည်ဆုံရမည်ပါ။

*

လှအောင်မှာ ရှေ့နေဖြစ်ကတည်းက ကိုယ့်ကိုယ်ပိုင် သီးခြားအမှု တစ်ခါမှ မလိုက်ရသေး။ ဆရာဦးမြင့်မောင်နှင့်တွဲပြီး လိုက်ရသည့်အမှုတော့ လေးငါးမှုရှိပြီ။ ဆရာဦးမြင့်မောင်က လှအောင်တို့ အိမ်အနေခြအနေကို သိထားသည့်အပြင် လှအောင် ရုန်းကန်ကြိုးစားခဲ့ရသည့်အနေအထားကိုလည်း သိထားသည်။ တပည့်ဖြစ်သူကို မပေးပဲနေလို့ ဖြစ်စေကာမူ မပေးပဲမနေ။ တပည့်ဖြစ်သူ ရပေါက်ရလမ်းကို ဖန်တီးပေးသည်။ ပျမ်းမျှဝင်ငွေ တစ်လ သုံးထောင်လောက်ရသမို့ တပည့်ဖြစ်သူကို လေးရာမျိုး၊ ငါးရာမျိုး ရအောင်လုပ်ပေးသည်။ ပြီး ဦးမြင့်မောင်တို့က နဂိုနေချမ်းသာသူတွေ။

တရားရုံး တရုံးနှင့် တရုံးကူးရာတွင် အငှားတိုင်စီကား နှင့် ကူးရသည့်ရှေ့နေ။ လိုင်းဘတ်စ်ကားနှင့် အပြေးလွှားနေရသည့် ရှေ့နေဟူ၍ ရှိရာ ထိုစာရင်းထဲမှာ ဦးမြင့်မောင်မပါ။

တံခါးလေးပေါက် ဖယ်မလီယာ စီမ်းပြာကားလေးကို ကိုယ်တိုင်မောင်း၍ တရားရုံးတစ်ရုံးမှ တစ်ရုံးသို့ အကူးအသန်း လုပ်နေသူ။

လုပ်ငန်းအပေါ် အလေးထားကြိုးစားမှုကြောင့် နာမည် အတော်လေးထွက်နေသည်။

သည်ခေတ် ရှေ့နေလောကမှာ အပြိုင်အဆိုင်များသလို



ထက်ထက်မြက်မြက် ရှိသူလည်း ပေါသည်။ ကိုယ်က ရှေ့ကို ခြေတစ်လှမ်း အမြဲတမ်းကြောနေမှ နို့မဟုတ်ရင် နောက်တစ်လှမ်း ဆုပ်သွားမည်။ ဗဟိုတရားရုံး အမှုများအပါအဝင် တိုင်းတရားရုံး၊ မြို့နယ်တရားရုံးတွင် အမှုရက်ချိန်းတပတ်မှာ ငါးရက် မရှိလို့တော့ အောင်မြင်သူ စာရင်းထဲမှာ မဝင်။ ဒါ့အပြင် နယ်အမှုတွေပါ လိုက်ရမှ နာမည်တစ်လုံးနှင့် လက်မထောင်နိုင်မည်။ ခေါင်းပေါင်း ဖိုး မကျေသည့် ရှေ့နေတွေ အများကြီး။

လှအောင်က ကျောင်းသားဘဝမှာ ဆရာသမား အမှီခို ကောင်းရခဲ့သည်။ လုပ်ငန်းခွင်မှာလည်း အမှီခိုကောင်းဆရာသမား ရနေပြီ။ ဒါလည်း လက်ဦးဆရာ၏ ကျေးဇူးကြောင့်ဟု ဆိုရမည်။ ဆရာဦးမြတ်သွင်နှင့် ဦးမြင့်မောင်က သူငယ်ချင်း။

ခု ဝေဝေနွယ်၏ အမှုမှာ သူက ဆရာ့ကို အကူအညီ တောင်းခဲ့သည်။ ဆရာက သူ့ကို ထိုးတင်ပေးလိုက်သည်။ ခါတိုင်းလို ဆရာကရှေ့ သူကနောက်မဟုတ်၊ သူကရှေ့ ဆရာကနောက်။

'ဒီအမှုမှာ ဆရာ့အနေနဲ့ နောက်ကနေ အားလုံးလုပ်ပေးမယ်၊ ဆရာက ပူးတွဲဆိုပါတော့၊ မင်းက ရှေ့တန်းထွက်ဖို့ပဲ'

'ဖြစ်ပါ့မလားဆရာ'

'ဘာလို့မဖြစ်ရမှာလဲကွ၊ မင်း ရှေ့နေ ဖြစ်လာတာကိုက ဖြစ်ပါ့မလားဆိုတဲ့ ဒွိဟသံသယမျိုးမထားပဲ ဇွဲ လုံ့လနဲ့ ကြိုးစားခဲ့လို့ ဖြစ်လာပြီပဲဟာ အမှုတစ်ခုလိုက်လို့ ဖြစ်ပါ့မလားဆိုတဲ့ ဒွိဟ သံသယမျိုးဝင်နေရင် ရှေ့နေကျော်တစ်ယောက် ဘယ်ဖြစ်နိုင်ပါ တော့မလဲ။ လောကကြီးမှာ ဘာပဲလုပ်လုပ် ဖြစ်ပါ့မလားဆိုတဲ့ ဒွိဟ သံသယစိတ်ရှိတဲ့လူဟာ ဘယ်တော့မှ မအောင်မြင်ဘူး။ သူက

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ခင်ကတည်းက ရှုံးနေတာ။ လုပ်ရင်ဖြစ်ရမယ်ဆိုတဲ့ စိတ်ထား မျိုးရှိတဲ့လူသာ အောင်မြင်တဲ့ ပန်းတိုင်ကို ရောက်တယ်၊ ရဲရဲသာ လုပ်။'

ဆရာ့ဩဝါဒကို စာဒကမတက်ပဲ ခေါင်းညိတ်လိုက်ရသည်။

ရှေ့နေဘဝ ပထမဆုံးလိုက်ရသည့်အမှုမှာ လူသတ်မှု။ ရဲဝံ့ခြင်းသည် အောင်မြင်ခြင်း၏အစ။

* * *



## ခုနှစ်

'မဝေနွယ်၊ တဘက်ကို နည်းနည်းလေး စောင်းလိုက်၊ လက်နှစ်ဘက်ကို ဘေးကားထား'

ဒေါ်ဖွားတင်က တတ်သမျှ မှတ်သမျှ အနှိပ်ပညာနှင့် ဝေဝေနွယ့်ကျွေးကျေးဇူးကို ပြန်ဆပ်နေသည်။ မလုပ်ပါနဲ့၊ အနှိပ်မခံချင်ဘူးလို့ ငြင်းဆန်ပေမယ့် မရ။

'တူမကြီးက ဒေါ်ဒေါ်ကို ကျွေးမွေးနေပေမယ့် ဒေါ်ဒေါ်က ဘာမှ တုံ့ပြန်မကျွေးနိုင်ဘူး၊ အညောင်းအညာလေး ပြေအောင် ဒေါ်ဒေါ်ပြုစုပါရစေဟု အတင်းအကြပ်ဆိုလာသောကြောင့် ဒေါ်ဖွားတင့် အမိန့်အတိုင်း ကိုယ်နေဟန်ထားကို ပြောင်းလှည့်ပေးနေရသည်။

ဒေါ်ဖွားတင်မှာ ထောင်ဝင်စာမရှိ။ သူ့အိမ်က ရုံးထွက်မှပဲ လာတွေ့နိုင်သည်။ ထောင်ဝင်စာ တကူးတက မလာနိုင်။ ထောင်ဝင်စာ တခေါက်ဆိုသည်ကလည်း မလွယ်။ အနည်းဆုံး ငွေတဆယ်၊ တဆယ့်ငါးကျပ်လောက် မကုန်ပဲ ထောင်ဝင်စာ ဝင်လို့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်။ ပြီးတော့ နေ့ဝက်ကျော်ကျော် အချိန်ဖြုန်းရသည်။ နေ့လုပ်နေ့စားသမားဆို သာ၍ပင်မလွယ်။ ဒေါ်ဖွားတင်မှာ လင်သားမရှိ။ မုဆိုးမ။ သားသမီးသုံးယောက်ရှိသော်လည်း နှစ်ယောက်မှာ အိမ်ထောင်ကွဲ။ ဆင်းရဲကြသည်။ နေ့လုပ် နေ့စားသမားတွေ။ သူတို့က အထောက်အပံ့မပေးနိုင်။ အတူနေ သမီးနှင့် အိုးတိုက်ဖွဲပြာလည်း ရောင်းရင်း အသက်မွေး ဝမ်းကြောင်းနေရသူပါ။

အနှိပ်အနင်းခံရင်း စကားပြောကြရာမှ ဒေါ်ဖွားတင်အမှုအကြောင်း ရောက်သွားသည်။

'အဒေါ်တို့က ဒလအုံကြီးဘက်မှာနေတယ်။ ဇာတိကတော့ ညောင်တုန်းဘက်က။ လူရယ်လို့ဖြစ်လာပြီး လူမှန်းသိတတ်စ အရွယ်ကတည်းက တစ်ခါမှ အေးအေးညောင်းညောင်း မနေခဲ့ရဖူးဘူး။ အဲဒေါ် ယောက်ျား ကိုဘအေးရှိတုန်းကတော့ နည်းနည်းတော်သပေါ့။ သူက ဒလသင်္ဘောကျင်းမှာ အလုပ်လုပ်တယ်။ လကုန်ရက်မှာ ငွေလေးဘာလေး မြင်ရ ကိုင်ရဖူးတယ်။ သူသေပြီးတဲ့နောက်တော့ ငွေကို ရာနဲ့ချီပြီး တခါမှ မကိုင်ဖူးတာ သည်နေ့အထိပဲဆိုပါတော့'

'အဒေါ့်ယောက်ျားက ဘာရောဂါနဲ့ ဆုံးသွားတာပဲ'

'ရင်ကြပ်ပန်းနာပေါ့ တူမရယ်၊ ရင်ကြပ်ပန်းနာ ရှိရတဲ့အထဲ အလုပ်က သံချေးခြစ်တဲ့အလုပ်ဆိုတော့ ရောဂါနဲ့က မတည့်။ ဟုတ်တိပတ္တိ ဆေးဝါးလဲ မကုနိုင်ဆိုတော့ စောစောစီးစီးပဲ ဆုံးပါးသွားတာပေါ့ကွယ်'

ဒေါ်ဖွားတင်အပေါ် ကရုဏာစိတ် ပိုလွန်သွားရသည်။ အမေလည်း မုဆိုးမပဲ။ ဒါပေမယ့် ဒေါ်ဖွားတင်တို့ထက် အများ



ကြီးသာသည်။

'ကိုဘအေးဆုံးပြီးကတည်းက အရင်းမစိုက် လှေထိုးလိုက်၊ ဆိုသလို အရင်းမစိုက်ရတဲ့ ဖွဲပြာသည် လုပ်ခဲ့ရတာပဲ။ ဒေါ်ဒေါ်တို့လုပ်စကတော့ ဖွဲပြာကို အလကားကြုံးရတာ။ ညဘက် ဖွဲပြာ သန့်သန့်လေးကြုံးပြီး အဆင်သင့်လုပ်ထားရတယ်။ မနက် မိုးမလင်းခင်က ထမင်းကြော်နဲ့ ငါးပိရေ အဝစား။ တစ်ခါတလေ ကျတော့လည်း ဗူးသီးကြော်လေး ဘာလေးနဲ့ပေါ့။ သမွာန်နဲ့ ရန်ကုန်ဘက်ကူးပြီး ပါးစပ်ကို အနားမပေးပဲ အော်ရင်း တစ်လမ်းဝင် တစ်လမ်းထွက် ခြေတိုအောင် လျှောက်ရတော့တာပဲ။ တခါတလေပဲ စောစောကုန်တယ်။ တခါတလေကျတော့ မွန်းတိမ်းတာတောင် အော်ရတုန်း။ ဖွဲပြာကုန်တော့မှ ဒလဘက်ကမ်းပြန်ကူးပြီး သားအမိနှစ်ယောက် အိမ်အရင်ပြန်ရောက်တဲ့လူက ထမင်းချက်။ ဟင်းရယ်လို့တော့ မည်မည်ရရ ချက်စရာမလိုဘူး။ ရှိတာနဲ့ ဖြစ်သလိုပဲ စားရတယ်။ သားအမိ နှစ်ယောက်ရောင်းတာမှ တစ်နေ့ ခြောက်ကျပ်ခုနှစ်ကျပ်လောက် ကျန်တဲ့အခါ ကျန်တယ်။ နောက်ပိုင်းတော့ အိုးတိုက်ဖွဲပြာကကို အလကားကြုံးလို့မရဘူး။ ဖွဲပြာတစ်တင်း ငါးမူး။ အိတ်နဲ့တစ်အိတ် တစ်ကျပ်ပေးဝယ်ရတယ်။ နောက်တော့ တဖြည်းဖြည်း ဈေးတက်လာတာပေါ့'

'ဒေါ်ဒေါ်တို့သားအမိက တခြားအလုပ်မလုပ်ကြဘူးလား'

'တခြား အလုပ်လုပ်ရတယ် တူမရေ၊ အဲဒါက မိုးတွင်းမှာ။ ကဲ. . ကဲ. . အပူထုတ်ရအောင်၊ အသက်ကို မှန်မှန်ရှူ ပြီး ပေါင်ကြောကို လျှော့ထားပေး။ အိုးတိုက်ဖွဲပြာက ဥတုသုံးလီမှာ နွေလီပဲ ရောင်းကောင်းတယ်၊ မိုးတွင်းကျတော့ မိုးရေထိရင် ရှုံးရော၊

www.burmeseclassic.com

www.burmeseclassic.com



သွားရလာရတာလဲ မကောင်းဘူး၊ ရောင်းရ ဝယ်ရတာလဲ မကောင်းဘူး၊ အဲဒီတော့ တောက်တိုမယ်ရ ကျဘမ်းလျှောက်လုပ်ရတယ်၊ အနှိပ်သည်အလုပ်ကတော့ ပင်တိုင်ပေါ့။ တစ်ခါနှိပ်မှ သုံးကျပ်ရတာ။ တစ်နေ့ နှစ်ယောက်လောက်ရတဲ့ နေ့မျိုးကျတော့ တွက်သားကိုက်ပါတယ်။ တစ်ယောက်တည်းရတဲ့နေ့မျိုးကျတော့ မကိုက်ပြန်ဘူး။ သမုဒ္ဒရာဝမ်းတစ်ထွာ ဆိုပေလို့ပဲ တူမရေ၊ တံတောင်သာတို ခက်ခက်ရချည့်ရဲ့။ ခု အမှုဖြစ်ရတဲ့ ကိစ္စကတော့ အိမ်မိုးဖို့အခက်ကြုံလာတာက စတာပဲ။ အိမ်မမိုးနိုင်တာ သုံးနှစ်ရှိပြီ။ ကိုဘအေးဆောက်ပေးခဲ့တဲ့ အိမ်ကလေးက ဓနိတစ်ရာ့ငါးဆယ်လောက် ကုန်တာပေါ့၊ ဓနိဖိုးစုရင်း ခေါင်းကွဲသွားရင်းနဲ့ မမိုးဖြစ်ခဲ့ဘူး'

ဒေါ်ဖွားတင် အိုးတိုက်ဖွဲပြာ ပို့ပေးရသည့် ဖောက်သည်ထမင်းဆိုင်တစ်ဆိုင် ရှိသည်။ အိုးတိုက်ဖွဲပြာ ပို့ပေးရသည်မှာ နှစ်နှစ်ကျော်ပြီ၊ တစ်ရက်ခြား တခါ ပုံးတပုံး ပို့ပေးရသည်။ ဆိုင်ကလူတွေနှင့် ရင်းရင်းနှီးနှီး ရှိနေကြမို့ မီးဖိုချောင်အထိ ဝင်ထွက်ခွင့်ရခဲ့သည်။ အိမ်က မမိုးလို့ မဖြစ်တော့၊ ကြယ်မြင်လမြင် ဖြစ်နေပြီ။ ငွေလိုနေတုန်း မီးဖိုချောင်တန်းပေါ်မှာ တင်ထားသည့် နာရီတစ်လုံးဆီသို့ မျက်စိရောက်သွားသည်။ ရေကိုင့်ရင်း သားငါး ကိုင်ရင်း အမှတ်တမဲ့ ချွတ်၍တင်ထားဟန်ရှိသော နာရီ၏ သံမဏိရောင်မှာ ဝင်းပြောင်နေသည်။ ခက်ခက်ခဲခဲယူရမည်မဟုတ်။ လက်တကမ်းမှာ. . . ။

'ဒေါ်ဒေါ်လည်း သူများပစ္စည်းကို တစ်ခါမှ စိတ်နဲ့တောင်မပြစ်မှားခဲ့ပါဘူး။ ဒီတစ်ခါတော့ အိမ်မိုးကိစ္စ အခက်ကြုံနေတုန်းတွေ့လိုက်တော့ စိတ်တွေ့ကပြောင်းကပြန် ဖြစ်သွားတယ်။ ချည်



တုံ ချတုံ ဖြစ်သေးတာပေါ့။ ဒါပေမယ့် စိတ်ရိုင်းက အနိုင်ရသွားပြီလေ။ နာရီလေး ဒေါ်ဒေါ်လက်ထဲ ရောက်လာတယ်။ ရင်တွေတဒိန်းဒိန်းခုန်ပီး ဒူးတွေ တဆတ်ဆတ် တုန်လို့ပေါ့။ ဒေါ်ဒေါ်လဲစိတ်မလုံဖြစ်ပြီး တစ်ပတ်လောက် အိုးတိုက်ဖွဲပြာ သွားမပို့ခဲ့ဘူး။ တစ်ပတ်ကျော် ကြာတော့မှ စိတ်နည်းနည်းအေးပြီး အိုးတိုက်ဖွဲပြာသွားပို့ခဲ့တာ။

'အိမ်ကလေးတော့ မိုးလိုက်ရပါရဲ့၊ ဒါပေမယ့် လူကတော့ထောင်ထဲမှာ။

'ဒေါ်ဒေါ်အဖမ်းခံရတာ ပစ္စည်းနဲ့မို့လား'

'မမိပါဘူးကွယ်၊ ထင်ကြေးနဲ့ ဒေါ်ဒေါ့်ကို ရဲစခန်းပို့ခဲ့တာပါ။ ဒေါ်ဒေါ်လဲ ဝန်ခံလိုက်ရတယ်လေ။ ကဲ. . . . ဝမ်းကြောလေးလျှော့လိုက်ရအောင် နောက်များတော့ တန်ပါပြီကွယ်'

အမေထောင်ဝင်စာလာသည်။ ကိုအောင့်အစ်မ မကြည်နှင့်အတူ ပါဝင်လာကတည်းက မျက်ရည်အပြည့်နှင့်၊ ပြန်ထွက်သွားတော့လည်း မျက်ရည်အပြည့်နှင့်။

'သမီးနေရ စားရတာ အဆင်ပြေရဲ့လားကွယ်'

'ပြေပါတယ် မေမေ၊ မေမေ့အတွက်သာ'

'မေမေ့အတွက် မပူနဲ့သမီးရဲ၊ ဟိုတုန်းက အိမ်နီးပါးချင်းတွေ ဖာသိဖာသာနေကြပေမယ့် အရေးကြုံလာတော့ မနေကြဘူး၊ သိပ်ပြီးစောင့်ရှောက်ကြတာ၊ ဒေါ်လေးမိတို့ အိမ်ကဆို အမေ့တစ်ယောက်တည်း ချက်စားမနေနဲ့ဆိုပြီး ထမင်းရော၊ ဟင်းပါ လာပို့

www.burmeseclassic.com

www.burmeseclassic.com



လို့ မနည်းကြီး တောင်းပန်ထားရတယ်'

'မေမေ့မှာ ဘာအလုပ်မှ ရှိတာမှမဟုတ်ပဲဟာ၊ အဲ. . . သမီးကို ဝမ်းသာစရာ ပြောရအုံးမယ်၊ မထွေးအိတို့က ငွေသုံးထောင်ကို ပြန်လာပေးတယ် သမီး'

အထည်အရောင်းအဝယ် လုပ်ငန်းတွင် ထည့်ထားသည့် အစုဝင်ငွေ။

'အခုလို ကျဉ်းထဲကျပ်ထဲ လာပေးတယ်ဆိုတော့လဲ ကျေးဇူးတင်ရမှာပေါ့ မေမေ'

'သမီးတို့ ထောင်ထဲမှာ ငွေတွေ ဘာတွေ ကိုင်ရသလား'

'မကိုင်ရဘူး မေမေ၊ ဒါထက် ကျွန်မအတွက် မကြည်တို့မောင်နှမလဲ ကြားထဲက တော်တော်လေး ဒုက္ခရောက်နေကြပြီနော်'

'ဒုက္ခရယ်လို့ ဘယ်ဟုတ်မလဲ မဝေရယ်၊ မကြည် မိန်းမချင်းမို့ ကိုယ်ချင်းစာပါတယ်'

'မကြည်တို့မောင်နှမရဲ့ ကျေးဇူးကတော့ တသက်ဆပ်လို့မကုန်တဲ့ ကျေးဇူးမျိုးပါ'

သတိပေးခေါင်းလောင်းသံ ထွက်လာသည်။

'မေမေ ကျန်းမာရေး ဂရုစိုက်နော်၊ ထောင်ဝင်စာလဲ မလာနဲ့တော့၊ ရုံးထွက်တိုင်း တွေ့ရမှာပဲ'

'အေးပါ သမီးရယ်၊ အထုပ်ထဲမှာ မုဆိုးကြော်တို့၊ ငန်းဆေးတို့၊ လျက်ဆားတို့ ပါတယ် သမီး'

'ဟုတ်ကဲ့ မေမေ'

အမေက နှစ်ခါ လှည့်ပြန်ကြည့်ပြီးမှ ထွက်သွားသည်။ ရင်ထဲမှာ ခံစားမှု ဝေဒနာ အပြည့်ပါသွားလိမ့်မည်။ သားသမီးက



မိဘအပေါ် ထားသည့် မေတ္တာထက် သားသမီးအပေါ် ထားသည့် မိဘမေတ္တာက သာလွန်ကြီးမားသည် မဟုတ်ပါလား။

အဆောင်ပြန်ရောက်တော့ ဝေစရာခြမ်းစရာများကို ဝေမျှပေးလိုက်ရသည်။ အဆောင်မှာ အတူတကွ နေကြရပြီး ဒုက္ခသည်အချင်းချင်း သူ့အလှည့် ကိုယ့်အလှည့်ရယ်လို့ သဘောထားလို့မရ။ ဒေါ်ဖွားတင်တို့လို အိမ်က ထောင်ဝင်စာ မလာနိုင်သူတွေလည်း ရှိကြသည်။ နေအတူတူမို့ စားအတူတူ ရှိရသည်။

သူတို့လောကကလေးက ကျဉ်းကျဉ်းကလေး၊ မတွေ့ချင်လို့လည်း မျက်နှာလွှဲလို့မရ။ မမြင်ချင်ပါဘူးဆိုလို့လည်း မျက်ကွယ်မပြုသာ။ အတူနေသူအားလုံး ညီညီညွတ်ညွတ် ရှိကြသည်တော့မဟုတ်၊ သူ့အစုလေးတွေနဲ့သူ။

မိန်းတို့အစဉ်အလာ နှစ်ယောက်ဆိုင်မိရင် ပြောကြသည့် အကြောင်းအရာထဲမှာ အတင်းစကား မပါလို့မပြီး၊ အစောင်းအထေ့၊ အငေါ်အတူးကလည်း ရှိသပေါ့။ မနာလို ဝန်တိုဆိုသည်က မိန်းမတို့မှာ ပိုကြီးသည်။

တန်းစီးဒေါ်ခင်မေက မဝေဝေနွယ်ကို သူ့အနားခေါ် အိပ်စေသည့်ကိစ္စနှင့် ပတ်သက်ပြီး ဟိုပြော သည်ပြော အတင်းအဖျင်းစကားသံတွေ ထွက်လာသည်။ ပထမတော့ ရှင်းအုံးလင်းအုံးမလို့၊ ရှင်းလင်းရင် အကြောင်းထူးစရာ မမြင်။ အိုးမလုံ အုံပွင့်သည်မျိုးဖြစ်မည်မို့ မသိကျိုးကျွံနေလိုက်ရသည်။ ခု. . . စားစရာများ ဝေမျှပေးသည့်အထဲမှာ သူ့အကြောင်း အတင်းစကားဆိုသည့် မြရွှေတို့အစုကိုပင် ချန်မထား။ အများနည်းတူပင် ဝေမျှပေးလိုက်သည်။

မြရွှေက မျက်စိပျက် မျက်နှာပျက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က သူများအပေါ် သဝန်တိုသည်။ သူများက ကိုယ့်အပေါ် သဘောထားကြီးလာသမို့ မျက်နှာအထားရ ခက်သည် ထင်ပ။

မိန်းမထောင်တွင် ရှိနေကြသူများမှာ သူ အစုနှင့်သူ ဆိုပေမယ့် အစုတည်မြဲသည်တော့မရှိ။ ဟိုအစုထဲ ရောက်လိုက်၊ သည်အစုထဲ ပြောင်းလိုက်နှင့် မတည်ငြိမ်။

မိန်းမတို့ သဘာဝဟု ဆိုရမည်သာ။

ရှိပါစေ။

* -

နက်ဖြန်ရုံးထွက်ရမည်။

ရင်ထဲမှာပေါ့ပြီး ပျော်နေသလိုလို။ ဒါပေမယ့် ညကျတော့ တော်တော်နှင့် အိပ်မပျော်။ အတွေးမစဉ် ခဲ့သည်မှာ ကြာပြီ။ အတိတ်အကြောင်းကို မေ့မေ့ ပြောက်ပြောက်ထားခဲ့ရာ နက်ဖြန်ရုံးထွက်ရမည်ဆိုတော့မှ အတွေးစဉ်တွေဝေ့လည်လာသည်။ မပြတ်ထင်သည့် ဟိုရောက် သည်ရောက် အတွေးစဉ်များက အိပ် စက်ခြင်းကို အနှောင့်အယှက် ပေးခဲ့သည်။ အစီအစဉ်မရှိသည့် ကပေါက်ခိုကပေါက်ချာ အတွေးစဉ်များကြောင့်လား မဆိုနိုင်။ မက်လိုက်သည့် အိပ်မက်များမှာလည်း ဗယောက်ဗယက်။ သို့တစေ အိပ်ရာက နိုးလချိန်တွင်မူ နှုတ်ခမ်းလွှာမှာ အပြုံးရိဝေလျက်။

အိပ်ရာကနိုးခါနီး မှတ်မှတ်ရရ မက်သည့်အိပ်မက်မှာ သူနှင့် လှအောင်တို့ သင်္ဘောကြီးတစ်စီးနှင့် ဟန်းနီးမွန်း ထွက်ကြ ယင်း ဖက်လှဲတကင်း ကြည်ဆယ်ကြည်နူးနေကြပုံ။



အိမ်မက်ကတပိုင်းတစ၊ ကောင်းခန်းရောက်တုန်း ပြတ်သွားသော်လည်း ရိဝေသောအပြုံးနှင့် အိပ်ရာနိုးထခဲ့ရပါလေသည်။

ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း ခံစားမှုဝေဒနာ လွှင့်မြူးလာသည့်အခါ ဘယ်နေရာမျိုးတွင် ရောက်နေပါစေ ဝမ်းသာဝမ်းနည်းဖြစ်ရသည်သာ။

ထောင်ထဲရောက်နေစဉ်မှာလည်း ဝမ်းသာစရာရှိ ဝမ်းသာ ဝမ်းနည်းစရာရှိ ဝမ်းနည်းရသည်။

ရုံးရှေ့ကွက်လပ်တွင် အမေတို့ ရောက်နေသည်ကို အချုပ်ကားပေါ်က ဆင်းသည်နှင့် လှမ်းတွေ့လိုက်ရ၏ နှုတ်ဖွင့်၍ နှုတ်မဆက်သာသော်လည်း လက်ပြ၍ နှုတ်ဆက်လိုက်သည်။

ထိုနေ့က ဒေါ်ဖွားတင်မပါ။

BURMESE CLASSIC .com

အမေချက်လာသည့် ပုစွန်ထုတ်ဆီပြန်၊ ဆူးပုတ်ရွက်အုပ်ထားသည့် မပျစ်မကျဲပဲကြီးဟင်း၊ ငါးပိကြော်နှင့် ရှောက်ရွက်တို့စရာ။ တနပ်တည်းဖြင့် ကုန်အောင်မစားနိုင်။ တရားခွင်မှ အပြန်ညနေစာစားရန် ချန်ထားလိုက်သည်။

တရားခွင်မှာ. . . .။

လိုပြသက်သေ အမှုစစ်အရာရှိ ဦးထွန်းသန်းကို စတင်ထွက်ဆိုသည်။

'ကျွန်တော်သည် အချင်းမှုခင်းဖြစ်နေ့က ရဲစခန်းတွင် စခန်းမှူးအဖြစ် တာဝန်ထမ်းဆောင် နေပါသည်။ နေ့လယ်ဆယ့်နှစ်နာရီ မိနစ်လေးဆယ်တွင် ဦးစန်းမြင့်ဆိုသူ ရပ်ကွက်ကောင်စီဝင်တဦးက × × × လမ်း အိမ်နံပါတ် (× × ×)တွင် သေဆွတ်သံယို

www.burmeseclassic.com

www.burmeseclassic.com



မှုခင်းဖြစ်ပွားကြောင်း သတင်းပို့ပါသည်။ သတင်းပို့သည့် အချိန်တွင် ကျွန်တော်၏လက်တွင် ပတ်ထားသော နာရီမှာ ဆယ်နှစ်နာရီ မိနစ်လေးဆယ်သို့ ညွှန်ပြနေပါသည်။ သတင်းပေးသူက မည်သည့်မှုခင်းဖြစ်ပွားကြောင်း တိတိကျကျမပြောပါ။ ကျွန်တော်က စခန်းမှူးထံ သတင်းဆက်ပို့၍ နေစဉ် မှတ်တမ်းတွင် အထွက်ပြပြီး ရဲသားမောင်အောင်ရွှေနှင့် အတူအချင်းဖြစ်သို့ထွက်ခဲ့ကြပါသည်။ အချင်းဖြစ်နေရာသို့ ရောက်ရှိချိန်မှာ တနာရီဆယ့်ငါးမိနစ်ဖြစ်ပါသည်။

ဦးထွန်းသန်းက အချိန်နာရီ မိနစ်ပိုင်းနှင့်တကွ တိတိကျကျ ထွက်ဆိုနေသည်။ ထိုစဉ်မှာပင် အမျိုးသမီးနှစ်ယောက် တရားခွင်သို့ ယို့ယို့စစကျိုးကျိုး ဝင်လာပြီး တဘက်ရှေ့နေကြီးများခုံတန်းနောက်တွင် နေရာယူ၍ ဝင်ရောက်ထိုင်ကြသည်။ ဝေဝေနွယ်က ဝင်လာသူများကို မကြည့်ပဲ မျက်နှာကို ငုံထား၏ စိန်ရောင် တလက်လက်နှင့် အမျိုးသမီးက ဝေဝေနွယ်ကို ကျော်၍ ဒေါ်ခင်သန်းနွယ်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

ကျွန်တော် အချင်းဖြစ်အိမ်သို့ ရောက်သည့်အခါ တယ်လီဖုန်းနှင့် သတင်းပေးသူ ရပ်ကွက်ကောင်စီဝင် ဦးစန်းမြင့်ကို တွေ့ရပါသည်။ သာမန်သွေးဟာထွက်သံယိုမှုမဟုတ်ပဲ သေမှုသေခင်းဖြစ်ပွားနေသည်ကို တွေ့ရသဖြင့် ကျွန်တော်၏ အထက်အရာရှိအား သုံးအိမ်ကျော်မှ တယ်လီဖုန်းနှင့် သတင်းပို့ခဲ့ပါသည်။ အိမ်ခန်းဝတွင် လူတယောက်မှောက်လျက် လဲကျသေဆုံးနေ သည်ကို တွေ့ရပါသည်။ သေဆုံးသူရရှိသောဒဏ်ရာမှာ ဗယ်ဘက်နှလုံးပေါ်တွင် ချွန်ထက်သော လက်နက်နှင့်ထိုးထားသည့် ဒဏ်ရာနှင့်

BURMESE CLASSIC .com



ဦးခေါင်းတွင် တစုံတခုသော လက်နက်နှင့် ရိုက်ထားသော ဒဏ်ရာကို တွေ့ရှိရပါသည်။ အဖြစ်အပျက်ကို အကြမ်းဖျင်းစစ်ဆေးသောအခါ ရုံးတော်ရှေ့တွင်ရောက်နေသည့် တရားခံမဝေဝေနွယ်က သူအား သေသူဦးကျော်ခိုင်က ဗလက္ကာရပြုလုပ်ရန် ကြိုးစားသဖြင့် ကတ်ကြေးနှင့် ထိုး၍အုပ်ဆောင်းမီးတိုင်နှင့် ရိုက်ခဲ့ကြောင်း ထွက်ဆို၍ ရိုက်သည့်သစ်သားမီးတိုင်ကိုပြပါသည်။ ကတ်ကြေးမှာမူ သေသူ၏ ရင်ညွန့်တွင်စိုက်ဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကတ်ကြေးနှင့် အုပ်ဆောင်းမီးတိုင်းကို ရုံးတော်တွင် သက်သေခံအဖြစ် တင်ပြထားပါသည်။ သေဆုံးသူကို ဆေးရုံသို့ပို့ရန် စီစဉ်ပြီး တရားခံအား ဖမ်းဆီးခဲ့ပါသည်။ သေဆုံးသူ၏ အကျီအိတ်ထဲမှ ငွေစက္ကူတရာတန် နှစ်ရွက်နှင့် နှစ်ဆယ်ကျပ်တန်တရွက်၊ ဆယ်တန်၊လေးရွက်၊ ကျပ်တန်ရှစ်ရွက်နှင့် အကြွေနှစ်ဆယ်ငါးပြားကို သက်သေများရှေ့တွင် ရေတွက် သိမ်းဆည်း ခဲ့ပါသည်။ ထို့အပြင် တရားခံဖြစ်သူ ပြသသည့်စားပွဲပေါ်က သေဆုံးသူလက်ကိုင် သားရေအိတ်အတွင်းမှ လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့်တရာတန် ငွေရှစ်ရွက်ကိုလည်း သိမ်းဆည်းခဲ့ပါသည်။ ရဲစခန်းသို့ ရောက်သည့်အခါ တရားခံထံမှ တရားဝင်စစ်ချက် ထပ်မံ ရယူခဲ့ပါသည်။ တရားခံက ပြစ်မှုကျူးလွန်ကြောင်းကို ဝန်ခံထွက်ဆို၍ တရားရုံးတွင်ဖြောင့်ချက်ပေးလိုကြောင်းပါထွက်ဆိုခဲ့ပါသည်။ ရုံးတော်သို့ အမှုစွဲဆိုတင်ပို့ပါသည်။

တရားခွင်မှာ ငြိမ်သက်လျက်။

ရှေ့ဖက်စာရေးက ရဲအရာရှိဦးထွန်းသန်း၏ ထွက်ဆိုချက်ကိုသွက်သွက်လက်လက်ရေးမှတ်၍ မှတ်တမ်းတင်နေသလို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်သော ရှေ့နေကြီးများကလည်း သူတို့ရှေ့ရှိ မှတ်စုစာရွက်တွင် လိုအပ်သည်များကို ရေးမှတ်နေကြသည်။ ထိုနေ့က ဦးမြင့်မောင် လိုက်မလာ။ လှအောင်က ခေါင်းပါင်း ပန်းနုရောင်နှင့် တရားလို ရှေ့နေကြီး ဦးခင်မောင်အေးက အဝါရောင် ခေါင်းပေါင်းနှင့်။

ဦးခင်မောင်အေးမှာ အသက်ငါးဆယ်ခန့်၊ ဝါရင့် ဖတ် တရားရုံးရှေ့နေကြီးဖြစ်၏။

အကယ်၍သာ လှအောင်နောက်တွင် ဆရာဦးမြင့်မောင် သာ မရပ်ခဲ့လျှင် ဦးခင်မောင်အေးကို ရင်ဆိုင်ဖို့မှာ လွယ်အံ့မထင်

ဦးသန်းထွန်းက တရားခံမဝေဝေနွယ်၏ ရဲစခန်းတွင်ထွက် ဆိုချက်ကို ဆက်လက်၍ အစစ်ဆေးခံသွားသည်။

နှစ်ဘက်ရှေ့နေကြီးများ မေးမြန်းသည့်အလှည့်တွင်တရား လိုရှေ့နေကြီးဦးခင်မောင်အေးက လှအောင်နှင့် ဝေဝေနွယ်တို့ မထင်မှတ်ရသော မေးခွန်းဖြင့် စတင်လိုက်လေသည်။

ဦးခင်မောင်အေးနှင့် ဦးထွန်းသန်းတို့၏ အမေးအဖြေမှာ

'သေဆုံးသူဦးကျော်ခိုင်ရဲ့လက်ကိုင် သားရေအိတ်ငယ် ရှာဖွေစဉ်က လုပ်ငန်းစာရွက်စာတမ်းများနှင့် ငွေရှစ်ရာအပြင်စိ ထည့်ပစ္စည်းများကို တွေ့ရှိပါသလား'

'မတွေ့ပါဘူး'

'တရားခံက သူ့ကို ဦးကျော်ခိုင်က ဗလက္ကာရပြုဖို့ကြိုးစ တဲ့အကြောင်း ထွက်ဆိုတဲ့အခါမှာ မျက်မြင်သက်သေရှိတယ် ထွက်ဆိုပါသလား'

'အဲဒီအချိန်က အိမ်မှာ ဘယ်သူမှ မရှိကြောင်းပဲ ထွက်

ပါတယ်'

'ဗလက္ကာရ ပြုလုပ်တဲ့ အနေအထားမျိုး ဘယ်လို တွေ့ရပါသလဲ'

'မဝေဝေနွယ်မှာ အကျီစုတ်ပြဲပြီး ရှန်းရင်းဆန်ခတ်ဖြစ်တယ် လို့ပြောနိုင်လောက်အောင် ပစ္စည်းများ ဖရိုဖရဲ ဖြစ်နေတာကို တွေ့ရပါတယ်'

တရားခံသားအမိ ဘာလုပ်ကိုင် စားသောက်သလဲ ဆိုကော သိပါသလား'

'ရပ်ကွက်ကောင်စီဝင် ဦးစန်းမြင့်ကို မေးမြန်းကြည့်တဲ့အခါပထမ ခင်ပွန်းသည်လက်ထက်က ကျန်ခဲ့တဲ့ပစ္စည်းများကို ထုခွဲစားသောက်နေကြောင်းနဲ့ အရပ်ထဲမှာ အေးအေးအေး နေထိုင်ကြောင်းပဲသိရပါတယ်'

'အိမ်အတွင်းကိုကော ရှာဖွေခဲ့ပါသလား'

BURMESE CLASSIC .com

'ရှာဖွေရန်အကြောင်းမရှိလို့ မရှာဖွေခဲ့ပါဘူး'

'သည်အမှုဟာ တရားခံထွက်ဆိုသလို မဟုတ်ပဲ ကြိုတင်ပြင် ဆင်ပြီးမှ ကျူးလွန်တဲ့မှုခင်းလို့ကော မယူဆဘူးလား'

'ပကတိဖြစ်ရပ်ပေါ်လွင်ထင်ရှားနေတဲ့ အမှုဖြစ်လို့ ထင်မြင်ယူဆစရာမရှိပါ'

'ဦးထွန်းသန်းရဲ့ ပြည်သူ့ရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်တဲ့ လုပ်သက် ဘယ်လောက်ရှိပါပြီလဲ'

'ခြောက်နှစ်ကျော်ပါပြီ'

ဦးခင်မောင်အေးက သူ့မေးခွန်းပြီးဆုံးကြောင်း တရားစီရင်ရေးအဖွဲ့ကို အရိုအသေပြု၍ ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တရားခံရှေ့နေဦးလှအောင်အလှည့်။

'တရားခံဟာ ပြစ်မှုကို ကျူးလွန်မိကြောင်း သူဟာသူ ရိုးသားစွာ ဝန်ခံခဲ့တယ်ဆိုယင် အဲဒီဆိုလိုချက်အပေါ် ငြင်းချက်ထုတ်စရာများ ရှိမလား'

'မရှိဘူး'

'တရားခံက ဖြောင့်ချက် ပေးလိုကြောင်းကို မိမိဆန္ဒအလျောက် ထုတ်ဖော်တယ်ဆိုယင် ငြင်းစရာရှိမလား'

'ပြောစရာမရှိပါ၊ မှန်ပါတယ်'

'သေဆုံးသူ ဦးကျော်ခိုင်ရဲ့ ပစ္စည်းများကို ရှာဖွေနေစဉ်က သက်သေများရှေ့မှာ နှံ့နှံ့စပ်စပ် ရှာဖွေခဲ့ပါသလား'

'သက်သေ သုံးယောက်ရှေ့မှာ အိတ်ထဲက ပစ္စည်းတွေအားလုံး အပြင်ကိုသွန်ချပြီး ရှာဖွေခဲ့ပါတယ်'

'ဦးကျော်ခိုင်ရဲမိသားစုက တစုံတရာသောလက်ဝတ်ရတနာပစ္စည်းများ ပျောက်ဆုံးကြောင်း တိုင်ချက်ဖွင့်ပါသလား'

'ကျွန်တော်တို့ရဲစခန်းတွင် တိုင်ချက်ဖွင့်ဆိုခြင်း မရှိသေးပါ'

ဦးလှအောင်က မေးခွန်းပြီးဆုံးကြောင်း တရားစီရင်ရေးအဖွဲ့ဝင်များကို အရိုအသေပြု၍ ထိုင်ချလိုက်သည်။

နောက်တပတ် သက်သေများကို စစ်ဆေး သွားမည် ဖြစ်ကြောင်း၊ နှစ်ဘက်စလုံးက ရုံးချိန်းနေ့တွင် သက်သေများ အစုံအညီရောက်ရှိရေးကို ဝိုင်းဝန်းကူညီဖို့ အကြောင်း ပြော၍ရက်ချိန်းပေးလိုက်၏။

တရားရုံးအချုပ်ခန်းသို့ ပြန်ဝင်ခဲ့ရသည်။ ဝေဝေနွယ်



တရားခွင်သို့ ဝင်ခဲ့စဉ်တုန်းက မရှိသူ အမျိုးသမီးချုပ်သစ်တယောက် ရောက်နေသည်။ နို့စို့အရွယ် ကလေးငယ်ကလေးနှင့်သားသည် အမေမှာ အသက်နှစ်ဆယ်ကျော်လောက်ပဲ ရှိဦးမည်။

ရုပ်ရည်က သနားစရာ၊ အဝတ်အစားနွမ်းပါးသလို မျက်နှာပေါ်တွင် ညှိုးရိပ်အပြည့်ထင်နေသည်။ မိခင်ဖြစ်သူက အသားညိုသော်လည်း ကလေးငယ်မှာ အသားလတ်သည်။ မျက်နှာလေးက ကြည်ကြည်လင်လင်၊ ဝဝကစ်ကစ် ချစ်စရာလေး၊ မြူလိုက်ယင် အပြုံးလွယ်သည်။ အတော်အေးဆေးမည့် ကလေးဖြစ်ပုံရသည်။ လက်မကလေးစုပ်ပြီး အမေထားသလိုနေသည်။

မိခင်ဖြစ်သူမှာ သောကဖိစီးနေသောကြောင့် ကိုယ့်အပူနှင့် ကိုယ်မလန်းမရွှင်ဖြစ်နေသော်လည်း ဘာဖြစ်လို့ ဘယ်ရောက်နေသည်ကို မသိရှာသူကလေးမှာမူ ကြည်ကြည်လင်လင်၊ လန်းလန်းဆန်းဆန်းရှိနေသည်။

ကိုယ့်အတွက်ရင်နာရသည်ထက် သူတို့သားအမိကိုကြည့်ပြီးပို၍ရင်နာရသည်ပါ။

လောကဆိုတာဘာလဲလို့ မသိရှာသေးသည့် ကလေးငယ်မှာလောဘ၊ ဒေါသ၊ မောဟ ဟူသော မကောင်းစိတ်များ မြူမှုန်မျှမသန်းရှာလေ၊ ပြစ်မှုကျူးလွန်ဖို့ နေနေသာသာ၊ ပြစ်မှုဆိုတာ ဘာပါလိမ့်ဟု မသိရာသော်လည်း ပြစ်မှုကျူးလွန် သူများရောက်ရာနေရာသို့ ရောက်နေရပါလေပြီ။ ထိုမှ အုတ်ရိုးလေးဘက်ကာရံထားသည့် အနိဋ္ဌာရုံပြွန်းတီးသော ထောင်ထဲသို့ ရောက်ရပါလေဦးမည်။

ထောင်ဆိုသည်မှာ ရာဇဝတ်ပြစ်မှု ကျူးလွန်သူများသာရောက်တတ်သည့် နေရာမဟုတ်ပါလေတကား . . .။

www.burmeseclassic.com

www.burmeseclassic.com



'ကလေးက ချစ်စရာလေးနော်၊ ဒီထဲကိုဘာလို့ခေါ်လာတာလဲဟင်၊ အိမ်မှာထားခဲ့လို့ မရဘူးလား'

ဝေဝေနွယ်က ကလေးငယ်ကို မြူယင်းက မေးလိုက်သည်။

'နို့မပြတ်သေးတော့ ထားခဲ့လို့မရဘူး အစ်မရေ'

'ကလေးကိုယ်မှာလဲ ခြင်ဖုတွေနဲ့ပါလား'

'အချုပ်ထဲမှာ သုံးရက်တောင် နေခဲ့ရတာ အစ်မရေ ကျွန်မလဲ မအိပ်ပဲ ဂရုစိုက်ပြီး ခြင်ခတ်ပေးနေတာပဲ၊ ခြင်ကများတော့လဲ'

'စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ အမှုက ဘာမှုလဲ'

'ခိုးမှု မသင်္ကာနဲ့ပါ အစ်မ'

'ဘယ်လိုဖြစ်တာလဲ'

'ကျွန်မက အိမ်တွေမှာ လပေးနဲ့ အဝတ်လျှော် ပါတယ်၊ ဒီအလုပ် လုပ်တာလဲ ကြာပါပြီ။ သားလေး ကိုယ်ဝန်ရှိစကတည်းက သူ့အဖေထွက်သွားတာပဲ။ အဲဒီကတည်းက ခုထိ တခေါက်မှ ပြန်မလာဘူး။ ဘယ်ရောက်နေတယ် ဆိုတာလဲမသိဘူး။ သေသလား ရှင်နေသေးလား ဆိုတာလဲမသိဘူး။ အဲဒီကတည်းက အဝတ်အငှားလျှော်တဲ့ အလုပ်လုပ်ခဲ့ရတာပဲ။ သားလေးမွေးပြီး တလလောက်ပဲနားနိုင်တယ်။ သွေးနုသားနုဆပ်ပြာတွေဘာတွေ မကိုင်ရဘူးဆိုပေမယ့် ဘယ်နေသာပါ့မလဲ အစ်မရယ်။ အဝတ်လျှော်ရတဲ့အိမ်တွေကလည်း နီးနီးနားနားဆိုတော့ နှစ်အိမ်လောက်လျှော်လိုက် သားကိုပြန် နို့တိုက်လိုက်ပဲ။ ပိုပိုလျှံလျှံကြီးမရှိပေမယ့် လုံလုံလောက်လောက်တော့ရှိပါတယ်။ အဖေကသစ်စက်မှာ ဒရဝမ်ပါ။ တခါမှလဲဘာပြဿနာမှ မရှိခဲ့ပါဘူး။ အဝတ်လျှော်တဲ့



အလုပ်ဆိုတော့လဲ အိမ်တွင်းအိမ်ပြင် ဝင်ထွက်နေရတာပေါ့ အစ်မရယ် . . .'

'ခု . . . ဘယ်လိုဖြစ်လို့လဲ ညီမ'

'အိမ်တအိမ်က သူတို့စိန်လက်စွပ်ပျောက်တဲ့ကိစ္စမှာ ကျွန်မ ကိုတစ်အပ်ကြီး စွပ်စွဲခဲ့ကြတယ်လေ။ ကျွန်မကလဲ ကိုယ်ယူတာမဟုတ်တော့ဘယ်ဝန်ခံနိုင်ပါ့မလဲ။ အိမ်ရှင်တွေက ပစ္စည်းပျောက်တဲ့မနက်မှာ သူတို့အိမ်ကို ကျွန်မတယောက်ပဲ အဝင်အထွက်ရှိတယ်လို့ စွပ်စွဲပြီးရဲစခန်းတိုင်ခဲ့တာပဲ၊ ခိုးမှုမသင်္ကာနဲ့ ဆက်လက် စုံစမ်းစစ်ဆေးရန် ရှိတယ်ဆိုပြီး အချုပ်ထဲပို့တာပဲ အစ်မရေ။ သည်နေ့တော့ ထောင်ထဲပို့မယ်လို့ ပြောတာပဲ။ စိတ်မဆိုးနဲ့နော်အစ်မ၊ အစ်မက ထောင်ထဲကထွက်လာတာလား'

'ဟုတ်တယ် ညီမ၊ အစ်မထောင်ထဲရောက်နေတာ တလနီးပါး ရှိပြီ'

'ဟိုမှာဘယ်လိုနေရ ထိုင်ရသလဲ အစ်မ'

'ဒီလိုပေါ့ကွယ်'

ထောင်ထဲမှာ ဘယ်လိုဘယ်ပုံ နေရထိုင်ရသည်ကို ဖောက်သည်ချလိုက်ရသည်။

ကိုအောင်က ဝေနွယ်ကိုနှုတ်ဆက်ပြီး အမှုကိစ္စ အတွက် ဆရာနှင့်တိုင်ပင်ဖို့ သွားရဦးမည်ဟု ပြော၍ထွက်သွား သော်လည်း အမေကမပြန်သေး။ အမေမပြန်တော့ မကြည်လည်းရှိနေရသည်။ အားနာစရာကောင်းလိုက်ပါဘိ။

သုံးနာရီထိုးပြီ၊ ညနေစာထမင်းစားပြီး ချိုင့်ပြန်ပေးရမည်။ တယောက်တည်းမစားရက်ပြန်။ ထမင်းထုပ်ဝယ်ခိုင်းပြီး အလေး အမေ မညွန့်တင်ကိုပါ ဝေမျှကျွေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေအစားအသောက်ကောင်းမှ ကလေးလည်းနို့ဝလင်မည်။ အိမ်ထောင်သည် မဟုတ်စေကာမူ မိန်းမသားတိုင်းမှာ မိခင်စိတ်အပြည့်အဝ လွှမ်းထင်စမြဲ။

'အစ်မနဲ့တွေ့ရတာ ကျွန်မှတော့ တအားပဲ အစ်မရယ်။ ထောင်ထဲရောက်ရင်လဲ ကျွန်မကိုကြည့်ပါနော် အစ်မ'

ဝေဝေနွယ်ကပြုံးပြီး ခေါင်းညိတ်လိုက်သည်။

စိန်လက်စွပ် ကိစ္စနဲ့ပတ်သက်ပြီး မညွန့်တင် ပြောသလို ဟုတ်ကောင်းမှ ဟုတ်မည် တကယ်ယူတာလည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်ရှိစေ မညွန့်တင်ကို သူခိုးမဆိုသော အသိအမြင်မျိုးမထားနိုင်။ ဒုက္ခသည် တယောက် အသွင်မြင်၍ကူညီသင့်သည်ဟု သဘောပိုက်လိုက်၏။

ကလေးက လူတကာ လက်များစွာနှင့် ယဉ်ပါးပြီးဟန်ရှိသည်။ သူခေါ်သည်ကို မငြင်းမဆန်လိုက်ရုံမက သူ့လက်ပေါ်မှာတင် အိပ်ပျော်နေပါလေပြီ။

ကလေးများအိပ်နေယင်ပိုပြီးချစ်စရာကောင်းသည်ဟုပြောကြသည်။

တကယ်လည်း ချစ်စရာလေး။

အပြစ်မရှိပဲ အပြစ်ရှိသူများနေရာသို့ ရောက်ရတော့မည်မို့ရင်နာစရာ။

*

လှအောင်နှင့် ဆရာဦးမြင့်မောင်တို့ တွေ့ကြရာ ရှေ့နေကြီးဦးခင်မောင်အေးက စိန်ထည်များအကြောင်း မေးခွန်းထုတ်သည့်



ကိစ္စ ပြောပြရသည်။

"ဒီမေးခွန်း ဘယ်လိုကြောင့် ပေါ်လာတယ် ဆိုတာကို ကျွန်တော်တော့ စဉ်းစားလို့တောင်မရဘူးဆရာ၊ ဝေနွယ်အကြောင်း ကျွန်တော်အသိဆုံးပါ ဆရာ'

ဦးမြင့်မောင်က တပည့်ဖြစ်သူ မေးလာသည့် မေးခွန်းကို ချက်ချင်းမဖြေ၊ ဗူးထဲက စီးကရက်တလိပ်ကို ထုတ်ယူ၍လှပသော ရွှေရောင်ရွှမ်းရွှမ်းမီးခြစ်မှ မီးတောက်ကလေးနှင့် ထိတွေ့တို့ညှိလိုက်ပြီး ပါးစပ်ထဲမှ မီးခိုးများများကိုလေထဲသို့လွှင့်ထုတ်လိုက်သည်။ စီးကရက်မီးခိုးငွေ့များကို နှစ်ခါသုံးခါလောက်ရှိုက်ယူလိုက် ဖွာထုတ်လိုက်လုပ်ပြီးမှ ဘယ်ဘက်လက်ညှိုးကလေးနှင့် စားပွဲကို ခေါက်လိုက်၏။

လှအောင်က ဆရာ အလေ့အကျင့်ကိုသိထားသမို့ကြားဖြတ်စကားမဆို၊ ဆရာ့အပြောကိုစောင့်နေလိုက်သည်။

'ဒီလိုကွ လှအောင်ရ၊ တစ်အချက်က ကျန်ရစ်ခဲ့တဲ့ ဦးကျော်ခိုင်မိသားစုက ဦးကျော်ခိုင်နဲ့ သူတို့မိသားစုရဲ့ သိက္ခာဆယ်ဖို့အတွက် ဦးကျော်ခိုင်မှာပါတဲ့ စိန်တွေကို ဝေဝေနွယ်တို့က မလမ်းပြာပတ်ယူပြီး ဝေဝေနွယ်တို့သားအမိကကြိုတင်ပြင်ဆင်လုပ်ကြံသတ်ဖြတ်တယ် လို့ ဖော်ချင်တာရယ်။ နှစ်အချက်က ဝေဝေနွယ်အပေါ် အပြစ်ပိုလေးအောင် ဖန်တီးဖို့ခြေလှမ်းပြင်လိုက်တာရယ်ပဲကွ။ ဝေဝေနွယ်တို့ မိသားစုရဲ့သိက္ခာကိုချပြီး ဦးကျော်ခိုင်မိသားစုသိက္ခာကို ပြန်ဆယ်မယ်ပေါ့။ မင်းတို့ ငါတို့ ရှေ့နေတွေရဲ့ ဉာဏ်နီဉာဏ်နက်ပေါ့ကွာ။ ဒါပေမယ့် ဘာဖြစ်လို့ အမှုတခု ထပ်မဖွင့်သလဲ ဆိုတာတော့ စဉ်းစားရမယ်ကွ။ အကယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ အမှုတခုထပ်ဖွင့်ယင် ဒေါ်ခင်သန်းနွယ်တောင်မလွယ်ဘူး။ ငါတော့ ဒီအမှုတခု ထပ်ဖွင့်လိမ့်မယ်လို့ ထင်တယ်'

'ကျွန်တော် အဲဒါနဲ့ပတ်သက်ပြီး အမှုဖွင့်မဖွင့် မေးခွန်းမေးလိုက်သေးတယ်ဆရာ၊ အမှုစစ်ရဲအရာရှိ ဦးထွန်းသန်းက သူတို့ရဲစခန်းမှာ အမှုမဖွင့်ဘူးလို့ ပြန်ဖြေသွားတယ်'

'ဦးခင်မောင်အေးတို့ ခြေလှမ်းကို စောင့်ကြည့်ရမှာပေါ့ တို့ထက်ဝါရင့်တော့လည်း တို့ထက်ဉာဏ်နီဉာဏ်နက် ပိုများမှာပေါ့ကွာ'

လှအောင် အိမ်သို့အပြန်တွင်ရင်မရှင်း။ ဆရာဦးမြင့်မောင်ပြောသလိုဖြစ်နိုင်သည်။ ရှေ့နေဆိုတာ ဉာဏ်ကို သမားရိုးကျသုံးလို့မရ။ ဉာဏ်ကို လွှာသုံးရုံနှင့်လည်း မပြည့်စုံ။ ဉာဏ်နီဉာဏ်နက်သုံးရမည်။ ရှေ့နေနှင့် ဉာဏ်နီဉာဏ်နက်မှာ တွဲတွဲစွဲစွဲမြဲမြဲခိုင်ခိုင်ရှိရမည်ပါ။ မိမိကို ငွေကြေးပေး ငှားသည့်အမှုသည် အနိုင်ရရှိရေးအတွက် စေတနာနှင့် ဉာဏ်နီဉာဏ်နက်သုံးရသည်ကို သမာအာဇီဝ သဘောမဆောင်ဟု မဆိုရာ၊

ရှိပါစေတော့. . . ။

သူကဉာဏ်နီဉာဏ်နက်သုံး၍ထိုးစစ်ဆင်မှတော့ ကိုယ်ကလည်း ဉာဏ်နီဉာဏ်နက်သုံး၍ တန်ပြန်ထိုးစစ်ဆင်ရမည်သာပါ။

'ရှေ့နေဆိုတာ အပြင်မှာရိုးရသည်။ တရားခွင်မှာ မရိုးရ' ဟု ဆိုစကားရှိသည်မဟုတ်ပါလား။

*

ဖိုးထောင်ဟု ခေါ်သည့်မညွန့်တင်၏ကလေးကို ကိုယ့်



ကိုယ်ကို လူမှန်းမသိသေးပဲ ထောင်ထဲရောက်ရသည့်အတွက် ကံဆိုးရှာသူကလေးဟု ဆိုနိုင်ရာသလို ကံကောင်းသူဟုလည်း ပြောနိုင်ရာ၏။

အိပ်ချိန်နှင့် နို့စို့ချိန်ကလွဲလို့ အမေ့လက်ပေါ်နှင့် အမေ့ရင်ခွင်မှာ မနေရ၊ ဟိုလူတလှည့် သည်လူတလှည့် လက်မလည်။ ပါးဖောင်းဖောင်းကလေးနှစ်ဘက်မှာ အမြဲတမ်း ရဲတွက်နေ၏။ ပါးတဘက်စီဆွဲသူရှိသလို စုံကိုင်၍လည်းဆွဲသွားကြသည်။ အိမ့်ခလောက် မဟုတ်ပဲ မိန်းမဆောင်ခလောက် ဖြစ်နေပြီ။ မညွန့်တင်က လုံးတီးကိုလည်းမမှု။ ဟင်းမပါသော်မှ သည်အတိုင်း ထမင်းဆုပ်လုပ်ပြီး စားသည်။

'အစ်မရယ် ကျွန်မ များများစားမှ သားလေးအတွက်နို့ထွက်မှာတဲ့'

မိဘမေတ္တာ လွန်ကဲစွာ၏။

ကိုယ်စားမည့် မုန့်ပဲသွားရေစာများကို ကလေးအမေအား မျှတကျွေးကြ၏။

နို့ကလည်း သန်မှသန်။ ကလေးစို့သလောက် အလိုက်သန်သည်။

ဆန်ဖြူထက်လုံးတီးကပို၍အားရှိသည်ဟုဆိုသည်။ ဆန်ဖြူနို့ထက် လုံးတီးနို့က ပို၍အားရှိလေသလားမသိ။ဖိုးထောင်မှာ ထောင်ထဲရောက်ပြီးတလအတွင်း သိသိသာသာဖွံ့လာသည်။

တလနှင့် ခုနစ်ရက်မြောက်သည့်နေ့။ခလောက်ကလေး ဖိုးထောင်ပြန်မရောက်လာသမို့ အဆောင်နေသူအားလုံးနေမထိထိုင်မသာ ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မညွန့်တင်လွတ်သွားသောကြောင့်။

ဘယ်လိုနည်းနှင့်လွတ်သွားသည်မသိ။ဒါမှမဟုတ်အာမခံပဲရသွားသလား။ အဆောင်တံခါးပိတ်ချိန်အထိ အဆောင်သို့ ပြန်ရောက်မလာ။

ဖိုးထောင်ကို တသသဖြစ်နေကြသည်။

ဖိုးထောင်ကြီးလာယင် ထောင်ထဲကို ရောက်ဖူးကြောင်း သိသော်မှ သိလိမ့်မည်မထင်။

ဖိုးထောင်ကို လွမ်းတဲနေကြစေကာမူ မညွန့်တင်လွတ်သွားသည်ကိုတော့ အားလုံးက ဝမ်းသာနေကြသည်ပါ။

ထောင်ထဲရောက်မှ လူ့ဘောင်ကိုရောက်လာသောကလေးများ ရှိသလို လူ့ဘောင်ကိုရောက်ပြီးမှ လူမမယ်အရွယ် ထောင်ထဲရောက်လာသည့် ကလေးများ ရှိကြရာ သူတို့ ရောက်လာဖူးသည်ကို မသိခြင်းသည်သာ အကောင်းဆုံးဟု ဆိုရမည်ပါပေ။

* * *



## ရှစ်

ရုံးထွက်ရပြန်ပြီ။

ထိုနေ့တွင် ဦးကျော်ခိုင်၏ ဇနီးက ကိုယ်တိုင်တရားလိုပြ သက်သေ အဖြစ်အစစ်ဆေးခံမည် ဖြစ်သောကြောင့် ခါတိုင်းထက်ပို၍စိတ်လှုပ်ရှားရသည်။

ဘာတွေပြော၍ ဘယ်လိုထွက်ဆိုမှာပါလိမ့်။

တရားခွင်မှာ အမေရှိမနေစေချင်။ တရားရုံးရောက်ယင် အမေစောစောပြန်ဖို့ ဘယ်လိုအကြောင်းပြချက်မျိုးနှင့် ပြောရမည်ကိုတလမ်းလုံး စဉ်းစားလာသော်လည်း ရေးရေးပြတ်ပြတ် အဖြေမပေါ်။ ကိုအောင်ကတဆင့် အမေ့ကို နားချခိုင်းတော့မည်ဟု ဆုံးဖြတ်လိုက်ရသည်။

ရုံးထုတ်အချုပ်တရားခံများကို စောင့်နေသည့် လူအုပ်ထဲသို့ မျက်စိမွေလိုက်ရရာ အမေ့ကိုမတွေ့။ မမထားနှင့် မကြည်တို့ကိုပဲတွေ့လိုက်ရသည်။ အမေဒီနေ့ရုံးထွက်မလာယင်ကောင်းမှာပဲလို့ အတွေးစဉ်လှုပ်ခတ်ခဲ့သော်လည်း အမေ့ကို တကယ်မတွေ့ ပြန်တော့ ရင်ထဲမှာ ဟာသွားရသည်။

အမေ ဘာဖြစ်လို့ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ထမင့်ချိုင့်လာပေးတော့လည်း အမေမပါ။ မမထားကို အလောတကြီးမေးလိုက်ရသည်။

အမေနေမကောင်းလို့။

'မေမေ တော်တော်နေမကောင်းဖြစ်နေတာလား မမထား'

'မဟုတ်ပါဘူးကွယ်၊ ထနိုင်သွားနိုင်ပါ။ ခေါင်းနည်းနည်း မူးတယ်ဆိုတာနဲ့ ဒေါ်လေးမိနဲ့ ထားခဲ့တာပါ'

'ဒါဖြင့်လည်း ဝေနွယ်ထမင်းစားပြီးချိုင့်ပြန်ပေးလိုက်မယ်၊ မမထားနဲ့ မကြည်တို့ စောင့်မနေနဲ့တော့ပေါ့၊ ထိုင်စရာခက် ဘာ ခက်နဲ့'

'ရပါတယ်ကွယ် တနေ့တလေပဲဟာ'

ထမင်းချိုင့်ကိုဖွင့်လိုက်သည်။ ဟင်းချက်လာပုံကိုကြည့် လိုက်ကတည်းက အမေ့လက်ရာမဟုတ်ကြောင်း သိသည်။ တော်ရုံ နှင့် အမေလိုက်မလာပဲနေမည်မဟုတ်။ ရင်ထဲမှာပူပြီး ခေါင်းထဲမှာ နောက်ကျိသွားသည်။ ထမင်းကောင်းကောင်းမစားနိုင်တော့။ အမေ့အတွက် စိုးရိမ်မှုက ရင်ထဲမှာ ဗလောင်ဆူလာသည်။

တရားခွင်ရောက်တော့ ပို၍ စိတ်နောက်ကျိစရာနှင့် ကြုံရ ပြန်သည်။ ဒေါ်ခင်ဆွေ၏ ထွက်ဆိုချက်ကြောင့်။

ဝေဝေနွယ်က ကိုအောင်တို့ထိုင်ခုံနောက်တန်းမှာထိုင်ရ သည်။

ဒေါ်ခင်ဆွေက တရားစီရင်ရေးအဖွဲ့ရှေ့ထိုင်ခုံမှာ၊ လင်သားအတွက် မပူလေရော့သလား။ ဒါမှမဟုတ် မိန်းမသားတို့ သဘာဝ အလှအပကိုပဲ ကြိုက်လို့လားမသိ လှလှပပလေးရှိနေ အောင် ထုံမွှမ်းခြယ်သလာသည်။ ရှန်ငှဝါရောင် အကျီနှင့်



အဝါပန်းခက်ကြီးများချိတ်နွယ်ထားသည့် အင်ဒိနီးရှား ပါတိတ် လုံချည် ဝတ်ထားသည်။ စိန်နားကပ်ရောင်မှာ တဖျပ်ဖျပ်။

ရှေ့နေကြီး ဦးခင်မောင်အေးက အမှန်အကန် ထွက်ဆို ပါမည်ဟုသစ္စာပြုချက်တိုင်ပေးသည်ကို လိုက်ဆိုနေသည့်ဒေါ်ခင် ဆွေ၏ အသံမှာ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား။

ခေတ်အဆက်ဆက်က တရားခွင်တွင် ကိုင်တွယ်ရသည့် အထဲမှာ ဘာတွေပါမှန်းမသိသော ကျမ်းထုပ်နီကြီးမရှိတော့ပြီ။ ပြည်သူ့ တရားစီရင်ရေးခေတ်တွင် သက်သေများမှာ ရှေ့နေ ကြီးများ ကြောင်းပေးသည့် သစ္စာပြုချက်ကိုသာ ဆိုရသည်။

'ကျွန်မသည် သေဆုံးသူ ဦးကျော်ခိုင်၏ ဇနီးဖြစ်ပါသည်။ လူသိရှင်ကြား တရားဝင် လက်ထပ်မင်္ဂလာအခမ်းအနားပြုလုပ်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသည်မှာ ဆယ့်ငါးနှစ် ကာလ ရှိခဲ့ပါပြီ။ လွန်ခဲ့သည့် ခြောက်လလောက်က ကျွန်မ၏ ခင်ပွန်းနှင့်ယခု ရုံးတော်တွင်ရောက်နေသည့် တရားခံမဝေဝေ နွယ်တို့ မရှင်းမလင်းဇာတ်ထုပ်ခင်းနေကြောင်း တဆင့်စကားကြား သိရပါသည်။

ငုံ့ထားသည့် ဝေဝေနွယ်ခေါင်းမှာ ဆတ်ကနဲ ထောင်သွား သည်။ သူ့မိခင်အပေါ်သို့ ထိုးနှက်လိမ့်မည်ဟုထင်ခဲ့သော်လည်း သူ့အပေါ်သို့ တိုက်ရိုက်ကြီး ထိုးနှက်လာသည်။ လှအောင်က ဝေဝေနွယ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဒီလိုကြားသိတဲ့သတင်းကိစ္စနှင့်ပတ်သက်လို့ ပိုမိုတိကျ ခိုင်လုံမှုရှိစေရန် ကျွန်မနည်းအမျိုးမျိုးနှင့် စုံစမ်းခဲ့ပါသည်။ ဒေါ်ခင်သန်းနွယ်မှာ သမီးဖြစ်သူကို ဗန်းပြ၍ယောက်ျားများကို

www.burmeseclassic.com

www.burmeseclassic.com

မြှုဆွယ်ပြီး ပိုင်းလုံးအဖြစ် ချုပိုင်းနေကြောင်း သိရှိခဲ့ရပါသည်။

လှအောင်က ဒေါ်ခင်ဆွေထွက်ချက်ကို ကန့်ကွက်ရန် ဟန်ပြင်လိုက်မိသည်အထိ အခြေပျက်သွားသည်။

ဝေဝေနွယ်မျက်နှာမှာ နီမြန်းပြီး အသားတွေတဆတ်ဆတ် တုန်နေသည်။ မျက်ရည်များ လည်လာသည်။ တရားခွင်တွင် မိုးထိုး မတ်တတ် နားထောင်နေသူများဘက်သို့ ဖျပ်ကာ မျက်စိရောက် သွားရသည်။ ခေါင်းကို ချက်ချင်းပြန်ငုံ့ပစ်လိုက်ရ၏။ ထိန်းထားယင်းက မျက်ပေါက်များ ထွက်အန်လာသည်။

'သည်ကိစ္စနှင့် ပတ်သက်လို့ ကျွန်မတို့ လင်မယား ခဏ ခဏစကားများရပါသည်။ ဘယ်လိုမှ ပြောဆိုတားမြစ်၍ မရပါ။ ကျွန်မခင်ပွန်းသေဆုံးသည့်နေ့က ကျွန်မတို့ အရောင်း အဝယ် ပြုလုပ်နေသည့် စိန်ထည်ပစ္စည်းအချို့ပါသွားပါသည်။ ကျွန်မ ခင်ပွန်းက တရားခံ မဝေဝေနွယ်ကို အတင်းအကြပ် အဓမ္မ ကြံစည် ရန် အကြောင်းမရှိပါ။ သူတို့ချင်းသဘောညီမျှ၍ တိတ်တဆိတ် ပေါင်းသင်းနေသည်မှာ ကြာပါပြီ။ သည်အကြောင်းသူတို့နှင့် တလမ်းတည်းနေသူများပင် သိကြပါသည်'

လှအောင်က ဝေဝေနွယ်ကို လှည့်အကြည့် အံ့သြရိပ် ထင်ဟပ်နေသည်။ ဝေဝေနွယ်နှင့် အကြည့်ချင်းဆုံးဆည်းသွားကြသည်။ လှအောင်ခေါင်းခြောက်သွားသည်။ ပြင်ဆင်ထားသည့် မေးခွန်းလမ်းကြောင်းအတိုင်း လိုက်လို့မရ။ တရပ်ကွက်တည်း တလမ်းတည်းနေသူများကို သက်သေပြမည့် အနေအထားမျိုး ရှိသည်။



လှအောင် မေးခွန်းမေးရမည့်အလှည့်။

'ဦးကျော်ခိုင်ရဲ့ တရားဝင်ဇနီးက ဒေါ်ခင်ဆွေနော်'

'ဟုတ်ပါတယ်'

'ဦးကျော်ခိုင်မှာ ဒေါ်ခင်ဆွေအပြင် အိတ်တဆောင် မီးတပြောင်ထားတဲ့ မယားပြိုင် သုံးယောက်ရှိနေတယ်ဆိုယင် ဒေါ်ခင်ဆွေငြင်းမလား'

'ငြင်းပါတယ်'

'ငြင်းပါတယ်ဆိုတာက မသိဘူးလို့ ပြောလိုတာလား၊ မရှိဘူးလို့ ငြင်းလိုတာလား'

'မရှိဘူးလို့ငြင်းလိုတာပဲ'

'ကောင်းပါပြီ၊ ဦးကျော်ခိုင်ဟာ မဝေဝေနွယ်နဲ့ပတ်သက် ဆက်နွယ်ခြင်းမရှိပဲ ဒေါ်ခင်သန်းနွယ်နဲ့သာ ပတ်သက်ဆက်နွယ် တယ်ဆိုယင် ဘာပြောမလဲ'

'ဒါဆို နှစ်ယောက်စလုံးနဲ့ အရှုပ်အထွေးရှိတယ်လို့ ပြောလိုပါတယ်'

'ကောင်းပါပြီ၊ ကြိုက်သလိုဖြေပါ၊ ဒေါ်ခင်သန်းနွယ်နဲ့ ဦးကျော်ခိုင်တို့ဟာ တမြို့တည်းသား ကျောင်းနေဖက် သူငယ်ချင်း များ ဆိုတာကိုတော့ သိတယ်နော်'

'ကျွန်မ မသိပါဘူး'

ဒေါ်ခင်ဆွေက ဘူးတလုံး ဆောင်နေသည်။ ဦးခင်မောင်အေးကလည်း 'ဘူး' တလုံးဆောင်ဖို့သင်ထားပေးလိမ့်မည်ပါ။ သက်သေက ဖြေလိုရာဖြေပါစေ၊ မေးခွန်းမေးရမည့် ရှေ့နေက မေးခွန်း ဆက်မေးရမည်ပါ။

'ဦးကျော်ခိုင်က ဒေါ်ခင်သန်းနွယ်ကို ကျောင်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

ကတည်းက ချစ်ရေးဆိုခဲ့ဖူးတာကို ဒေါ်ခင်ဆွေသိများ သိမလားပဲ'

'မသိပါဘူး'

'ကောင်းပါပြီ ရပါတယ်၊ ဦးကျော်ခိုင်နဲ့ ဒေါ်ခင်ဆွေတို့ စိတ်သဘောချင်း မတိုက်ဆိုင်တာ ကြာပြီပေါ့နော်'

'ကြာပါပြီ'

'နှစ်အားဖြင့် ဘယ်လောက်ရှိမလဲ'

'တနှစ်လောက်ရှိပါပြီ'

'စီးပွားတွေ ဘာတွေ ခွဲတဲ့အဆင့်ထိအောင် သဘောချင်း မတိုက်ဆိုင်တာလား'

'မဟုတ်ပါဘူး'

'ကျေးဇူးတင်ပါတယ်၊ ဒါပါပဲ'

ဒုတိယသက်သေ။

ဒေါ်ရီ။

သက်သေဒေါ်ရီက တရားခွင်သို့ ဝင်အလာတွင် ဝေဝေနွယ် ကိုတချက် လှမ်းကြည့်လိုက်ရာ မျက်လုံးချင်း ဆုံသွားသလို သိသိသာသာ ရင်ခုန်ပြန်လာသူမှာ ဝေဝေနွယ်။

တလမ်းတည်း အတူတကွ နေထိုင်ကြပြီး အိမ်ကိုဝင်ထွက်သွားလာ စားသောက်နေသူ ဒေါ်ခင်သန်းနွယ် ကျေးဇူးတွေအများကြီး။ လည်ချောင်းထဲကိုသာ ကော်ထုတ်ရယင်၊ ထမင်းအတောင့်လိုက် ထွက်မဆုံးအောင်ကို ကျေးဇူး တပြုံတမကြီးရှိခဲ့သူပါ။

စကားပုံရှိသည်။

"ကျေးဇူးရှိမှ ကျေးစွပ်သည်။ ကျေးဇူးများများရှိလေ များများ ကျေးစွပ်လေ"



ဒေါ်ရီတတရားလိုပြ သက်သေအဖြစ် အမှန်အကန်ထွက်ဆိုပါမည်ဟု သစ္စာပြုသွားသည်။

ပြီးမှ-

ကျွန်မနှင့် ဝေဝေနွယ်တို့မှာ တလမ်းတည်း အတူ နေထိုင်ခဲ့ကြပါသည်။ ဝေဝေနွယ်မိခင် ဒေါ်ခင်သန်းနွယ်နှင့် ခင်မင်ရင်းနှီးသည့်အလျောက် သူတို့အိမ်ကို မကြာခဏ အဝင် အထွက်ရှိခဲ့ပါသည်။ ဦးကျော်ခိုင်နှင့် ဝေဝေနွယ်တို့ တရင်းတနှီးနေ ကြ၍ ဘခါတလေ အိမ်ခန်းထဲမှ နှစ်ယောက် အတူတကွ ထွက်လာကြသည်ကိုလည်း သုံးလေးခေါက်လောက် မြင်တွေ့ဖူးပါသည်။ သူတို့အကြောင်းမှာ အရပ်ထဲတွင် ဟိုးလေးတကျော် ဖြစ်ခဲ့ပါသည်။

ဝေဝေနွယ်က အပေါ်သွားနှင့် အောက်နှုတ်ခမ်းကို ဖိဖိတင်းတင်း ကိုက်ထားလိုက်သည်။ ဒေါ်ရီအပေါ် မကျေနပ်သည်ကို ကိုယ့်ကိုယ်ကိုပဲ အံကြိတ်၍ ဆုံးမနေသည်။ စိတ်ရှိလက်ရှိများ ပြောခွင့်၊ လုပ်ခွင့်ရလျှင် ဘယ်သို့ဘယ်ပုံ ဖြစ်သွားလိမ့်မည်ကို မပြောနိုင်ရာ။

ကျွန်မနှင့် ဒေါ်ခင်ဆွေတို့ ရှေးမဆွကပင် ရင်းနှီးခင်မင်ခဲ့ကြသဖြင့် ဦးကျော်ခိုင်နှင့်ဝေဝေနွယ်တို့ အကြောင်းကို မိတ်ဆွေဝတ္တရားအရ သတိပေး ပြောကြားခဲ့ပါသည်။ မှုခင်းဖြစ်သည့်နေ့က ဦးကျော်ခိုင် လာသည်ကို တွေ့ရပါသည်။ မှုခင်းဖြစ်ပွားပြီး နောက် ဒေါ်ခင်ဆွေကို ကျွန်မကပဲ အကြောင်းကြားခဲ့ပါသည်။

မသားမပါ လင်္ကာမချောဆိုသည့် ပမာစကားရှိသည်။ ဒေါ်ရီ၏ ထွက်ဆိုချက်မှာ မုသားချည်းမို့လားမသိ ချောဝင်းနေသည်။

www.burmeseclassic.com

လှအောင်က . . .

'ဒေါ်ရီနဲ့ ဒေါ်ခင်ဆွေတို့ သိတာဘယ်လောက်ကြာပြီလဲ'

'ကြာပါပြီ'

'ကြာပါပြီဆိုတာကို နှစ်အားဖြင့် ပြောပြစေလိုပါတယ်'

'ဆယ်နှစ်လောက်ရှိပါပြီ'

'ဒေါ်ရီက ဦးကျော်ခိုင်တို့အကြောင်း ပြောတော့ ဒေါ်ခင်ဆွေက ဘယ်လိုပြောပါသလဲ'

'သူတို့အခြေအနေကို စောင့်ကြည့်ပေးဖို့ ပြောပါတယ်'

"ဒေါ်ခင်ဆွေနဲ့ ဒေါ်ရီတို့ အချင်းမဖြစ်ခင်က တယောက်နဲ့ တယောက် မသိခဲ့ဘူးဆိုယင်» ဘာပြောမလဲ"

ယင်းမေးခွန်းကို တဘက်ရှေ့နေကြီး ဦးခင်မောင်အေးကထ၍ ကန့်ကွက်လိုက်ရာ တရားစီရင်ရေးအဖွဲ့က ကန့်ကွက်ချက်ကိုလက်ခံ၍ သက်သေကို ယင်းသို့သော ပုဂ္ဂိုလ်ရေးထိခိုက်သည့်မေးခွန်းမျိုး မမေးသင့်ကြောင်း သတိပေးလိုက်သည်။ အမှုတခုဖြစ်လာပြီဆိုယင် သည်လိုအကွက်ထွင် သက်သေမျိုးက ပါစမြဲ။

အရပ်ထဲမှာ ဒေါ်ရီက နာမည်ကြီး။ ကောင်းသတင်းနည်းနည်းလေးမှ မကျော်ကြားသူ။ မျက်နှာကလည်း ပြောင်ပါပေ့။ ဒေါ်ရီအိမ်အဝင်အထွက်လုပ်သည်ကို မကြိုက်ကြောင်း ပြောင်ပြောတာတောင်မှ အချိန်တန်တော့ သွားဖြီးလေးနှင့် ရောက်လာစမြဲ။ အေးအေးဆေးဆေး နေချင်သူတွေက ထိုဒေါ်ရီကိုမဆက်ဆံကြ။ အတင်းအဖျင်း ဝါဒနာပါသူတွေနှင့်ကတော့ လုံးလုံးထွေးထွေး။

အကြောင်းမသိခင် ဒေါ်ခင်သန်းနွယ်က အလိုက်အထိုက်ဆက်ဆံခဲ့သည်။ ကျွေးစရာရှိ ကျွေးခဲ့သည်။ ပေးစရာရှိပေးခဲ့သည်။ ဒေါ်ရီလည်းမုဆိုးမ။ ဒေါ်ခင်သန်းနွယ်က မုဆိုးမချင်း ကိုယ်ချင်းစာပြီး မပြောရက်။ ဝေဝေနွယ်က အိမ်ကို အဝင်အထွက်မလုပ်စေချင်ကြောင်း သွယ်ဝိုက်ပြောသည်မရ။ တည့်တည့်ပြောသည်မမှု။ ပစ်ပစ်ခါခါ နာနာကျည်းကျည်း ပြောမိတော့ ဝေဝေနွယ်နှင့်စကားများကြသည်။ ထားခဲ့ဖူးသည့် အငြိုးကြောင့် အကြောင်းပေါ်တော့ ဒေါ်ရီကဘယ့်နှယ်ရှိစဟု လက်စားချေပြလိုက်သည်ပါ။

ထောင်သို့အပြန်တွင် တခေါင်းလုံး အုံခဲမှုနောက်နေသည်။အမေ့အတွက် ပူပင်ရသည်ကတမျိုး ဒေါ်ခင်ဆွေနှင့်ဒေါ်ရီထွက်ဆိုချက်ကြောင့် စိတ်နောက်ကျိရသည်ကတသွယ်။ ကိုအောင်များ အထင်အမြင်လွဲမှားသွားမလားလို့ စိုးရိမ်ရသည်ကတဖုံနှင့် အဆောင်ပြန်အရောက်တွင် ခြေပစ်လက်ပစ် အရုပ်ကြိုးပြတ်သို့နှယ် ဖြစ်သွားရသည်။

အမှုတခုကို ရင်ဆိုင်ရသည်မှာ မလွယ်။

မတရားသက်သေလိုက်သူများကို ဥပဒေအရ အရေးယူပိုင်ခွင့်ရှိသော်လည်း မတရားသက်သေ လိုက်ကြောင်းကို အထောက်အထား ခိုင်ခိုင်လုံလုံ ပြသရန်မှာမူ ခက်ခဲဘိ၏။

မနေ့က ညနေစာမစားဖြစ်။ အိပ်ရာထတော့ ရင်ထဲမှာ ဟာနေသည်။ ဘီစကစ်နှစ်ချပ်စားပြီး ရေတခွက် အပြည့်သောက်ချလိုက်ရသည်။

ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေသည့် မခံချင်စိတ်မှာလျော့ပါးမသွားသေး။

တကယ်တမ်း စေ့စေ့ရေးရေး ပြန်တွေးလိုက်တော့ ဒေါ်ခင်ဆွေတို့ လုပ်ကိုင်ပုံကို အပြစ်မဆိုသာပြန်။ လင်သေးတ

www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး သေဆုံးရသည်ကို ဘယ်လိုလုပ်၍ ပြီးပြီးပျော်ပျော်၊ ပေါ့ပေါ့လွယ်လွယ် သဘောထားလိမ့်မှာပ။

အရင်းစစ်တော့ အမြစ်မြေကဆိုသလို ကိုယ့်ဘက်ကလည်း မကင်းရှင်းခဲ့သည်ပါ။

နောက်ထပ် ဘယ်လိုသက်သေ ဘယ်လိုထွက်ဆိုချက် တွေကိုရင်ဆိုင်ရဦးမှာပါလိမ့် . . .။

*

အိုးတိုက်ဖွဲပြာသည် ဒေါ်ဖွားတင်အမှု အမိန့်ချမှတ်မည့် နေ့ ။ ပုဒ်မ - ၃၇၉။

ချမှတ်နိုင်သည့်ပြစ်ဒဏ်ပြဋ္ဌာန်းချက်မှာ သုံးနှစ်ထိ ထောင်ဒဏ် တမျိုးမျိုးကို ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်နိုင်သည်။

ခိုးမှုနှင့်ပတ်သက်၍ ပြစ်မှုမြောက်မမြောက် အဆုံးအဖြတ်ပြုသည့်ကိစ္စတွင် ဥပဒေပါ စကားလုံးအသုံးအနှုန်း ကွဲပြားပုံမှာလည်း စိတ်ဝင်စားဖွယ်ရာပင်။

လက်ရှိဖြစ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းစကားရပ်မှာ တူသယောင်ရှိသော်လည်း အဓိပ္ပါယ်ဖွင့်ဆိုချက်မတူ။

ဥပမာ . . ။

နာရီတလုံးကို နာရီပြင်ဆရာအား ပြင်ဆင်ရန် အပ်နှံထား၏ ထိုအပ်နှံထားသော နာရီမှာ နာရီပြင်ဆရာ၏ လက်ရှိဖြစ်သည်။ ပိုင်ရှင်က ပြင်ဆင်ခမပေးပဲ နာရီပြင်ဆရာမ သိအောင်ပြန်ယူလျှင်ခိုးမှု ကျူးလွန်ရာရောက်သည်။



မည်သူ့ထံတွင်မှ လက်ရှိမဟုတ်သော မပိုင်ဆိုင်သော အရာကိုယူလျှင် ခိုးမှုမမြောက်။

ဥပမာ . . . ။

သားရိုင်းတိရစ္ဆာန်ကို ဖမ်းယူလျှင်ခိုးမှုမမြောက်။ ဖမ်းမိ၍လှောင်ထားသော တိရစ္ဆာန်အရိုင်းကိုယူလျှင် ခိုးမှုမြောက်၏။

ဒေါ်ဖွားတင်အမှုက ရှင်းသည်။

ခိုးယူခဲ့ကြောင်းလည်းမှန်သည်။ ခိုးယူသူတရားခံက ခိုးယူမိကြောင်း ဝန်ခံခဲ့သည်။ အိမ်ခနီးမိုးရန် အခက်အခဲကြောင့် ခိုးမှုကျူးလွန်ခဲ့ရပါသည်ဆိုသော ထုချေချက်ကိုမူ ဥပဒေက ခွင့်မလွှတ်နိုင်။ သို့တစေ လူမှုရေးရှုထောင့်အရ တကြိမ်တခါ ပြစ်မှု ကျူးလွန်ခြင်းအတွက် ထောင်ဒဏ်ချမှတ်ရာတွင် သက်သာခွင့်ပေးနိုင်သည်။

သူတို့လည်း ဒေါ်ဖွားတင် အပြန်ကို စောင့်မျှော်နေကြသည်။ ဒေါ်ဖွားတင်ပြန်လာပြီ။ အမူအရာမပျက်။ သူ့နဂိုနေဟန်မူအတိုင်းမှန်တေတေ။

'ဘယ်လောက်တဲ့လဲ ဒေါ်ဖွားတင်'

'ကိုးလတဲ့တူမရေ၊ ကိုးလ'

တဆက်တည်းပြောလိုက်သည့် ဒေါ်ဖွားတင်စကားက ရယ်ရ မလိုလို ဝမ်းနည်းရမလိုလို။

'အေးလေ . . . ဒေါ်ဒေါ်တို့က အပြင်မှာဆို တရက်တလေတောင်မှ နားနေနိုင်တာမှ မဟုတ်ပဲလား'တဲ့။

'ဒေါ်ဖွားတင်ကြီး ထောင်ထဲမှာ နေရတာ အနားရတယ်ဆိုပြီး နောက်ထပ်လုပ်အုံးမလို့လား'

'စိတ်သက်ရာရအောင်ပြောလိုက်ရတာပါတူမရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာတော့ တရက်တောင်မနေချင်ပါဘူး၊ နောက်များတော့ တော်ပါပြီ'

တကယ်တော့ဒေါ်ဖွားတင်ပြောသလို ထောင်ထဲမှာအေးအေးမြမြ နားနားနေနေ နေရသည်မဟုတ်ပါ။ ပြစ်မှုကြွေးကို ချေဖြင့် ဆပ်ဖို့အတွက် ယောကျ်ား အကျဉ်းသားများကဲ့သို့ပင် ရဲဘက်စခန်းသို့ သွားကြရပါသည်။

ကျောက်ထု ကျောက်ခွဲအလုပ်။

နေမထွက်ခင် အလုပ်စခန်းသို့ ရောက်ရသည်။ ကိုယ့်အတွက်သတ်မှတ်ပေးထားသော ကျောက်ပုံကို နေဝင်ခါနီး စခန်းပြန်ချိန်တွင် အပြီးသတ် ထုခွဲပြီးရမည်။ မပြီးခဲ့သော် ထပ်ဆင့် အပြစ်ဒဏ်ပေးခြင်းခံရမည်။

ဒေါ်ဖွားတင်မှာ ကံကောင်းသူ စာရင်းထဲ ပါသွားသည်၊ အချုပ်ရက် လုံးလကျော်ပြီမို့ နောက်ထပ် လေးလကျော်ငါးလပဲ နေရမည်။ ရဲဘက်စခန်းပို့ စရင်းမှာမပါ။ သို့သော် အလကား မနေရ။ ဆန်ကြိတ်ရုံမှာ တနေကုန် ဆန်ပြာရမည်။

ဒေါ်ဖွားတင်မှာ ဖွဲအလူးလူးနှင့်။

*

လှအောင်ကဆရာဦးမြင့်မောင်အား အမှုအခြေအနေကို ပြန်လည်ပြောပြသည်။

'အေးလေ၊ ဝေဝေနွယ်တို့အိမ်ကို ဝင်ထွက်နေတဲ့ဒေါ်ရီကို သက်သေပြတာကတော့ သက်သေတွင်းဆက်မပြတ်ပဲ ဒေါ်ခင်ဆွေရဲ့ ထွက်ဆိုချက်ကို အားပြည့်အောင် ဖြည့်ပေးတဲ့ သဘောပေါ့



ကွာ။ ဒါတော့ ဒီလိုပဲလုပ်ကြမှာပေါ့။ ဦးခင်မောင်အေးက ဘယ်တော့မှ ကြိုးကို လျော့လျော့ချည်လေ့ မရှိဘူး၊ စချည်ကတည်းက တင်းတင်းချည်တတ်တယ်ကွ'

'ကျွန်တော်တို့ အာမခံ လျှောက်ဖို့. . .'

'စောပါသေးတယ်ကွာ၊ မပိုင်ပဲလျှောက်ယင် ပယ်ချလိုက်မှာပဲ။ နောက်တကြိမ်ထပ်လျှောက်ဖို့ခက်သွားလိမ့်မယ်'

'ကျွန်တော်တို့ဘက်က ပြင်ဆင်ဖို့ရောဆရာ'

'ငါပြင်ဆင်ထားပါတယ်၊ ရော့- ဟောဒီအတိုင်းသာလုပ်'

ဆရာ ဦးမြင့်မောင်ထံကအပြန် ဒေါ်ခင်သန်းနွယ်ဆီဝင်ရသည်။

'ဒေါ်ဒေါ် တော်တော်လေးသက်သာသွားပါပြီကွယ်၊ ဒါပေမယ့် မောတာကတော့ မသက်သာသေးဘူး။ ဆရာဝန်က စိတ်ရောကိုယ်ရော အနားယူဖို့ ပြောသွားတာပဲ၊ စိတ်ကတော့ သမီးအတွက်. . .'

'ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မလဲ ဒေါ်ဒေါ်ရယ်၊ စိတ်ကို ဖြေချထားလိုက်ပေါ့၊ ဒေါ်ဒေါ်ရုံးထွက်မလိုက်ယင် ဝေနွယ်ပိုပြီး စိတ်ဒုက္ခရောက်လိမ့်မယ်၊ ဒေါ်ဒေါ်မျက်နှာ မြင်နေရယင် သူလည်း တအားတက်ရတာပေါ့'

'အေးပါကွယ်၊ ဒေါ်ဒေါ်ကျန်းမာအောင် ကြိုးစားနေပါမယ်'

အမှုကိစ္စ၊ သက်သေကိစ္စများကို ပြောဆိုပြီး ပြန်ခဲ့ရာ အိမ်ပြန်ရောက်သည်နှင့် ပြဿနာက ဆီးကြိုနေပြန်သည်။

ခင်စိုးနှင့် မခင်သောင်းပြဿနာ။

www.burmeseclassic.com

www.burmeseclassic.com



ခင်စိုးက မခင်သောင်းကို အသေအလဲ ကြိုက်သည် မခင်သောင်းက ခင်စိုးကို နည်းနည်းလေးမှ ကြည့်မရ။ တခါတ သော်မှ လိုက်လိုက်လျောလျော မရှိခဲ့။ သို့တစေ ခင်စိုးက ဇွဲကောင် သည်။ မာဒင်ထုံး နှလုံးမူပြီး တနေ့မဟုတ် တနေ့တော့ လိုက်လေ လာလိမ့်မည် ဟူသော မျှော်ကိုးချက်အပြည့်နှင့်စောင့်ခဲ့သည် လွန်ခဲ့ သည့် သုံးလလောက်က ခင်စိုးနှင့်တွေ့တော့ မထင်မှတ် သောစကား ကြားလိုက်တရ၏။

'ပြေလည်သွားပြီ သူငယ်ချင်းရေ . . . တဲ့'

လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်း ထောင်ပြလို သည်။

ညနေက အိမ်ပေါ် တက်တက်ချင်း ခင်စိုးနှင့် ပတ်သ ရာ မကောင်းသတင်းကြားလိုက်ရသောကြောင့် စိတ်မော လူမ ဖြစ်သွားရသည်။

'ခင်စိုး ဆေးရုံမှာ သေမလား ရှင်မလားမသိ၊ သေတ စစ်ချက်ယူထားရသည်တဲ့'

မခင်သောင်းနှင့် ခင်စိုးတို့ ကိစ္စကို မခင်သောင်း အစ် ဆင်ကြီး သိသွားရာမှ ပြဿနာပေါ်ပြီး စကားများကြသည်။ဆ ကြီးတို့ ညီအစ်ကိုက စွာကျယ်ကျယ်၊ ခင်စိုးက လက်မြန်ခြေမြ မနက်ဆယ့်တစ်နာရီ လောက်ကဖြစ်သည့် ရန်ပွဲတွင် ခင်စိုးလက်သ ချက်ထိသွားသည်။ ဆင်ကြီးတို့ ဘကြီးတို့ဖြန်ဖြေမှုကြောင့် ရန်ပွဲထိ နှင့်ပြီးသွားခဲ့သော်လည်း ညနေပိုင်းတွင် ဆင်ကြီးဆိုသော နာမည် နှင့်လိုက်အောင် ဆင်ကြံ ကြံသည့် ဆင်ကြီးက ခင်စိုးအလစ် ဓ မြှောင်နှင့် ဝင်တွယ်သွားသည်။ အားကောင်းမောင်းသန်ဆင်ကြီး



ထိုးချက်မှာ တချက်စာည်း ဖြစ်သော်လည်း ပြင်းထန်လွန်းရုံမျှမက နှလုံးသားကိုပါထိသွားသောကြောင့် သေတမ်းစစ်ချက်ယူပြီး အ သက်ကိုလုနေရသည်။

ဆင်ကြီးက အချုပ်ထဲမှာ။ မည်သူ့မှအကျိုးမရှိ။

စွာကျယ်ကျယ် မိုက်ကန်းကန်း၊ ထစ်ကနဲဆို တုတ်ဆွဲ ဓား ဆွဲ၊ လူမိုက်ဘွဲ့ခံချင်သူများအတွက် လျှောက်ရမည့် လမ်းကြောင်း မှာ ဖြောင့်ဖြူးချောမွေ့ခြင်းနှင့် ကင်းဝေးလိမ့်မည်သာ။

အပြင်မှာ ဗိုလ်တကာ့ဘုရင်ဘွဲ့ခံပြီး ခေါင်းထောင်နေသူ တွေထောင်ထဲရောက်ယင်ခေါင်းငုံ့ရစမြဲ။ အပြင်မှာ ကြွားကြွား ယားယား၊ ထောင်ထဲရောက်ယင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့နှယ် ရှိကြပါချေ၏။

ဆေးရုံလိုက်သွားချင်ပေမယ့် တွေ့ခွင့်ရဖို့ မလွယ်၊ လူနာ ကြည့်ချိန်မဟုတ်သောကြောင့် အပေါ်သို့တက်ရလိမ့်မည်မဟုတ်။ အပေါင်းအသင်းထဲမှာ ခင်စိုးကို သံယောဇဉ် တွယ်ကြီးရသည်။ ဆိုက်ကားသမားဘဝ ဆိုးတူ ကောင်းဖက်၊ ရင်ဘတ်ပေးပေါင်း အခက်အခဲကြုံသည့် အခါမျိုးတွင် ခင်စိုးက သူ့မှာ ရှိသမျှ ထုတ်ပေး တတ်သည်။ ရငကောင်းစေဖို့ သဘောမထား၊ ပြန်လည်းမတောင်း တတ်။

တခါက ဘူတာကြီးမှာ လမ်းအလွယ်ကြီးရှိပါလျက် တမင် တကာ ဖင်နှင့်ဆိုက်ကားကို ပွတ်တိုက်သွားသည့် ကိစ္စအတွက် သုံး ဘီးသမားနှင့် စကားများကြသည်။ သုံးဘီးသမားက စွာကျယ်ကျယ် မာထောင်ထောင်၊ ဗလကြီးကလည်းကောင်းမှကောင်း၊ လက်သီး တချက်မိလိုက်ယင် လုအောင်မှောက်သွားဖို့သေချာသည်။ အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေ တင်းမာနေဆဲ ခင်စိုးရောက်လာပြီးလက်မြန်ခြေမြန် ဝင်တွယ် လုပ်တော့မှ ပြေသနာပြီးသွားသည်။

ခင်စိုးမှာ လက်မြန်ခြေမြန် စရိုက်ရှိသည်။ တကယ်တော့ သည်စရိုက်သည်လည်း မကောင်း။ ခုသည်စရိုက်ကြောင့် မဖြစ်သင့်တာဖြစ်ရသည်။ နောက်ထပ်သတင်းဆိုး မကြားရပါစေနဲ့ ဟူ၍သာ ရင်တာမမဆုတောင်းနေရတော့၏။

ညကိုးနာရီလောက်ကျတော့ မခင်သောင်း ရောက်လာပြီး အချုပ်ထဲရောက်နေသည့် အစ်ကိုဖြစ်သူဆင်ကြီးအတွက် အကူအညီပေးဖို့ အကူအညီလာတောင်းသည်။ သူ့မှာ အပူနှစ်ပူနှင့်။

ချစ်သူခင်စိုးအတွက်တပူ၊ အစ်ကိုဆင်ကြီးအတွက်တပူ

'အေး. . . အမှုတစ်ခုဖြစ်လာ့ယင် ချက်ချင်းလိုက်၊ ချက်ချင်းပြော၊ ချက်ချင်းလုပ်လို့ရတာမဟုတ်ဘူး မခင်သောင်းရဲ့ ခင်စိုးရဲ့ အခြေအနေကို စောင့်ကြည့်ရအုံးမှာ၊ ခင်စိုးသေယင်တော့ မလွယ်ဘူးပေါ့ဟာ၊ ခင်စိုးမသေယင် ဆေးစာပေါ် ကြည့်ပြီး ပုဒ်မတတ် လိမ့်မယ်။ အဲဒီအခါကျတော့မှ ဘာလုပ်ရမယ်ဆိုတာကို ပြောလို့ဖြစ်မှာ။ အခုလောလောဆယ်ကတော့ ဘယ်လိုမှလုပ်လို့ မရသေးဘူး၊ ရမန်ယူပြီး ထောင်ကြီးချုပ်ပို့မှာပဲ'

'ဒုက္ခပါပဲ ကိုလှအောင်ရာ၊ ကျွန်မလဲ ခေါင်းမီးတောက်နေပြီ'

စကားပုံရှိသည်။

'အသက်တရာ မနေရသော်လဲ အမှုတရာတွေ့ရမည်'ဟူ၍

ထိုစကားပုံမှာ ရှေ့နေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက်ပိုမှန်လိမ့်မည်ဟုဆိုရပါချေမည်။



မနက်မိုးလင်းသည်နှင့် မျက်နှာသစ်ပြီး ဆေးရုံ သို့ ထွက်ခဲ့ရသည်။ မနက်အစောပိုင်း လက်ဖက်ရည်မုန့်ပို့ချိန်တွင် တောင်းတောင်းပန်ပန် လက်ဖက်ရည်ဖိုးလေးပေးပြီး တက်ခွင့်ရအောင် လုပ်ကြည့်ရမည်။ တက်ခွင့်မရသော်မှ လူနာအခြေအနေကို စုံစမ်းသိခွင့်ရလိမ့်မည်ပါ။

မျက်နှာချိုသွေးရကျိုး နပ်သွားသည်။

ခင်စိုးမသေသေးပါ။ သို့တစေ အထူးခန်းထဲမှာ။ စိုးရိမ်ရေမှတ်မှာပဲ ရှိနေသေးသည်။ ၄၈ နာရီတအတွင်း နောက်ထပ်ရေတိုးမလာယင် တာကျိုးဖို့မစိုးရိမ်ရပြီ။

သည်အမှုကိုလည်း သူပဲလိုက်ရဖို့သေချာသည်။

တရားလိုဘက်က လိုက်ရမလား၊ တရားခံဘက်ကလိုက်ရမလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကိုး

တနင်္ဂနွေနေ့။

ထောင်ထဲမှာ အားလုံးအနားရသည့်နေ့။ နေ့လယ်ဘက် ရေနွေးကြမ်းဝေမည်။ သည်တပတ် မကြည် (ခေါ်) မေမေကြည် ကလက်ဖက်ဒကာ။ အပတ်တိုင်းလိုလို တယောက်တလှည့်စီ အ... ကျွေးအမွေးရှိကြသည်။ အဆောင်တခုလုံးကိုဒကာခံနိုင်သည်တော့ မဟုတ်။ ကိုယ့်အစုနှင့်ကိုယ်။

သူတို့အစုမှာ ဒေါ်ခင်မေ၊ မနယ်လီ၊ မေမေကြည်၊ မလှမြ... မအေးသန်း၊ ဒေါ်ဖွားတင်နှင့် ဝေဝေနွယ်တို့ ပါဝင်ကြ၍ တပတ်... တလှည့်၊ တယောက်စီ ဒကာခံကြရ၏။ သည်အထဲမှာ ဒေါ်ဖွားတင်... ကိုတော့ အလှည့်မထား။ ဒေါ်ဖွားတင်က သူတို့အားလုံး၏ တပတ်... ကိစ္စ အမျိုးမျိုးကို ဆောင်ရွက်ပေးနေသောကြောင့် ကျွေးအမွေး... ဒကာစာရင်းထဲမှ ပယ်ထားရသည်။ ဒေါ်ဖွားတင်က ဒကာခံ... လည်း မတတ်နိုင်ရှာ။

သည်အပတ် အလှည့်ကျသူ ဒကာမမေမေကြည် အ... ကြောင်း ပြောရအုံးမယ်။



မိန်းမထောင်မှာ နေ့စဉ်နေ့တိုင်း မိုးလင်းသည်က အိပ်ရာဝင်ချိန်အထိ မိတ်ကပ်အလိမ်းမပျက်ပဲ။ ကိုယ့်ကိုယ်ကို တသသနေသူမှာ မေမေကြည်။ ရုံးထွက်ယင် အင်ဒိုနီးရှားပါတိတ်နှင့် ထောင်ထဲမှာနေယင် ယိုးဒယားပါတိတ်နှင့်။

ထောင်ဝင်စာ တခါလာတိုင်း ကြိမ်ဆွဲခြင်းကြီး တခြင်းအပြည့် စားစရာမျိုးစုံပါလာသလို မီးပူတိုက်ပြီးသား အင်္ကျီလုံချည်အိတ်က တအိတ်အပြည့် ပါလာစမြဲ။ ထောင်ဝင်စာတွေ့သည့်နေ့ရာမှာ အတော်လေးမီးသေဟန်ရှိသည်။

မေမေကြည်က ထောင်ထမင်းပဲစားသည်။ ထောင်ဟင်းကိုလုံးဝမစား။ ဗာလချောင်ကြော်၊ ကြက်သားကြော်၊ အမဲသားကြော်၊ ငါးပိကြော်၊ သရက်သီးသနပ် စသည့် စားစရာများမှာထောင်ဝင်စာ တပတ်နှင့်တပတ် အလျှင်မီအောင်ရှိသည်။ မုန့်ပဲသွားရည်စာကလည်း မျိုးစုံ။

ဝါဒါမကြီး ဒေါ်အေးစိန်က တခြားသူများကို အော်လိုက် ငေါက်လိုက်၊ မန်လိုက်၊ မဲလိုက် ရှိသော်လည်း မေမေကြည်နဲ့ကျတော့ မှိုရသည့်မျက်နှာထားနှင့်။

မိန်းမထောင် ကိုင်ရသည့် ထောင်မှူးလေး ဦးတင်လှိုင်ကလည်း သိသိသာသာ အရေးပေးသည်။ တခြားသူများကို နှုတ်မဆက် စကားဆိုခဲ့ပေမယ့် မေမေကြည်ကိုတော့ ထောင်ဖွင့်ထောင်ပိတ်ချိန်တိုင်း ပျူပျူငှာငှာ နှုတ်ဆက်စကားဆိုသည်။ ဘာလိုသေးလဲ၊ ညာလိုသေးလဲ အမေးအမြန်းစကားဆိုစမြဲ။

မိန်းမထောင်မှာ အခွင့်အရေးအရဆုံးဟု ဆိုရမည်ပါ။

ဝေဝေနွယ်က ဘယ်သူ့အကြောင်းကိုမှ စပ်စပ်စုစုမလုပ်။

www.burmeseclassic.com

www.burmeseclassic.com

စကားအရောင်းအဝယ် အရှုပ်အရှင်း မြင်မှာစိုးလို့ ပြောသူက မပြောပဲ ကိုယ်က စမမေး။

မမေကြည်က သူ့အကြောင်းကို သူ့ဟာသူပြောလာသည်။ ဟုတ်မဟုတ်တော့မသိ။ သိရသည်က မမေကြည်အမှုအကြောင်း။ ပြောပြော မပြောပြော ထောင်ထဲမှာနေသူတွေတယောက်အမှုအကြောင်း တယောက်က သိကြသည်ပါ။

မမေကြည့်ခင်ပွန်းသည်က အစိုးရဌာနတခုက အရာရှိကြီး မမေကြည်က အဲဒီဌာနမှာ လက်ရေးတို လက်နှိပ်စက်စာရေးမ။

မမေကြည်က ငယ်ငယ် လှလှ။ အရာရှိကြီးက အသက်ကြီးကြီး၊ အရုပ်ဆိုးဆိုး။

အလုပ်သဘောအရ အရာရှိကြီးနှင့် မမေကြည်မှာ တပူးတွဲတွဲ ရှိရသည်။ အလုပ်များယင် များသလို။ အချိန်ကလားနားသတ်မရှိ။ သူတို့ဌာနက အလုပ်အလွန်များသည်။ ရုံးချိန်အတိုင်း ရုံးဆင်းရသည့်နေ့က နည်းနည်း။ တခါတလေများ သန်းခေါင်ယံသို့တိုင်အောင်ပင် လုပ်ရသည်။

ငါးနာရီကျော်သည်အထိ အလုပ်မပြီးယင် စားကောင်းသောက်ဖွယ်တွေကို စားဖို့ပြင်ပေတော့။ အိမ်အပြန် က ပ ၇၊ မ ထ သ အမြန်ယာဉ်တွေကို အားကိုးစရာမလို။ ထိုင်စရာလေးရအောင် ကားတပတ် ပတ်စီးစရာမလို။ မမေကြည်တို့က ရန်ကင်းမှာနေသည်။ ရုံးဆင်းချိန် သွားရိုးသွားစဉ်လမ်းအတိုင်းစီးလို့တော့ ထိုင်ဖို့ဝေးလို့ ခြေနှစ်ချောင်း တည်တည်ငြိမ်ငြိမ်ရပ်ဖို့ပင်မလွယ်။ ဂိတ်ဆုံးအထိ လမ်းပြောင်းပြန် လိုက်စီးပြီးမှ လမ်းတည့်ကို



ပြန်စီးရသည်။ ဒါတောင် တခါတလေကျတော့ ထိုင်စရာမရချင်။ ဒီတော့လည်း အလုပ်များကို မညည်းညူမိ။ ကောင်းကောင်းစား၍ အိမ်အပြန် အိနေသည့် ဆိုဖာပေါ် ထိုင်ပြီး အိမ်ရှေ့ရောက်မှ ဘားပေါ်က ဆင်းရသည်။ သီးသန့် လက်ဖက်ရည်ဖိုးလည်းရသည်။

အရာရှိကြီးက အထက်သို့ တင်ပြရမည့် သူ့အလုပ်တွေ အချိန်မီ ပြီးသည်ဆိုပြီး ဝမ်းဆက်တွေ ခဏခဏဝယ်ပေးသည်။

ခရီးထွက်ပြန်ယင် လက်ဆောင်စွည်း အမျိုးမျိုး ပါလာသည်ကိုလည်း ရသေးသည်။

တကယ်တော့ မမေကြည် ရုပ်ရည်က အချောအလှကြီးဟုမဆိုသာ၊ ဒါပေမယ့် အသားဆောင်သည်။ ဖြူဖွေးသည့် အသားမှာ အိအိညက်ညက်၊ အဝတ်အစား အရောင်အသွေးကို လိုက်ဖက်အောင် ရွေးချယ် ဝတ်ဆင်တတ်သလို တော်သင့်ရုံ အလှကို ကြွတက်လာအောင် ခြယ်သမှု ကျွမ်းကျင်သည်။

စကားပုံရှိသည်။

'နွားအို မြက်နုကြိုက်'

အချစ်တော် အဖြစ် ရွှေရော စိန်ပါ ဆင်ပေးခဲ့ရုံမက နောက်ပိုင်း မယားကြီးကို ကွာရှင်းပြီး မမေကြည်ကို အတိအလင်း သုခဲ့သည်။

မှုဖြစ်ကြောင်း ဇာတ်လမ်းက အဲဒီမှာ စသည်ပါ။

တကယ်က ဦးဘကျော်မှာ အသက် ခြောက်ဆယ်ကျော်ပြီး အလုပ်ဝင်ကတည်းက အသက်လေးနှစ်လျှော့ပြထားသော ကြောင့် သာ ဖင်စင်မယူရသေးခြင်း ဖြစ်သည်။

ဦးဘကျော်နှင့် မမေကြည်တို့ လူသိရှင်ကြား အိမ်

www.burmeseclassic.com

www.burmeseclassic.com

ထောင်ကြစဉ်က ဦးဘကျော်မှာ ဂုဏ်ရှိန် မြင့်ထည်နေဆဲ။ ရှိယင်းစွဲ ကိုယ်ပိုင်တိုက်ကို မယားကြီးကို ပေးခဲ့ပြီး သူက တိုက်ခန်းတခန်း လျှောက်ထား၍ မယား ငယ်ငယ်ချောချောလေးနှင့် သဘောတွေ့မနောခွေ့ လွတ်လွတ်လပ်လပ် နေခဲ့ကြသည်။

မမေကြည်လည်း အလုပ်မှ နုတ်ထွက်လိုက်သည်။ သို့တစေ မမေကြည်က အိမ်ထောင် ထိန်းသိမ်းမှု၊ ချက်ရေး၊ ပြုတ်ရေး၊ လျှော်ရေး ဖွပ်ရေးတာဝန် လုံးဝမယူ။ အိမ်ဖော်မလေး နှစ်ယောက်ရှိနေသမို့ မမေကြည် အလုပ်မှာ အလုပ်ပြင်ရုံသာ။ ဦးဘကျော်မှာ ဌာနဆိုင်ရာက ပေးထားသော ကားနှစ်စီးရှိနေရာ မမေကြည်သွားလိုရာသွားဖို့ ကားအဆင်သင့်၊ ဒရိုင်ဘာ အဆင်သင့်။

ကတော် လောကမှာ ဝင်ဆံ့လာသည်မှ အလုပ်မျိုးစုံလုပ်သည့် ကတော်ပွဲစားများနှင့် အချိတ်အဆက်ရှိလာရာ သူတို့၏ လုပ်ကွက် လုပ်ကွင်း အလုပ်သဘောကိုပါ တီးမိခေါက်မိ ရှိလာသည်။ ဦးဘကျော် အရှိန်အဝါ လွှမ်းရစ်နေသည့် မမေကြည်က ပွဲစားလောကတွင် ခြေချနေသော ကတော်တတချို့နှင့် ပေါင်းမိခဲ့သည်။ သူတို့လောကထဲသို့ ကိုယ်ဝင် ခြေဆံ့ရှိခဲ့သည်။ ဦးဘကျော်က ပင်စင်ယူဖို့ သုံးနှစ်ကျော်လောက်လိုသေးရာ ယင်း အရှိန်အဝါရှိတုန်း စုမိဆောင်းမိရှိအောင် လုပ်ထားဖို့ လုပ်ကွင်း လုပ်ကွက်တွေ ပြပေးကြသည်။

မုဆိုးစိုင်သင် ဆိုသလို၊ အလုပ်က သင်ပြပေးသွားရာ နှင့်ကလည်း ဇကလေး ရှိသမို့ တနှစ်ကျော် ကာလအတွင်း မမေကြည် တယောက် ထွန်းထွန်းပေါက်ပေါက် ဖြစ်ခဲ့သည်။ မမေကြည်



ဘာတွေလုပ်လို့ ဘာတွေရနေသည်ကို ဦးဘကျော် လုံးဝမသိ။ မမေကြည်ကလည်းမပြော။ သူရသမျှကို သူ့မိဘများထံ အပ်ထားခဲ့သည်။

ဦးဘကျော် ပင်စင်ယူဖို့ တနှစ်ကျော်ကျော် လိုသေးသည်။ ဒါပေသိ ပင်စင်သက်မစေ့ခင် ပင်စင်ယူလိုက်ရသည်။ ကျောချမှ ဒမြမှန်းသိ ဆိုသလို သူပင်စင်စော၍ ယူရသည့်အကြောင်းမှာ မမေကြည် အလုပ်နှင့် ပက်သက်ဆက်နွယ် နေကြောင်းကို ဌာနဆိုင်ရာ စုံးစမ်းစစ်ဆေးခြင်းလုပ်တော့မှပဲ သိလိုက်ရသည်။

ဦးဘကျော်မှာ ဘဝတလျှောက်လုံး လုပ်ငန်းခွင်တွင် သရဖူကို ဆောင်းခဲ့သော်လည်း အနားယူရတော့မည်အချိန်တွင်မူ အောင်မြင်မှု သရဖူကို စွန့်လွှတ်၍ လုပ်ငန်းခွင်မှ ညှိုးငယ်စွာ ထွက်ခွာခဲ့ရသည်။

သည်အချိန်မှာ မမေကြည်က ပွဲစားလောကတွင် သရဖူဆောင်းနေပြီ။ စိန်ပွဲစား ဒေါ်မမေကြည်အဖြစ် ခေါင်းမော့၍ လက်မ ထောင်နိုင်သည့် အနေအထားသို့ ရောက်နေပြီ။

ဦးဘကျော်မှာ စိတ်ထောင်းကိုယ်ကြေ နွမ်းခွေယိုင်လျက် ပင်စင်စားချင်းတို့ ကြားထဲသို့ပင် မဝင်ဆံ့ရဲသလို ကိုယ့်ကိုယ်ကို သိမ်ငယ်နေသည်။ အလိုလို စိတ်အားငယ်ပြီး စိတ်ကျဝေဒနာကို မသိမသာ ခံစားနေရသည်။

မမေကြည်က စိတ်လန်းကိုယ်လန်းနှင့် အလှအပကို တသသပြင်လျက် လူကုံထံလောကမှာ ထောင်ထောင်မော့မော့ ရှိနေဆဲ၊ အိမ်မကပ်သလို ဦးဘကျော်ကိုလည်း ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟူ၍ သဘောမထားပဲ ကားတစီးနှင့် ခြေဖွေမွှေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ငယ်ငယ် အလှအရည်အသွေး တောက်ပနေဆဲ မယားငယ်ငယ် ယူထားမိသော ဇရာသမားတို့ ခံစားရလေ့ရှိသည့် ဝေဒနာကို ဦးဘကျော်ခမျာ ထဲထဲဝင်ဝင် ခံစားနေရပါလေပြီ။

လည်လွန်းသောဘီးချေးသင့်ဟုဆိုစကားရှိသည်။ မေမေကြည် ကျတော့ ချေးမသင့်ပဲ စိန်သင့်သွားသည်ဟု ဆိုရမည်သို့။

စိန်ရောင်းလိုသူ ခြောက်ဦးထံမှ သုံးသိန်းကျော်တန် စိန်ထည် များကို အလွဲသုံးစားလုပ်၍ ထောင်ထဲသို့ ဝင်ရောက်နား နေလိုက်သည်။

မေမေကြည်က တရားရုံးတွင်သူက လိမ်လည်ခြင်းမဟုတ်ပဲ ထပ်ဆင့်အလိမ်ခံလိုက်ရပါသည်ဟု ထွက်ဆိုထားသည်။

သို့တစေ မိန်းမထောင် ရေနွေးကြမ်းဝိုင်းမှာ မေမေကြည် ပြောသည်မှာ သည်သို့မဟုတ်။

'ပွဲစားလုပ်နေလို့တော့ တသက်လုံး ရရစားစားပဲ ရှိမပေါ့၊ တချီကောင်း တွယ်လိုက်ယင် တသက်လုံး ရေခဲတုံးပေါ် ပန်ကာဖွင့်ပြီးနေရုံပဲ မဟုတ်လားတဲ့'

ဒါက မေမေကြည်ပြောသည့် သူအကြောင်း။

အဲ. . . မအေးသိန်း အမှုကတမျိုး၊ အိမ်ဖော်ထားသူတွေ သတိမူစရာ။

ရုပ်ရည်က သနားကမား၊ ဖြူဖြူနွဲ့နွဲ့မျက်နှာထားချိုချိုလေး၊ အပြောအဆို အနေအထိုင် သိမ်မွေ့သည်။ ရုတ်တရက် အပြင်အသွင်က အိမ်ဖော်နှင့်မတူဟု ဆိုရမည်မျိုး။

တကယ်တော့ သူတို့က အိမ်ဖော် အစစ်မဟုတ်၊ အိမ်ဖော်အတုတွေ၊ အိမ်ဖော် အတုသာမဟုတ်၊ မှတ်ပုံတင်အတုကိုလည်း



ကိုင်ဆောင်ထားကြသည်။ ဓာတ်ပုံက အမှန်၊ ဒါပေသိ နဂိုရုပ်ပေါ်သည် ဆိုရုံလောက်။ ရုပ်အဆင့်ဖျက်၍ ရိုက်ထားသည့် ဓာတ်ပုံ။ နေရပ်လိပ်စာနှင့် မှတ်ပုံတင်အမှတ်က တလွဲလိပ်စာ၊ တလွဲနံပါတ်။

အိမ်ရှင်တွေ အိမ်ဖော်မှတ်ပုံတင်ကို ယူထားတတ်သဖြင့် အတုလုပ်ဆောင်ထားကြသည်ပါ။

အိမ်ဖော်တွေယူထားသည့် စပေါ်မပြည့်ခင် လစ်ပြေးတာတို့ စပေါ် ပိုရသည့်အိမ် ပြောင်းတာတို့ ဘာတို့ကတော့ မဆန်း။

သူတို့က သည်လိုမျိုးမဟုတ်။

အိမ်ဖော်ပွဲစားကတဆင့် သူတို့လိုချင်သည့် အိမ်မျိုးရောက်အောင် ဖန်တီးယူပြီးမှ အလိကြီး၊ အချိကြီးချသူတွေ။ သူတို့မှာ ဂိုဏ်းနှင့် အုပ်စုနှင့်။

ရောက်သည့်အိမ်တွင် သိမ်သိမ်မွေ့မွေ့ ပြောဆိုဆက်ဆံသည်။ ပိပိပြားပြား နေထိုင်သည်။ ကျိုးကျိုးနွံနွံ လုပ်သည်။ ဒါမှ မှန်းချက်နှင့် နှမ်းထွက်ကိုက်မည့်အိမ်မျိုးပါ။ မှန်းချက်နှင့်နှမ်းထွက် မကိုက်မည့် အိမ်မျိုးကျတော့ နည်းအမျိုးမျိုးနှင့် အိမ်ရှင်စိတ်ညစ်အောင်လုပ်ပြီး ပြန်ခွာလိမ့်မည်။

အဲဒီအခါကျတော့ သူတို့ အပြောအဆိုက မသိမ်မွေ့။ အနေအထိုင်က မပိပြား၊ လပိုင်းအတွင်း ရပ်ကွက်ထဲက ဆိုးသွမ်းလူငယ်တွေနှင့် တရှန်းရှန်းဖြစ်အောင်နေပြမည်။ အလုပ်ကြတော့ ကိုးယိုးကားယား။ အိမ်ရှင်က ကြွပါတော့ဟု တောင်းပန်ရအောင် နည်းအသွယ်သွယ်လုပ်ပြလိမ့်မည်။

နှမ်းထွက်နှင့် မှန်းချက် ကိုက်မည့် အိမ်မျိုးကျတော့ အခိုးသေသေ၊ ကျိုးကျိုးနွံနွံ၊ အိမ်ရှင်က လက်ဖျားခါပြီး ခိုးကျူးရအောင်ကျ

www.burmeseclassic.com



အောင် အလုပ်ကို လုပ်ပြ၍ အိမ်ရှင်တို့၏ ရင်းနှီးခင်မင်မှုကို ရအောင်ယူသည်။ အတွင်းပစ္စည်းထားသည့် နေရာကိုသိအောင် လုပ်သည်။

မီးခံသေတ္တာနှင့် ထားတာမျိုးကျတော့ မအေးသိန်းတို့မပိုင် သေတ္တာကို ဗီရိုတို့အထဲမှာတော့ ထားချင်တဲ့နေရာထား၊ သော့ကို တချက်မဟုတ် နှစ်ချက် သုံးချက် ခတ်ချင်ခတ်ဖြစ်အောင် ရအောင် ယူနိုင်သည်။

'စိန်ရွှေပစ္စည်း တသိန်းကျော်ဖိုးနှင့် ပျောက်နေသည့် အိမ်စေ'

သတင်းစာမှာ အဲဒီလို သတင်းပါလာလိမ့်မည်။

'ရတ်ာကတော့ ဟုတ်ပါပြီ မအေးသိန်းရယ်၊ မိတော့ကော ပြန်မပေးရဘူးလား'

'ပြန်မပေးရအောင်တော့ လုပ်ရတာပေါ့ ဝေဝေနွယ်ရယ် မတတ်သာလို့ ပြန်ပေးရယင်လည်း နည်းနည်းပါးပါးပေါ့' အသိန်းတို့က ချက်ချင်းမိတာမှ မဟုတ်ပဲ၊ မမိတဲ့အမှုက အများကြီး၊ မိတော့ လည်း လေး ငါး ခြောက်လ ကြမှမိတာ'

'အအေးသိန်း ထောင်ထဲဘယ်နှစ်ခေါက် ရောက်ဖူးပြီလဲ'

'ဒါပါနဲ့ဆို သုံးခေါက်'

'အဲခုအမှုဆိုင်နေတုန်းပေါ့'

မအေးသိန်းက ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်သည်။ သူတို့မျိုးကျတော့ ထောင်ထဲ ရောက်ပေမယ့် မညှိုးလုံးသီချင်းတအေးအေးနဲ့ ပူပင်သောက ကင်းဝေးဘိ အလားသို့နေနိုင်ကြသည်။

မအေးသိန်းတို့များ ဘယ်လောက်တောင် လျှင်နေသလဲဆို



ထမင်းဖိုအကျဉ်းသားတွေကို အချစ်မျက်လုံး အပြုံးမျက်နှာပေးပြီး ထောင်ထဲမှာတင် ကိုယ်တော်ချောတွေနဲ့ ချစ်သူတွေဘာတွေ ဖြစ်ကြလို့။ ကိုယ်တော်ချောတွေက ဟိုဟာယူလာရ သည်ဟာယူလာရနဲ့ ထောင်ကပေးသည့်ဟင်းအပြင် ငပိကြော်တို့ သရက်သီးသနပ်တို့ သူ့ ထမင်းပန်းကန်ထဲမှာ ပြတ်သည်ဟူ၍ မရှိလှ။

ပူရိသဆိုတဲ့ ယောကျ်ားဆိုတာမျိုးက သည်ကိစ္စနဲ့ ပတ်သတ်လာယင် တော်တော်လေး အူတူတူနိုင်ကြသူတွေပါ။

အတွေ့ မပြောနဲ့ အငွေ့တောင် မသန်းနိုင်တဲ့ နေရာမျိုးမှာ အပြုံးလေးပေးလိုက်၊ ကြာလေးပစ်လိုက်၊ မျက်စလေးခတ်လိုက် လုပ်တာကို အဟုတ်ကြီးမှတ်ပြီး ဘဝင်ခိုက်နေကြ၏။

မည်သို့ပင်ဆိုစေ အသိန်းတို့ မခင်ရွှေတို့ အမြတ်တို့လို ခေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ သီချင်းတကြော်ကြော်နှင့် ပျော်ပျော် ပါးပါး နေနိုင်သူတွေ ရှိပေလို့ နေသာထိုင်သာ ရှိသည်ပါ။ နို့မဟုတ်ပဲ အားလုံးသာ တငေးငေး တငိုင်ငိုင်၊ တတွေးတွေး တမှိုင်မှိုင်ရှိနေကြယင် ဘယ်နေလို့ကောင်းတော့မှာပ။

သူတို့အုပ်စုက သီချင်းအစုံရသလို အဲဆိုလည်း ကောင်းကြသည်။ အသံတော့ သိပ်မဟုတ်ကြ။ မမြရွှေတယောက်သာ အသံကောင်းသည်။ ဗယ်သံ၊ အသံအေး အသံကောင်းသလို အဆိုပိုင်သည်။ မိန်းမထောင်ထဲမှာ ပွဲတောင်းအခံရဆုံးအဆိုတော်ပါ။

အကမှာတော့ မခင်နွဲ့။

မခင်နွဲ့က ညိုယဉ်ကလေး၊ အရပ်အမောင်းက အနေတော်၊ ခြေဆံလက်ဆံက သေးသွယ်ပျော့ဆင်းသည်။ ခြေ၊ ခါး၊ လက်ချိုးပုံ နွဲ့နှောင်းပြေပြစ်သည်။ တနင်္ဂနွေလို အားလပ်ရက်မျိုးတွင် သူတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ပွဲတောင်း ပွဲထုတ်ကြသည်။

မမြရွှေက အဆို

မခင်နွဲ့က အက

အတီးအမှုတ်မပါပေမယ့် အပျင်းတော့အပြေသား။

ဘေးက လက်ခုပ် ဝိုင်းတီးပေးယင်း အချိန်ကုန်အောင် လုပ်ကြရသည်။ အချိန်ကုန်လွယ်ခဲ့သည့်နေရာမျိုးမှာ သည်လို မလုပ်တတ် မနေတတ်ယင် အချိန်ကုန်လွယ်ဖို့ မလွယ်။ တပိန်ပိန် တလိမ်လိမ် နေရမည်ပါလေ။

မိန်းမ လူပြက်လည်းရှိသည်။

သူ့နာမည်က မထွေးခင်။

မထွေးခင်က ရယ်စရာ မောစရာ အလွန်ပြောတတ်သူ။ အပြောသာမဟုတ်၊ မျက်နှာပေးအမူအရာလည်း သူမတူအောင် တတ်မှတတ် မထွေးခင် မျက်နှာကို စပရိန်မျက်နှာလို့ အခေါ် အဝေါ်ပြုကြသည်။ မထွေးခင်ပါသည့်ဝိုင်းဆိုယင် တဝါးဝါး၊ တဟားဟား။ ဒါပေမယ့် နားမရှက်တတ်မှ၊ နားရှက်တတ်လို့များ တော့ မထွေးခင် ဝိုင်းနားမကပ် လေနှင့်၊ ရယ်မောစရာပြောတတ် သလို ယောကျ်ားတို့ အကြောင်းကိုလည်း တစ်တစ်ခွခွ၊ ပယ်ပယ်နယ် နယ် ပြောတတ်သည်။

ယိုသူမရှက် မြင်သူရှက် ရှိသလို၊ ပြောသူမရှက် ကြားသူ ရှက်ဆိုစကားရှိခဲ့လျှင် ထိုသို့စကားမှာ မထွေးခင်ကို အကြောင်း ပြု၍ ပေါ်လာသည်ဟု မှတ်တမ်းတင်ရမည်ပါ။

နေတာက မိန်းမသားတွေချည်း၊ နေရာက ယောကျ်ားသား တို့မရှိသောထောင်။ သည်တော့လည်း ပြောချင်ရာ တွေကိုစည်း



လွတ်ဝါးလွတ် ပါးစပ်ရဲရဲပြောကြသည်ကို ဆန်းသည်ဟု မဆိုသာ ပြန်။

မထွေးခင့်တို့က ထောင်နှင့် အထာကျပြီးသား၊ ထောင်ကို အဆန်းတကြယ်လို့ သဘောမထား။ သူတို့လုပ်ငန်းသဘာဝကိုက အချုပ်ထောင်နှင့် ကင်းလို့မရ။

မထွေးခင်တို့အမှုတွဲကသုံးယောက်။ သည်အထဲမှာ မထွေးခင်က ခေါင်းဆောင်။ သူတို့လုပ်ငန်းသဘာဝကို နားထောင် ရတော့ တစ်မျိုးစိတ်ဝင်စားရပြန်သည်။

သူတို့လုပ်ငန်းက ' အလုပ်သစ် (ခေါ်) အလစ်သုတ်'သည့် လုပ်ငန်း၊ သူတို့လုပ်ငန်း နယ်ပယ်က ဈေးထဲမှာ ဖွင့်သည့်ရွှေဆိုင် တွေ။

တခါတရံ တောကရွှေဝယ်လာသည့် တောသူရိုးရိုးအအ အသွင် ဆောင်၍ ရွှေဆိုင်ကို ချဉ်းကပ်ရသည်။ တခါထရံမြို့သူ အသွင် ဆင်ယင်၍ ချဉ်းကပ်ရသည်။ ရွှေဆိုင်သို့ ရောက်ပြီဆိုသည် နှင့် တယောက်က အရောင်အဝယ်ကိစ္စ စကားပြော၍ တယောက် က ရွှေဆိုင် ဆိုင်ရှင်မြင်သာအောင် ငွေစက္ကူတွေထုတ်ပြီး ငွေ ရေတွက်ဟန်ပြု၍ ဆိုင်ရှင်ကို မတ်လုံးပြ လိုက်သည်။ စကား အပြောကောင်းသည့်မထွေးခင်က ဆိုင်ရှင်ကို စကားဖောင်း လောက်အောင်ပြော၊ ငွေကိုင်သူတစ်ယောက်က ပါသည့်ငွေနှင့် ပစ္စည်း ဈေးမကိုက်ဟန်ပြု၍ ပစ္စည်းတွေ လေးငါးခြောက်မျိုးထုတ် ပြအောင်လုပ်ရသည်။ တယောက်က လက်လှည့်အတတ်ပညာ နှင့်ယူရသည်။

မှင်သက်မိသည်ဟုပြောကြသည်။ စကားရှိသည့် မထွေး

www.burmeseclassic.com

www.burmeseclassic.com



ခင်က ဆိုင်ရှင်ကို တဒင်္ဂဟန် မှင်သက်မိအောင် လုပ်နိုင်စွမ်းသူပါ။ သူတို့အဖွဲ့က ရွှေဆိုင်ကိုသာ ဝင်ကြသည်မဟုတ် အထည်ဆိုင်များကိုလည်း ဝင်ကြသည်။ အလုပ်ဖြစ်အောင် လုပ်ကြသည်။ ရသည့်အခါပိုများသည်။ မိသည့်အခါက အလွန်နည်းသည်။ ဒါက သူတို့အပြော သူတို့အဆို။

မှင်သက်မိအောင်လုပ်နည်းကိုမေးသည့်အခါ အထွေးခင်ကပြုံးပြီးခေါင်းခါသည်။ 'ဒါတော့ ပြောလို့ဘယ်ဖြစ်မလဲအေ့ ဟဲ့' ဟင်းစားသာ ပေးမည် ကွန်ချက်ကိုတော့ မပြောဆိုသလိုပ။

သူတို့ဆိုက ဆယ်ခါသော်မှ တခါမမိဟု။

အထွေးခင်က ဒါတင်မဟုတ်၊ ယောက်ျားကျမ်းလည်းကြေသည်။ ယောက်ျားတွေကို ဘယ်လိုဖြားယောင်း၍ ဘယ်လိုလှည့်ပြီး ဘယ်လိုခွာရမည်ကို ပြောသည့်အခါ နားထောင်နေသူတွေ ကြက်သီးမွေးညင်းထရသည်။ အပြောသာပိုင်သည်မဟုတ်၊ ဟန်ပန်အမူအရာလည်း တစ်တစ်ခွခွလုပ်ပြတတ်သည်။

နဝဝေနွယ်မှာ အထွေးခင်တို့ဝိုင်းနားကို တခါပဲကပ်ဖူးပြီးနောက်ပိုင်း အဝေးကရှောင်ရသည်။

ပြောသူမရှက် ကြားသူရှက်။

* * *



## တဆယ်

ရုံးထွက်ခဲ့ရပြန်ပြီ။

ရုံးထွက်ဖန် များလာသမို့လားမသိ၊ စိတ်ထဲမှာ ဘယ်လိုမှမခံစားရတော့ ရိုးသွားပြီ။

လူအုပ်ထဲမှာ အမေနှင့် မမထားကိုလှမ်းတွေ့လိုက်ရသည်။ အမေအတော်ကြီး ကျသွားသည်။ အမေ့အပြုံးမှာ အားမပါ၊ ခပ်ယဲ့ယဲ့။

မမထားလာပေးသည့် ထမင်းချိုင့်ကို ဖွင့်လိုက်ရာ အမေ့လက်ရာကို ပြန်တွေ့လိုက်ရသည်။ အားပါးတရစားပြီး အမေနှင့်စကားပြောရသည်။ အမေက နေကောင်းပါသည် ဆိုသည့်တိုင် အမေ့မျက်နှာပေါ်တွင် ထင်နေသည့်အရိပ်အဆင်က အမေ့ကျန်းမာရေး မကောင်းသေးကြောင်းဖော်ပြနေသည်။ အမေနှင့်စကားပြောနေဆဲ ကိုအောင်ရောက်လာသဖြင့် အမှုအကြောင်းပြောကြရပြန်သည်။

သည်ကနေ့ တရားလိုပြသက်သေ နှစ်ယောက်ကိုစစ်မည်။ တယောက်က ဆရာဝန်၊ တယောက်က ဘယ်သူမှန်းမသိ။ နာမည်မကြားဖူးသလို လူကိုလည်း မမြင်ဘူးသေး။ ဆရာဝန်ကတော့ တာဝန်အရ အစစ်ဆေးခံမည် ဖြစ်သော်လည်း တယောက်သော

www.burmeseclassic.com

www.burmeseclassic.com



သက်သေမှာ လံကြုပ်သက်သေဖြစ်လိမ့်မည်။

တရားခွင်မှာ သက်သေခံမည့် သူကိုတွေ့လိုက်ရသည်။ တခါမျှ မမြင်ဖူးခဲ့။ သို့တစေ သူက ဝေဝေနွယ်တို့ အိမ်ကိုနှစ်ခေါက် ရောက်ဖူးကြောင်း ထွက်ဆိုသွားသည်။

သူ့နာမည်က ဦးညွှန့်မောင်၊ အလုပ်အကိုင်က ကုန်သည်။

'ကျွန်တော်သည် သေဆုံးသူ ဦးကျော်ခိုင်နှင့် လုပ်ငန်းအတူ တကွ လုပ်ကိုင်ခဲ့သည့်အလျောက် တယောက်နှင့် တယောက် ခင်မင်ရင်းနှီးသွားသဖြင့် ဒေါ်ခင်သန်းနွယ်အိမ်သို့ နှစ်ခေါက် ရောက်ဖူး၍ ယခုရုံးတော်တွင် ရောက်ရှိနေသည့် တရားခံ မဝေဝေ နွယ်ကို မြင်ဖူးခဲ့ပါသည်။ ဦးကျော်ခိုင်နှင့် မဝေဝေနွယ်တို့ နေထိုင်ကြပုံမှာ တရင်းတနှီးရှိလွန်းလှပါသည်။ ဦးကျော်ခိုင်က မဝေ ဝေနွယ်အား ငွေ ကြေးများ ထုတ်ပေးသည်ကိုလည်း တွေ့ဖူးခဲ့ပါ သည်။ ဦးကျော်ခိုင်ပြောပြချက်အရ သူတို့ တရားဝင် မဟုတ်သော အပျော်မယားဖြစ်ကြောင်း ကိုလည်းသိခဲ့ရပါသည်။

ဝေဝေနွယ်က တင်းမာသောမျက်နှာထားဖြင့် သက်သေ ဦးညွှန့်မောင် ဆိုသူကို စူးစူးစိုက်စိုက် ကြည့်နေသော်လည်း ဦးညွှန့် မောင်က ဝေဝေနွယ်ကိုမကြည့်။ တရားစီရင်ရေး အဖွဲ့သို့ မျက်နှာ မူ၍ သူ၏ထွက်ဆိုချက်ကို အထစ်အငေါ့မရှိ ထွက်ဆိုသွားခဲ့သည်။

မဟုတ်ကြောင်း မှန်ပေမယ့် တရားရုံးမှာ ခိုင်လုံသော အထောက်အထား မပြနိုင်ပဲ လိမ်လည်ထွက်ဆို နေပါသည်ဟု ချက်ချင်းထပြော၍မရ၊ ကိုယ့်အလှည့်ရောက်မှသာ မဟုတ်ကြောင်း ကို ချေပထွက်ဆိုရမည်။

ဝေဝေနွယ်က ဒေါသဖြစ်ရုံမှအပ ခါတိုင်းလို မခံမရပ်သည့်



ခံစားမှုမျိုး မဖြစ်တော့။

'ဦးကျော်ခိုင်နှင့် မဝေဝေနွယ်တို့ ဖြစ်နေသည့် အကြောင်း ကို ဒေါ်ခင်ဆွေအား ပြန်လည်မပြောခဲ့ပါ။ မပြောသည့်အကြောင်း က ယောကျ်ားတိုဘာဝ အပျော်အပါးထားသည်မျိုးဖြစ်သည့်အပြင် သူတို့ချင်းလည်းပြေလည်သည်ကို တွေ့ရသဖြင့် ဤသို့ဖြစ်လိမ့်မည် ဟု မထင်မှတ်သောကြောင့် ဖြစ်ပါသည်။ အဲဒီနေ့က ဦးကျော်ခိုင် နှင့် ကျွန်တော်တို့ မနက်ပိုင်းတွေ့ကြပါသေးသည်။ ဦးကျော်ခိုင်က ဝေဝေနွယ်တို့ အိမ်သွားမည့်အကြောင်းပြော၍ လူချင်းခွဲခဲ့ကြပြီး ညနေပိုင်းတွင် ဦးကျော်ခိုင်၏ သတင်းဆိုးကို ကြားသိခဲ့ရပါသည်'

ဦးညွှန့်မောင်၏ ထွက်ဆိုချက်မှာ ဝေဝေနွယ်နှင့် ဦးကျော် ခိုင်တို့ တရားမဝင်ဖြစ်နေသည့် ကိစ္စကို ကြားသိသက်သေအဖြစ် မဟုတ်ပဲ မြင်သိသက်သေအဖြစ်မျိုး ဖြစ်အောင် ရှေ့နေတို့၏ အတတ်ပညာဖြင့် ယုတ္တိရှိရှိလေး ထွက်ဆိုသွားခြင်းဖြစ်၏။

ရှေ့နေများအနေဖြင့် ဤသို့သော သက်သေမျိုးကို တရား ခွင်သို့ရောက်အောင် မပို့ဆောင်မိအောင် စောင့်ထိန်းရမည့် တာ ဝန် ရှိသော်လည်း စောင့်ထိန်းသူရှေ့နေဟူ၍တော့ အတော်လေးရှား ရှားပါးပါး ရှိလိမ့်မည်ပါ။ ကိုယ့်အမှုသည်၏ အမှုအနိုင်ရရှိရေး အတွက် မသိသူကို သိသူဖြစ်အောင်၊ မမြင်သူကို မြင်သူဖြစ်အောင် ဖန်တီးသက်သေထိုးစမြဲရှိကြ၏။

ပြည်သူ့တရားစီရင်ရေး စနစ်အောက်မှာ ယခင်ခေတ် ကလို ဇက်ရဲလက်ရဲ မလုပ်ရကြ။ ယခင်ကဆိုလျှင် အာမခံသည့် သူတို့၊ သက်သေတို့ ဆိုတာ ဝေးဝေးလံလံ မရှာရ။ တရားရုံးပေါ် မှာပင် အဆင်သင့် ရှိနေပြန်သည်။ နေ့တွက်နှင့် ငှားလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုပွဲစားတွေ၊ အငှားသက်သေ၊ အငှားအာမခံသမားတွေက ရှိုးကျကျ ဝတ်၍ တရားရုံးတွင် အချိန်ပြည့် ရှိနေကြသည်။ ဟိုတုန်းက တရားရုံးက တနေရာတည်း။ ယနေ့ခေတ်လို မြို့နယ်အလိုက် ခွဲမထား။ ဘားလမ်းအချုပ်ထောင်ရှေ့က လက်ဖက်ရည်ဆိုင်မှာ သူတို့စခန်းချကြသည်။

ဟိုတုန်းကဆို ပြည့်တန်ဆာ အမှုကိစ္စတွေမှာ လူကောင်းသူကောင်းတွေက ဘယ်တော့မှ အာမခံမလိုက်ကြ။ လိုက်ရိုးထုံးစံလည်းမရှိ။ အငှားလိုက်သမားတွေကသာ အာမခံလိုက်ကြသည်။

ဦးညွန့်မောင်မှာ အငှားလိုက်သက်သေတော့မဟုတ်တန်ရာ။ ဒေါ်ခင်ဆွေတို့နှင့် ရင်းနှီးသူထဲက ဖြစ်လိမ့်မည်။ သူ့ထွက်ဆိုချက်အပေါ် မေးခွန်းမထုတ်လို့တော့ မဖြစ်၊ မေးရမည်ပါ။

လှအောင်က ဝေဝေနွယ်နှင့် တီးတိုးစကားဆိုပြီး မေးခွန်းမေးမြန်းရန် သူ့နေရာမှ ထလိုက်သည်။

'ဦးညွန့်မောင်ရဲ့ ထွက်ဆိုချက်မှာ မမဝေနွယ်တို့အိမ်ကို နှစ်ခေါက်ရောက်ဖူးတယ်လို့ ထွက်ဆိုထားတယ်နော်'

'ဟုတ်ပါတယ်'

'ရောက်ခဲ့ဖူးတဲ့ နေ့၊ လ၊ နှစ်ကို မှတ်မိပါသလား'

'မမှတ်မိပါဘူး'

'နေ့ရက်ကိုတော့ ထားပါတော့၊ လပိုင်း လောက်တော့ မမှတ်မိဘူးလား'

'သေသေချာချာ မမှတ်မိပါဘူး'

'ကောင်းပါပြီ၊ နှစ်ခေါက်ရောက်ဖူးတဲ့အိမ်ဆိုတော့ အိမ်ရဲ့ အနေအထားနဲ့ အခန်းဖွဲ့စည်းပုံကို မမှတ်မိစရာ မရှိနိုင်ပါဘူးနော်'



'ကျွန်တော်တော့ အမှတ်တမဲ့ပါပဲ'

ဖန်တီးသက်သေပါလို့ တိုက်ရိုက်စွပ်စွဲဖို့မလွယ်။ မတရားသက်သေဖြစ်ကြောင်း အထောက်အထား ခိုင်ခိုင်လုံလုံ ပြနိုင်လျှင် တရားရုံးကိုလျှောက်ထား၍ သက်သေကို အမှုဖွင့်နိုင်ပါသည်။ ယင်းသို့ စွပ်စွဲဖို့ကလည်း မလွယ်ပါ။ သူထွက်ဆိုသလို အိမ်ကို ရောက်ဖူးခြင်း မရှိကြောင်း ပေါ်လွင်အောင် မေးခွန်းဖြင့် ဖော်ပြရမည်ပါ။

'မဝေဝေနွယ်နဲ့ ဦးကျော်ခိုင်တို့ တရင်းတနှီးနေကြတယ်လို့ထွက်ဆိုထားတော့ ခဏတဖြုတ်ရောက်ဖူးတာမဟုတ်ပဲ အိမ်မှာ အတော်လေးကြာကြာ နေခဲ့တယ်လို့ ဆိုရမှာပေါ့နော်'

'ခဏရောက်တုန်း မြင်တာကို ပြောတာပါ'

'ထားပါလေ၊ မဝေဝေနွယ်တို့အိမ်ရဲ့ အဆင်းအတက် လှေကားက အုတ်လှေကားလား သစ်သားလှေကားလား'

တဘက်ရှေ့နေကြီးဟာ အမှုနဲ့မသက်ဆိုင်တဲ့မေးခွန်းများ မေးမြန်းနေတာကို တားမြစ်ပေးဖို့ လျှောက်ထား အပ်ပါတယ်'

'ကျွန်တော်အမှုနဲ့သက်ဆိုင်လို့ မေးမြန်းနေတာပါ။ သက်သေရဲ့ ထွက်ချက်ကို အကြောင်းပြုပြီး မေးတဲ့မေးခွန်း ဖြစ်ပါတယ်'

လှအောင်က တရားစီရင်ရေးအဖွဲ့ကို မျက်နှာမူ၍ ပြန်လည် တင်ပြလိုက်သည်။

'ဆက်မေးပါ'

တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက ဆက်လက် မေးမြန်းခွင့် ပြုလိုက်သည်။

'အတင်းအဆင်းလှေကားက အုတ်လှေကားလား၊ သစ်

www.burmeseclassic.com

www.burmeseclassic.com



သား လေ့ကားလား'

'ကျွန်တော်အမှတ်တမဲ့ပါပဲ'

လှအောင်က ပြုံးပြုံးကလေး မျက်နှာပေး အမူအရာဖြင့် တရားစီရင်ရေးအဖွဲ့ကို လှမ်းကြည့်လိုက်သည်။

'မဝေဝေနွယ်တို့အိမ်နဲ့ကပ်လျက်တိုက်ဟာ ဗယ်ဘက်ကလား၊ ညာဘက်ကလား'

'ကျွန်တော် အမှတ်တမဲ့ပါပဲ'

လှအောင်က ပြုံးလိုက်ပြန်သည်။

'မဝေဝေနွယ်တို့အိမ်ကို ကားထားတဲ့ဘေးထရံဟာ သွပ်ပြားလား၊ သစ်သားလား၊ ဝါးထရံလား'

'ကျွန်တော် သတိမထားမိပါဘူး'

လှအောင်က အပြုံးမျက်နှာထားနှင့် တရားစီရင်ရေးအဖွဲ့ကို အရိုအသေပြု၍ ပြန်ထိုင်လိုက်သည်။

ဦးမြင့်မောင်က မေးခွန်း ထပ်ဆင့်လိမ့်မည် ထင်သော်လည်းဘာကြောင့် မှန်းမသိမေးခွန်းမမေးပဲ ချိုနေလိုက်ရာ သည် တကွက်ကိုတော့ တွေးရခက်ကြီး ရှိရသည်။

နောက်ဆုံး သက်သေမှာ ဆေးရုံကြီးမှ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်။

ဆရာဝန်က ရင်ခွဲရုံသို့ ရောက်ရှိလာသူအား စစ်ဆေးကြည့်ရာတွင် ဒဏ်ရာဒဏ်ချက်များဘယ်သို့ တွေ့ရသည်ကို ထွက်ဆိုသွား၏။ ရင်ညွန့်ကို ထိုးသည့် ဒဏ်ရာထက် ခေါင်းကိုရိုက်သည့် ဒဏ်ရာက ပြင်းထန်ပုံကို ဤသို့ထွက်ဆိုသွား၏။

'နောက်စေ့ မျက်နှာပြင် သုံးလက်မပတ်လည်အချင်းခန့်



မှာကြေမွနေသည်။ အလျား ၄ လက်မ၊ အနံ ၀.၂၅ လက်မ၊ အနက် ၀.၀၅ လက်မကွဲသည်။ လေးလံ၍ ခေါင်းပွမဟုတ်သော အရာဝတ္ထုဖြင့် အားသုံး၍ ရိုက်နှက်ရာမှ ရရှိသော ဒဏ်ရာဖြစ်သည်။ ဦးခေါင်းခွံ နောက်ဘက် ကြေမွ၍ ဦးနှောက်အတွင်းသို့ သွေးယိုစိမ့်ပြီး သေဆုံးသည်'

ဆရာဝန်၏ ထွက်ဆိုချက်နှင့် ပတ်သတ်၍ နှစ်ဘက်စလုံးက အမေးအမြန်းမရှိ။

လှအောင်ကို ဆရာဦးမြင့်မောင်က ဆရာဝန်ထွက်ချက်နှင့်ပတ်သက်၍ ဘာမှ မမေးမြန်းရန်မှာထားသည်။

ဆရာဝန်ထွက်ချက်ပြီးသည့်နောက် အချုပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ရ၏။ နောက်တပတ်တွင် ဝေဝေနွယ် အစစ်ခံရမည်။

လှအောင်က နောက်တပတ် အစစ်ခံသည့်အခါ ရဲစခန်းနှင့်ဖြောင့်ချက်ပေးရာတွင် အစစ်ခံသည့်အတိုင်း ထွက်ဆိုဖို့မှာကြားပြီး ဆရာဦးမြင့်မောင်အား အခြေအနေတင်ပြရန် ဝေဝေနွယ်ကို နှုတ်ဆက်၍ ထွက်သွားသည်။

မေမေနှင့်မမထားတို့ အစောကြီးပြန်သွားကြပြီမို့ ညနေထောင်အပြန် ကားလာသည်အထိ အချုပ်ထဲကပဲ စောင့်ရတော့မည်။

မနက်က တရားခွင်သို့ ထွက်သွားစဉ်က အချုပ်ထဲသို့ မရောက်သေးသည့် အမျိုးသမီး အချုပ်သစ်များကို တွေ့လိုက်ရသည်။

အားလုံးပေါင်း ငါးယောက်၊ လူရေသန့်တွေဝတ်စားဆင်ယင်ထားသည်ကို ကြည့်၍ အကဲဖြတ်ရသော်၊ အလယ်အလတ်

www.burmeseclassic.com

www.burmeseclassic.com



အလွှာထဲက ဖြစ်ဖွယ်ရှိသည်။ ငါးယောက်စလုံး မျက်နှာညိုးညိုး ငယ်ငယ်နှင့် စိတ်ပျက်လက်ပျက်ဟန်ကို ဆောင်၍ စုဝေးထိုင်နေကြသည်။ အပြင်မှလာတွေ့သူများက အချုပ်ခန်း ဘက် လာတွေ့လိုက်၊ တရားရုံးဘက်သွားလိုက်နှင့် ပျာလောင်းခတ်နေကြသည်။

ဝေဝေနွယ်က အမျိုးသမီးအုပ်စုနှင့် မလှမ်းမကမ်းတွင် ထိုင်နေသည်။ ခုမှတွေ့ကြသူများဖြစ်၍ စကားမဆိုဖြစ်။

အပြင်မှလာတွေ့သူ ပြန်ထွက်သွားပြီးနောက်လာတွေ့သူနှင့် စကားသွားပြောသူအမျိုးသမီးက စိတ်ပျက်ညည်းညူစကားဆိုလိုက်သည်။

'အာမခံတော့ မျှော်လင့်ချက်မရှိဘူးတဲ့၊ စီမံချက်နဲ့ ဖမ်းတာမို့ ယမန်ရက်ပြည့်မှ စဉ်းစားမယ်လို့ ပြောတယ်။ အားလုံးတော့ ဒုက္ခပါပဲ'

ညှိုးရိပ်တင်နေသည့် မျက်နှာများမှာ ပို၍ညှိုးရိပ်သန်းသွားကြသည်။

သူတို့အထဲက သွက်လက်ချက်ချာဟန် ရှိနေသောအမျိုးသမီးတယောက်က ဖြစ်လာမှတော့ ဘာတတ်နိုင်မှာမို့လို့လဲ ဖြစ်သမျှအကြောင်း အကောင်းပေါ့' ဟု ဖြေသိမ့်စကားဆိုလို သလို နောက်တယောက်က 'တို့အကြောင်းနဲ့ တို့ပေါ့ကွာ၊ လူတို့ ထောင်းထဲရောက်ဖူးတာမှမဟုတ်ပဲ။ တို့ကထောင်ထဲရောက် တော့မှာ၊ ဗဟုသုတ တမျိုးတိုးတာပေါ့' ဟု ဝင်ထောက်လိုက်သည်။

စကားသွက်ဟန်ရှိသည့် အမျိုးသမီးက ဝေဝေနွယ်အ စတင် မိတ်ဆက်၍ ထောင်ထဲက အကြောင်းကိုအမေးအမြန်း လာသည်။ ဝေဝေနွယ်က သိသင့်သိအပ်ရာများကို ပြောပြခဲ့



အမျိုးသမီးတွေအားလုံး ဝေဝေနွယ်အနားသို့ စုလာကြသည်။ အဆိုး အခြေအနေကိုမပြောပဲ ကောင်းသောအရာ ရှိအောင်ပြောပြသည့် တိုင် သူတို့အားလုံး မျက်စိပျက်၊ မျက်နှာပျက်ဖြစ်နေကြသည်။ တချို့က မျက်ရည်လေတလည်လည်နှင့်။

ဝေဝေနွယ်က မမေးပေမယ့် သူတို့မှုဖြစ်ကြောင်းကိုသူတို့ဘာသာဖွင့်ပြောလာသည်။

သူတို့က ကိုကာချစ်သူတွေ။ ဖခွက်ကလေးတွေကို ပွတ်နေရန်မနေရမှ စားဝင်အိမ်ပျော်သူတွေ။ နေ့စဉ်နေ့တိုင်းတော့ မဟုတ်။ ရှေးအားလပ်ရက်များမှာ အပျင်းပြေ အပျော်ဝိုင်းဖွဲ့ကြသည်။ ကြေးလည်းမကြီး။ ဒေါင်းနှစ်ကျပ်ပတ်လည်။ လုံးကြေးဆိုရင်ဘာရောမှ ငွေတရာကိုင်ယင်တနေ့တလုံးကစားနိုင်သည်။ သူတို့ထဲမှာ ရှုံးသူများကနှစ်ယောက်။ ပွဲစားက နှစ်ယောက်။ တယောက်က ယောကျ်ားရှာသမျှကို ဒိုင်ခံဖြုန်းပေးနေသူ။

လောင်းကစားခြင်းနှင့် ပတ်သက်သည့် ဥပဒေမှာ ကြေးနည်းသည့်များသည်မဟုတ်။ ဖမ်းမိယင် အရေးယူနိုင်သည်။ အပျော်ကစားသည်၊ စီးပွားဖြစ်ကစားသည်ဟူ၍ ခွဲခြားချက်မထား။ လောင်းကစားဥပဒေ နှင့် ငြိစွန်းလျှင် ဖမ်းဆီးနိုင်သည်။ ရုံးတင်တရားစွဲဆို၍ အပြစ်ပေးနိုင်သည်။ သူစိမ်းမပါပါ။ အိမ်သားမိသားစု အပျင်းပြေကစားတာပါ၊ အသွားအစောင့်ယင်း ငါးပြားဆယ်ပြား ကစားတာပါလို့ ဆင်ခြေပေး၍ မရ။ ကစားနေစဉ် ဖဲထုပ်နှင့် အတူတကွ တွေ့ရှိလျှင် အရေးယူနိုင်သည်။

စီမံချက်နှင့် ဖမ်းဆီးသည့်အခါမျိုးတွင် အာမခံကိစ္စမှာ တရားစီရင်ရေးအဖွဲ့၏ အဆုံးအဖြတ်ပေါ်မှာ တည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးသမားနှစ်ယောက်အနက် တယောက်မှာအိမ်ရှင် ယောကျ်ားက လက်ထောက်ညွှန်ကြားရေးမှူး၊ မိန်းမကအထ တန်းစားရေးမ၊ အလုပ်ကိုင်ထိခိုက်လျှင် ယောကျ်ားအလုပ်ကို အ ခိုက်မခံနိုင်၊ မယားဖြစ်သူက ဒိုင်ခံသူအဖြစ် တာဝန်ယူလိုက်သည်

ကစားတာက အပတ်စဉ်၊ ကြာပြီ၊ တခါမှ အဖမ်းအဆ မကြုံသေး။ သူတို့က ရဲရဲတင်းတင်းပင် ကစားကြသည်။ အိမ်ရှင် သမီးငယ်ကိုရဲအသွားအလာ၊အဝင်အထွက်ကို စောင့်ကြည့်နိုင် ထားသည်။ ခါတိုင်းလည်း ဘာမှမဖြစ်တော့ ခပ်ပေါ့ပေါ့။

သတင်းပေးသူက အတိအကျ။ ဖမ်းဖို့လာသူတွေတယ ဖောင်းမဝတ်။ လက်ပူးလက်ကြပ် အဖမ်းခံရတော့မှ မျက်ကလဲ ပြာဖြစ်ကြရသည်။

အာမခံမရ ထောင်ထဲဝင်ရတော့မည်။ မျက်ရည်တ လည်လည်နှင့်။

ရုံးသမားနှစ်ယောက်က ပိုဆိုးသည်။ တရားရုံးကအ ပေးယင် အလုပ်ပါထိခိုက်တော့မည်။

အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ကိန်း ကြုံရပါလေ

ဘယ်သူ့မပြု မိမိမှု။

*

လှအောင်က ဆရာဦးမြင့်မောင်ကို အမှုအခြေအ တင်ပြသည်။

'အေး. . . . ဒါကြောင့် ငါပြောတာပေါ့ဆရာဝန်တွ ချက်အရဆိုယင် အာမခံရဖို့ မလွယ်ဘူးလေကွာ ခုခံကာကွ ပိုင်ခွင့်ထက် ကျော်လွန်နေတယ်လေ၊ ကပ်ကျေးနဲ့ ထိုးတာကကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ကြိုးစားတာ၊ ခေါင်းကြေမွအောင်ရိုက်တာကြတော့ ကာကွယ်ပိုင်ခွင့်ကို ကျော်လွန်သွားတာ။ ပြီးတော့သည်အမှုမှာက ဒေါ်ခင်သန်းနွယ်နဲ့ ဆိုတာကိုလုံးဝမြှုပ်ထားလိုက်ကြတယ်။ ဝေဝေနွယ်နဲ့လို့လမ်းကြောင်း ဖော်ထားတယ်။ ဟုတ်တာမဟုတ်တာက တစ်ပိုင်း၊ ယုတ္တိမတန်ဘူးလို့တော့ထွက်တိုးမငြင်းနိုင်ဘူး။ ဦးခင်မောင်အေးနေရာမှာ တို့ရောက်နေယင်ကော တို့ဘာလုပ်မလဲ။ ကဲ. . . ထားတော့ခု တို့လုပ်ရမှာကအရိုးသားဆုံးထွက်ဆိုချက်နဲ့ ခုခံကာကွယ်ရမယ်။ သူတို့လမ်းကြောင်းမျိုးတို့က လိုက်နင်းလို့မရ သည်တော့ မင်းဆက်လုပ်ရမှာက. . .'

ဆရာဦးမြင့်မောင်က လမ်းညွှန်ချက်ချပေးလိုက်သည်။

ထိုမှ ဒေါ်ခင်သန်းနွဲ့ထံသို့ ။

အိမ်ပေါ်တက်လိုက်သည်နှင့် တအံ့တသြမျက်လုံးပြူးသွားရသည်။

အုန်းပွဲ၊ ငှက်ပျောပွဲတွေနှင့် ဖယောင်းတိုင်မီးတလွင်လွင်။

'ဟော. . . မောင်လှအောင် ရောက်လာတာနဲ့ အတော်ပဲ။ ဒေါ်ဒေါ်တောင် မောင်လှအောင်ဆီလာမလို့'

'ဘာဖြစ်လို့လဲ ဒေါ်ဒေါ်'

'ဒေါ်ဒေါ်လည်းအစကတော့ တာတွေဘာတွေနဲ့ အဝတ်သက်ခဲ့ပါဘူးကွယ်။ ဒေါ်လေးမိက မေးသင့်မေးထိုက်တာ၊ လုပ်သင့်လုပ်ထိုက်တာ၊ လုပ်ဖို့တိုက်တွန်းတာနဲ့ ပွဲပေးလိုက် ရတယ် လေ။ ခု. . . . ဆရာကြီးက ဓာတ်ဆင်ဖို့အတွက်မောင်လှအောင်ရဲ့ ဓာတ်ပုံလိုချင်တယ်ဆိုလို့'



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခင်မျှ

သူ့နှုတ်ဖျားက အော့မေ့ငိုက်သော လွှတ်ထွက်သွားရသည်။

ဝေနွယ်ပိုအတွက်လုပ်တဲ့ ဓာတ်ဆင်၊ ယတြာမှာကျွန်တော်က ဘာယုံကြည်လို့များ ပတ်သက်နေလို့လဲ ဒေါ်ခင်။

လူအောင်ခေါက်လှိုင်ယံ့ပိပိ အမျိုးတွေကို မယုံကြည်။ သို့တစေ ဒေါ်ခင်သန်းနွယ်၏ ခံစားမှုကို ကိုယ်ချင်းစာပြီး ဆန့်ကျင်စကားတော့ အဆိုလိုက်။ ကောင်းနိုးရာရာများလုပ်၍စိတ်သက်သာရမှုကို ရှာဖွေသည်မှာ ယနေ့ခေတ်စားနေသော လူအများလိုက်နာကျင့်သုံးနေသည့် လုပ်ရိုးလုပ်စဉ် လုပ်ငန်းတရပ်ဖြစ်သောကြောင့်ပါ။

အထူးသဖြင့် အမှုအခင်းဖြစ်သူတိုင်း သက်ရှိရွှေ့နေကို ငွေကုန်ကြေးကျခံ၍ ငှားရမ်းရသလို၊ သက်မဲ့နတ်တွေကိုလည်း ငွေပေးပြီးငှားကြရသည်။ မမြင်ရသည့် ဘိုးတော်တွေကိုလည်း ငွေပေးပြီး ငှားကြရသည်။

ရှေ့နေက တရားခွင်မှာ လူမြင်သူမြင်၊ ပြောရဆို၊ မေးမြန်းရ လျှောက်လဲရသည်။ မမြင်ရသည့်နတ်တွေ၊ ဘိုးတော်တွေက အိမ်မှာပူးကြကပ်ကြ၊ ဟောကြ ဓာတ်ဆင်ဓာတ်စီးကြနှင့်အလုပ်လုပ်ကြသည်။

ဒေါ်ခင်သန်းနွယ်ပြောသည့် ဆရာကြီးဆိုသူမှာ အသက်အရွယ်ကြီးကြီးမဟုတ်။ ဆံပင်ဖြင့် အဖြူမသန်းသေး။ အသက်က လေးဆယ်ဝန်းကျင်။ အလုပ်အကိုင်က အစိုးရဌာနတခုမှ အရာရှိငယ်၊ ငွေကြေးလာဒ်လာဘ်မယူ၊ စေတနာနှင့် လုပ်ပေးသည်ဟု အဆိုရှိသည်။



သို့သော်-။

ဝတ်စုံတစုံ ကန်တော့ရသည်ပါတဲ့။

တန်ဖိုးက အနည်းဆုံး သုံးရာကျော်တွန်။

လာ့ချေသေးသည်။ ဆရာကြီးပါစပ်က ဘာပေးရမယ်ညာပေးရမယ်၊ ဘာနဲ့ကန်တော့ရမယ်၊ ညာနဲ့ကန်တော့ရမယ်လို့ လုံးဝမပြော။

ဟုတ်ပါသည် ဆရာကြီးဆိုသူကပြောစရာမလိုပါ။ ကိုယ်စားပြောပေးမည့်လူက ရှိပြီးသားကိုး။

ကန်တော့ပွဲဖိုး၊ ဘာဖိုးညာဖိုးနဲ့ ဆိုငါးရာတော့အနည်းဆုံးရှိပါစေ၊ အမေတယောက်အနေနဲ့ သမီးဖြစ်သူအတွက် စိတ်သက်သာရာရဖို့ ဒီလောက်တော့ ကုန်ရလိမ့်မည်ပါ။

ဒေါ်ခင်သန်းနှင့်တောင်းပန်သမို့ ဆရာကြီးဆိုသူနှင့် မတွေ့ချင်ဘဲတွေ့လိုက်ရသည်။

အသားလပ်လပ်၊ ပါးရိုးကားကား၊ မျက်ခုံးအောက်သားမို့မို့အစ်အစ်၊ ဆံပင်ကောက်ကောက်နှင့် သူ့ရုပ်ရည်မှာ ဥပဓိရုပ်ပေါ်ထင်သည်ဟု အဆိုသာသော်လည်း ကြည့်ပျော်ရှုပျော်ရှိသည်။ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်ဖြိုးဖြိုး၊ မျက်မှန်ထဲက သူ့အကြည်မှာ စူးရဲသည်။ ကိုယ့်ကိုယ်ကိုယုံကြည်မှု အားပြည့်ထင်သမို့လားမသိ။ သူ့ကိုအကဲခတ်နေမှန်းသိလျက် တချက်ကလေးမှ ရှုံ့ဟန်မပြ။ ဟန်ထည်ထည်၊ မာန်ကြွယ်ကြွယ်။ သည်လုပ်ငန်းနှင့် အတော်ကြီး ယဉ်ပါးနေဟန်ရှိသည်။

ခိုပြာရောင် အနန်းနှစ်ပင့်လုံးချည်းကွက်နှင့် ရှစ်အင်္ကျီအဖြူအပေါ် အင်္ကျီအဖြူကို သပ်သပ်ယပ်ယပ် ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေါ်ခင်သန်းနွယ်က မိတ်ဆက်ပေးသည့်အခါသူတခေါင်းတညိတ်ညိတ်နှင့်။

'ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားခဲ့ရတဲ့ လူတော်တယောက်ပဲကိုး၊ အောင်မြင်မယ့် အလားအလာတွေက တယ်ကောင်းနေတာပဲ၊ ကြီးပွားအုံးမှာပလေ'

တွေ့တွေ့ချင်း ဒေးကားနယ်ဂျီ၏ လူပေါ်လူဇော် လုပ်နည်းကို အသုံးပြုလိုက်သည်။ ယုံယုံကြည်ကြည်လာသူ တယောက်သာဆိုသူ၏ ပဏာမအချိုးကို သဘောမွေ့ မနောတွေ့ သွားလိမ့်မည်ပါ။

လှအောင်က မပြုံးမရယ် နဂိုအတိုင်းခပ်တည်တည်။

'ကဲ..ကဲ.. ကျုပ်က ရုံးမှာအလုပ်တွေများနေလို့ ရုံးပြန်သွားရအုံးမယ်၊ အချိန်ရခိုက်ကလေး ဘယ်အမျိုးအနွယ်ကလဲဆိုတာသိရအောင် မနောခါတ်စီးကြည့်ရအောင်'

သူက တဘက်လူ၏ သဘောထားတွေဘာတွေကိုမေးမနေ၊ ကတ္တီပါအိတ်အနီလေးထဲက ပုတီးကိုဆွဲထုတ်၍ ပွဲရှေ့မှာ ခပ်တည်တည် တင်ပလ္လင်ခွေထိုင်လိုက်သည်။

'ကဲ...ဒီရှေ့ကိုလာ'

ခေါ်လိုက်ပုံက အမိန့်ပေးသံအပြည့်။

လှအောင်က သူဘာတွေဆက်လုပ်မည်ကို သိချင်သောကြောင့်သူ့ရှေ့မှာ ခင်ထိုင်လိုက်သည်။ လှအောင်ထိုင်ပုံက လျော့တိလျော့ရဲ။

သူက ခါးကိုမတ်ထားဖို့၊ ခေါင်းကိုမော့ထားဖို့နှင့် လက်အနေအထားကိုပြင်ပေးသည်။ ပြီးမှ ပွဲ့ဝါးပွဲ့ထိုးထားသည့်ဘက်ကိုလှည့်၊ ဆောင်ကြောင့်ထိုင်ပြီး ဘုရားရှိခိုး ကန်တော့သည်။ သူကိုး



သော့ ရှိမခိုးခိုင်း။

'ကဲ....မျက်စိပိတ်ထား'

ဘုရားကန်တော့ပြီး မျက်နှာချင်းဆိုင်ပြန်ထိုင်၍ အမိန့်ပေးလိုက်ပြန်သည်။

လုပ်ငန်းစပြီ....။

သူ့ခေါင်းပေါ်ကိုပုတီးနှင့်ဝဲ၍ လူသားများပြောလေ့ရှိသည့် စကားမပြော၊ သူတို့နားမလည်သည့် 'ခါတ်ကနိ၊ ခါတ်ကနဲ၊ ခါတ်ကနော' ခါတ်သံများများထွက်သည့် စကားများကို ဆယ်ငါးမိနစ်ခန့် မရပ်မနားပြောပြီး ရပ်သွားသည်။

မျက်လုံးဖွင့်နိုင်ပြီတဲ့။

လှအောင်က ခပ်လျော့လျော့ပိတ်ထားသည့် မျက်လုံးကို ဖွင့်လိုက်သည်။

'ဟိုးအဝေးကြီးက အမျိုးကောင်း အမျိုးသန့်၊ ပရောဟိတ်ပညာရှိကြီးရဲ့ သားကိုး။ ဒါကြောင့်လည်း ပညာပါရမီ ပါလာတာ၊ အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့လို့ ဘုရင်မြောက်စားခြင်းကို မခံလိုက်ရဘူး။ သည်မိန်းကလေးက သူ့ကြွယ်သမီးတယောက် နဲ့တယောက် သိမ်ပြီးတော့သံယောဇဉ် တွယ်ခဲ့ကြတယ်။ အဲဒီအဆုံအဆက်က သည်အဝေးပါနေတာပဲကိုး။ ကိုယ်ကမယုံကြည်မေမယ့်လို့ ကိုယ့်အစောင်က သိမ်အားကောင်းထယ်။ လူတွေက ဟိုအဝဖြစ်ကြောင်းကိုသာ မသိကြလို့သာ။ သည်အဝမှာ တယောက်နဲ့တယောက် လာရောက်ဆက်နွယ်ဆက်စပ်ကြတာဟာ ဟိုအဝကအကြောင်းကြောင့်ပဲ၊ ... အဲ... ကဲကြိုက်သလိုဆိုင်'

မနောခါတ်စီးခြင်း ပြီးဆုံးသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါလား။ အတိတ်ဘဝ ဇာတ်ကြောင်းကိုတောင် ပြောနိုင်တယ်ဆိုတော့လည်း၊ ပြီး . . . သူပြောသွားသည့် အတိတ်ဘဝဇာတ်ကြောင်းမှာ နားခွင့်ပယ်ရှိစရာမို့ ကန့်ကွက်စရာမရှိပါ။

သူက ပုရောဟိတ်ပညာရှိကြီးရဲ့သား။

ရွှေဝရောင်နွယ်က သူကြွယ်သမီး။

မယုံလျှင် ပုံမြင်လို့ တယောက်နှင့်တယောက် သိပ်ပြီး အတွေ့ သံယောဇဉ် ညှိတွယ်ခဲ့သည်တဲ့။

ခုဘဝမှာလဲ။

*

သူငယ်ချင်း ခင်စိုး သော်တင်းက လွှတ်ထွက်လာသည်။ တွင်းနတ်ခမ်းရောက်ခဲ့သော်လည်း ခြေချော်မကျခဲ့ပါ။ ဆေးရုံကမှ မဆင်ဆင်ကြီးက ထောင်ထွက်မှာ အာမခံမရ။ ဆေးစာအရ ပုဒ်မ-၃၂၆ တပ်ထားသည်။ အာမခံမပေးနိုင်၊ ကြေအေးခွင့်မရှိ အမှုစစ်ဆေးသည့်အခါ ခင်စိုးအတွက် ချက်ပေါ်မှုတည်ရှိ အမှုကြောင့် အနုပြောင်းအလဲဖြစ်နိုင်သည်။

ခင်စိုးမှာ စိတ်ကြီးသည်။ လူအောင်နားချသည်၊ မရ။ တော်ရုံတန်ရုံလပ်ယင် သူခွင့်လွှတ်နိုင်သည်။ ခုဟာက တွာဆီးတာ၊ သေကောင်းပေါင်းလဲဖြစ်အောင် လုပ်တာမို့ ခွင့်မလွှတ်နိုင်။

မခင်သောင်းကို နားချနိုင်ယင်း ရကောင်းရမည်။

မခင်သောင်းက သူ့အပေါ် ပြတ်ပြတ်ထင်ထင် သဘောထားတွယ်သည် နေတုန်း။ ဒါပေမယ့် အစ်ကိုဖြစ်သူက ထောင်ထဲမှာမို့ ခင်စိုးကို သွားတွေ့ဖို့ ခက်နေသည်။

ခင်စိုးဆေးရုံက ဆင်းလာယင်း သည်ပြဿနာကိုပြီးပြတ်အောင်ရှင်းရမည်။ အမှုဆက်ဖြစ်လို့တော့မလွယ်။ နှစ်ဘက် စလုံး နာကုန်လိမ့်မည်။ အေးအေးချမ်းချမ်းဖြစ်ဖို့ နည်းလမ်းရှိသော်လည်း လက်တွေ့လုပ်ရမည်က လွယ်လိမ့်ထင်။

ခင်းစိုးနှင့် မခင်သောင်းတို့ ဘဝကြင်ဖော်အဖြစ် လက်တွဲလိုက်ကြယင် အမှုအလိုအလျောက်ပြီးပြတ်သွားနိုင်သည်။ မခင်သောင်းမိဘများနှင့် သည်ကိစ္စညှိကြည့်ရာတွင်သူတို့သားပြီးမှ စဉ်းစားနိုင်မည်ဟုဆိုလာသည်။

သည်အမှုကလည်း အပျက်ပျက်နှင့် နာခေါင်းသွေးထွက်မည့်အမှု။

www.burmeseclassic.com



## ဆယ်တစ်

ပေါ်ခွင်သီ၊ ပေါ်ဖောညို၊ မသန်းသန်းစိုး၊ မစန်းစန်းမြင့်၊ မဝင်းကြည်တို့ငါးယောက်မှာ ထောင်ထဲရောက်ကတည်းက မအိပ်နိုင်၊ အစားနိုင်တာမှိုင်မှိုင် တတွေတွေနှင့် ရမန်ပြည့်မည့်ရက်ကို ပင်ပန်းကြီးစွာဖြင့် စောင့်နေရပြီ။

မသန်းသန်းစိုးနှင့် မဝင်းကြည်တို့နှစ်ယောက်က ပိုဆိုးသည်။သူတို့ကရုံးဝန်းထမ်းတွေ၊ အပြစ်နှစ်ခါရမည်။ တရားရုံးက ပေးသည့်အပြစ် နှင့် ဌာနဆိုင်ရာကပေးသည့်အပြစ်။

ပြဿနာ ကြီးကြီးမားမား မဖြစ်လောက်ဖူးလို့ ထင်ခဲ့သူများမှာ ပြဿနာနှင့် နဖူးတွေ့ဒူးတွေ့ ဆုံလိုက်ရသောအခါ ခေါင်းမီးတောက် ဖြစ်နေကြပြီ။

ထောင်ထဲရောက်ပြီးသည့်အထိ အစစအရာရာ ကူညီခဲ့သူ ဝေဝေနွယ်ကိုတော့ သူတို့အားလုံးက ကျေးဇူးတင်မဆုံး ရှိကြသည်။ တကယ်တော့ ဝေဝေနွယ်က ကျေးဇူးတင်ခံချင်လို့ ကူညီသည် မဟုတ်ပါ။ မိန်းမသူချင်း ကိုယ်ချင်းစာ၍ ကူညီခြင်းသာဖြစ်ပါသည်။ ထောင်ထဲမှာ အကူအညီပေးရတာမလွယ်။ မနာလိုဝန်တို မျက်စောင်းထိုး ခံရမလွယ်။ ရောက်လာသည့်လူသစ်များကို အကူ



အညီပေးအယောင်ပြပြီး ခွာနွာဖို့ စောင့်နေသူတွေ ရှိကြသည်။ ထဘီချင်း လဲယူတာတို့၊ အင်္ကျီချင်းလဲယူတာတို့၊ ဝေဝေနွယ်တို့လို စေတနာအပြည့် ကူညီသူကြောင့် သူတို့အလုပ်မဖြစ်။ သည်တော့ မျက်စောင်းထိုးခံရသည်။ အကြားတကြား အလိုတမာစကား အဆိုခံရသည်။

သူတို့ထဲမှာ ပိန်ကပ် ကော့လန်က အဆိုးဆုံး။ အမယ္ဘွေးခင်တို့ အမှုတွဲ၊ နာမည်က မခွေးမ။ ကျောတပြေးတပြားတည်း၊ ဖင်ကကောက်၊ ရင်ကကော့နှင့်မို့ လမ်းလျှောက်ပုံ အချိုးကျကော့လန်ကော့လန် နှင့်၊ သူနာမည်ရင်း မခွေးမကိုရှေ့တင်လောက်ပဲခေါ်သည်။ ကွယ်ရာမှာတော့ ကော့လန်မလို့ခေါ်ကြသည်။ ကော့လန်မတို့က လူသစ်ရောက်လာယင် ပရောပရီလုပ်ပြီးရသမျှခွာကြသည်။ လူသစ်ငါးယောက်ကို ဝေဝေနွယ်က အကူအညီ ပေးနေသမို့ သူတို့ကပ်လို့မရ။ မကျေမနပ်မျက်စောင်းခဲကြသည်။

လူသစ်အများစုမှာ မခွေးမတို့ပြုသမျှနုကြရသည်။ ဒါပေသည့် မစုနဲ့တွေ့တော့ မခွေးမတို့ ခံကြောပြသွားသည်။

မစုနာမည်က စုစု၊ အသက်ကနှစ်ဆယ့်ရှစ်နှစ်၊ အမှုက လူသတ်မှု၊ မစုရောက်လာသည့်နေ့က မခွေးမက ကြိုဆိုသမှုပြုပြီး သူ့အနားမှာ နေရာပေးသည်။ နှစ်ရက်မြောက်နေ့က မခွေးမက မစုလုံချည်ကို ချတ်ခိုင်းပြီး သူ့လုံချည် အဟောင်းနှင့်လဲဝတ်သည်။ မစုကလုံချည်အပိုပါသမို့ လဲဝတ်လိုက်သည်။ ရုံးထွက်ဝတ်သွားချင်လို့အကြောင်းပြသဖြင့် ခဏရယ်လို့ ပေးလိုက်ရာမခွေးမကပြန်မပေး။ စကားများကြသည်။ မစုကမခံ။ မခွေးမပါးကိုရိုက်ပစ်လိုက်ရာ ထောင်မှူးကြီးရုံးခန်းရောက်သည်အထိ ပြဿနာတက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

စုစုက မိတုတ်မခံ ဇတ်ဇတ်ကြွလေး၊ အမှုကလည်းပေါ့ သေးသေး အမှုမဟုတ်။ လူသတ်မှု။ ထောင်ထဲရောက်လာစကတည်း ရှိပါထင်သော်လည်း ဟန်နှင့်မာန်က ပြတ်ပြတ်ထင်ထင်။

မျက်နှာကျ အလှ မဆောင်သော်လည်း အသားဖြူသည်။ ကိုယ်လုံးကိုယ်ပေါက်က ကြည့်ကောင်းသည့် ကိုယ်လုံးကိုယ်ပေါက်မျိုး။ တစ်တစ်ရစ်ရစ်လေး၊ မျက်နှာထား ချိုသည်။ စကားပြောပုံက ချစ်စရာလေး။

မခွေးမနှင့် ပြဿနာဖြစ်ပြီးနောက် တန်းစီးဒေါ်ခင်မေက ဝေဝေနှယ့် အနားကို နေရာပြောင်းချပေးသော ကြောင့်တယောက် နှင့်တစ်ယောက် ရင်းနှီးလာကြသည်။ အဆောင်တခုလုံးမှာသူတို့ နှစ်ယောက်သာ လူသတ်မှုတရားခံ။ သူ့အကြောင်းကိုယ့် အကြောင်း ပြောကြယင်းမှ ထူးဆန်းရာသည်ဟု ဆိုအပ်သော စုစု၏ဘဝဇာတ် ကြောင်းကို သိရှိခွင့်ရခဲ့ပြန်သည်။ စုစုက သူ့အကြောင်းပြောပြရာ တွင် ပွင့်လင်းလွန်းသည်။

စုစုမှာ ရုပ်ရည် ထူးထူးထင်ထင် မလှသော်လည်း နမူနာစာ ရေးလှခဲ့သည်။ အိမ်ထောင်ရေး ကံကောင်းခဲ့သည်။ သူ့စိတ်မာတ်ကိုသာ ပြောင်းခဲ့မည်ဆိုယင် ထောင်ထဲရောက်ဖို့ နေနေသာသာ ဘဝတွေမှာ ပူပင်ကြောင့်ကြ သောကဗျာပါဒနှင့် ကင်းဝေးရပါလိမ့်မည်ဟု ဆုတောင်းစရာ မလိုအောင် အားလုံးပြည့်စုံသည့် အိမ်ထောင်ရှင်မတယောက်အဖြစ် ရပ်တည်နိုင်မည်ပါ။

အဖေက အစိုးရဝန်ထမ်း အရာရှိ၊ အမေကအထည် မျိုးစုံဆိုင်ပိုင်ရှင်။ စုစုတို့မှာ မွေးချင်းနှစ်ယောက်ပဲရှိသည်။ ကျောင်း



နေစဉ်က လိုတရပြည့်စုံခဲ့သည်။ သို့တစေ စုစုမှာ မကောင်း သော စရိုက်ဆိုးကလေးပါလာသည်။ အနေအထိုင် တည်တည် ငြိမ်ငြိမ် မရှိခြင်းနှင့် ယောကျ်ားလေးများနှင့် မရောပရိုနေလွန်းပြီး ချစ်ပါသည်ဟု ဆိုလာသူတိုင်းကို အပြုံးတဝေဝေဖြင့် လက်ခံ တတ်ခြင်းပါ။

ဆယ်တန်းရောက်သည်နှင့် ချစ်သူဆယ်ယောက်မကရှိနေ ပြီး။ အရပ်ထဲက ဆတ်စလူးစိန်ဟူ၍ နာမည်တလုံးတိုးပေးလာ သည်။ အများသူငါ မျက်စိနောက်စရာ ကောင်းလောက်အောင် ယောကျ်ားလေးများနှင့် ဆတ်ဆတ်လူးလူး နေခဲ့သည်။

သားသမီးမကောင်း မိဘခေါင်း ဆိုရိုးစကားအတိုင်းမိဘ များမျက်နှာပျက်စရာ အခြေသို့ ရောက်ခဲ့ သဖြင့်ကျောင်းထွက် လိုက်ရသည်။ ကျောင်းထွက်ရုံနှင့်မပြီးသေး၊ ခြေငြိမ်သွားအောင် အိမ်ထောင်ပြုပေးဖို့ပါ စီစဉ်ကြရသည် အထိရှုတ်ရှုတ်သဲသဲ ဖြစ်ခဲ့ သည်။

ဖခင်ဖြစ်သူက သူ့လက်အောက်က ရှီးသားသူစာရေး ကလေးတင်မောင်ကြည်နှင့် လူကြီးချင်း စေ့စပ်ပြီးလက်ထပ်ပေး လိုက်သည်။ စုစုက မိဘစကားကို မလွန်သာလို့ တင်မောင်ကြည်ကို လက်ထက်လိုက်ရစေကာမူ ဘယ်လိုမှ ချစ်လို့မရဖူး ဆိုခဲ့သည်။

တင်မောင်ကြည်က ရိုးသားသလိုကြိုးစားသည်။ အလုပ် တဘက်နှင့် အခါရ၊ အိ၊ စကွင်း၊ တာလမ်စ်အောင်လက် မှတ်ကို ရယူနိုင်ခဲ့ရာ ယောက္ခမ၏ အဆက်အသွယ်အကူညီဖြင့် စင်ကာပူရှိ ဖူရိုအာဆန်နီး သင်္ဘောကုမ္ပဏီတွင် ဆက်သွယ်ရေး အရာရှိအလုပ် ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စုစုက တင်မောင်ကြည်ကို ဘယ်လိုမှ ချစ်မရသော်လည်း တင်မောင်ကြည်က စုစုကို သဲသဲဝင်ဝင်၊ နှစ်နှစ်ကာကာ ချစ်သည်။ ဇနီးသည် အချုပ်အချယ် လုံးဝ မထား၊ ကြိုက်သလို နေစေခဲ့သည်။

သဘော်လိုက်ပြီး သုံးလအကြာ ဇနီးဖြစ်သူအတွက်အလှ ပြင်ပစ္စည်းများနှင့် အဝတ်အစားများကို လူကြုံနှင့် ပို့ပေးလိုက်သည် အထိချစ်မယားအပေါ် အလေးတယူ ရှိခဲ့သည်။ သို့တစေ စုစု၏ တုံ့ပြန်မှုမှာ လင်သားအပေါ် ဘယ်လိုမှကောင်းရိပ်မထင်ခဲ့။

ငယ်သော ကြီးသော ယောကျ်ားများနှင့် တွဲချင်သလို တွဲပြီး နေချင်သလို နေသည်။ တစ်နှစ်ကျော်ပြီးသည့်နောက် ကား တစ်စီးနှင့် တယ်လီဗေးရှင်းတစ်လုံး ပို့လိုက်သည်။ လက်ထဲမှာ ငွေတစ်သိန်းကျော်နှင့် ငုံ့ရမည့်၊ ထိန်းရမည့်ကလေးလည်း မရှိ၊ ဝတ်လိုက်၊ စားလိုက်၊ သုံးလိုက်၊ ဖြုန်းလိုက်သည်မှာ ဝက်ဝက်ကွဲ။ အဖေတို့အမေတို့လည်း ပြောမနိုင်ဆိုမရ၊ မိဘကိုပင်ပြန်ခံခဲ့သည်။

အမေတို့ပစ္စည်း သုံးဖြုန်းနေတာမှမဟုတ်ပဲလို့။

ယောက္ခမတွေက သားမက်ဖြစ်သူထံ စာလှမ်းရေးရသည်။

မြင့်မောင်မောင်ဆိုသူ မန္တလေးသား လူချောကလေးနှင့် ဘာ လို တိုတိုသတင်းများထွက်လာသည်။ သုံးသောင်းကျော်တန် မော်တော်ဆိုင်ကယ် ဝယ်ပေးသည်အထိ ပြောမဆုံပေါင်ထောသုံး တောင်ဇာတ်လမ်း သဖောင်းဆိုးနံ့တွေ့ တလှိုင်လှိုင်။

အဖေကြီးခမျာ အိပ်ရာထဲ ဘုန်းဘုန်းလဲသည် အထိ သမီးဖြစ်သူအတွက် စိတ်ထိခိုက်မှုဝေဒနာကို ခံစားခဲ့ရသည်။ စုစု နှင့် ပတ်သတ်၍ သူတို့မှာ ဆုပ်စူး စားရူး၊ ဖြဟ္မာကြီး ဦးခေါင်း ထွေးပိုက်ထားရဘိသို့ ရှိချေ၏။ နှင်ချလို့လည်းမဖြစ်၊ အဆင်းဘီး တပ်ပေးလိုက်သလိုဖြစ်မှာ အသေအချာ။ မိဘမနိုင်သောသားသမီး အများကြီးရှိနေသည်။ ထိုသူများထဲမှာ စုစုတယောက်ပါနေသည်။

ဖခင်ဖြစ်သူက အရှက်ကိုနောက်ထားပြီး ကိုယ့်သားအ ရွယ်မြင့်မောင်မောင်ဆိုသော ကောင်းလေးနှင့်တွေ့ပြီး တောင်ပန် တိုးလျှိုးစကား ဆိုခဲ့ရသည်။ကောင်လေးပြောလိုက်ပုံက တရှက်က နှစ်ရှက်ဆိုဘိသို့ ဖြစ်ရသည်မှအပ မကြောင်းမထူးခဲ့။

'ကျွန်တော်တို့ချင်းကတော့ ရိုးရိုးခင်မင်နေကြတာပါ။ ပတ်ဝန်းကျင်က ချဲ့ကားပြောနေတာကိုတော့ ကျွန်တော်မတက် နိုင်ဘူး။ ကျွန်တော်က စုစုကို မလာဖို့ပြောပင် မယ့် သူကဆက် လာနေယင် ကျွန်တော် ဘာလုပ်ရမလဲ။ သူ မလာအောင်တော့ ဦးလေးတို့ကပဲ'

သမီးဖြစ်သူအတွက် ခေါင်းငုံ့ပြန်ခဲ့ရသည်။

ဦးထုပ်ဖြူ တယောက်တလုံး၊ မော်တော်ဆိုင်ကယ် တစီး နှင့် သူတို့နှစ်ယောက်မှာ။

နှစ်နှစ်နှင့် ခြောက်လ။

ဘာမျှကြာလိုက်သည်ဟု မထင်ရ။ တင်မောင်ကြည် ပြန် ရောက်လာသည်။ ကားတစီး ထပ်ပါလာသေးသော်လည်း နောက် မှရောက်မည်။ သူနှင့်အတူ ရေခဲသေတ္တာတလုံးနှင့် ဆိုင်တဆိုင်တည် လောက်စရာ အဝတ်အစားတွေပါလာသည်။

တင်မောင်ကြည် ရောက်လာသည့်နေ့က လေယာဉ်ပျံ ကွင်းသွားကြိုရာတွင် စုစုမပါ။ တောင်ကြီးဆိုပြီး သွားခဲ့သည်မှာ တပတ်ကျော်ပြီ ယောက္ခမတွေက ဘာကစ၍ ဘယ်လိုပြောရမှန်း ပင်မသိ။ အိမ်ရောက်တော့မှ မပြောမဖြစ်သည့် ပြဿနာကိုအိတ်



www.burmeseclassic.com

www.burmeseclassic.com



သွန်ဖြားမှတ်ပြောပြလိုက်ရသည်။ မိဘအုပ်ထိန်းမှုကြားစာ သည်လိုဖြစ်ရသည်ကို ကိုယ်က စမပြော၍ မဖြစ်။ ဘသည်ပြီးမှ ကိုယ်က ပြောရလျှင် အလိုတူအလိုပါ အနေအထားမျိုးရောက် သိမ့်မည်။ အဘိုးကြီးက တင်မောင်ကြည်နဲ့ဆရာလည်းဆရာ၊ ယောက္ခလည်း ယောက္ခမ။

တင်မောင်ကြည်မိဘတွေ ရန်ကုန်မှာမရှိလို့တော်သေးသည်။ တင်မောင်ကြည် မိဘတွေက အညာက တောင်သူတွေ။ သူတို့က သားလုပ်စာတို့မျှော်ကိုးပြီး လက်ဝါးဖြန့်မည့်သူတွေ မဟုတ်။ စီးပွားရေး တောင့်တောင့်တင်းတင်းနှင့် လုပ်ငန်းဖွံ့ဖြိုးနေသူတွေ။ သူတို့သားကြီး အောင်မြင်ရေး အကူအညီ ပေးခဲ့သူ စုစုတို့အဖေကို ကျေးဇူးတင်မဆုံး ရှိကြသည်။ သူတို့သားကို ကိုယ့်သားအဖြစ် မှတ်ယူပါရန် အပ်နှံခဲ့သည်။ စုစုတို့မင်္ဂလာပွဲ ကုန်ကျစရိတ်အားလုံးကို တာဝန်ယူခဲ့သော်လည်း ပြန်လည်ရှိသည့် လက်ဖွဲ့ပစ္စည်းများကို လက်ဖျားနှင့်ပင်တို့မသွား။ အဖိုးတန်မည့် ကောင်းနိုးရာရာ ပစ္စည်းရွေးချယ် ပေးသည်ကိုလည်း လက်မခံ။ သူတို့သားကိုသာ စုစုတို့အဖေလက်ထဲအပ်သွားခဲ့သည်။

ခုတော့ သမက်ကောင်းလေးကို သမီးကဆိုးနေသည်။

တင်မောင်ကြည်က သူ့သဘောကိုလိုက်ရသည်မှာ ယောက္ခမကြီးကျေးဇူးကြောင့်ဟု၍ အကြည်အညိုမပျက်။

'တို့က မင်းပြင်ဆင်ယူရပ်ခြားရောက်နေတုန်း စိတ်ဆိုခိုက်ရာဖြစ်မှာမို့ အကြောင်းစုံစာမရေးဖြစ်ခဲ့ဘူး။ ရေးဆောင်သတိလာကပဲ ရေးနဲ့ရတယ်။ ခုပြန်ရောက်မှတော့ ပြောစရာရှိတာ အကုန်ပြောရတော့မယ်။ မင်းရဲ့အဆုံးမဖြတ်ကို အန်ကယ်တို့က ဘယ်လိုမှ ဝင်ပြီးမဟန့်တားခြင်ဘူး။ တို့သမီးကို မပေါင်း ချင်ပါဘူးဆိုလဲ



တို့ကြားမဝင်လိုဘူး။ မင်းဟာမင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တယ်။ တခုတော့ အန်ကယ်တို့ ကလေးလေးနက်နက် သတိပေးချင်တယ်။ ခုပါလာတဲ့ကားကို မရောင်းဘူးလို့ရည်ရွယ်ယင် မင်းနာမည်နဲ့ပဲထားပါ။ရောင်းမယ် ဆိုယင် လဲ ရောင်းလို့ရတဲ့ငွေကို စုစုလက်ထဲ လုံးဝမအပ်ပါနှင့်။ သည်ငွေတွေဟာ မင်းရဲ့ချွေးနဲ့ရင်းပြီး ယူလာရတဲ့ငွေ ဆိုတာတို့သိတယ်။ခုကြည့် မင်းလာမယ်ဆိုတာလဲ စုစုသိတယ်။ တို့လဲ အတန်တန်တားတယ်။ အဲဒီကြားထဲက ရှာဖွေရလာတဲ့ငွေကို အထုတ်အထည်ဖြစ်စေတာပဲ။ ဒါပင်မဲ့ခုဟာက တို့လဲရှက်စရာ ပေါ့ကွာ။ အန်ကယ်တို့က မင်းတို့ ရတားတာကို မျှော်ပြီး စားဖို့မဟုတ်ဘူး။ မင်းလဲသိသားပဲ အန်ကယ် ပင်စင်ယူတဲ့တိုင်အန်ကယ်ပင်စင် လစာနဲ့ မင်းအန်တီဝင် ငွေနဲ့မပူမပင်နေနိုင်တယ်။ အန်ကယ် ရှင်းရှင်းပဲပြောမယ်၊ စုစုကို တို့သမီးအဖြစ်နဲ့ အသိအမှတ် မပြုချင်တော့ဘူး။အိမ်ကဆင်းခိုင်းဖို့ အန်ကယ်ဆုံးဖြတ်ခဲ့တဲ့ အကြိမ်ပေါင်းဟာ မနည်းဘူး။ ဒါပေမယ့် ပိုဆိုးသွားမှာစိုးလို့အန်ကယ်ထိန်းနေရတာ။ ခု မင်းရောက်လာပြီးဆိုတော့ မင်းတို့ကိစ္စရှင်းလင်း ပြီးယင် အန်ကယ်တို့လည်းဆုံးဖြတ် ရတော့မယ်။'

ယောက္ခမဖြစ်သူကသည်လောက် ပွင့်ပွင့်လင်းလင်း ပြောသာတော့ သမီးမိုက်အတွက် မျက်နှာအထားရခက်နေသည့် ယောက္ခမကျေးဇူးရှင်ကို ပြန်လည်ထောက်ထားစရာဖြစ်ရ ပြန်သည်။ ပြီး သူကိုယ်တိုင်ကလည်း စုစုကို သဲသဲစင်စင် နှစ်နှစ်ကာကာ ချစ်နေသည်။ အချစ်ကြီးယင် အမျက်ကြီးသည် ဆိုစကားရှိသော်လည်း သူကအမျက်မကြီး၊ အချစ်ကြီးတော့ခွင့်လွှတ်နိုင်သည်ဆိုသည့် သဘောထားကိုထွေးပိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတာ မီးဝေးချိတ်၊ သွေးသားဆူဖြိုးနေတုန်း နှစ်နှ
ကျော် သုံးနှစ်လင်သားနှင့်ခွဲနေရပြီ ဆိုတော့လည်း။

အတွေးစဉ်ကို ဘက်ပြောင်းလိုက်သည်။

သဘော် ပြန်မလိုက်ဖို့ ဆုံးဖြတ်လိုက်၏။ မူလ အစီစဉ်
ရောက်လာသည့် ကားကိုရောင်းပြီး ပထမကား ရောင်းရငွေနှ
ပေါင်း၍ တိုက်တလုံး ဝယ်ထားလိုက်မည်။ နောက်တခေါ
သဘော် လုပ်ပြီးရလာသည့်ကားနှင့် လုပ်ကိုင်စားသောက်မည်
ဒါကသူရည် ရွယ်ခဲ့သည့် စီမံကိန်း။

ခုအချိန်အနေက တစ်မျိုးပြောင်းနေပြီ။ သီးခြားခွဲနေ
ဆိုသည်က ဘယ်လိုမှမဖြစ်။ ကားကို မရောင်းပဲ သည်ကားနှင့်
လုပ်ကိုင်စားသောက်ပြီး ပင်လယ်ခရီးကို စွန့်တော့မည်ဟုဆုံးဖြ
လိုက်၏။

တကယ်တော့ တယ်လီဗေးရှင်းတို့၊ ရေခဲသေတ္တာတို
ကားတို့ပါလာသည်ကို ကြည့်ပြီး နှစ်နှစ်ကျော်ကျော်မှာ သိန်း
သုံးဆုပေါက်တာပဲလို့ ပြောကြမည်။ ပြန်လာတဲ့ သဘော်သားတွေ
ကြည့်လိုက်ယင် အားကျစရာ တွေချည်း။ ဝတ်လိုက်မှဖြင့်ရှိုးအပြ
သုံးလိုက်မှဖြင့်မိုးကုတ်သဌေးသားပုံဟန်။ သူတို့သား မယားတွေ
ကြည့်ဦးမလား၊ ဘဝအဆက်ဆက်တိုင်း သဘော်သားမယာဖြစ်
ပါလို၏ဟု ဆုတောင်းရမည်သို့။

ဒါပင်မယ့် သဘော်ပေါ်မှာ လုပ်ရကိုင်ရ ပင်ပန်းကြီး
အနှိမ်ခံရပုံမျိုးစုံကိုသာ ဗီဒီယိုနှင့်ရိုက်ပြရယင် သဘော်သားဘဝ
တောင့်တသူရှိအုံမထင်။ ကိုယ့်သားသမီး ကိုယ့်လင်သားကိုသဘော
လိုက်ဖို့ သဘောတူညီသူရှားလိမ့်မည်ပါ။



တင်မောင်ကြည်မှာ တင်ကာ၆ခါ ရေနံတင် သဘော်နှင့် လိုပ်ခဲ့ရာ နှစ်နှစ်ကျော်ကာလအတွင်း ကုန်းပေါ်ဆင်းခွင့်ရသည် ရက်မှာ တလပင်မပြည့်။ ဆင်းခွင့်ရပြန်တော့လည်း ရှိသည့်ငွေကိုကျစ်ကျစ်ပါအောင် လိမ်ထားရသဖြင့် ဇိမ်ခံအနေ အထိုင်အသုံးအစွဲမျိုးကို အဝေးကြီးက ကွင်းရှောင်ခဲ့သည်။ အရက်နှင့်ကြိုက်တတ်သည့် နေ့များမှာ ကုန်းပေါ်တွင်အရက်မသောက်ရဲ၊ သဘော်ပေါ်ပြန်ရောက်မှ သောက်ရသည့်အထိ ခြိုးခြံချွေတာရသည်။ ကားဖိုးမပြည့်မချင်း ခါးကြားထဲလိမ်ထားသည့်ငွေကို အပွန်းမခံရဲ။ တချို့ဆို ကားဖိုးပြည့်မှ ကားဝယ်ပြီးမှ သူတို့ဆီကအပေါစားဟိုတယ်လေးများကို တက်ကြည့်ရဲသည်။ ပွဲစရာရှိတာလေးများ ပွဲရသည်။

သည်လိုနေမျိုးကြတော့ အပြန်မှာကားအပြင် ဘာမှမပါ။ သဘော်ပေါ်မှာ အရက်ပေါပေါရပေမယ့် စိတ်နောက်ကိုယ်ပါ မသောက်ရဲအသောက်ကြူးသည့် နေ့များမှာ လမကုန်ခင် အပိတ်ခံစာရင်းထဲ ပါသွားလိမ့်မည်။

တင်မောင်ကြည်မှာ နှစ်နှစ်ကျော်ကာလအတွင်း သူတို့ဆီက ဟိုတယ်ဝေးလို၊ နိုက်ကလပ်ဝေးလို့၊ ရုပ်ရှင်ရုံသော်မှ မဝင်ခဲ သဘော်ပေါ်တွင်ပါသည့် တယ်လီဗေးရှင်းကိုကြည့်ပြီး အာသာဖြေရသည်။

စုစု တောင်ကြီးက ပြန်လာလို့ စာရင်းရှင်းလိုက်တော့ မည်မည်ရရ ပြစရာဆို၍ တသောင်းတန်စိန်နားကပ်တရံ၊ ရွှေသီးကျပ်သားနှင့် တယ်လီဗေးရှင်းတလုံးပဲရှိသည်။ ငွေတစ်သိန်းနီးပါးမှာ ကြက်ပျောက်၊ ငှက်ပျောက်။ တလငါးထောင်နှုန်းလောက် သုံးပစ်လိုက်သည်။ မေးတော့လည်း သုံးလို့ကုန်တာပဲဆိုသည့် အဖြေ

www.burmeseclassic.com

www.burmeseclassic.com



မှအပ မည်မည်ရရ အဖြေမပေါ်လာ။

တင်မောင်ကြည်က သူသဘော်လိုက်သွားစဉ် အဖြစ်အပျက်များကို မေးမနေတော့၊ မေးလို့လည်း အကြောင်းထူးလိမ့်မည်မဟုတ်။ အတူနေကြတော့မည်မို့ ရှေ့ခရီးလမ်းကြောင်း ဖြောင့်ဖြူးဖို့ကိုသာ မျှော်နှာမူလိုက်သည်။

ခင်မောင်ကြည် သဘော်မလိုက်ပဲပါလာသည့်ကား မရောင်းဘူးလို့သိကတည်းက စုစုရွှေဘောတော်မကျ၊ မျှော်နှာအိုပြီး ရန်လုပ်ပြီ။

စကားများကြသည်မှာ အကြိမ်ကြိမ်။ စကားများတိုင်း ယောက်ျားကတွေက သမီးဘက်ကမရပ်၊ သူ့ဘက်ကသာ ရပ်ခဲ့သည်။ နောက်ဆုံး စုစုတောင်းဆိုချက်က မမျှော်လင့်ရသော တောင်းဆိုချက်။

'သူ့ကို ကွာရှင်း ပြတ်စဲပေးရမည်လို့'

တင်မောင်ကြည်လို ယောက်ျားမျိုးကလည်း ရှားသည်ဟု ဆိုရမည်။ ရှာသမျှငွေကို အရေမရ အဖတ်မရဖြုန်းပြီး ရှုတ်ရှုတ်သဲသဲ နေခဲ့သည်ကိုပင် ဘယ်လိုဘယ်ညာမဆိုပဲ၊ ခွင့်လွှတ်နိုင်ခဲ့သည်။

သည်ယောက်ျားမျိုးကို ရွှေဝေါသာမဟုတ်၊ စိန်ဝေါနှင့်တင် ရှာသော်မှ မရနိုင်။

စုစုပြောတာ မှန်ဖို့သေချာသည်။ ထောင်ထဲမှာနေသည့် သူ့ပုံစံက ကြွပ်ဆတ်ဆတ် မာတေတေ၊ ထင်ရာဇွတ်လုပ်မည့်ပုံစံ။

သူသာ စိတ်ထားပြောင်းခဲ့ရင် သည်အဖြစ်မျိုး မရောက်။ အိမ်ထောင်သည်ဘဝ အေးအေးမြမြ နေရမည်ပါ။

စုစုက ကွာရှင်းပြတ်စဲပေးရမည်ဟု တောင်းဆိုခဲ့သည်။



တင်မောင်ကြည်က ကွာရှင်းပြတ်စဲမပေး။

'ဘယ်လိုရေစက်ကြောင့် မှန်းမသိဘူး ဝေဝေနွယ်ရယ်၊ စုစုလေ သူ့ကို ဘယ်လိုမှ ချစ်လို့မရဘူး။ ညားကတည်းကချစ် လို့မရဘူး၊ စုစု စိတ်ကို အမျိုးမျိုးပြောင်းကြည့်ထယ် ဘယ်လိုမှပြောင်းလို့မရဘူး'

စုစု အိမ်ကဆင်းခဲ့ပြီး သူငယ်ချင်း မြင့်မြင့်တို့အိမ်မှာ သွားနေသည်။ အိမ်ကဆင်းလာစဉ်က ဝတ်ထားသည့် လက်ဝတ်ရတနာ များသာမက တိုရှိဘာ လက်မနှစ်ဆယ်တယ်လီဗေးရှင်းကိုပါ ယူချလာသည်။ အဲဒီနေ့က အိမ်မှာ အဖေတို့ အမေတို့မရှိဘူး။ အလှူသွားနေကြသည်။ တင်မောင်ကြည်က အမျိုးမျိုးနာချသော်လည်း စုစုက ဗူးဆိုဖရုံမသီးလုပ်လိုက်သည်။

မြင့်မောင်မောင်ကို သိပ်ချစ်သလို အလွန်ယုံစားခဲ့သည်။ နမ်မတွေ့ အချစ်ကြီးပြီးဆိုယင် ကြောက်စရာကောင်းသည်။ ဘာမျှငဲ့ကွက်၊ မထောက်ထားတက်။ မိဘကိုပင် ကလန်ကဆန်လုပ်နိုင်သည့် စိတ်ညှိမျိုး စွဲထင်လာသည်။

မြင့်မောင်မောင်က ဝဲလ်ကမ်းပဲ၊ အပြုံးတဝေဝေနှင့် အနမ်းမိုးရွာပြီး ကြိုဆိုလိုက်သည်။သောင်းကျော်တန် တယ်လီဗေးရှင်းကို ကိုးထောင်းကျော်နှင့် ရောင်းပြီးအိမ်ရာ အတည်တကျ မနေပဲ မြို့တကာအနှံ့လျှောက်သွား၍ တည်းခိုခန်းကို အိမ်ရာသဖွယ် သဘောမူ နေခဲ့ကြသည်။ စုစုဝယ်ပေးထားသည့် သုံးသောင်းကျော်တန် ဟွန်ဒါမော်ဆိုင်ကယ်မှာ သူတို့၏ ခြေနင်းစကြာ။ သူတို့နှစ်ယောက်မှာ ကမ္ဘာလှည့် ခရီးသည်များ သို့နှယ် နေထိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

မိဘများက မိမိသဘောအလျောက် နေအိမ်မှဆင်းသွား သည့်အတွက် အမွေပြတ်ကြော်ငြာလိုက်သည်။ တင်မောင်ကြည် က ဘယ်လိုမှမဆို၊ ကားရောင်းရငွေထဲမှ ယောက္ခမများကိုငွေတ သော်င်းကန်တော့ပြီး ကျန်ငွေကို မိဘများထံအပ်၍နောက်ထပ် သဘော်ဂလိုက်ဖို့ ကြိုးစားယင်းအိမ်တောင်ရေး အဆင်မပြေမှုကို ကျောခိုင်းဖို့ ဆုံးဖြတ်သည်။

အိမ်ကဆင်းလာစဉ် ပါလာသည့် ငွေသုံးထောင်ကျော် တယ်လီဗေးရှင်းရောင်းရသည့် ငွေကိုးထောင်မှာငါးလအတွင်း ပြောင်းသလင်ခါသွားသည်။တနှစ်ကျော်တော့ လက်ထဲမှာဘာမှ မရှိတော့။ မြင့်မောင်မောင်က ခွာထုတ်ဖို့ လုပ်လာသည်။ နုနုရွှေ အနမ်းမိုးရွာခဲ့သည့် စုစု၏ ပါးကလေးမှာ မြင့်မောင်မောင်၏ လက်ဝါးဒဏ်ကြောင့် အညိုအမည်း စွဲထင်ပြီးသွေးကြေဥခဲ့သည်မှာ ခဏခဏ။

သိပ်ချစ်တော့ သိပ်နာကျည်းခဲ့သည်။

တနေ့. . . ။

မြင့်မောင်မောင် အရက်တွေ အလွန်အကျွံမူးပြီး ပြန်လာ သည်။ နေရသည်က ကြို့ကုန်က သူ့သူငယ်ချင်းအိမ်မှာ စကားများ ကြယင်းက ထုံးစံအတိုင်းလက်ပါလာသည်။ ရိုက်လိုက်တာမှ တရား လွန်၊ လက်နှင့်သာမက ၊ ခြေထောက်ကလည်းအနား မပေး လိမ့်နေအောင်ကန်ကြောက်ရိုက်နှက်ပြီးမှ သူကိုအလိုမရှိ တော့ ကြောင်း ပြောင်းစကားဆိုလာသည်။

နာကျည်းခံပြင်းစိတ်ကို မထိန်းနိုင်သည့်အဆုံး မူးပြီ အိပ်ပျော်နေသည့် မြင့်မောင်မောင်ကို သူ့ရှမ်းဓားမြှောင်နှင့် သူ



ရင်အုံကို စိုက်ချလိုက်သည်။ တချက်တည်းမဟုတ်၊ သုံးချက်။

နှားထောင်နေသည့် ဝေဝေနွယ်ပင် တုန်လှုပ်သွားသည်။

ခုတော့လူသတ်မှု တရားခံ။

အမှုကိစ္စအတွက် လိုက်လံဆောင်ရွက်ပြီး ထောင်ဝင်စာ လာတွေ့ သူမှာ တင်မောင်ကြည်။

လောကကြီးတွင် မိန်မဆိုးရှိသလို မိန်မကောင်းများရှိ ကြသည်။ ယောကျ်ားဆိုးရှိသလို ယောကျ်ားကောင်းများ ရှိကြသည်။

အကောင်းနှင့်အဆိုးမှာ ဒွန်တွဲစမြဲ။ အုတ်ရိုးခြားသော နေရာအတွင်းဘက်သို့ ရောက်သူများမှာ အဆိုးဘက်မျက်နှာမူသူ ဖြစ်၍ အုတ်ရိုးအပြင်ဘက်တွင် နေရသူများမှာ အကောင်းဘက် မျက်နှာမူသူများဟု ဆိုရမည်ပါလေ။

နွမ်းနေသော မျက်နှာများ လန်းဆန်းနေကြပြီ။

ဒေါ်ခင်သီတို့ ငါးယောက်ရမန်ရက်စေ့၍ ရုံးထွက်ရသည့် နေ့။

သူတို့ငါးယောက်စလုံး တပြုံးပြုံးရှိနေကြသည်။ သူတို့အမှု က ရက်ရှည်ဆွဲပြီးစစ်ရမည့် အမှုမျိုးမဟုတ်။ သူတို့ဘက်က လိုပ်ပါဆောင်ရွက်မည့် ရှေ့နေဖြစ်သူ လာတွေ့စဉ်က တချိန်တည်း အမှုပြီးစေချင်ယင်း ဝန်ခံဖို့ အကြံပေးသွားသည်။ သူ ပေးသည့် အတိုင်း လိုက်နာမည်ဆိုလျှင် ထောင်ဒဏ်မခံရ။ ဒဏ် ငွေပဲချခံရ မည်။ အကယ်၍ ရုံးချိန်နေ့ အမှုစစ်ဆေးဖြစ်ခဲ့သော် အာမခံရ မည်ဟု ပြောသွားသည်။

ဒါကြောင့် နွမ်းနေသော မျက်နှာများ လန်းနေကြသည်ပါ။

ထိုနေ့က ဝေဝေနွယ်လည်း ရုံးထွက်ရမည့်နေ။

www.burmeseclassic.com

www.burmeseclassic.com

အချုပ်ခန်းထဲ ရောက်ကြသည်နှင့် သူတို့အိမ်သားများနှင့်အတူ သူတို့ရှေ့နေကြီးပါ လာတွေ့ကြသည်။ သူတို့အားလုံးတပြုံးပြုံး။

အမေ့ကျန်းမာရေးအခြေအနေ အတော်ကြီး ကောင်းလာဟန်ရှိသည်။ အသားအရေး စိုစိုပြည်ပြည်နှင့်၊ အမေက အထက်ဂိုဏ်းဆရာကြီး၏ ညွှန်ကြားချက်များ ဘယ်သို့ဘယ်ပုံ လုပ် ရမည်ကို တတွတ်တွတ်ပြောနေသလို ထပ်ခါတလဲလဲ တိုက်တွန်းနေသည်။ အမေမှာသည်ကို မမေ့မလျော့ လုပ်ပါမည်ဟုကတိပေးသည့်တိုင် အမေက စိတ်ချသေးဟန်မပေါ်။

တရားရုံးဖွင့်သည်နှင့် ဒေါ်ခင်သီတို့အမှု ခေါ်သည်။

ဝေဝေနွယ်က အမေတို့နှင့် စကားပြောရသည်ကို ခါတိုင်းလိုစိတ်မဖြောင့်၊ ကိုယ့်အမှု ကိုယ့်အကြောင်းထက် သူတို့အမှု သူတို့အကြောင်းကို ပို၍စိတ်ဝင်စားနေသည်။ အာမခံ ရမှရပ့ါမလား။ အမှုစစ်ပြီးယင် ဒဏ်ငွေနဲ့ပြီးပါ့မလား၊ ထောင်ချလိုက်မလားဟု အစိုးရိမ်လွန် အတွေးတို့က သူ့ကို လွှမ်းမိုးနေပြီ။

ကိုအောင် ရောက်လာသည်။

အမှုကိစ္စနှင့် ပတ်သက်၍ ပြောစရာ ဆိုစရာရှိသည်များ ပြောဆိုပြီး အတူပါလာသည့် မိတ်ဆွေရှေ့နေတစ်ယောက်နှင့် ပြန်ထွက်သွားသည်။ ဆယ့်ငါးမိနစ်လောက်ကြာတော့ 'ဒီကနေ့ အမှုစစ်ဖို့ မသေချာ' ဟူသောသတင်းစကားနှင့်အတူ ကိုအောင် ပြန်ရောက်လာပြန်သည်။

တရားသူကြီးအဖွဲ့ဝင်များ အထူးအစည်းအဝေး ရှိသဖြင့် အရေးကြီးသောအမှုများ ရက်ချိန်းပေးလိမ့်မည်တဲ့။

ကိုအောင်ပြန်ထွက်သွားပြီး ခဏအကြာတွင် သူတို့ရောက်လာကြသည်။ မနေ့က ထောင်ထဲမှာ အတူတူ ခု သူတို့က အပြင်ရောက်သွားကြပြီ။

သူတို့အား တကြိမ်တခါ ပြစ်မှုကျူးလွန်ခြင်းကြောင့် ပညာပေးသည့်အနေဖြင့် အချုပ်ရက် ဆယ့်လေးရက်ကိုထောင်ဒဏ်အဖြစ် သတ်မှတ်၍ ဒဏ်ငွေတရာစီ တပ်ရိုက်လိုက်သည်။

နောက်တကြိမ် အပျော်ကျူးယင်တော့မလွယ်။

သူတို့အားလုံး အပြုံးဝင့်ဖြာနေကြသည်။ သူတို့ကို ကူညီခဲ့သည့်ဝါဒါ ဒေါ်အေးစိန်၊ တန်းစီးဒေါ်ခင်မေနှင့် ဝေဝေနွယ်အတွက် ခေါက်ဆွဲကြော်ထုပ်များနှင့် မုန့်ပဲသွားရည်စာ ၊ မျိုးစုံဝယ်ခြမ်းပေးလိုက်သည်မှာ တနင့်တပိုး။

သူတို့ပြန်သွားကြပြီ။

အမှုရက်ချိန်းပေးလိုက်သဖြင့် အမှုမစစ်ဖြစ်။ အမေတို့နှင့် စကားတွေတဝကြီး ပြောရသည်။ ကိုအောင်က တရားရုံးမှာ အချိန်ကုန်အောင်မနေနိုင်။ ညပိုင်းနေပိုင် ခင်စိုးနှင့်မခင်သောင်းတို့ကြောင်း လမ်းပွဲရှိသောကြောင့် အစောကြီးပြန်သွားရသည်။

သူတို့လို အမှုကြီးသမားတွေက အမှုစစ်ဖြစ်သည်ဖြစ်စေ မစစ်သည်ဖြစ်စေ သိပ်အကြောင်းမထူး။ ကျိန်းသေပေါက် ထောင်ကျမည့်အမှုမျိုးတွင် အချုပ်ရက်ကြာလေ ကောင်းလေပါ။ အချုပ်မှာက အနေအထိုင်ကောင်းသည်။ ထောင်ကျသောအခါ အချုပ်ရက်ကို ကြာပါစေဟုဆုတောင်းရသည်။

ညနေထောင်အပြန်မှာ ဒေါ်ခင်သီတို့မပါ။ သူတို့ပေးလိုက်သော ပစ္စည်းများသာပါလာသည်။ သူတို့ လွတ်မြောက်သွားသည်ကိုဝမ်းသာရသော်လည်း အတူနေပြီခွဲခွာ ရခြင်းအတွက်စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာတမျိုးကြီပဲ။

ညနေထောင်အပြန်မှာ ဒေါ်ခင်သီတို့ မပါ။ သူတို့ပေး လိုက်သောပစ္စည်းများသာ ပါလာသည်။ သူတို့ လွတ်မြောက်သွား သည်ကို ဝမ်းသာရသော်လည်း အတူနေပြီးခွဲခွာရခြင်းအတွက် ရင်ထဲမှာတမျိုးကြီး။

အဆောင်ပြန်ရောက်တော့ ဒေါ်ခင်သီတို့ ပေးလိုက်သည့် ပစ္စည်းများအတွက် ပြဿနာပေါ်ရသည်။ ပေးသူကဘယ်သူ့ အ တွက်ဟု သတ်မှတ်ပေးလိုက်သော်လည်း မထွေးခင်တို့ အသိန်းတို့က သူတို့အတွက်ပါပေးလိုက်သည်ဟု ဇွတ်ပြော၍ဝေစုတောင်းလာကြ သည်။သူတို့ တောင်းပုံကပိုင်စိုးပိုင်နင်း။ ဝေဝေနွယ်က စကားနည်း ရန်ဝေးဖြစ်အောင်း သူ့မတွက်ပေးလိုက်သည့် စားစရာများကို အထုပ်လိုက်ပေးပစ်လိုက်သည်။

မပေးရင် အချိန်ရှိသရွေ့ စကားနားထိုးနေမည်။ စောင်းမြောင်းစကားဆိုမည်၊ ရန်လုပ်မည်၊ သတို့ကိုကြောက်လို့တော့ မဟုတ်၊ ပြဿနာဖြစ်ယင် ထောင်မှူးကြီးရုံးရောက်၊ ဘာရောက်၊ ရှက်စရာကြီး၊ ဒေါ်ခင်မေက ပေးရကောင်းလားဆိုပြီး ဝေဝေနွယ် ကိုပြောသလို ကောလန်မတို့ကိုခေါ်ပြီး ဆူပူကြိမ်းမောင်းလိုက် သည်။

ထောင်ထဲမှာနေရတာ အပြင်မှာလိုမဟုတ်၊ အပြင်မှာက ကိုယ် စကားမပြောချင်သူကို မျက်နှာလွှဲလို့ ရှောင်လို့ရသည်။ ထောင်ထဲမှာက ရှောင်လို့လွှဲလို့မရ၊ နေရသည့် အဝန်းအဝိုင်းက ကျဉ်းကျဉ်းကလေး။ ကိုယ်ချည်း သီးသန့်နေရသည် မဟုတ်။ ကြမ်း တပြေးတည်းမှာ အများသူငါ ရောနှောနေရသည်။ ထောင်ပိတ်ချိန်



ရောက်ပြီဆိုယင် သည်မျက်နှာတွေ မမြင်ချင်လို့ မနေရ။

သို့မို့ကြောင့် စကားနည်း ရန်စဲနေသည်မှာ အကောင်း ဆုံး။

ပျော်ရာမှာ မနေရ၊ တော်ရာမှာ သင့်သလို နေရသည်မှာ ထောင်။

ဆင်ကြီးအကြောင်း။

မရပ်ထဲမှာ ထိမထင် လူမိုက်ဟန်အပြည့်နှင့် စွာကျယ် ကျယ်ဆင်ကြီးမှာ ထောင်ထဲရောက်ကတည်းက ကြွက်စုတ်သို့နှယ် အချိုးပြောင်းသွားပြီ။ ရောက်သည့်နေ့က ချုပ်သစ်တန်းစီးအောင် ကြီး၏ အကိုင်အတွယ်ကို ခံလိုက်ရသည်။ ထောင်ဆိုသည်မှာ ဤသို့နှယ်ပါတကားဟု နှလုံးသားမှာ စွဲထင်သွားရလောက်အောင် နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရသည့် နောက်ရုံးထုတ်ရက်တွင် အိမ်က လာသူများကို တကျိကျိနားပူနားဆာ လုပ်ခဲ့သည်။ ခင်စိုးကို ခြေဖက်ပြီးတောင်းပန်ရပါစေတော့ဟု အရှက်မဲ့စကားဆိုလာ သည်။

အမှုအလေးအပေါ့ အခြေအနေက ခင်စိုးပေါ်တည်နေ သည်။ အစကနဦးက ဟိုနှယ်သည်နှယ် ချေးများနေသည့် ဆင်ကြီး တို့ မိဘတွေ လေပျော့လာသည်။ ဖြစ်နိုင်မည့် နည်းလမ်းအကြံဉာဏ် ပေးဖို့ လှအောင်ထံ ချဉ်းကပ်လာသည်။

ရုံးချိန်နေ့ လှအောင်နှင့်ဆင်ကြီးတို့တွေသည့် အခါ ဆင်ကြီးကိုယ်တိုင်က ငါ့ကိုကယ်ပါဦး သူငယ်ချင်းရာ လို့တောင်ပန် စကား ပြောရုံမက ဝတ်ထားသည့် အကျီကိုချွတ်၍ ကျွဲပခုံးထွား သော ပခုံးနှစ်ဘက်ကို လှစ်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘ ရှာဖွေသမျှ အေးအေးလူလူထိုင်စားပြီး တခါဖူးမျှ လက်ကြောတင်းအောင် အလုပ်မလုပ်ဖူးသည့် ဆင်ကြီးတို့လို အကောင်တွေ ထောင်ထဲရောက်ပြီဆိုယင်တော့ အကြောပေါင်းစုံ မတင်လို့မရတော့။ တောင်ယာရေလောင်းရသည့် အလုပ်သည်ပင် အိမ်ကအဖေတို့အမေတို့ကို တရပြီ။

လေးလံလွန်းသည့် ထမင်းပုံး (စည်းပိုင်းပြတ်) ကြီးကို ဝါးပိုးဝါးကြီးနှင့် လျှိုပြီးထမ်းရသောအခါ ပခုံးသားတွေပွန်းစုတ် လာသည်။ သွေးခြေမည်းကြီး ဥလာသည်။ ရဲဘက်စခန်း မရောက် သေးလို့၊ ရဲဘက်စခန်းတွင်း ထောင်ထဲမှာ လုပ်ရသည်ထက်နှစ် ဆမက ပင်ပန်းသည်။ ဒါသိလာရသောအခါ ခင်စိုးကိုခြေထောက် ဖက်ရပါစေတော့ ဖြစ်လာသည်။

စေ့စပ်ပွဲဆိုပေမယ့် ခမ်းခမ်းနားနား မဟုတ်။ ရပ်ကွက် ကောင်စီလူကြီး နှစ်ယောက်နှင့် အရပ်လူကြီး နှစ်ယောက်ကို လက်ဖက်ရည်မုန့်နှင့် ညှိခံ၍ ကိစ္စပြီးရသည်။ စေ့စပ်ပွဲကိစ္စ ပြီးသွားပေမယ့် အမှုကိစ္စကတော့ တော်တော်နှင့်မပြီးသေးပါ။ တိမ်မယောင်နှင့်နက် ဆိုသလို ရှိပါချေဦးမည်။

မခင်သောင်းအပေါ် သဲကြီးမဲကြီးခဲ့ရှာသည့် ခင်စိုးမှာ ယောက်ဖတော်ဆင်ကြီးကောင်းမှုကြောင့် ရွှေလက်တွဲ၍ ချစ်ပွဲဝင် နိုင်သူဖြစ်သွားရလေပြီ။ သူတို့၏ ဖြစ်ရပ်များသည် ဆန်းကြယ် လွန်း၏ ဟူဆိုရမည်။ သေတွင်းနှုတ်ခမ်းသို့ ရောက်သွားပြီးမှ ဘဝ၏ ကြည်နူးချမ်းမြေ့မှုနှင့် တွဲဆုံလိုက်ရပြန်သည်။

မည်သို့ပင်ရှိစေ ရန်ငြိုးမပြေစရာ အနေအထားမှာ ရန်ငြိုးပြေ၍ ပေါင်းစည်းခြင်းသဘော ဆောင်သွားသည်မှာ ကောင်းမြတ်ခြင်းလက္ခဏာဟု ဆိုရမည်ပါလေ. . .။



## တဆယ့်နှစ်

ကောင်းသော အမှုကိုပြုလျှင် ကောင်းသောအရိပ်ထင် မည်။ မကောင်းသောအမှုကို ပြုလျှင်မကောင်းသောအ ရိပ်ထင်မည်။

ထောင်ထဲရောက်နေသူအများစုမှာ မကောင်းသောအမှု ကို ပြုခဲ့ကြ၍ မကောင်းသော အရိပ်ထင်နေပြီဖြစ်စေကာမူ မကောင်းသောအရိပ်ထင်နေပြီကို သတိတရားမရသူတွေ အများ ကြီး။

ညကြီးသန်းခေါင်ထ၍ ပဲထဲစိမ့် မုန့်ပဲသရေစာများ ခိုးစား လားစားရဲ၊ အချင်းချင်းမသင့်မြတ်အောင် ကတုံးကတို လုပ်ရဲလား လုပ်ရဲ့၊အတင်းစကားဆို၍စောင်းမြောင်းရမလားစောင်း မြောင်းရဲ့၊ ဘုရားရှိခိုးပုတီးစိပ်နေသူများကို မထိတထိ အနှောက်အယှက်ပေး ရမလားပေးရဲ့၊ မိန်မချင်းသော်မှ မကြည့်အပ်မမြင်ရာများကို လှစ်ပြ၍ ညစ်တီးညစ်ပတ်နေလား နေရဲ့၊ မကောင်းမှုမှန်သမျှကို ထမင်းစားရေသောက်သဖွယ်သို့ သဘောမှုလုပ်ဆောင်နေသူများ ကြောင့် ကောင်းသောအမှုပြုသူများမှာ စိတ်အနှောက်အယှက်ဖြစ် ကြရသည်။ နှလုံးမသာမယာရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေနွယ်က ပြဿနာဖြစ်ယင် ထောင်မှူးကြီး ရုံးခန်းရောက်မည်ကိုရှက်၍ သူတို့နှင့် မဖြစ်အောင် အသိကျိုး ကျွန်ပြု၍ မမြင်ဟန်ဆောင်၍ နေခဲ့ပါသော်လည်း တိုက်ပါများတော့ သစ်တုံးပင် လှုပ်ရသည်ဆိုသလို မလှုပ်မဖြစ်သော အနေအထားသို့ လွန်ကဲလာသဖြင့် ကော့လန်မတို့ အုပ်စုနှင့် စကားစစ်ထိုးပွဲ ဆင်နွှဲလိုက်ရသည်။ နဂါးမှန်း သိအောင်အမောက်ထောင် ပြလိုက်ရသည်။

သူတို့က လေးယောက်၊ သူကတယောက်တည်း။

ဒေါ်ခင်မေသာပြတ်ပြတ်သားသား ကြားမဝင်ယင် ကျော်အကောင်းကြားမကောင်း အဖြစ်မျိုးအထိရောက်သွားနိုင်သည်။ လုံးထွေးသတ်ပုတ်သည့် အဆင့်သို့ ရောက်မည့်ဆဲဆဲ ဒေါ်ခင်မေကြားဝင်ရပ်လိုက်သဖြင့် ရန်ပွဲဖြစ်မည့် အဆင့်သို့မရောက်ခဲ့စေကာမူ မသုံးနှုန်းဖူးသည့် အယုတ္တ အနတ္တ စကားလုံးတွေပါးစပ်က ထွက်သွားရသည်ကို စိတ်မကောင်း။ သူတို့အဖို့တော့ အကြောင်းမဟုတ်ရာ။ ကိုယ့်မှာတော့ ကိုယ့်လိပ်ပြာကိုယ်ရှက်ရသည်။ စိတ်နှလုံး မကြည်မသာဖြစ်ရသည်။

အမိဌာန်စိပ်နေစဉ် ရက်ပိုင်းဖြစ်ရသည်ကြောင့် ပို၍စိတ်ထိခိုက်ရသည်ပါ။

ပုတီးစိပ်နေသည်မှာကြာပြီ၊ စိပ်ပုတီးစိပ်ခြင်းမှ ခံစားရသည့်ပီတိဝေဖြာမှုမှာ အေးမြငြိမ်သက်၍ စိတ်အစဉ့်ကိုကြည်လင်သန့်စင်ရသည်။ အဲဒီနေ့က စိတ်မကြည်၊ ပုတီးစိပ်ရသည်မှာပီတိဖောမကပ်။ အမြင်မကြည်လင် ကော့လန်မတို့ မျက်နှာတွေပဲတရိပ်ရိပ်ပေါ်နေသည်။ ကောင်းသောအမှုပြုလျှင် အနှောက်



အယှက် ပေါ်စမြဲရှိတတ်ကြောင်းအသိတရား တခုရလိုက်သည်။

ရုံးထွက်နေ့။

စိတ်လှုပ်ရှားမှု ဖြစ်ရသည်။ ကိုယ်တိုင်အစစ်ခံထွက်ဆိုရာတွင် ချောချောမွေ့မွေ့ရှိပါမလား၊ တဘက်ရှေ့နေကြီး၏ မေးခွန်းများကို ရှောရှောရှူရှူ ဖြေနိုင် ပါ့မလား။ သည်နေ့အမှုစစ်ဖြစ်ပါ့မလား၊ တဘက်ရှေ့နေကြီးက ဘာတွေများမေးမှာပါလိမ့်စသည့် စိုးရွံ့စိတ်များက စိတ်မကြည်သာ အောင်အနှောက်အယှက်ပေးနေသည်။

တရားရုံးရောက်တော့ အမေတို့ကို အရိပ်အရောင် သော်မှမတွေ့။ ထမင်းချိုင့်ကို မကြည်လာပေးသည်။ အမေတို့မလာတို့က တရားခံပြသက်သေ အဖြစ်အစစ်ဆေးခံ ရမည်မို့ အမေတို့မလာဖို့ လှအောင်က ပြောထားသောကြောင့် မလာကြခြင်းဖြစ်ကြောင်း မကြည်ကပြောပြသည်။

တရားခွင်မှာ. . ။

အမှုစစ်ဆေးရာသို့ မလာတာကြာပြီဖြစ်သည့် ဦးကျော်ခိုင်ဇနီးကြီး ဒေါ်ခင်ဆွေကို တွေ့လိုက်ရသည်။ တရားခွင် ကိုဝင်ကထည်းက ရင်မငြိမ်။ အလိုလိုနေယင်း အာခေါင်တွေ ခြောက်နေသည်။ နှုတ်ခမ်းကို လျှာနှင့် လျက်ရသည်မှာ ခဏ ခဏ။

တရားစီရင်ရေးအဖွဲ့ရှေ့ရှိ ကုလားထိုင်မှာ ထိုင်လိုက်သည်နှင့် ထိတ်လိန့်ချောက်ချားမှုက စိုးမိုးလာသည်။

လှအောင်တိုင်ပေးသည့် သစ္စာပြုချက်ကိုလိုက်ဆိုပြီးနောက် အမှုစစ်ဆေးခြင်း စတင်လိုက်သည်။

ကိုယ့်ချစ်သူလည်းဖြစ်၊ ကိုယ့်ဘက်က လိုက်ပါဆောင်ရွက်သည့် ရှေ့နေလည်းဖြစ်သည့် လှအောင် အနားမှာ ရှိနေသော့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိုးရွံ့ထိတ်လန့်စိတ်များ ပြေလျော့ရသည်။ နို့မဟုတ်ရင် ထွက်ဆိုချက်ပေးဖို့ပင် လွယ်လိမ့်မည်မထင်။

လှအောင်က ရှေ့မှကြောင်းပေးပြီး ထွက်ဆိုချက်ပေးစေခဲ့သည်။

ကျွန်မရဲ့ဖခင် ဦးသက်လှိုင်သေဆုံးပြီး သုံးနှစ်ခန့်အကြာမှာ ဦးကျော်ခိုင် ကျွန်မတို့အိမ်ကို ပထမဆုံး ရောက်ရှိလာ ပေသည်။ ဦးကျော်ခိုင် ရောက်လာစဉ်က ဘယ်သူဘယ်ဝါလို့မသိပါ။ ဦးကျော်ခိုင်ပြန်သွား တော့မှတမြို့တည်းသား ကျောင်းနေဖက်သူငယ်ချင်းဖြစ်ကြောင်း၊ အမေပြောပြလို့သိရသည်။ ထိုနောက်ပိုင်း ဦးအောင်ခိုင် မကြာခဏအိမ်ကို အဝင်အထွက် ရှိလာပါသည်။ ဦးကျော်ခိုင်လာသည့် အခါတိုင်း စားသောက်ဖွယ်ရာများ ပါလာသလို တခါတရံမှာ ကျွန်မတို့အတွက် အဝတ်အထည်များ ဝယ်လာတတ်ပါသည်။ နောက်တော့ အမေက ဦးကျော်ခိုင် ငယ်စဉ်ဘဝက နေထိုင်ခဲ့ပုံ၊ အမေ့ မေတ္တာကိုရဖို့ ဦးကျော်ခိုင်ကြိုးစားခဲ့ပုံများကိုပြောပြပြီး ကျွန်မတို့ကို ကူညီစောက်ရှောက်နိုင်အောင် အမေ့ကိုပေါင်းသင်းလိုကြောင်း ပြောတဲ့ကိစ္စကို အမေပြန်ပြောပြပြီး ကျွန်မရဲ့သဘောထားကို မေးခဲ့ပါသည်။ကျွန်မက သားသမီးဖြစ်တဲ့အတွက် အမေ့သဘောလို့ ပြောလိုက်ပါသည်။ သည်နောက်ပိုင်းတော့ဦးကျော်ခိုင်နဲ့ အမေတို့ဟာလင်မယားလိုပဲ နေထိုင်လာခဲ့ကြပါသည်။ ကျွန်မက ဦးကျော်ခိုင်ကို ဦးလေးလို့ပဲခေါ်ခဲ့ပါသည်။ အခု အမှုဖြစ်တဲ့နေ့က မနက်ဆယ်နာရီလောက်မှာ အမေအပြင်ကို ကိစ္စရှိလို့ သွားအုံးမယ်လို့ပြောပြီး ထွက်သွားပါသည်။ အိမ်မှာကျွန်မတစ်ယောက်တည်း ရှိနေပါသည်။ အဲဒီအချိန်မှာ



ဦးကျော်ခိုင် အိမ်ကိုရောက်လာရာ ကျွန်မက အမေမရှိတဲ့အကြောင်း၊ သုံးနာရီလောက်မှ အမေပြန်ရောက်မည့် အကြောင်းပြောပြပြီးကျွန်မကဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို ဆက်ဖတ်နေပါသည်။ ကျွန်မက ခြေရင်းဘက်က ပြတင်းပေါက်နားမှာ စာအုပ်ထိုင်ဖတ်နေတာ ဖြစ်ပါသည်။ ဦးကျော်ခိုင်က ဧည့်ခန်းက ကုလားထိုင်မှာ ထိုင်နေပါသည်။ ဆယ်ငါးမိနစ်လောက်ကြာတော့ ဦးကျော်ခိုင်က ရေတစ်ခွက်ခပ်ပေးစမ်းပါလို့ ပြောတာနဲ့နောက်ဖေးမီးဖိုချောင် လမ်းကူးမှာရှိတဲ့ ရေအိုးစင်ရှိရာသို့သွား၍ ရေခပ်ပေးခဲ့ပါသည်။ ရေခွက်ပြန်ထားပြီး အိမ်ရှေ့ဘက်ကို ပြန်အထွက် အိမ်ခန်းဝအရောက် ကျွန်မကို အိမ်ခန်းထဲဆွဲသွင်းပြီး အိမ်ရာပေါ် လှဲချဖို့ လုပ်ခဲ့ပါသည်။ ရုတ်တရက် မထင်မှတ်ပဲ ဖြစ်လိုက်သည့်အတွက် ဘာလုပ်ရမှန်းမသိဖြစ်သွားပါသည်။ ကျွန်မ ရုန်းကန်ယင်းသူ့လက်ထဲက လွတ်သွားတာနဲ့ခုတင်ဘေးက မှန်တင်ခုံပေါ်မှ တွေ့ထဲကတ်ကြေးကို ကောက်ကိုင်လိုက်ပါသည်။ ဦးကျော်ခိုင်ကအပြင်ကိုထွက်သည့် အပေါက်ဝကို ပိတ်ဆို့ထားသဖြင့် အပြင်ကို ထွက်၍မရပါ။ကျွန်မအမျိုးမျိုးတောင်းပန်ပြီး ကျွန်မအနားမကပ်ဖို့ ပြောပါသည်။ ဦးကျော်ခိုင်က ဖွတ်အတင်း အရှေ့ကို တိုးလာပါသည်။ ကျွန်မကတ် ကြေးကိုင်တဲ့လက်ကို မြှောက်ပြီးရှေ့မတိုးဖို့ တားမြစ်ခဲ့ပေမယ့် ဦးကျော်ခိုင်က ဖွတ်အတင်းတိုးဝင်လာတဲ့အတွက် ကြောက်အားလန့်အားနဲ့ သူ့ရင်အုံကိုကတ်ကြေးနဲ့ထိုးလိုက်ပါသည်။ ဦးကျော်ခိုင်လဲမလို့ ယိုင်သွားပြီးမှ လဲကျမသွားပဲငါ့ကိုလုပ်တဲ့ကောင်မ သိကြရောပေါ့ကွာလို့ ပြောပြီးရှေ့တိုးလာတာနဲ့ လက်လှမ်းမီရာ အုပ်ဆောင်းမီးတိုင်ကိုယူပြီး ဦးကျော်ခိုင်၏ခေါင်းကိုနှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဆင့်ရှိက်လိုက်ပါသည်။

ဝေဝေနွယ်၏အသံမှာ တိုးညှင်းသော်လည်း လှအောင်က ကြောင်းလမ်းပေးနေသောကြောင့် တရားစီရင်ရေးအဖွဲ့ဝင်များ အတွက် အနှောက်အယှက်မဖြစ်။ဒေါ်ခင်ဆွေမှာ အံတကြိတ်ကြိတ်။ လင်သားဖြစ်သူ ဘယ်သို့ဘယ်ပုံ အသတ်ခံရသည်ကို သူကိုယ်တိုင် က ဘယ်လိုသတ်ခဲ့ကြောင်း မိမိရှေ့မှောက်တွင်အစစ်ခံထွက်ဆို နေသည်ဖြစ်ရာ တရားရုံးမှာမို့ အံကြိတ်ရုံ အံကြိတ် လိုက်ခြင်းဖြစ်ပါ လိမ့်မည်။ အပြင်မှာသာဆို မိန်းမချင်း ကိုယ်ထိလက်ရောက် သတ်ပုတ်ပွဲ မုချဖြစ်လိမ့်မည်ပါ။

ကိုယ့် လင်သာဘက်က ဘယ်သို့ဆိုသည်ကို ထည့် မစဉ်း စား။ ခုပဲကြည့် ကိုယ့်လင်သတ်သူအား ကြီးလေးသောအပြစ်ရစေ ရန် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစာနေပြီး အဟုတ်ပါလား။

'အဲဒီလို ဖြစ်ပြီးပြီးချင်း ရပ်ကွက်ကောင်းစီ အဖွဲ့ဝင်ဖြစ်သူ ကိုစန်းမြင့်အိမ်ကိုသွား၍ အကြောင်းကြားခဲ့ပါသည်။ ရဲစခန်းတွင် လည်း တရားရုံးတော်တွင် ထွက်ဆိုခဲ့သည့်တိုင်း အစစ်ခံထွက် ဆိုခဲ့ ပါသည်။ ကျွန်မသည် ကိုယ့်ကိုယ့်ကို ကာကွယ်ရန်အတွက် ကြိုးစား ယင်း စိတ်နောက်ကိုယ်ပါ ပြစ်မှုကျူးလွန်ကြောင်းဖြောင့်ချက်ပေး ဝန်ခံခဲ့ပါသည်။

ဝေဝေနွယ်က သူ၏ထွက်ဆိုချက်ကို အသိုင်းအဝိုင်းမချဲ့ ပဲလိုရင်းတိုရှင်း ထွက်ဆိုသွားခဲ့သည်။ ဝေဝေနွယ်ထွက်ဆိုချက် နိဂုံးချုပ်လိုက်သည်နှင့်ဗဟိုတရားရုံးရှေ့နေကြီး ဦးခင်မောင်အေးက မေးခွန်းမေးရန်ထလိုက်စဉ် ဒေါ်ခင်ဆွေက တရားခွင်ထဲမှထွက်ခွာ သွားသည်။



ရှေ့နေကြီး ဦးခင်မောင်အေး စတင်ဖွင့်လိုက်သည့် မေးခွန်းမှာ စကတည်းက ယဉ်သကိုဟု ဆိုရမည်သို့ . . ။

ဦးကျော်ခိုင် ဝေဝေနွယ်တို့အိမ်ကို ဝင်ထွက်သွားလာ ရခြင်း အကြောင်းရင်းက ဝေဝေနွယ်ရဲ့အမေ ဒေါ်ခင်သန်းနွယ်ကို အကြောင်းပြုတာမဟုတ် ဝေဝေနွယ်ကို အကြောင်းပြုပြီး ဝင်ထွက် သွားလာခဲတယ်ဆိုယင် ဝေဝေနွယ် ဘာပြောမလဲ'

'ကျွန်မနဲ့ ဘယ်လိုမှ မပတ်သတ်ပါဘူးလို ပြောလိုပါတယ်။

' ဝေဝေနွယ်နဲ့ ဦးကျော်ခိုင် ရုပ်ရှင်တွေဘာတွေ အတူ ကြည့်ခဲ့ကြတယ်နော်'။

'ဟုတ်ကဲ့ကြည့်ဖူးပါတယ်။ ဦးကျော်ခိုင်နဲ့ ကျွန်မ နှစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်မမိခင်နဲ့ သုံးယောက် ကြည့်ဖူး ပါတယ်။

သည်အဖြေကို လှအောင်က သဘောမတွေ့၊ မကြည့် ဖူးပါဘူးဟု ဖြေလိုက်ယင် ပြီးတဲ့ဟာကို ရှည်လျားရန်ကောဟု ဝေဝေနွယ်ကို မကျေမနပ် လှမ်းကြည့်လိုက်တယ်။

ရပ်ဝေးခရီးကို နှစ်ယောက်တည်းသွားဖူးတယ် မဟုတ် လား။

'မသွားခဲ့ပါဘူး'

'မန္တလေးကို ဦးကျော်ခိုင်နှင့်အတူသွားဖူးတယ် ဆိုရင် ငြင်းမလား

'ငြင်းပါတယ်'

ဦးကျော်ခိုင်က မဝေဝေနွယ်ကို လက်ဝတ်ရတနာဝယ်ပေး ဖူးတယ်ဆိုယင် ငြင်းမလား'

www.burmeseclassic.com

www.burmeseclassic.com



'ဝယ်မပေးဘူးကြောင်း ပြောလိုပါတယ်'

'အဝတ်အစားတော့ ဝယ်ပေးဖူးတယ် မဟုတ်လား'

'ဝယ်ပေးဖူးပါတယ်'

'ဦးကျော်ခိုင် မဝေဝေနွယ်တို့အိမ်ကို လာတိုင်း မဝေဝေနွယ်ရဲ့ မိခင် ဒေါ်ခင်သန်းနွယ်က အပြင်ထွက်ပြီး ရှောင်ပေးတယ် ဆိုရင် ဘာပြောမလဲ'

'လုံးဝမဟုတ်ကြောင်း ပြောလိုပါတယ်'

လှအောင်က မေးခွန်းနှင့် အဖြေများကို လိုက်မှတ်ရင်း မသိမသာလေး ခေါင်းညိတ်ပြလိုက်သည်။

'မှုခင်းဖြစ်တဲ့နေ့က ဦးကျော်ခိုင်လာမယ်ဆိုတာ သိလို့ မဝေဝေနွယ်ရဲ့ အမေ ဒေါ်ခင်သန်းနွယ်က ရှောင်ထွက်သွားတယ် ဆိုရင် ဘာပြောမလဲ'

'လုံးဝမဟုတ်ကြောင်း ပြောလိုပါတယ်'

လှအောင်က မေးခွန်းနှင့် အဖြေများကို လိုက်မှတ်ရင်း မသိမသာလေး ခေါင်းညိတ်ပြလိုက်သည်။

'မှုခင်းဖြစ်တဲ့နေ့က ဦးကျော်ခိုင် လာမယ်ဆိုတာ သိလို့ မဝေဝေနွယ်ရဲ့ အမေ ဒေါ်ခင်သန်းနွယ်က ရှောင်ထွက်သွားတယ် ဆိုရင် ဘာပြောမလဲ'

'လုံးဝမဟုတ်ဘူးလို့ ပြောလိုပါတယ်'

'ဘာကိစ္စအတွက် ဘယ်ကို သွားတယ်ဆိုတာကို ခိုင်ခိုင်လုံလုံ ပြောနိုင်ပါ့မလား'

'ဟုတ်ကဲ့ ပြောနိုင်ပါတယ်'

'ဘယ်ကို သွားတယ်ဆိုတာ ပြောပါ'

'ကျွန်မတို့ အဒေါ်ဝမ်းကွဲတစ်ယောက် အနေတော်ကြီး



နေထိုင်မကောင်းဖြစ်လို့ သွားမေးတာပါ'

'ခိုင်လုံတယ်နော်'

'ခိုင်လုံပါတယ်'

'ဦးကျော်ခိုင် ရောက်လာတဲ့အချိန်မှာ အိမ်မှာ မဝေဝေနွယ် တစ်ယောက်တည်း ရှိတယ်နော်'

'ဟုတ်ပါတယ်'

'မဝေဝေနွယ်က ဦးကျော်ခိုင်နဲ့ နှစ်ယောက်တည်းရှိနေတာကို စိတ်ထဲမှာ ဘယ်လိုမှ မဖြစ်ပေါ်ဘူးလား'

လှအောင်က ခေါင်းထောင်သွားသည်။

'ဖြစ်စရာအကြောင်းမရှိလို့ မဖြစ်ပါ'

'ဘယ်လိုဆိုတယ်ဆိုတာကို ထပ်ရှင်းပြပါ'

'ဦးကျော်ခိုင်ဟာ ကျွန်မနဲ့ပတ်သက်ပြီး လာတာမဟုတ်ပဲ ကျွန်မ အမေနဲ့ပတ်သက်ပြီး လာတာမို့ ကျွန်မ ဘယ်လိုမှ မဖြစ်ဘူးလို့ ပြောလိုတာပါ'

လှအောင်နှုတ်ခမ်းလွှာပေါ်မှာ အပြုံးရိပ်သန်းသွားသည်။

'ဦးကျော်အောင်က မဝေဝေနွယ်ကို အိပ်ခန်းထဲ အတင်းဆွဲသွင်းတယ်လို့ ထွက်ဆိုထားတယ်နော်'

'ဟုတ်ပါတယ်ရှင်၊ အမှန်အတိုင်းပါပဲ'

'ကောင်းပါပြီလေ ထားပါ၊ မဝေဝေနွယ်တို့ ရပ်ကွက်မှာ အိမ်နီးချင်းကပ်လျက် အိမ်တွေရှိတယ်နော်'

'ဟုတ်ကဲ့ ရှိပါတယ်'

'မျက်နှာချင်းဆိုင် အိမ်တွေကကော စကားလှမ်းပြောရင် ကြားနိုင်လောက်တယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကြားနိုင်ပါတယ်'

'မဝေဝေနွယ် သဘောမတူတဲ့ အပြုအမူကို ဦးကျော်ခိုင်က ပြုလုပ်လာတယ်ဆိုရင် ယင်း ဘေးအိမ်၊ ရှေ့အိမ်က ကိုယ်နဲ့ တစ်ရပ်တည်း နေတဲ့လူတွေကို ဘာလို့ အော်ဟစ်ပြီး အကူအညီမတောင်းတာလဲ'

လှအောင်သာမက တရားစီရင်ရေးအဖွဲ့ဝင်များပါ မေးခွန်းအပေါ် အာရုံစူးရောက်သွားကြသည်။

'ရုတ်တရက်ဆိုတော့ ကျွန်မလည်း အော်ဟစ် အကူအညီတောင်းဖို့ သတိမရပဲ သူ့လက်ထဲက လွတ်ထွက်အောင် ရုန်းကန်နေရလို့ပါ'

'အကယ်၍များ အော်ဟစ်အကူအညီတောင်းခဲ့ရင် ဘေးအိမ်၊ ရှေ့အိမ်ကလူတွေ အလွယ်တကူ မိနစ်ပိုင်းအတွင်း ရောက်လာနိုင်တယ်ဆိုတာကိုတော့ မငြင်းဘူးပေါ့'

ဝေဝေနွယ် တွေသွားသည်။ လှအောင်ကို လှမ်းကြည့်လိုက်သည်။

'ဟုတ်. . . ဟုတ်ကဲ့ မငြင်းပါဘူး'

'အကူအညီတောင်းဖို့ သတိမရတာလား၊ အကူအညီပေးမယ့် လူတွေ မလာစေချင်လို့လား'

လှအောင်က တရားခံဖြစ်သူအား အကြွပ်ကိုင်မေးခွန်းမျိုး မမေးသင့်ကြောင်း ထ၍ ကန့်ကွက်လိုက်သည်။

ရှေ့နေကြီး ဦးခင်မောင်အေးက 'ကျွန်တော့်မေးခွန်းဟာ အကြွပ်ကိုင် မေးခွန်းမဟုတ်ပါဘူး။ အမှုဖြစ်ပွားပုံကို အကြောင်းပြု၍ မေးရသည့် မေးခွန်းဖြစ်ပါတယ်၊ ကျွန်တော် အကြွပ်မကိုင်



ပါဘူး၊ ကြိုက်သလို ဖြေနိုင်ပါတယ်' ဟု တရားစီရင်ရေးအဖွဲ့ကို ပြန်လည်လျှောက်ထားတင်ပြလိုက်သည်။

တရားစီရင်ရေးအဖွဲ့က ဆက်မေးရန် ခွင့်ပြုလိုက်သည်။

'ဝေဝေနွယ်က အော်ဟစ်ပြီး အကူအညီတောင်းဖို့ လုံးဝသတိမရလို့ပါ'ဟု ဖြေလိုက်သည်။

'မိန်းမသားတွေဟာ တစ်စုံတစ်ခုသော အကြပ်အတည်းနဲ့ ရင်ဆိုင်ရတဲ့ အခါမျိုးမှာ ကာယအားထက် နှုတ်အားကို (အော်ဟစ်အကူအညီတောင်းတာကို) ပိုပြီး အားကိုးတယ်၊ နှုတ်ပိုသွက်တယ်ဆိုရင် မဝေဝေနွယ် ဘာပြောမလဲ'

'ကျွန်မ မပြောတတ်ပါဘူး'

'ဒါဖြင့် ထပ်မေးပါမယ်၊ ကာယအားကို ပိုပြီး အားကိုးတယ်လို့ ဆိုချင်ပါသလား'

ဝေဝေနွယ် တွေသွားတယ်။

လှအောင်က ဘယ်လို အဖြေပေးလိုက်မလဲလို့ စိတ်က တထင့်ထင့်။

'မိန်းမသားတွေက ကာယအားကို အသုံးပြုရမယ့်ကိစ္စမျိုးနဲ့ ကြုံရင် ကာယအားကို ပိုပြီးအားကိုးပါတယ်'

တရားစီရင်ရေးအဖွဲ့ဝင်များ ပြုံးစိစိဖြစ်သွားကြသည်။

'အပ်နှင့်ထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ ပေါက်တယ်ဆိုတဲ့ စကားကို မဝေဝေ ကြားဖူးပါတယ်နော်'

'ဟုတ်ကဲ့ ကြားဖူးပါတယ်'

'ဒါဖြင့် ခုကိစ္စဟာ အပ်နဲ့ထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ ပေါက်လိုက်တယ်ဆိုရင် ဘာပြောမလဲ'

'မပြောလိုပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ပုဆိန်နဲ့ပေါက်လိုက်ရင်ပေါ့'

'ကျွန်မက အဲဒီလို မယူဆပါဘူး'

'ဒါဖြင့် ဘယ်လိုများ ယူဆပါသလဲ'

'အပ်နဲ့ထွင်းဖို့ ကြိုးစားတာပါ။ မရလို့ ပုဆိန်နဲ့ ပေါက်လိုက်ရတာပါ'

တရားစီရင်ရေး အဖွဲ့ဝင်များ ပြုံးစိစိ ဖြစ်သွားကြပြန်သည်။

'ထားပါ။ အကယ်၍များ မဝေဝေနွယ်က တစ်ယောက်တည်း အိမ်မှာရှိနေတုန်း လူဆိုးတွေ အိမ်ပေါ်ရောက်လာရင် မဝေဝေနွယ်က ဘေးပတ်ဝန်းကျင်ကို အကူအညီမတောင်းပဲ ကာယအားကိုးနဲ့ ပြန်လည်ခုခံမှာလား'

'ဒါကတော့ အခြေအနေအရ သင့်သလို လုပ်ရမယ်လို့ ကျွန်မပြောလိုပါတယ်'

လှအောင်က ဝေဝေနွယ်မဆိုးဘူးလို့ စိတ်ထဲက မှတ်ချက်ချလိုက်ရသည်။

'ကတ်ကြေးတို့၊ ဘာတို့ဆိုတဲ့ အိမ်သုံးပစ္စည်းများကို သူ့နေရာနဲ့သူ သိမ်းဆည်းလေ့ရှိကြတယ်။ အခု မဝေဝေနွယ်ရဲ့ ထွက်ဆိုချက်အရ အချင်းမှုခင်းဖြစ်တဲ့နေရာမှာ အလွယ်တကူ လက်တကမ်းမှာရှိနေတာ ရိုးရိုးရှိစဉ်မဟုတ်ဘူးလို့ ပြောရင် မဝေဝေနွယ် ဘာပြောမလဲ'

'ကျွန်မ အမေ ကတ်ကြေးကို အသုံးပြုပြီး အလွယ်တကူ တင်ထားတာ ဖြစ်ပါလိမ့်မယ်'

'ရိုးရိုးရှိစဉ်တော့ မဟုတ်ဘူးပေါ့'



'အဲဒါတော့ ကျွန်မ မပြောတတ်ပါဘူး'

'အရပ်အမောင်း ပြည့်ပြည့်ဖြိုးဖြိုး၊ ဗလကောင်းကောင်း အားကောင်းမောင်းသန် ယောကျာ်းကြီးတစ်ယောက်ရဲ့ ဖမ်းချုပ်ခြင်းကို ခံရတဲ့ မိန်းကလေး တစ်ယောက်ဟာ ဖမ်းချုပ်တဲ့ ယောကျာ်းကြီး လက်ထဲက ဘယ်နည်းနဲ့မှ အလွယ်တကူ ရုန်းမထွက်နိုင်ဘူးဆိုရင် မဝေဝေနွယ် ဘာပြောမလဲ'

'ကျွန် မပြောတတ်ပါ'

'ကျွန်တော်မေးတာက ရုန်းထွက်နိုင်တယ်၊ ရုန်းမထွက်နိုင်ဘူး ဆိုတာပါ'

'ရုန်းထွက်နိုင်တာ ရှိသလို မရုန်းထွက်နိုင်တာလဲ ရှိပါလိမ့်မယ်'

'ဦးကျော်ခိုင်ရဲ့ အရပ်အမောင်းဟာ ၅ ပေ၊ ၆ လက်မခန့်ရှိတယ်။ ကိုယ်လုံးညက်ညက် မိန်းကလေးတစ်ယောက်ကို ခုလိုကိစ္စနဲ့ မဟုတ်ပဲနဲ့ ဖမ်းချုပ်ရင်တောင် ရုန်းထွက်ဖို့ မလွယ်ဘူးဆိုရင်၊ ရုန်းမထွက်နိုင်ပါဘူးဆိုတဲ့ အဖြေကလွဲလို့ အခြားအဖြေ ရှိပါ့မလား'

လှအောင်က ထ၍ ကန့်ကွက်လိုက်သည်။ 'အလားတူ မေးခွန်းကို မေးသွားပြီဖြစ်သည့်အတွက် ကျွန်တော်ရဲ့တရားခံ ဇဝေဇဝါဖြစ်အောင် ထပ်မံမေးရန် မလိုအပ်ကြောင်း ကန့်ကွက်ပါတယ်'

'မေးခွန်းပုံစံချင်း တူပေမယ့် သဘောချင်း မတူပါဘူး' ဟု ရှေ့နေကြီး ဦးခင်မောင်အေးက ပြန်ချေလိုက်သည်။

'သည်အကြောင်းဟာ လျှောက်လဲချက်ပေးတဲ့အခါ ထည့်သွင်းဖော်ပြနိုင်တဲ့အကြောင်းဖြစ်လို့ အချိန်မကုန်ရအောင် ကန့်

www.burmeseclassic.com

www.burmeseclassic.com



ကွက်ရတာပါ'

တရားစီရင်ရေးအဖွဲ့က လှအောင်၏ ကန့်ကွက်ချက်ကို လက်ခံလိုက်သည်။

လှအောင်က တဘက်ရှေ့နေကြီး ဆင်လာသည့် အကွက်ကို ထောက်ပြလိုက်ခြင်းပါ။

ရှေ့နေကြီး ဦးခင်မောင်အေးက သူ၏မေးခွန်းကို ဆက်မည်ပြုစဉ် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက နာရီကိုကြည့်၍ စီရင်ချက်ချမှတ်ရန် အမှုများရှိနေသဖြင့် ရက်ချိန်းယူဖို့ ပြောလိုက်သည်။

ငြီးစီစီ ခေါင်းနောက်စပြုနေသည့် ဝေဝေနွယ်အဖို့ မင်္ဂလာပါဟု ပြောရမည်သို့။

တရားခွင်တွင် ထိုင်ရသည်မှာ လွတ်လပ်မှုမရှိ။ မေးခွန်းများ ဖြေကြားရသည်မှာ မလွယ်။ ပန်ကာ ဖွင့်ထားစေကာမူ အေးသက်ရိပ် မရှိ။ ချွေးပြန်နေသည်။ ကြာလာတော့ ခေါင်းထဲမှာ မူးနောက် မူးနောက် ဖြစ်လာသည်။ ရက်ချိန်းပေးလိုက်သည့် တရားစီရင်ရေး ဥက္ကဋ္ဌကို ထိုင်၍ ကန်တော့ချင်မတတ် ကျေးဇူးတင်မိရသည်။

အာခေါင်ခြောက်ကပ်၍ ပါးစပ်တစ်ခုလုံး စီးထိုင်းနေသည်။ အချုပ်ခန်းထဲ ပြန်ရောက်ရောက်ခြင်း အငန်းမရ ရေ တဝသောက် ပစ်လိုက်ရ၏။ ခဏနေတော့ လှအောင်ရောက်လာပြီး တရားခွင် အမေးအဖြေအကြောင်း ပြောကြရာ လှအောင်က ဖြေပုံ ဖြေနည်း ကောင်းသည့်အကြောင်း၊ နောက်တစ်ပတ် ရက်ချိန်း နေ့တွင် ရှေ့နေကြီး ဦးခင်မောင်အေးက ဆက်လက်မေးလာမည်ဟု ထင်ရသော မေးခွန်းများကို ဘယ်သို့ဘယ်ပုံ ဖြေကြားရ



ပြောပြသွားသည်။

သုံးနာရီကျော်ပြီ၊ မကြာခင် ထောင်ခေါ်ကား ရောက်လာတော့မည်။ အုတ်နံရံပေါ် ခေါင်းမှီ၍ မျက်စိမှိတ်ပြီး အနားယူနေရသည်။ အချုပ်ကားပေါ် ရောက်သည်အထိ ငြီးစီးစီး မူးနောက်နောက် ဖြစ်နေသည်မှာ မပြေလျော့သေး။

အဆောင်ပြန်ရောက်ရင် ကြောတခင်းစာ နေရာလေးမှာ ခြေပစ်လက်ပစ်လှဲ၍ အနားယူတော့မည်ဟု အားခဲထားရသည်။ အဆောင်ပြန်ရောက်တော့ မူးနောက်နောက်အပြင် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ ရုံးထွက် အဝတ်အစားပင် မလဲနိုင်တော့။ ကြောတခင်းစာ နေရာမှာ လှဲချလိုက်ရသည်။ ည ရှစ်နာရီလောက်မှာ ကိုယ်တွေ ခြစ်ခြစ်တောက်ပူလာပြီး အချဉ်ပေါက်နေသည့် အစာတွေ အန်ထွက်လာသည်။ အဖျားထက် အန်ရသည်က ပိုမောသည်၊ ပင်ပန်းသည်။

အနားမှာရှိသည့် စုစုခမျာလည်း တညလုံးလိုလို မအိပ်ရ။

ထောင်ဝင်စာမှာ အမေပေးထားသည့် ငန်းဆေးရှိသော်လည်း ကွမ်းရွက်ပြုတ်ရည်ပူပူလေးနှင့် မသောက်နိုင်။ ကွမ်းရွက်လည်းမရှိ၊ ရေနွေးရဖို့လည်းမလွယ်၊ ရေအေးနဲ့ပဲ သောက်ရသမို့ ဆေးအာနိသင်မပြ။ မိုးလင်းတော့ တစ်ကိုယ်လုံးနှံးချိပြီး ကိုင်ရိုက်ထားသလို ခံနေရသည်။ ကိုယ်ပူရှိန် ကျသွားသလို ရှိသော်လည်း အဖျားငွေ့ရှိနေဆဲ။

ဝါဒါ ဒေါ်အေးစိန်က မိန်းမထောင် တာဝန်ကျ ထောင်မှူးလေးထံ သတင်းပေးပို့ရာ ထောင်မှူးလေးက ဆေးရုံမှ သောက်ဆေး

www.burmeseclassic.com

www.burmeseclassic.com

များ ယူလာပေးသည်။ ဘယ်လိုသောက်ရမည်ကိုလည်း ညွှန်ကြားသွားသည်။

ငါးရက်တိတိ ကော်ဖီကြွမ်းကိုသာ အာဟာရပြုရသမို့ အဖျား အရှိန်သေသွားသော်လည်း အတော်လေး အားယုတ်သွားသည်။ လုံးတီးထမင်းကို စားဖို့နေနေသာသာ ကြည့်ရုံနှင့် ပျို့လာသည်။ မစားပဲလည်း နေလို့မရ၊ ထောင်ထဲမှာက ဒါပဲရှိသည်။ သာမန် အဖျားလောက်ကို နို့စား၊ ပေါင်မုန့်စားပေးရိုး မရှိ။ ကော်ဖီကြွမ်းနှင့် ဘီစကစ်ကိုသာ အသုံးပြုနေရသည်။

ထောင်ထဲမှာ ကိုယ်ကျန်းမာမှုထက် စိတ်ကျန်းမာမှုက ပို၍ အရေးကြီးသည်။ ထောင်ထဲရောက်သူတိုင်း တွေ့ဆုံရမြဲ ဖြစ်သည်။ အခက်အခဲ အကျပ်အတည်း ပေါင်းစုံကို ကာယအားနှင့် တွန်းလှန်၍မရ။ စိတ်ဓာတ်အင်အားနှင့်ပါ တွန်းလှန်ရသည် ဖြစ်ရာ စိတ်ဓာတ်အကျလွန်သူများမှာ ခံစားမှု ပို၍ ဆိုးရွားသည်။

ဝေဝေနွယ် ကျဆင်းနေသည့် စိတ်ဓာတ်ကို အစွန်းဆုံး အကျမခံဘဲ၊ အချိန်မီ စိတ်ဓာတ်ပြန်တင်၍ လုံးတီး ထမင်းကို ခါတိုင်းလို စားနိုင်အောင် ကြိုးစားလိုက်သည်။ လုံးတီးထမင်းကို ထမင်းဆုပ်ကလေးများ လုပ်၍ သကြားနှင့်တို့စားသည်။ လုံးတီး ထမင်းမှာ ထမင်းဖြူထက် ပို၍ အာဟာရဖြစ်မြန်သည်ဟု ပြောကြသည်။

ချက်ချင်းကြီးတော့ အားပြန်မပြည့်ဖြစ်နိုင်ရာ။

မှန်ထဲမှာ ပေါ်နေသည့် ကိုယ့်ရုပ်ပုံလွှာကို ပြန်ကြည့်မိပြန်တော့ အားမလို အားမရ ဖြစ်ရသည်။ နားထင်နားရင်းများ



သိသိသာသာကြီး ကျနေသည်။ မျက်ဝန်းတဝိုက်မှ အသားဆိုင်များမှာ ပြည့်ပြည့်ဖြိုးဖြိုး မရှိသေး။ နှုတ်ခမ်းနှစ်လွှာမှာ ဖြူရော်ရော်၊ အပြင်သာဆိုသည်လောက် ဖြစ်ဖွယ်မရှိ။ ထောင်ထဲမှာ ဆေးဝါးနှင့် အာဟာရချို့တဲ့မှုကြောင့် ဖြစ်မည်ထင်သည်။ မယုံနိုင်လောက်စရာ အားယုတ်သွားရုံမက ရုပ်ပုံလွှာပါကျဆင်းသွားခဲ့၏။

သည်တစ်ပတ် ရုံးချိန်းရက်က နီးသည်။ သန်ဘက်ခါ ဆိုရင်ပဲ ရုံးထွက်ရတော့မည်။ သူ့ရုပ်ပုံလွှာကို အမေသာ မြင်ခဲ့ရင်။ အတွေးစဉ်ကို ဖွတ်နှစ်ဖျောက်ပစ်လိုက်ရသည်။ ဆက်မတွေးချင်။

အမေတစ်ခု သားတစ်ခုထက်၊ အမေတစ်ခု သမီးတစ်ခု၏ သံယောဇဉ်နှောင်ကြိုးက ပို၍ ခိုင်ကြည်တွယ်မြဲသည်။

အမေက ဦးကျော်ခိုင်အား ဘာကြောင့် လက်ခံလိုက်ရသည်ကို သူ အသိဆုံး။ တကယ်ကတော့ အမေက သူ့အတွက် အရင်းအနှီးပြုလိုက်သည်မဟုတ်၊ သမီးဖြစ်သူအတွက် စွန့်လိုက်ရသည်ပါ။ လက်ရှိအိမ်ကို ရောင်းပြီး ရန်ကုန်မြို့စွန်ကို ပြောင်းရွှေ့ရတော့မည့် အနေအထားသို့ ရောက်နေပြီ။ ထွက်ပေါက်မရှိပဲ လမ်းပျောက်စပြုနေသည်ကို ဦးကျော်ခိုင်က ထွက်ပေါက်ပေးပြီး လမ်းလျှောက်ဖို့ လမ်းစပြခဲ့သည်။ တစ်မြို့တည်းသား ကျောင်းနေဘက်သူငယ်ချင်းမို့ သည်လောက်ထိ အကျင့်သိက္ခာဖောက်နက်လိမ့်မည် မထင်ခဲ့။

ဒါကြောင့်လည်း ဝေဝေနွယ်က အမေ့ကြောင့် ဖြစ်ရလေခြင်းဆိုသည်ကို လက်မခံခဲ့။ ဦးကျော်ခိုင်၏ သစ္စာတရား ပြောင်းပြန်လှန်လို့သာ ဖြစ်ရသည်ဟု ခံယူပြီးသား။ အမေတပင်လဲလို့ တပင်ထူသည်မှာ သူ့စိမ်းနှင့်မဟုတ်။ ကျောင်းနေဘက် သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်း ငယ်ပေါင်းနှင့်။ သည်ထိအောင် သစ္စာမဲ့လိမ့်မည်ဟု ထင်စရာ အကြောင်းမှ မရှိတာ။

အမေ့ဘဝက ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ရသည်။ လင်သေရုံမဟုတ်၊ သားပါဆုံးပြီး စီးပွားရေး အခြေမခိုင်ဖြစ်ခဲ့သည်။ ရေနစ်တော့မည်ဆဲဆဲ မြက်တစ်ပင်ကို လှမ်းဆုပ်စွဲလိုက်ရသည်ကို လော်မာသည်ဟု မဆိုသာ။

ခုတော့ သူတို့သားအမိမှာ မအေးနှစ်ခါနာမဟုတ်ပဲ သုံးလေးခါနာ ဖြစ်ရပြီ။

ရှိပါစေတော့ ဘဝအကျိုးပေး မကောင်းခဲ့လို့ပဲ ဖြေသိမ့်ရတော့မည်ပါ။

*

လှအောင်က ဆရာသမားဖြစ်သူကို အမှုခွင် အတွေ့အကြုံ တင်ပြလိုက်သည်။

'အေးလေ အစကတည်းက မင်းကို ငါပြောသွားပဲ၊ သည်အချိုး ချိုးလိမ့်မယ်လို့ ဦးကျော်ခိုင်ရဲ့ ဂုဏ်သိက္ခာကို ဆယ်မယ်။ ဝေဝေနွယ်လည်း အပြစ်ရစေရမယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ကွာ။ ထားတော့ မင်းတို့ ငါတို့ တရားစီရင်ရေး အဖွဲ့နေရာကနေ ကြည့်ရအောင်'

'ဘယ်လိုကြည့်ရမှာလဲ ဆရာ'

'မင်းဟာ ရှေ့နေတစ်ယောက်မဟုတ်ပဲ တရားစီရင်ရေး အဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့ရင် သည်အမှုအပေါ် ဘယ်လိုသဘောထားမလဲ'



'စဉ်းစားစရာပဲ ဆရာ'

'သူတို့ဘက်က တင်ပြတာကို မဖြစ်နိုင်ဘူးလို့ မဆုံးဖြတ်နိုင်သလို၊ တို့ဘက်က တင်ပြတာကို ဖြစ်နိုင်တယ်လို့လည်း လက်ခံလို့မရဘူး။ အမှုဖြစ်ကြောင်း အနေအထားက ဒွိဟ သံသယဖြစ်စရာ အကြောင်းတွေ ရှိနေတယ်။ ဒေါ်ခင်သန်းနွယ်နဲ့ ဦးကျော်ခိုင်တို့ဟာ လူသိရှင်ကြား ပေါင်းသင်းဆက်ဆံ နေထိုင်ခဲ့တာ မဟုတ်ဘူး။ တရားဝင် စာချုပ်စာတမ်း မရှိဘူး။ နှစ်ကိုယ်ချင်း သဘောတူပေါင်းသင်းတာပဲ ရှိတယ်။ အဲဒီတော့ ဦးကျော်ခိုင် ဝင်ထွက်နေတဲ့ ကိစ္စဟာ အမေနဲ့လား၊ သမီးနဲ့လားဆိုတဲ့ မေးစရာမေးခွန်းမျိုး မပေါ်ဘူးလား။ ကဲကွာ မင်းဟာ ရှေ့နေတစ်ယောက်လည်း မဟုတ်ဘူး၊ ဝေဝေနွယ်တို့နှင့်လည်း အဆက်အသွယ်မရှိဘူးဆိုရင် အမေနဲ့လား. . . သမီးနဲ့လား. . . ဆိုတဲ့ကိစ္စကို မင်း ဘယ်လိုလက်ခံမလဲ'

'ဟုတ်ပါတယ်ဆရာ၊ သမီးရော အမေနဲ့ပါ ဖြစ်နေတယ်လို့တောင် ပြောလို့ရပါတယ်'

'ဦးကျော်ခိုင်နဲ့ ဒေါ်ခင်သန်းနွယ်တို့ ပေါင်းသင်း နေထိုင်ခဲ့တယ်ဆိုတာကို ဘယ်လိုသက်သေပြမလဲ'

'တလမ်းတည်း အတူနေပြီး အဒေါ်လို သဘောထားခင်မင်နေတဲ့ ဒေါ်ခင်မိမိကို ဖွင့်ဟတိုင်ပင်ခဲ့တယ်ဆိုတဲ့ သက်သေ ယောက်ပဲ ပြနိုင်မှာပါ ဆရာ'

'တရားဝင် ခိုင်လုံပါ့မလား'

'မခိုင်လုံပါဘူး ဆရာ'

'အဲဒီတော့ သူတို့ဘက်က ဆင်လာတဲ့ ဆင်ကွက်ကို တို့ဘက်က ဘယ်လိုဖျက်မလဲ။ လွယ်တော့ သိပ်မလွယ်လှဘူးကွ နော်၊

www.burmeseclassic.com



သူတို့က ဘယ်လိုပဲ အလှည့်အပတ်ခွင်ဆင်ဆင်၊ တို့က အလှည့်အပတ် ခွင်ဆင်လို့မရဘူး။ အော်ဟစ်ပြီး အကူအညီတောင်းနိုင်တဲ့အချက်ကို ချေပဖို့မလွယ်ပေမယ့် ကတ်ကြေးနဲ့ထိုးပြီးမှ မီးအုပ်ဆောင်းတိုင်တုတ်နဲ့ ဆက်ရိုက်တယ်ဆိုတာကို ခုခံကာကွယ်ဖို့ကတော့ မလွယ်ပြန်ဘူး။ တို့ဘက်က ပြမယ့် သက်သေတွေ သူတို့လှည့်ကွက်ထဲ နစ်မသွားအောင်တော့ မင်းအသေအချာ ပြင်ဆင်ရလိမ့်မယ်။ သည်အမှုမှာ လျှောက်လဲချက်အပိုင်းဟာ အရေးအကြီးဆုံးပဲ။ လျှောက်လဲချက်ကိုတော့ ငါကိုယ်တိုင်ရေးမယ်'

ဆရာ ဦးမြင့်မောင်၏ ပြောပြချက်များကို တစိမ့်စိမ့်ပြန်တွေးရင်းက ရှေ့နေအလုပ်သည် သမ္မာအာဇီဝအလုပ် ဟုတ်မဟုတ် အတွေးစဉ်တစ်ခု ခေါင်းထဲသို့ ဝင်လာရာ ထိုအတွေးစဉ်မှာ ညအိပ်ရာဝင်သည်အထိ အတွေးစဉ်မပြတ်ပဲ အိပ်စက်ခြင်းညဉ့်နက်အောင် ဦးနှောက်အာရုံကြောများကို အလုပ်ပေးနေသည်။

အမှုသည်တစ်ယောက် အမှုအပ်ဖို့လာသည့်အခါ အမှုဖြစ်ကြောင်း ပြောပြသည်ကို နားထောင်ပြီးနောက် ရှေ့နေများသည် မိမိအသိဉာဏ်တွင် ထင်လာသည့် အခြေအနေမှန်ကို အရှိကို အရှိအတိုင်း ပြောလေ့မရှိကြ။ ယင်းသို့ မပြောကြသည်မှာ တရားမျှတပါ၏လော။

ကြိမ်းသေပေါက် နိုင်ရမည်ဟူသော အာမခံချက်ကိုသာ ရဲရဲကြီးပေးကြသည်။

အမှုလာအပ်သူကလည်း သည်လိုပြောမှ သဘောကျသည်။ အမှုရှုံးခြေရှိသည်ပြောလျှင် နည်းနည်းမှမကြိုက်၊ သည်သို့ပြောသည့် ရှေ့နေမျိုးကို အမှုသည်က ခါထွက်သွားလိမ့်မည်။ အမှုလာအပ်ကတည်းက အမှုသည်မှာ နိုင်ချင်သည့်ဆန္ဒ ရာနှုန်းပြည့်ပါရှိလာသည်။ အနိုင်ဘက်က ရာနှုန်းပြည့် ဆန္ဒရှိနေသူကို ခင်ဗျားအမှုက နိုင်ဖို့ မလွယ်ဘူးဟု ဆိုခဲ့ချေသော်၊ ကိုယ့်ဆီကို အားကိုးတကြီးလာသူအား ရင်ဘတ်ကို ဆောင့်တွန်းလိုက်ဘိသို့ ရှိချေမည်။

'ခင်ဗျားအမှုက သည်လို သည်ပုံတော့ရှိတယ်၊ ဒါကြောင့် သည်လိုသည်ပုံတော့ ဖြစ်နိုင်တယ်' ဟု ကျိုးကြောင်းပြစကားဆိုသော်မှ မကြိုက်ချင်ကြ။

အဲဒီတော့ ရှေ့နေတွေက 'ကြိမ်းသေပေါက် နိုင်ရမည်ဟူသော' စကားလုံးကို တွင်တွင်ကြီးသုံးကြသည်မှာ ရှေ့နေများဘက်က လွန်သည်ဟု မဆိုသာ၊ တရားမျှတမှု မရှိဘူး၊ လှည့်စားရာရောက်သည်ဟု မပြောသာပြန်ရာ။

အမှုအပ်ချင်မှ အပ်၊ အမှန်ကို အမှန်အတိုင်း ပြကတော့ အခြေအနေကို အရှိ အရှိအတိုင်းပြောမှ တရားမျှတရာကြသည်။ လှည့်စားရာမရောက်ဟု ခံယူချက်ထားလျှင် ရှေ့နေမလုပ်နဲ့။

တကယ်တော့လည်း အမှုတစ်ခု၏ အလားအလာကို ကြိုတင် ခန့်မှန်း၍မလွယ်။ တဘက်သော အမှုသည်၏ အခြေအနေ၊ တဘက်သော ရှေ့နေကြီး၏ ပညာစွမ်း၊ တဘက်သက်သေများ၏ ထွက်ဆိုချက် စသည်တို့မှာ တရားခွင်ရောက်မှ သိနိုင်ရာသည်မို့ အလားအလာမကောင်းဟု ထင်သောအမှုကနေ အလားအလာကောင်းသော အမှုအနေအထားသို့ ပြောင်းလဲသွားသည်လည်း ရှိသည်။ သို့တစေ မိမိက တရားရုံးမှာ ဘယ်လိုပိုင်သည်၊ တရားစီရင်ရေးအဖွဲ့နှင့် ဘယ်လိုရင်းနှီးသည်၊ အမှုအခြေအနေ ဘယ်လိုပဲရှိရှိ အဆုံးအဖြတ်မှာ ကြိမ်းသေပေါက် နိုင်ရမည်ဟု လှည့်စား



www.burmeseclassic.com

www.burmeseclassic.com



အာမခံချက်ပေးခဲ့သော် ရွှေနေမပီသ၊ ရွှေနေကျင့်ဝတ် ဖောက်ဖျက်သူ ရွှေနေသာ ဖြစ်လိမ့်မည်။

မိမိအမှုသည် အနိုင်ရရှိစေရန်အတွက် တဘက်သော အမှုသည်အပေါ် အမှုဌင်အကွက်ဆင်၍ အကွက်ထွင်၍ ထိုးနှက်တိုက်ခိုက်မှု ပြုလုပ်ခြင်းသည် တရားမျှတပါ၏လော၊ ရွှေနေကောင်းတစ်ယောက်၏ အရည်အချင်းဟု ဆိုအပ်ပါသလော။

ရွှေနေအလုပ်၏ သဘောမှာ မိမိအမှုသည် အနိုင်ရစေရန် ဥပဒေဘောင်အတွင်းက တရားမျှတစွာ ကြိုးစားရမည် ဖြစ်ပါလျက် တရားမမျှတသောနည်းဖြင့် အကွက်ဆင် အကွက်ထွက်၍ တဘက်အမှုသည်ကို တရားလွန် နစ်နာစေလျှင် ဥပဒေပညာရှင် မပီသ။ ရွှေနေကောင်းတစ်ယောက်ဟု မဆိုရာ။

ဝေဝေနွယ့်အမှုမှာ မတရားသက်သေ အသုံးပြု၍ တုံ့ပြန်သော နည်းကို မသုံးပဲ ဥပဒေဘောင်အတွင်းက မိမိတရားခံ သက်သာခွင့်ရဖို့ ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်၏။

တရားသူကြီးတစ်ယောက်က မိန့်ဆိုဖူးသည်။

အမှုတစ်ခုကို စီရင်ချက် ချမှတ်ရန်ထက် ခက်ခဲသည်မှာ ရွှေနေတို့၏ ဉာဏ်နီဉာဏ်နက်စကားများကို နေ့တဓူဝ အတောမသတ် နားထောင်နေရခြင်းပင်ဖြစ်သည်ဟူပါ၍. . . ။

* * *



## တစ်ဆယ့်သုံး

ရုံးထွက်ရမည့်နေ့ရောက်တော့ ထူထူထောင်ထောင် ရှိနေပြီ။ နာလန်ထစ လူမမာတစ်ယောက်၏ အရိပ်အဆင် ထင်နေဆဲ။ ကိုယ်တော့ ရုံးထွက်သွားနိုင်လောက်အောင် အင်အားပြည့်ဖြိုးမှုမရှိသေး။ ဒါပေမယ့် ရုံးထွက်မသွားလိုပါဟု ငြင်းလို့မရ။ အိပ်ရာထဲလဲနေလောက်အောင် ဖျားနာနေသူများ၊ ထောင်ဆေးရုံတွင် တက်ရောက်ကုသနေသူများကိုသာ ရုံးထွက်မသွားနိုင်ကြောင်း ထောင်ဆရာဝန်က ထောက်ခံချက်ပေးနိုင်သည်။ ဝေဝေနွယ်တို့လို သာမန်အဖျားသမားတစ်ယောက်ကိုမူ ထောက်ခံချက်ပေးရိုးမရှိ။ သမ်းလျှောက်နိုင်သည့် အခြေအနေရှိလျှင် ရုံးထွက်သွားရမည်ပါ။ အတုန်ကယင်နှင့် ရုံးထွက်ခဲ့ရသည်။ မျက်နှာမြင်ပေါ် ပေါင်ဒါလေးသော်မှ မတင်ဖို့နိုင်။

ဝေဝေနွယ်က မပြောပေမယ့် အမေက သိနေသည်။ မျက်ရည်များ ဝေ့လည်လာသည်။ ရုံးချိန်နီးလို့ ထောင်ဝင်စာ မလာခြင်းသည်ကို တဖြစ်တောက်တောက် ပြောမဆုံး ရှိနေသည်။

'ဘယ်လိုဖြစ်တာလဲ သမီးရယ်. . . နားထင်နားရင်းတွေဟောက်ကျလို့ အသားတွေလည်း ဖြူဖတ်ဖြူရော်နဲ့ မျက်ကွင်းတွေလည်း ညိုလို့ မေမေ ရင်တုန်လိုက်ပါဘိ သမီးရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှိးရှိးဖျားတာပါ အမေ၊ အဖျားရက်ကလေး ရှည်သွားလို့ပါ။ ခု ထမင်းတောင် စားနိုင်နေပြီ'

'ထောင်ထဲကို ဟောလစ်တွေ ဘာတွေ ယူလို့ ရရဲ့လား သမီး'

'ရပါတယ် မေမေ၊ မမာမကျန်းဖြစ်တဲ့ လူတွေအတွက် ယူခွင့်ပြုပါတယ်'

'ဒါဖြင့်သမီး အပြန် ဟောလစ်ဝယ်ပေးလိုက်မယ်'

ငြင်းမည်ပြုပြီးမှ မငြင်းဖြစ်။ မေမေ ပို၍ စိတ်မကောင်းဖြစ်သွားမည်ကတကြောင်း၊ သူ့အတွက် တကယ်လိုအပ်သည်ကတကြောင်းမို့ ဘာမျှ မပြောတော့။ နာလန်ထစမှာ ဟောလစ်ကလေး ဘာလေး သောက်ရရင် အားဖြစ်မြန်မည်။ ထောင်ထဲမှာ နို့တစ်ခွက် ရဖို့က မလွယ်။

အမေနှင့်စကားပြောနေစဉ် လှအောင် ရောက်လာသည်။ ဝေဝေနွယ့်ကိုကြည့်ပြီး သူ့မျက်နှာပေါ်မှာ အံ့သြရိပ် ထင်းထင်းပြတ်ပြတ် ထင်သွားသည်။

'ဝေနွယ် ဘာဖြစ်လို့လဲဟင်'

'ဖျားတာပဲ ကိုအောင်၊ ပြီးခဲ့တဲ့အပတ် ရုံးထွက်အပြန်စဖျားတာ'

'ဟိုနေ့က ဝေနွယ် စိတ်ပင်ပန်းလွန်သွားတယ် ထင်တယ်'

'ဟုတ်တယ် ကိုအောင်'

'ခုရော ဘယ်နဲ့နေသေးလဲ'

'ကောင်းသွားပါပြီ ကိုအောင်၊ ထမင်းတွေ ဘာတွေတောင် စားနေပါပြီ'

'သည်နေ့ အစစ်ခံနိုင်မယ့် အခြေအနေမရှိရင် တရား



စီရင်ရေးအဖွဲ့ကို ဝေနွယ်အကျိုးအကြောင်းပြောပြပြီး လျှောက်ထားနိုင်ပါတယ်နော်'

'ရပါတယ် ကိုအောင်၊ ဟိုနေ့က အတွေ့အကြုံကလည်း မရှိတော့ စိတ်ပင်ပန်းလွန်သွားလို့ ဖြစ်မှာပါ'

'ကိုအောင် သဘောကတော့ ရက်ချိန်းတချိန်း ထပ်ယူစေချင်တယ်၊ တရားစီရင်ရေးအဖွဲ့က ဝေနွယ့်အနေအထားကို မြင်ရင် ခွင့်ပြုမှာပါ'

'ဝေနွယ် အစစ်ခံနိုင်ပါတယ် ကိုအောင်၊ အမှုမြန်မြန်ပြီးဖို့ပဲ အရေးကြီးတာပါ၊ နို့မဟုတ်ရင် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ထမ်းထားရသလို စိတ်ပင်ပန်းနေရတယ် ကိုအောင်'

ကိုအောင်ထွက်သွားတော့မှ ထမင်းစားဖို့ ပြင်လိုက်ရသည်။ ခံတွင်းမလိုက်။ ခါတိုင်းလို မစားနိုင်။ ချိုင့်ကို သည်အတိုင်းပြန်ပေးလိုက်လျှင် မေမေ စိတ်မကောင်းဖြစ်သွားမည်မို့ အနားမှာရှိနေသူကို ဝေမျှ ကျွေးလိုက်ရသည်။

တရားခွင်မှာ. . .။

'မဝေဝေနွယ်က ဦးကျော်ခိုင်ကို ကတ်ကြေးနဲ့ ထိုးလိုက်တော့ ဦးကျော်ခိုင်လဲမလို ဖြစ်သွားတယ်ပေါ့'

'ဟုတ်ပါတယ်'

'အဲဒီလိုဖြစ်သွားတဲ့အခါမှာ ဝေဝေနွယ်ကို နောက်ထပ် အန္တရာယ်ပေးနိုင်တဲ့ အခြေအနေနဲ့ ခွန်အား ဦးကျော်ခိုင်မှာ မရှိတော့ဘူးဆိုရင် မဝေဝေနွယ် ဘာပြောမလဲ'

လှအောင် ဆတ်ကနဲ ခေါင်းထောင်သွားသည်။ တင်းတင်းရင်းရင်း ချည်တုပ်လိုက်သည့် မေးခွန်းဟု ဆိုရပါမည်။ ကတ်ကြေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အထိုးခံထားရပြီးနောက်ထပ် အန္တရာယ်မပေးနိုင်သူတစ်ယောက်ကို ထပ်မံရိုက်နှက်ခြင်းသည် မိမိကိုယ်ကို ခုခံကာကွယ်ရပါသည်ဟု မဆိုနိုင်ရာ။

'ဦးကျော်ခိုင် ဒေါသ သိပ်ကြီးနေပါတယ်'

'ကျွန်တော်မေးတာက ဒေါသကြီးတာ မကြီးတာ မဟုတ်ပါဘူး၊ ဒဏ်ရာ အပြင်းအထန်ရထားတဲ့ လူတစ်ယောက်ဟာ တခြားလူတစ်ယောက်ကို အန္တရာယ်ပြုနိုင် မပြုနိုင် ဆိုတာပါ'

'ကျွန်မကိုတော့ အန္တရာယ်ပြုဖို့ လုပ်လာပါတယ်'

'အဲဒီလိုဖြစ်နေတဲ့အချိန်မှာတော့ ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ သတိမရဘူးလား'

'ကျွန်မလဲ မွန်ထူနေတာနဲ့ သတိမရပါဘူး'

'တော်ရုံလူဆိုရင် သည်အခြေအနေမျိုးမှာ ပတ်ဝန်းကျင်ကို မလွဲမသွေ အကူအညီတောင်းလိမ့်မယ်ဆိုရင် မဝေဝေနွယ် ဘာပြောမလဲ'

'ကျွန်မ မပြောတတ်ပါဘူး'

'ကောင်းပါပြီထားပါ၊ ဦးကျော်ခိုင်မှာ ကတ်ကြေးနဲ့ ထိုးခံရတဲ့ ဒဏ်ရာရထားပြီးတဲ့နောက် မဝေဝေနွယ်က ခေါင်းကို နှစ်ချက် ဆင့်ရိုက်တာပဲနော်'

'ဟုတ်ပါတယ်'

'ပထမတချက် ရိုက်လိုက်တာနဲ့ ဦးကျော်ခိုင် လဲကျသွားတယ်၊ လဲကျသွားပြီးမှ နောက်တစ်ချက် ထပ်ရိုက်တယ်ဆိုရင် မဝေဝေနွယ် ဘာပြောမလဲ'

'ပြောစရာ မရှိပါဘူး'



'ဒါဖြင့် အဖြစ်အပျက်က ကျွန်တော်ပြောတဲ့အတိုင်း တချက်ရိုက်ပြီးမှ လဲကျသွားမှ နောက်တစ်ချက် ထပ်ရိုက်တယ်ပေါ့'

'ဟုတ်ပါတယ်'

လှအောင် ကိုယ်လုံးကလေး တွန့်ကနဲဖြစ်သွားသည်။ ရှေ့နေကြီး ဦးခင်မောင်အေး၏ မေးခွန်းဂွင်ထဲသို့ ဝေဝေနွယ် နစ်မြုပ်သွားပါလေပြီ။ ဥပဒေသဘောအရ အတော်လေး ခက်ခက်ခဲခဲ ဖြေရှင်းရမည့်မေးခွန်း။

ရှေ့နေကြီး ဦးခင်မောင်အေးက အပြုံးတဝေ့ဝေ့။

'ကတ်ကြေးနဲ့ ထိုးတယ်၊ လဲမလို ဖြစ်နေတယ်၊ တုတ်နဲ့ ရိုက်တယ်၊ ခြေလွတ်လက်လွတ်လဲကျသွားတယ်။ အဲဒါကို ထပ်ရိုက်တယ်၊ သည်လို မဟုတ်လား'

ရှေ့နေကြီး အမူအရာလုပ်ပြပြီး မေးခွန်းထုတ်သွားသည်။

'ကျွန်မ ငြင်းစရာ မရှိပါဘူး'

'အဲဒီလို လုပ်တာဟာ မဝေဝေနွယ်အနေနဲ့ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အဆင့်ထက် ကျော်လွန်သွားတယ်ဆိုရင် ဘာပြောမလဲ'

'ကျွန်မ မပြောတတ်ပါဘူး'

'ဟုတ်တယ် မဟုတ်ဘူးပေါ့၊ ကျော်လွန်တယ် မလွန်ဘူး၊ တစ်ခုခုဖြေပေါ့'

'ကျော်လွန်တယ်လို့ ကျွန်မ မယူဆပါဘူး'

'ဘာကြောင့်ပါလဲ'

'တုတ်ချက်နှစ်ချက်ဟာ ဆက်လျက် ဖြစ်နေလို့ပါပဲ'

'ဒါဆိုရင် မသေသေအောင် သတ်တယ်ဆိုတဲ့သဘော မသက်ရောက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com


'မသက်ရောက်ပါဘူး'

'ဘာကြောင့်ပါလဲ'

'ကျွန်မ ဦးကျော်ခိုင်ကို သေစေလိုတဲ့ဆန္ဒမရှိလို့ပါ'

လှအောင်မှာ မသိမသာ ခေါင်းတညိတ်ညိတ်ဖြင့် အဖြေကို သဘောတွေ့သွားသည်။

'ကျွန်တော် တာဝန်အရ မေးရတာကို မဝေဝေနွယ် စိတ်မဆိုးနဲ့နော်'

'ဟုတ်ကဲ့ မေးပါ'

ရှေ့နေကြီး ဦးခင်မောင်အေးက အပျော့ဆွဲလေး ပြန်ဆွဲလိုက်ပြန်သည်။

'အဲဒီနေ့က ဦးကျော်ခိုင် အိမ်ကိုရောက်လာတယ်၊ ပထမတော့ ကြည်ကြည်သာသာပဲ စကားတွေ ဘာတွေ ပြောကြမယ်၊ အိပ်ရာထဲမှာ အတူရှိနေကြမယ်၊ သည်တော့မှာ မဝေဝေနွယ်က ကတ်ကြေးနဲ့ ထိုးလိုက်မယ်၊ ဦးကျော်ခိုင် လဲသွားတဲ့အချိန်မှာ တုတ်နဲ့ နှစ်ချက်ဆင့်ရိုက်တယ်ဆိုရင် မဝေဝေနွယ် ဘာပြောမလဲ'

'ကတ်ကြေးနဲ့ ထိုး၊ တုတ်နဲ့ရိုက်တာကလွဲလို့ ကျန်တာတွေ မဟုတ်ပါဘူး'

ရှေ့နေကြီး ဦးခင်မောင်အေးက မေးခွန်းအရှည်ကြီး မေးပြီး နဝေတိမ်တောင်ဖြစ်အောင် လှည့်နေပြန်သည်။

'အဲဒီနေ့က မဝေဝေနွယ် ကတ်ကြေးကို ခေါင်းအုံးအောက်မှာ အဆင်သင့်ဆောင်ထားတယ်ဆိုရင် ဘာပြောမလဲ'

'မဟုတ်ဘူးလို့ ကျွန်မ ငြင်းပါတယ်'

'အဲဒီနေ့က ဦးကျော်ခိုင် လာမယ်မှန်းသိလို့ ဒေါ်ခင်သန်းနွယ် အပြင်ကို ရှောင်ထွက်သွားတယ်ဆိုရင်ကော ဘာပြောမလဲ'



'မဟုတ်ပါဘူးလို့ပဲ ပြောလိုပါတယ်'

ရှေ့နေကြီး ဦးခင်မောင်အေးက သူ၏ မေးခွန်း အဆုံးသတ်သည့် အထိမ်းအမှတ်အဖြစ် တရားစီရင်ရေးအဖွဲ့ကို အရိုအသေပြု၍ ထိုင်ချလိုက်သည်။

လှအောင်အလှည့်။

'ဦးကျော်ခိုင်နဲ့ ဒေါ်ခင်သန်းနွယ်တို့ ပေါင်းသင်းဆက်ဆံနေထိုင်တာကို မဝေဝေနွယ်က ဘယ်သူ့ကို ပြောဖူးသလဲ'

'တလမ်းတည်း အတူနေပြီး ကျွန်မနဲ့ သိပ်ပြီးရင်းနှီးတဲ့ မမထားကို ပြောဖူးပါတယ်'

'အကြောင်းဆက်စပ်မှု ဘယ်လိုရှိလို့ ပြောဖူးတာလဲ'

ဦးကျော်ခိုင် ခဏခဏ ဝင်ထွက်သွားလာနေတာကို တွေ့လို့ မေးတာနဲ့ ကျွန်မက ကျွန်မတို့ အိမ်တွင်းရေး အဖြစ် အပျက်ကို ပြောပြလိုက်တာပါ။ မမထားက ကျွန်မတို့အိမ် အကြောင်း အသိဆုံးပါ'

'သည်အကြောင်း သည်သတင်းက မဝေဝေနွယ်တို့ ပတ်ဝန်းကျင်မှာ အတော်လေးပျံ့နှံ့နေမှာပေါ့'

'ဟုတ်ကဲ့ သိကြပါတယ်'

'ဘယ်လို သိကြတာပဲ'

'ကျွန်မတို့ သားအမိနှစ်ယောက်ရဲ့ အခြေအနေနဲ့ အမေ နောက်အိမ်ထောင်ပြုလိုက်ရတဲ့ အကြောင်းပါပဲ'

'တရားဝင် ယူကြတာမဟုတ်ပဲ အရပ်က ဘယ်လိုလုပ်ပြီး သိကြတာပဲ'

'အရပ်ထဲက စပ်စပ်စုစု လုပ်တတ်တဲ့လူတွေက တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



သတင်း စကား ပြန့်ပြီး သိကြတာပေါ့'

'ဒါဖြင့် ဦးကျော်ခိုင်နဲ့ ဒေါ်ခင်သန်းနွယ်ဆို ညားနေကြတယ်လို့ သိကြတာပေါ့'

'ဟုတ်ပါတယ်'

'အဲဒီနေ့က ဦးကျော်ခိုင်အိမ်ကို ရောက်လာတော့ ခါတိုင်းလို လာရိုးလာစဉ်လာတာပဲလို့ သဘောထားပြီး ဘယ်လိုမှ မဖြစ်ဘူးပေါ့'

'ဟုတ်ကဲ့ မဖြစ်ပါဘူး၊ သည်လို ဖြစ်လိမ့်မယ်လို့လဲ လုံးဝ မထင်ပါဘူး'

'အော်ဟစ်ပြီး အကူအညီမတောင်းတာကလည်း ရုတ်တရက် မမျှော်လင့်တဲ့ အဖြစ်အပျက်ကြောင့် ဘာလုပ်ရမှန်းမသိဖြစ်သွားတာပေါ့'

'ဟုတ်ပါတယ်'

'ကတ်ကြေးနဲ့ ထိုးလိုက်တဲ့အား မပြင်းထန်တဲ့အတွက် ဦးကျော်ခိုင်က ရန်ပြုဖို့ ရှေ့တိုးအလာမှာ လက်လှမ်းမီရာ မီးတိုင်အုပ်ဆောင်းနဲ့ ရိုက်လိုက်ရတယ်ဆိုပါတော့'

'ဟုတ်ပါတယ်'

'ရပ်ကွက်ကောင်စီ ဦးစန်းမြင့်ကို ချက်ချင်း သွားပြောသလား'

'ဟုတ်ကဲ့ ချက်ချင်းပဲ သွားပြောပါတယ်'

'မဝေဝေနွယ်က ဦးကျော်ခိုင်ကို သေစေလိုတဲ့ဆန္ဒနဲ့ လုပ်တာလား'

'မဟုတ်ပါဘူး၊ ဦးကျော်ခိုင်ဟာ ကျွန်မတို့သားအမိရဲ့



ကျေးဇူးရှင်ပါ။ ကျွန်မ ဦးကျော်ခိုင်ကို လေးလေးစားစားပဲ ဆက်ဆံခဲ့ပါတယ်'

'တရင်းတနှီးကော နေထိုင်ဖူးလား'

'လေးလေးစားစား ဆက်ဆံတာကလွဲလို့ တရင်းတနှီးမနေထိုင်ခဲ့ဖူးပါ၊ ဦးကျော်ခိုင်လာတိုင်း ကျွန်မ နောက်ဖေးမီးဖိုချောင်ဘက်မှာပဲ နေပတယ်၊ အမေကလည်း ခိုင်းလေ့ခိုင်းထ မရှိပါဘူး။ တခါတလေ မမထားတို့အိမ်ဘက် သွားနေပါတယ်'

'အချင်းအမှုမဖြစ်မီက ဦးကျော်ခိုင်ဟာ မဝေဝေနွယ်အပေါ်မှာ မရိုးသားတဲ့ အပြုအမူတွေ ဘာတွေ လုပ်ဖူးသလား'

'မလုပ်ဖူးပါ၊ ဦးကျော်ခိုင်နဲ့ မျက်နှာချင်းဆိုင်ရတဲ့အချိန်လည်း မရှိပါ'

'သည်လို မရိုးသားတဲ့အပြုအမူတွေ မလုပ်ဖူးလို့ ဦးကျော်ခိုင်လာတဲ့အခါ မဝေဝေနွယ်စိတ်ထဲမှာ ဘယ်လိုမှ မဖြစ်ဖူးပေါ့'

'ဟုတ်ပါတယ်'

'အဲဒီနေ့က အချင်း မှုခင်းမဖြစ်ခင် တရင်းတနှီး စကားပြောတာမျိုး ရှိသလား'

'မရှိပါဘူး၊ ဦးကျော်ခိုင်က ကုလားထိုင်မှာ ထိုင်နေပါတယ်၊ ကျွန်မက စာအုပ်ဖတ်နေပါတယ်'

'မိခင်ဖြစ်သူ အိမ်မှာမရှိတုန်း ဦးကျော်ခိုင်လာတဲ့အခါ ရှောင်ထွက်သွားဖို့ စိတ်ကူးမပေါ်ခဲ့ဘူးလေ'

'မပေါ်ခဲ့ပါဘူး၊ သည်လိုဖြစ်လိမ့်မယ်လို့လည်း လုံးဝ မထင်ခဲ့ပါဘူး'

'ကတ်ကြေးနဲ့ ထိုးပြီးတဲ့နောက် ထွက်ပြေးဖို့ မကြံစည်ခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



လား'

'ကြိုးစားချိန် မရှိလိုက်ပါဘူး၊ ဦးကျော်ခိုင်က ဒေါသတကြီးနဲ့ ရှေ့တိုးလာတဲ့အတွက် ကြောက်ကြောက်လန့်လန့် မီးတိုင်အုပ်ဆောင်းတုတ်နဲ့ ရိုက်လိုက်ရတာပါ'

'တုတ်နဲ့ရိုက်လို့လဲသွားပြီမှ နောက်တစ်ချက် ဆက်ရိုက်တာလား'

'နှစ်ချက်ဆက်ပြီး ရိုက်လိုက်တယ်လို့ပဲ ထင်ပါတယ်၊ အဲဒီအဖြစ်အပျက်ကို ပြန်စဉ်းစားရတာ ခုထက်ထိ ခေါင်းထဲမှာ ရှင်းရှင်းလင်းလင်း မပေါ်ပါဘူး၊ ဇဝေဇဝါပဲ'

လှအောင်က သူ့အလှည့်မေးခွန်းပြီးဆုံးကြောင်း ပြော၍ထိုင်ချလိုက်သည်။

တရားခံပြသက်သေသုံးယောက် တင်ပြထားရာ နောက်ရက်ချိန်းတွင် သုံးယောက်စလုံးကို တစ်နေ့တည်း အပြီးစစ်ဆေးမည့် အကြောင်း၊ သက်သေများ အစုံအညီ တက်ရောက်အောင် တရားခံ အကျိုးဆောင်က ကူညီဖို့ တရားစီရင်ရေး အဖွဲ့ ဥက္ကဋ္ဌက ပြောကြားပြီး တရားခွင်ကို ရပ်နားလိုက်သည်။

ဝေဝေနွယ်မှာ ထမ်းပိုးထားရသည့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလျှောကျသွားသလို ပေါ့ပါးသွက်လက်နေသည်။ ယခင်တစ်ပတ်ကလို ညည်းစီစီ မှုန်နောက်နောက် ခံစားရမှုမျိုး မဖြစ်တော့။

ထောင်သို့ အပြန်တွင် အမျိုးသမီး အချုပ်သစ် သုံးယောက်ပါလာသည်။ တစ်ယောက်က ရုပ်ကြမ်းကြမ်း၊ အပြောကြမ်းကြမ်း၊ ထောင်နှင့် ပြွန်းတီးပြီးဟန်ရှိသည်။ ကျန်နှစ်ယောက်က ရုပ်ရည်သန့်သန့်၊ ထောင်နှင့် ပြွန်းတီးပြီးဟန်မရှိ။ ငိုထားဟန်ရှိသည့်



မျက်လုံးများမှာ နီရဲနေသည်။ ဘာအမှုမှန်းမသိ မေးလို့ မကောင်း။ အချိုးအဆင်းကြည့်ရသည်မှာ ဟိုအမှု ဖြစ်လိမ့်မည်လို့ ထင်ရသည်။ ငွေကြေး အဝတ်အစားနှင့် အပျော်အပါးပြ၍ မြူဆွယ်မှုကြောင့် ယောင်တောင်ပေါင်တောင်ပါပြီး၊ ရုပ်ရှင်ရုံ အောက်မှာ လူလုံးပြလမ်းသလားရင်း ဖမ်းဆီးခံရသူတွေ ဖြစ်ဖွယ် ရှိသည်။

ထောင်ထဲရောက်တော့မှ သူတို့အကြောင်း သိရသည်။ ထင်သလို မဟုတ်။ ရုပ်ရှင်လက်မှတ် မှောင်ခိုအမှု။

အပြောကြမ်းကြမ်း၊ ရုပ်ကြမ်းကြမ်း အမျိုးသမီးကြီးမှာ ရုပ်ရှင်လက်မှတ် မှောင်ခိုလောကတွင် ဆယ်စုနှစ် နှစ်ခုသာသာ အတွေ့အကြုံရင့်ကျက်နေသူ၊ ထောင်ထဲကို ဝင်လိုက်ထွက် လိုက်ရှိခဲ့သူပါ။ သူတို့ကို တပ်သည့်ပုဒ်မက 'ဖော်တီဝမ်း' လမ်းပိတ်ဆို့မှု။ ဒဏ်ငွေပဲ အများဆုံးချသည်။ သူတို့က ဒဏ်ငွေလောက်တော့ မဖြုံ။ အပြုံးအပျက်၊ ဘယ်လောက်ပဲချချ မမှု၊ ဒဏ်ငွေတစ်ရာလောက်ကတော့ တစ်ပွဲတည်းနှင့် ရှာလို့ရသည်။ ထောင်ချတော့လည်း ဆယ့်ငါးရက်တစ်လေ။

သူတို့ပြောပုံကြည့်အုံး . . .။

'သူတို့အလုပ်က နားရက်မရှိဘူးတဲ့၊ ထောင်ထဲရောက်တဲ့ အခါပဲ နားရတာ ဆယ့်ငါးရက်တန့်သည်၊ တစ်လတန်သည် နားရသမို့ ဖမ်းတဲ့လူကိုတောင် ကျေးဇူးတင်ရပါသေးသတဲ့'

ဟုတ်ပ၊ ရုပ်ရှင်ပြခြင်းက နားရက်မှ မရှိပဲဟာ။ သူတို့လည်း ဘယ်နားရပါ့မလဲ။

တစ်ခါတော့ အချိုကြီး ထိဖူးသည်။ ခုနှစ်ဆယ်ငါးခုနှစ်က။

www.burmeseclassic.com

www.burmeseclassic.com



ရုံးဝန်ထမ်းတွေရော၊ အပြင်မှောင်ခိုတွေပါ တသီတတန်းကြီးဆွဲပြီး ကြမ်းခင်းဈေး လေးနှစ်ချလိုက်ရာ၊ ထောင်ဒဏ် လေးနှစ်က ဆယ်နှစ်အထိ ထိကုန်ကြသဖြင့် သူတို့လောကမှာ အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့သည်။

အဖမ်းခံရသည့်အထဲ မပါသူတွေလည်း ထိတ်လန့်တကြား ခြေဦးတည့်ရာ နယ်ကို ပြေးရှောင်ပုန်းလျှိုးခဲ့ကြသည်။

မတန်မဆ အချုခံရတာပဲ ဆိုပြီး၊ သည်လုပ်ငန်းနှင့် ပြွန်းတီးနေသူအားလုံး ခြေငြိမ်သွားကြသည်။ ရုပ်ရှင်ရုံနားသို့ပင် မကပ်ကြတော့။ ဒါပေမယ့် အဟောင်း အဟောင်းတို့ ချုပ်ငြိမ်းရာတွင် အသစ် အသစ်တို့ ပေါ်စမြဲ ဆိုသည့် နိယာမတရားအတိုင်း၊ ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းသည့် လူဟောင်းများ နေရာသို့ လူသစ်များ အစားထိုး ဝင်ရောက်လာကြသည်။

သူတို့ ပြန်လာကြပြီ။

လူဟောင်းများ ထောင်ကလွတ်လာကြသည်။ သုံးလေးဦးလောက်ပဲ သမ္မာအာဇီဝ လုပ်ငန်းခွင်သို့ ပြောင်းသွားကြ၏။ ကျန်လူများမှာ ဒုံးရင်း ဒုံးရင်း။

မပင်ပန်းဘဲ ဝင်ငွေကောင်းသည့် အလုပ်ကို သူတို့ လက်မလွှတ်ချင်ကြ။ အုတ်ရိုးကို အရင်းအနှီးလုပ်ရသည့်တိုင် မက်မက်မင်မင် ရှိကြသည်။

အခု ထောင်ထဲရောက်လာသည့် သုံးယောက်အနက် ရုပ်ကြမ်းကြမ်း အပြောကြမ်းကြမ်း မိန်းမကြီး၏ နာမည်မှာ မခွေးမ။ အတူပါသည့် ကောင်မလေးနှစ်ယောက်အနက် မတင်အေးဆိုသည့် ကောင်မလေးမှာ အိမ်ထောင်နှင့်၊ မမြသွယ်ဆိုသည့် ကောင်မလေး



က အပျို။

သူတို့နှစ်ယောက်က သည်လောကမှာ လည်လည်ဝယ်ဝယ် မရှိသေး။ မခွေးမကြီး အလျော်ကောင်းလို့ မျက်စိလည် လမ်းမှားပြီး ရောက်လာသူတွေ။ ကျောက်တံတားနယ်မြေမှာ မခွေးမကို မသိသူ မရှိ။ ကောင်စီကလည်း သိသည်။ ရဲကလည်း သိနေသည်။ အဲဒီတော့ မခွေးမ အလုပ်မဖြစ်။ သူက မမြင်ကွယ်ရာမှာနေပြီး မတင်အေးတို့ မမြသွယ်တို့လို ကိုယ်ပွားလေးတွေ ထားရသည်။ လက်မှတ်ဈေး ဘယ်လောက်ကောင်းကောင်း၊ မတင်အေးတို့ မမြသွယ်တို့က တစောင်ကို ငါးမူး၊ တကျပ်ထက်မပိုရ။ သို့တစေ သူတို့က အရင်းမစိုက်ရ၊ အရင်းမစိုက်ရဘဲ တစ်နေ့ ငါးကျပ်မျိုး တစ်ဆယ်မျိုး ဝင်ငွေရသည်။ သူတို့အနေနှင့် လုပ်ပျော်သလို ရှိနေပြန်သည်။

မခွေးမ တာဝန်ခံချက်အရ အကျိုးစီ လုံချည်နေ့သွင်းပေးရောင်းသူများကလည်း ယုံယုံကြည်ကြည် ရောင်းကြသည်။ သူတို့မှာ အဝတ်အစား ပြောင်ပြောင်ရောင်ရောင်၊ နေ့လယ်မုန့်ပဲသွားရည် စာကိုပါ ဒေါ်ခွေးမက ဝယ်ကျွေးသည်။

မမြသွယ် သည်အလုပ်လုပ်သည်ကို သူတို့အိမ်က သိသော်လည်း မတင်အေးကျတော့ သူ့ယောကျ်ားက မသိ။

အခု အဖမ်းခံရသည်က ပထမဆုံးအကြိမ်။ လက်မှတ်အစောင်လေးဆယ်ကျော်နှင့် လက်ပူးလက်ကြပ် ဖမ်းမိသည့် အမှု။

ခါတိုင်းဆို ထောင်ထဲကို ပို့လေ့မရှိ။ အချုပ်ထဲမှာ တညအိပ်ပြီးနောက် တနေ့ရုံးတင် ဒဏ်ငွေချနှင့်ကိစ္စပြီးသည်။

သည်တစ်ကြိမ်က ခါတိုင်းနှင့်မတူ စီမံချက်နှင့် ဖမ်းဆီးခြင်း ဖြစ်၍ ရမန်လေးတစ်ပတ်ယူပြီး ထောင်ထဲကို ပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မရှုနိုင်မကယ်နိုင်ဖြစ်ကြရပြီ။ ဒဏ်ငွေလောက်နှင့် ပြီးဖွယ်ရာမရှိ။ ထောင်ဒဏ်ခံရဖို့ သေချာနေပြီ။ ထောင်က လွတ်ရင်တောင် မတင်အေးကိစ္စ ဖြေရှင်းဖို့က သိပ်မလွယ်။ ယောကျ်ားဖြစ်သူနှင့် ပြဿနာရှင်းရမည်မှာ ထောင်ကျမှာထက်ပို၍ အရေးကြီးသည်၊ ခက်ခဲလိမ့်မည်။

အချုပ်ထဲမှာ သူ့ယောကျ်ားက ကြိမ်းဝါးသည်။

'ကောင်မ ထွက်လာမှ သိမယ်. . ဟု'

သူတို့အကြောင်း နားထောင်ပြီး သင်ခန်းစာတစ်ခု ရလိုက်သည်။

ဥပဒေကို ဆန့်ကျင်ရသည့် အလုပ်မှန်သမျှသည် ပေးအပ်ရခြင်း တန်ဖိုးကြီးမားလှ၏ဟုပါ၍. . . . ။

*

ရဲဘက်စခန်းမှ ပြန်လာသူ မတင်ရီပြောသည့် ရဲဘက်စခန်း အတွေ့အကြုံကို နားထောင်ရသည်မှာ ရင်တုန်စရာဟုဆိုရမည်ထက် ရင်ထဲမှာရှိသည့် ကလီစာတွေ၊ ကျွမ်းထိုးမှောက်ခုန် ဖြစ်သွားရသည်မှာ ဆိုရမည်သို့ ရှိပါချေ၏။

မတင်ရီမှာ ထောင်ဒဏ်သုံးနှစ်ကျပြီး ရဲဘက်စခန်းကျောက်ထုအလုပ်ကို တစ်နှစ်ကျော် လုပ်ကိုင်ခဲ့ရသည်။ ထောင်မကျခင်ကညးက ဖြစ်ခဲ့ဖူးသည့် အဆုတ်ရောဂါမှာ အလုပ်ပင်ပန်း၍ ရောဂါပြန်ထလာသည်။ လုပ်ငန်းခွင်တွင် ဆက်လက်ထားရှိရန် မသင့်တော်ကြောင်း၊ ဆေးထောက်ခံချက်ဖြင့် ထောင်သို့ ပြန်ရောက်လာခြင်း ဖြစ်၏။

သူ၏ လက်ဖဝါးနှစ်ဘက်ကို ပြသည်။ မိန်းမသားတစ်ယောက်၏ လက်ဖဝါးနှင့် လားလားမျှ မတူ။ အလုပ်ကို အလုပ်နှင့် တူအောင် လုပ်ရသည်မှာ ရဲဘက်စခန်းတွင်ဟု အဆိုပြုရမည်သို့ရှိပါချေ၏။



ထိုနေ့က ပုတီးစိပ်ရာတွင် အာရုံမမိ။ ရဲဘက်စခန်းအပြန် မတင်ရီပြောပြသည့် အကြောင်းရပ် ပုံရိပ်များသာ ထပ်တလဲလဲ ထင်နေသည်။ သူမျှား ရဲဘက်စခန်းကို ရောက်သွားရင်. . . ။

မကောင်းသော အတွေးစဉ်များ ရစ်ထွေးလာလျက် အိပ်စက်ခြင်းကို စွန့်လွှတ်လိုက်ရစမြဲပါလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## တစ်ဆယ့်လေး

ဒေါ်ခင်သန်းနွယ်၊ မထားထားနှင့် ကိုစန်းမြင့်တို့ သုံးယောက်ကို စစ်ဆေးသည့်နေ့။

ဒေါ်ခင်သန်းနွယ်က ဦးကျော်ခိုင်နှင့် သူတို့ဇာတ်လမ်းကို ရိုးရိုးစင်းစင်းပင် ထွက်ဆိုသွားသည်။

ရှေ့နေကြီး ဦးခင်မောင်အေးက ထုံးစံအတိုင်း ဦးကျော်ခိုင်နှင့် ဒေါ်ခင်သန်းနွယ်တို့ဖြစ်ကြသည်မဟုတ်ပဲ ဦးကျော်ခိုင်ကို သမီးဖြစ်သူနှင့် ဇာတ်လမ်းသွယ်ရန် ဖန်တီးပေးသည့် သဘောသက်ရောက်သော မေးခွန်းများကို အားမနာတမ်း တစ်တစ်ခွခွ မေးသွားသည်။

ဒေါ်ခင်သန်းနွယ်မှာ မေးခွန်းများကို ပြန်ဖြေရင်း ဝေ့လည်လာသည့် မျက်ရည်များကို အံ့ထွက်မလာအောင် မထိန်းနိုင်ခဲ့။ လူပုံအလယ်မှာ ဒေါ်ခင်သန်းနွယ် မျက်ရည်ကျသည့် အကြောင်းတွင် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ မခံချင်စိတ်ဖြစ်ပေါ်ခြင်းတို့ ဆက်နွယ်တို့ ဆက်နွယ်နေလိမ့်မည်ပါ။

အမေမျက်ရည်ကျသည်ကို မြင်ရသော ဝေဝေနွယ်ပါ မျက်ရည်လည်လာသည်။ ဝမ်းနည်းခြင်းနှင့် မခံချင်စိတ်တို့ ရော



ပွမ်းနေသည်။ ရှေ့နေကြီးကို လက်သီးဖေါက်ဖေါက်ထိုး၍ ပြောမိမည်သို့အထိ ဖြစ်ရသည်။

တရားရုံးတွင် ဆိုသော အသိနှင့် ကိုယ့်ကိုယ်ကို ပြန်ထိန်းထားနိုင်လိုက်သည့်တိုင် အသားတွေ တဆတ်ဆတ်တုန်နေသည်။ ရှေ့နေကြီးကိုသာ စူးစူးရဲရဲကြည့်နေမိသည်။ ဝေဝေနွယ်၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေသည့် အလားသို့။

'ရှေ့နေကြီး ဦးခင်မောင်အေးကမူ အပြုံးအပျက်။

အပြစ်မဆိုသာပါ။

လူလူချင်း စာနာမှု အသိတရား မရှိ၍တော့ မဟုတ်ပါ။ တရားခွင်တွင် ထိုအသိတရားကြောင့် လျှော့လျှော့ပါးပါး မေးခဲ့ရင် ကိုယ့်အမှုသည်အတွက် တာဝန်မကျေပွန်ရာကျသလို၊ ကိုယ်လိုက်သည့် အမှုရှုံးလျှင် နာမည်ပျက် အမည်းစက်ထင်မည်။ ရှေ့နေဆိုတာ နာမည်နှင့် လုပ်ရသည့်အလုပ်။ နာမည်မထွက်ပဲ နာမည်ပျက်ရင် ခေါင်းပေါင်းဖိုးပင်မကျေ။ သည်တော့ တရားခွင်ရောက်ရင် သနားကရုဏာကို မေ့ထားရသည်။ စာနာထောက်ထားမှုကို မျက်ကွယ်ပြုရသည်။

ဒေါ်ခင်သန်းနွယ် မျက်ရည်တွေကျလာတော့ ခံစားမှု ဖြစ်ရသည်။ သို့တစေ ခံစားမှုကြောင့် လျှော့လျှော့ပေါ့ပေါ့ မလုပ်နိုင်ရာ။ လက်ဝှေ့ထိုးသမားလိုသာပ။ ကိုယ်ကချည်း ဖိထိုးနေရသည့်တိုင် လျှော့လို့မရ။ ကြမ်းပြင်ပေါ် လဲကျသည်အထိ ထိုးရသည့်ပမာ ထုံးလို ကျင့်သုံးရပါချေ၏။

မမထားက ဒေါ်ခင်သန်းနွယ်၊ ဦးကျော်ခိုင်နှင့် ယူတော့မည်အကြောင်း၊ ဝေဝေနွယ်ပြောပြ၍ သိရပုံ၊ ဦးကျော်ခိုင်လာသည့်အခါ သူတို့အိမ်ဘက် ကူးလာတတ်ပုံနှင့် ဝေဝေနွယ်၏ အနေ

www.burmeseclassic.com

www.burmeseclassic.com



အထိုင်၊ သိပ်သိပ်သည်းသည်း၊ သိမ်သိမ်မွေ့မွေ့ရှိပုံများကို ထွက်ဆိုသွားခဲ့သည်။

ဦးခင်မောင်အေးက မေးခွန်းသိပ်မမေး၊ အတိအကျသိထားလား၊ ကြားသတင်းအရ သိတာလားဆိုသည်လောက်သာ မေးသွားသည်။

ရပ်ကွက်ကောင်စီဝင် ဦးစန်းမြင့်က ဝေဝေနွယ် သူ့ဆီကို အကြောင်းကြားဖို့ ရောက်လာပုံ၊ ရဲစခန်းသို့ အကြောင်းကြားပုံ၊ မဝေဝေနွယ်တို့ သားအမိ ရပ်ကွက်ထဲတွင် အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် နေကြပုံနှင့် ပြဿနာ တစ်စုံတစ်ရာ မဖြစ်ပွားခဲ့ဖူးကြောင်း၊ အကျင့်စာရိတ္တနှင့် အနေအထိုင်ပိုင်းဆိုင်ရာကို ထွက်ဆိုသွားသည်။

ဦးခင်မောင်အေးက မေးခွန်းလုံးဝမမေး။

လှအောင်ကသာ တရားခံဖြစ်သူအတွက် အထောက်အပံ့ဖြစ်စေမည့် မေးခွန်းတချို့ မေးခဲ့သည်။

စစ်ဆေးခြင်းအပိုင်းမှာ ပြီးစီးသွားပြီဟု ဆိုရမည်။ လျှောက်လဲချက်အပိုင်းနှင့် စီရင်ချက်အပိုင်းပဲ ကျန်တော့သည်။ တရားခွင်မှာ တဘက်ရှေ့နေကြီး၏ မေးခွန်းများကြောင့် ဒေါ်ခင်သန်းနွယ် စိတ်ထိခိုက်မှုဖြစ်ရသလို၊ ဝေဝေနွယ်လည်း စိတ်ထိခိုက်ရသည်။ တကယ်တော့ ရှေ့နေကြီး ဦးခင်မောင်အေး၏ မေးခွန်းများမှာ မမေးသင့် မမေးထိုက်ရာများတော့ မဟုတ်၊ အကယ်၍ လှအောင်သာ ဦးခင်မောင်အေးနေရာက နေရရင် သည်သို့သော မေးခွန်းမျိုး မေးရမည်သာပါ။

ရွှေစွန်ညို ဘာကိုလိုလို့ ဝဲကြောင်း၊ အမေးပုစ္ဆာထုတ်လျှင်



မထွေးလိုလို့ ဝဲပါသည်ဆိုသော် အဖြေထွက်ရမည်လို့၊ ဦးကျော်ခိုင်ဘာကိုလိုလို့ဆိုသည်ကို ပေါ်အောင်ဖော်လျှင် ဝေဝေနွယ် မထွေးနေရာသို့ ရောက်နေသည်မှာ သဘာဝမကျဟု မဆိုသာ။

မဟုတ်သော်လည်း ဖြစ်နိုင်ဖွယ်ရာရှိသည်ဟူသော သဘောထား ပေးကြလိမ့်မည်ပါ။

တဘက်သော ရှေ့နေကြီးက ဖြစ်ဖွယ်ရာရှိသည်ဟူသော အနေအထားမျိုးရောက်အောင် ဖော်ထုတ်သွားသည်။ ဖြစ်နိုင်ဖွယ်ရာရှိသော ကြိုးနှင့် ရစ်နှောင်ချည်တုတ်သွားသည်။

ထိုကြိုးကို ပြေအောင် ဖြေနိုင်သည်ပဲထား။ လက်ရောက်ကျူးလွန်မှုပြုရာတွင် အတိုင်းအတာ လွန်ရောက်သွားသည်ကို ဖြေဖို့မှု မလွယ်ကူ။

ကြီးမားသော လူမှုရေး ဖောက်ပြန်မှုကို ကာကွယ်တွန်းလှန်ပိုင်ခွင့်ရှိသော်လည်း၊ ကာကွယ်တွန်းလှန်ရာတွင် ပြုမှုသည့် အတိုင်းအတာ အကျယ်အဝန်း ကန့်သတ်ချက်ကို ထည့်သွင်းစဉ်းစားရာသည်ဖြစ်သောကြောင့် လုံးဝလွတ်မြောက်ရေးအထိ မျှော်မှန်း၍ မရနိုင်ရာပေ။

အိမ်နီးပါးချင်းများအား အော်ဟစ် အကူအညီတောင်းနိုင်သည့် အနေအထားရှိသည်ဟူသော အကြောင်းပြချက်ကို ခြေဖျက်ဖို့မလွယ်သလို လက်ခံနိုင်ဖွယ်ရှိအောင် လျှောက်လဲချက်ပေးဖို့မှာ လွယ်မယောင်နှင့် ခက်၍ တိမ်မယောင်နှင့်နက်သည်ဟု ဆိုရမည်သို့ ရှိပါချေ၏။

ကြိုးစားမှုနှင့် အောင်မြင်ချက်အတိုင်းအတာမှာ ရှေ့မှန်းပြည့်သို့ မမျှော်မှန်းနိုင်ရာပါလေ။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးအချုပ်ခန်းထဲ ပြန်ရောက်သည့်အခါ ဝေဝေနွယ်က လှအောင်ကို အမေးပုစ္ဆာ ထုတ်လာသည်။

'ဝေနွယ်တို့အမှု အနေအထား ဘယ်လိုရှိတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပြပါလား ကိုအောင်'

'ကောင်းတဲ့အနေအထားနဲ့ မကောင်းတဲ့အနေအထား ရာခိုင်နှုန်း အတူလောက်ရှိနေတယ်လို့ ပြောရမယ့်အဆင့်ပဲ ဝေနွယ်'

'ထောင်ဒဏ်ကတော့ မလွတ်နိုင်ဘူးပေါ့နော်'

'ဥပဒေသဘောက အပြတ်ပြောလို့မရဘူး ဝေနွယ် အောက်ရုံးဆုံးဖြတ်ချက်ဟာ အထက်ရုံးရောက်တဲ့အခါ ပြောင်းလဲသွားတာမျိုးတွေ အများကြီးရှိတယ်၊ ဝေနွယ့်အမှုမှာ လုံးဝလွတ်မြောက်ရေးအထိ မျှော်ကိုးထားလို့တော့ မရဘူး။ ဒီအတွက် ဝေနွယ်မှာ ပြင်ဆင်မှုရှိရလိမ့်မယ်။ ရင်ဆိုင်ရဲတဲ့ သတ္တိကို မွေးထားဖို့ လိုမယ်။ လူ့ဘဝမှာ အရာခပ်သိမ်း အကောင်းချည်း မဖြစ်နိုင်သလို အဆိုးချည်းလဲ မဖြစ်နိုင်ဘူး။ အကောင်းနဲ့ အဆိုးဟာ ဒွန်တွဲစမြဲပဲ ဝေနွယ်။ လောကဓံဟာ သတ္တိမွေးနိုင်တဲ့ လူသားတွေကို ဘယ်တော့မှ မနှိပ်စက်နိုင်ဘူး၊ အနိုင်မယူနိုင်ဘူး'

'ဝေနွယ်ထောင်ကျရင် ရဲဘက်စခန်းကို သွားရလိမ့်မယ် ကိုအောင်'

'ကိုအောင် သိပါတယ် ဝေနွယ်၊ ရဲဘက်စခန်းလို့ အသံလွှမ်းမိုးထားရင် စိတ်ဆင်းရဲစရာချည်းတွေ့ရလိမ့်မယ်၊ တကယ်တော့ ရင် လက်နဲ့ လောကဓံကို ရင်ဆိုင်ဖို့ သတ္တိမွေးလိုက်စမ်းပါ၊ အခ ခပ်သိမ်းကို ကိုယ်က အနိုင်ယူနိုင်တဲ့ အနေအထား ရောက်သွားလိမ့်မယ် ဝေနွယ်၊ ကဲ. . . ကိုယ် လုပ်စရာရှိတာလေး သွားလု



လိုက်ဦးမယ်'

ချစ်သူပေးသွားသည့် အားမာန်မှာ ဝေနွယ်နှလုံးသားထဲသို့ အပြည့်အဝမဟုတ်သည့်တိုင် တစ်စိတ်တပိုင်း စွဲထင်သွားစေသည်။

ဖြစ်လာ ကြုံလာသမျှ တွေ့ရမည့် အခက်အခဲ အကြပ်အတည်းနဲ့ ဒုက္ခဟူသမျှကို အားမာန်မွေး၍ ရင်ဆိုင်ရတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထောင်သို့ ပြန်ရောက်သည့်အခါ ဝမ်းသာ၊ ဝမ်းနည်း ဒွန်တွဲခံစားရမည့် သတင်း ကြားလိုက်ရသည်။

တန်းစီး ဒေါ်ခင်မေ၏ အယူခံအမိန့်ကျလာသည်။ ငါးနှစ်မှ သုံးနှစ်သို့ လျှော့ချလိုက်သည့်အမိန့်။ ဘုတ်မထုတ်ရသေး၊ အကြမ်းဖျင်းတွက်ကြည့်တော့ လွတ်ရက်မှာ လပိုင်းအလို အဖြေထွက်နေသည်။ ကိုယ်နှင့် ခင်မင်ရင်းနှီးရသူ ကိုယ့်အပေါ် ဖေးဖေးမမ ကူညီစောင့်ရှောက်ခဲ့သူ။ လျှော့ရက်တိုးရ၍ လွတ်တော့မည်ဟု လှိုက်လှိုက်လှဲလှဲ ဝမ်းသာစရာပါ။ သို့တစေ သဘောထားပြည့်ဝပြီး မျှမျှတတ အုပ်ချုပ်တတ်သူ သဘောထားကြီးသူ တန်းစီး တစ်ယောက် လွတ်တော့မည်ဆိုသည်က ဝမ်းသာစရာထက် ဝမ်းနည်း စရာဘက်သို့ အလေးသာရသည်။

ထောင်ထဲမှာ အကျဉ်းသားများကိုပါ အနီးကပ် အုပ်ချုပ်သူမှာ ထောင်မှူးကြီးရုံးခန်းမှ ခန့်ထားပေးသည့် အကျဉ်းသား တန်းစီးနှင့် အခန်းလူကြီးများဖြစ်ရာ တန်းစီးတို့၊ အခန်းလူကြီးတို့ ကောင်းပါမှ အနေအထိုင် သက်သာချောင်ချိသည်။ သူတို့ မကောင်းလို့တော့ဖြင့် မစားသာ၊မနေသာ။ သဘောထားပြည့်ဝ သူ မျှမျှတတ အုပ်ချုပ်သူဆိုတာကလည်း တွေ့ရခဲဘိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေ လွတ်ရင် တန်းစီးဘယ်သူဖြစ်မလဲ။ အချုပ်ဆောင်တွင် ရှိနေသူများထဲကပဲ ရွေးချယ်ပြီးတန်းစီးခန့်မလား။ ဒါမှမဟုတ် ဒေါ်ခင်မေလို ထောင်ကျဆောင်က တန်းစီးအသစ်ရောက်လာမလားဆိုသည့် အမေးပုစ္ဆာမှာ သူတို့ရင်ထဲတွင် ဘောင်ဘင်ခတ်နေသည်။ ဒေါ်ခင်မေလို သဘောထား ပြည့်ဝသည့် တန်းစီးမျိုး ရောက်မလာလို့တော့ဖြင့် ရတက်ပွေ၊ အခက်တွေ့ရမည်။ တန်းစီးအသစ်က သဘောကောင်းသည့်ပဲထားဦး ရောက် ရောက်ချင်းတော့ နဂါးမှန်းသိအောင် အမောက်ထောင်ပြမှာသေချာသည်။ မည်သို့ပင်ဆိုစေ ဒေါ်ခင်မေလိုတော့ သဘောထား မပြည့် ဖြိုးတန်ရာ။

လူဆိုသည်က အမြောက်အပင့် အပေးအကမ်းကို မကြိုက်သော လူဟူ၍မရှိ။ ထောင်ထဲမှာ ပိုကြိုက်သည်၊ တန်းစီးဆိုတာက ထောင်ထဲမှာ အလွန်အရေးပါသူ။

တကယ်တော့ ဒေါ်ခင်မေက ထောင်ကျပြီးသား အကျဉ်းသား သူတို့အချုပ်ဆောင် တန်းစီးအဖြစ် ခန့်ထားသောကြောင့် ထောင်ကျဆောင်ကနေ အချုပ်ဆောင်ကို ရွှေ့ပြောင်းနေထိုင်ရသူပါ။

မိန်းမဆောင်တွင် အဆောင်နှစ်ဆောင်ရှိသည်။ တစ်ဆောင်က အချုပ်ဆောင်၊ တစ်ဆောင်က ထောင်ကျဆောင်။ ဝိုင်းတဝိုင်းတည်းမဟုတ် တစ်နေရာစီ။ အချုပ်ဆောင်က နှစ်ထပ်တိုက်ကလေး။ ထောင်ကျဆောင်က တစ်ထပ်တိုက်။ တစ်နေရာနှင့်တစ်နေရာ ဝေးလံသော်လည်း အလုပ်ခွင်ရောက်သည့်အခါ အချုပ်နှင့် ထောင်ကျတို့ ပေါင်းဆုံမိကြသည်။

ထောင်ထဲတွင် မိန်းမဆောင်ကို ၊အစောဆုံး တံခါးဖွင့်ပေး



၏။

မနက်ပိုင်း လူစစ်ပြီးသည်နှင့် မိန်းမဆောင်တံခါး ဖွင့်၍အလုပ်ခွင်သို့ ဝင်ရမည့် အချုပ်သမ၊ အကျဉ်းသမများကို အလုပ်ရုံဘက်သို့ ပထမဆုံးပို့ပေးမည်။ ပြီးမှ ယောကျာ်းအဆောင်များကို ဖွင့်ပေးသည်။

ထောင်ထဲမှာ စက်ချုပ်အလုပ်ရုံရှိသည်။ ရဲဘက်စခန်းသို့ လိုက်ပါရန် စာရင်းမပါသူများမှာ စက်ရုံအလုပ်ရုံတွင် အလုပ်ဆင်းကြရသည်။

အဆောင်တွင် အေးဆေးလူလူနေရသည်မှာ တနင်္ဂနွေတစ်ရက်သာ။

ဒေါ်ခင်မေနေရာသို့ ရောက်လာမည့် တန်းစီအသစ်မှာ ပုံစံကို စီးစီးပိုင်ပိုင်ကိုင်တတ်သူဖြစ်ရင် အနေမချောင်။ ဒါကြောင့်လည်း ဒေါ်ခင်မေ လွတ်တော့မည်ကို ဟက်ဟက်ပက်ပက် ဝမ်းမသာနိုင်။

အယူခံတွင် ဒေါ်ခင်မေ နှစ်လျှော့လိုက်ရသည့်အကြောင်းမှာ ဝေဝေနွယ်အတွက် တအားတက်စရာသို့ ဖြစ်ရပြန်သည်။ အမှုဖြစ်ရပ် တစ်စိတ်တပိုင်း တူညီနေသည်ဖြစ်ရာ သူ့အလှည့်ရောက်သည့်အခါ ဆိုသော စိတ်ကူးယဉ်အတွေးစဉ်က မျှော်လင့်ချက်ရောင်ခြည်ကို ဝိုးတဝါး တွေ့လိုက်ရဘိသို့ ရှိပါချေ၏။

*

လှအောင် ပြဿနာနှင့် ရင်ဆိုင်နေရသည်ကို ထောင်ထဲရောက်နေသည့် ဝေဝေနွယ် မသိ။ သိများ သိခဲ့ရင် ဝေဝေနွယ့်

www.burmeseclassic.com

www.burmeseclassic.com

အတွက် ရှည်လျားသော အိပ်မပျော်သည့် ညများနှင့် ဆုံတွေ့ရဦး သေချာသည်။

တစ်နေ့။

ဘကြီးဖြစ်သူက သူ၏အိမ်ထောင်ရေးကိစ္စကို စကားဖြစ် လာသည်။

အမေတစ်ခု သမီးတစ်ခု တောင်ဥက္ကလာပမှာ အိုးပိုင် အိမ်ပိုင်နှင့် ဆယ်ရပ်ကွက်ဈေးမှာ နှစ်ဆိုင်တွဲ အထည်ဆိုင်ပိုင် သည်။ ဘကြီးဖြစ်သူမိသားစုနှင့် အလွန်ရင်းကြသည့် မိန်းကလေး ရှင် အမေဖြစ်သူက သမီးဖြစ်သူနှင့် လှအောင်ကို နေရာချထားပေး လိုသည့် သဘောထား ဖွင့်ဟလာသည်။

ဘကြီးဖြစ်သူက လှအောင်ကို အကျိုးအကြောင်းပြောပြီး သဘောထားမေးရုံဆို အကြောင်းမဟုတ်။

'ငါကတော့ ဖြစ်ရပါစေမယ်လို့ တာဝန်ယူလိုက်တယ်ကွ မင်းအသက်အရွယ်က အိမ်ထောင်ပြုရွယ်တောင် လွန်လှပြီ။ ဒါမျိုး က ရှာရင်တောင် တွေ့ဖို့မလွယ်ဘူးလေကွာ။ ခုဟာက ဖုတ်သွင်း ရထားဆိုက်တဲ့ အဖြစ်မျိုးဆိုတော့ ဟိုနှယ်သည်နှယ် စဉ်းစားနေဖို့ မလိုတော့ဘူး။ ဒါကြောင့်လည်း ငါက မယုတ်မလွန် စကားပြော မနေတော့ဘူး။ မဖြစ်နိုင်ရာ အကြောင်းမှ မရှိတာပဲဟာ'

အံ့သြတကြီး၊ အံ့အားတသင့် ဖြစ်ရသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။

ပြီး. . . . သည် ဘကြီးက ကျေးဇူးရှင်၊ သူ ခုလို လူတလုံး သူတလုံး ဖြစ်လာရသည့် ကျေးဇူးတရားကို မျက်ကွယ်မပြုသာ။ ငယ်ငယ်ကတည်းက ဘကြီးဖြစ်သူကို စောဒက တက်ခဲ့ဖူးမရှိ။ ချင်



ကြောက်ရှိသေမှုဖြင့် ဆက်ဆံခဲ့ရသည်မို့ ချင်ချင်း ခေါင်းမညိတ် သည့်တိုင် ခေါင်းမခါဝံ့ ရှိရသည်။

'ကျွန်တော့်ကို စဉ်းစားဖို့ အချိန်ပေးပါဦး ဘကြီးရယ်'

'မင်းက ဘာတွေများ စဉ်းစားစရာရှိနေလို့လဲ ဆိုစမ်းပါ အုံး'

'ကျွန်တော်က ဥပဒေဝန်ထမ်းလျှောက်မလို့ ရည်ရွယ်ထား ပါတယ်၊ အပြင်ရှေ့နေ မလုပ်ချင်လို့ပါ။ ဥပဒေဝန်ထမ်း အလုပ်က ပို့တဲ့နေရာ သွားရမှာဆိုတော့ အမေတစ်ခု သမီးတစ်ခုနဲ့ ကျွန်တော် နဲ့ ဖြစ်မှာမဟုတ်ဘူး ဘကြီးရဲ့။ နောက်ပြီး သူတို့က ဈေးသည်ဆို တော့'

'နေစမ်းပါအုံး မင်းဘာဖြစ်လို့ ဥပဒေဝန်ထမ်း လုပ်ရမှာ လဲ၊ အပြင်မှာ လုပ်စားလို့ မဖြစ်လို့လား၊ အခု ငါ့အစီအစဉ်က မင်း မပူမပင် အေးအေးဆေးဆေး ဂုဏ်ရှိရှိ လုပ်နိုင်နေနိုင်အောင် စီစဉ်ပေးတာပဲဟာ'

အပြင်ရှေ့နေ မလုပ်လိုသည့်အကြောင်းနှင့် ဥပဒေ ဝန်ထမ်းလုပ်လိုသည့်အကြောင်းကို ဘကြီးဖြစ်သူအား သဘော ပေါက်အောင် ရှင်းပြလိုက်သည်။

တရားစီရင်ရေး မှန်ကန်မှုထက် မိမိအမှုသည် အနိုင်ရ ရေးနှင့် တဘက်လူကို ပို၍ထိခိုက်အောင် လုပ်ရသည်က သာ၍ စိတ်ပျက်စရာ။

တရားခံဘက်ကလိုက်ယင်း တရားလိုနစ်နာအောင် တရား လိုဘက် ကလိုက်ယင်း တရားခံနစ်နာအောင် လုပ်ရသည်မျိုးကို လှအောင် စိတ်ပျက်နေပြီ။ ငွေကြေးမျက်နှာကို ကြည့်၍ ရှာအရိုး

www.burmeseclassic.com

www.burmeseclassic.com



အရှိ လုပ်ရမည်ကို မလုပ်ချင်။ ဥပဒေဝန်ထမ်း ဆိုတာက ဘယ်သူ့မျက်နှာ ၊ ဘယ်သူ့ဘက်ကိုမှ ကြည့်စရာမလို၊ တရားစီရင်ရေး မှန်ကန်မှုကို လွတ်လွတ်လပ်လပ် လုပ်နိုင်သည်။ ဘက်လိုက်စရာ စိတ်အနှောက်အယှက် မဖြစ်ရ။

' ဒါကြောင့် ခုတပတ် ဥပဒေဝန်ထမ်းခေါ်ယင် လျှောက်မလို့ စီစဉ်ထားတယ် ဘကြီး။ ကျွန်တော့် သဘောကတော့ မတည်မငြိမ်စိတ် မသန့်ရှင်းနဲ့ပဲ ထောင်ဂဏန်းရမှာကို မလိုချင်ဘူး။ သန့်သန့်ရှင်းရှင်းနဲ့ပဲ ထောင်ဂဏန်းရမှာကိုပဲ လိုချင်တယ်။ ကျွန်တော်အိမ်ထောင်ရေးကို အဲဒီကျမှစဉ်းစားမလို့ပါ။ '

'မင်းအစီအစဉ်က လေကားပေါ်တက်ဖို့ အစီအစဉ်မှမဟုတ်ပဲဟာ။ မတက်ပဲနဲ့တော့ အမြင့်မရောက်နိုင်ဘူးကွ။ အမြင့်ရောက်ချင်ယင်တက်ရလိမ့်မယ်။ မြေကြီးပေါ်မှာပဲ မလှုပ်မယှက်မတ်တတ်ရပ်နေချင်တဲ့လူဟာ ဘယ်တော့မှ အမြင့်မရောက်ဘူး။ မင်းလို အေးအေးချမ်းချမ်း လုပ်ချင်တဲ့လူက သားမယားအထောက်အပံ့ ပိုလိုတာပေါ့။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တော့ ဘယ်တောက်ပါ့မလဲ'

အယူခံဝင်ကာမှ ထောင်ဒဏ်တိုး ဆိုသလိုရှိရသည်။

တနင်္ဂနွေနေ့ကျယင် တခြားအစီစဉ်တွေဘေးဖယ်ပြီး အိမ်ကိုလာခဲ့ သူတို့သားအမိကို မင်းအကဲခတ်နိုင်တာပေါ့'

ခေါင်းညိတ်ပြန်ခဲ့ရသည်။

သည်အကြောင်းများ ဝေဝေနွယ်သိခဲ့ယင်. . . ။

* * *



## တဆယ့်ငါး

လျှောက်လဲချက်။

'ဦးကျော်ခိုင်နှင့် ဒေါ်ခင်သန်းနွယ်တို့ တမြို့တည်းသားကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြသည် ဆိုသည့်အချက်မှာ အငြင်းပွားစရာမရှိပါ။ ဖြစ်နိုင်သည်ဟု လက်ခံနိုင်ဖွယ်ရာရှိသော်လည်းဦးကျော်ခိုင်က ဒေါ်ခင်သန်းနွယ်၏ မေတ္တာကို တောင်းခံဖူးကြောင်း ထွက်ဆိုချက်အပေါ် ထောက်ခံထွက်ဆိုသည့် သက်သေတစုံတရာ မရှိသဖြင့် ယင်းအချက်ကို လက်မခံနိုင်ဖွယ်ရာ မရှိပါ။ ဒေါ်ခင်သန်းနွယ်၏ ခင်ပွန်းဦးသက်လှိုင်သေဆုံးပြီးမှ ပြန်လည်တွေ့ဆုံသည့်အချိန်တွင် ဦးကျော်ခိုင်မှာ တရားဝင် လက်ထပ်ပေါင်းသင်းနေသည့် ဇနီးနှင့် သားသမီးများ ရှိနေကြောင်း ဒေါ်ခင်သန်းနွယ်ကိုယ်တိုင် သိရှိပါလျက် မိမိမှာအရွယ်ရောက်နေသည့် သမီးပျို ရှိပါလျက် ဦးကျော်ခိုင်ကိုလက်သင့်ခံ၍ လူမှုရေးဖောက်ပြန်မှုကို စတင်ကျူးလွန်သည်မှာ ဒေါ်ခင်သန်းနွယ်တို့သားအမိသာ ဖြစ်သည်ဟု ဆိုရပါမည်။ တကယ့်အဖြစ်ပျက်ဇာတ်လမ်းက ဤသို့မဟုတ်ပါ။ ဦးကျော်ခိုင် ဒေါ်ခင်သန်းနွယ်နှင့် ပြန်လည်ဆက်သွယ်သည့် အကြောင်းမှာ ဝေဝေနွယ်ကြောင့်ဖြစ်သည်ဟု ဆိုရပါမှ လူလောက၏ ဖြစ်ရိုးဖြစ်စဉ် သဘာဝကျ

www.burmeseclassic.com

www.burmeseclassic.com



သော ယုတ္တိတန်သော အဖြစ်အပျက်ဇာတ်လမ်း ဖြစ်လာပါမည်။ ဦးကျော်ခိုင်သည် အတွေ့အကြုံရင့်ကျက်သောယောကျ်ားတယောက် ဖြစ်ပါသည်။ သူ၏ရွေးချယ်မှုမှာ ဒေါ်ခင်သန်းနွယ် မဟုတ်နိုင်ဘဲ ဝေဝေနွယ်သာဖြစ်လိမ့်မည်ဟုဆိုမှ သဘာဝကျ ၍ ယုတ္တိတန် ပါလိမ့်မည်။ အရိုးနှင့်အသားတွဲလျက် တွေ့နေပါလျက် အရိုးကိုကိုက်၍ အသားကိုလွှင့်ပစ်သည်ဟူ၍ လောကတွင် မရှိပါ။ လှပချောမောသည့် သမီးပျိုမိန်းကလေး ရှိသောမုဆိုးမ အိမ်သို့ ဝင်ထွက်သွားလာသူရှိခဲ့သော် အကြင်ဝင်ထွက်သွားသော ယောကျာ်းအား မုဆိုးမနှင့်ငြိစွန်းနေသည်ဟု အထင်ရောက်သူရှိလိမ့်မည်မဟုတ်ပါ။ လူလောကတွင်ဖြစ်မြဲ ဓမ္မတာရသည့် ဖြစ်ရိုးဖြစ်စဉ် ကိစ္စများကို သဘာဝယုတ္တိအပေါ် အခြေခံကြည့် လျှင် ဦးကျော်ခိုင်က ဝေဝေနွယ်အား အလိုမတူ အဓမ္မကြံစည်ခြင်း ဆိုသည့် အကြောင်းရပ်လည်း မပေါ်ပေါက်တော့ပါ။ ဦးကျော်ခိုင်နှင့် ဝေဝေနွယ်သဘော တူကြည်ဖြူစွာ နေထိုင်ခဲ့ကြောင်းသာ အထင်အရှား ပေါ်လွင်ပါလိမ့်မည်။ ဒေါ်ခင်သန်းနွယ်နဲ့လား၊ ဝေဝေနွယ်နဲ့လားဆိုသော ကွဲပြားသည့် အဖြေထွက်အောင် သက်သေခံမရှိပါ။ ဝေဝေနွယ်က သူနှင့်ဖြစ်နေသည့်ကိစ္စ ဘယ်သို့လျှင် သူနှင့်ဖြစ်နေပါသည်ဟု မပြောရာပါ။ မထားထား၏ သက်သေခံ ထွက်ဆိုချက်များမှာ မြင်ခြင်းမပါပဲ တဆင့်စကားဖြင့်သိခြင်း၊ ကြားခြင်းကိုသာ ထွက်ဆိုသွားပါသည်။ ဦးကျော်ခိုင်က အတင်း အဓမ္မ ကြံစည်ဖို့ ကြိုးစားသည်နှင့် ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်း နိုင်ပါသည်။ ဘေးအိမ်များမှာ ခြံစည်းရိုးသာလျှင် ခြားပါသည်။ ရုတ်တရက် ဘာလုပ်ရမှန်း မသိ၍ ကတ်ကြေးနှင့် ထိုးပြီးသည့်



နောက် အော်ဟစ်အကူအညီ တောင်းနိုင်သလို ရှောင်တိမ်းရန် အနေအထားရှိနေပြီကို မငြင်းနိုင်ရာပါ။ သွေးထွက်သံယို ဖြစ်သည် အထိ ဒဏ်ရာရရှိသွားသူ တစ်ယောက်က ခွန်အားအပြည့်နှင့် ထပ်မံ၍ ရန်ရှာဖို့ဆိုသည်မှာ သဘာဝယုတ္တိ မတန်ဖြစ်ရပ်ကို ထွက်ဆိုခြင်းဟု လက်ခံရမည်သာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို အော်ဟစ်၍ မည်သို့မျှ အကူအညီမတောင်းပဲ၊ ကတ်ကြေးနှင့်ထိုး၍ ဒဏ်ရာရရှိနေသူအား တုတ်နှင့်နှစ်ချက်ဆင့်ရိုက်ခြင်းကို ကြောက်အားလန့်အားနှင့် ပြုလုပ်သည့် လုပ်ဆောင် ချက်ဟု လက်ခံနိုင်ဖွယ်ရာမရှိပါ။ ထို့အပြင် ရိုက်သည့်တုတ်ချက် နေရာမှာ ဦးခေါင်း၏ နောက်စေ့ဘက်သို့ တစ်ထပ်တည်း ကျရောက်သည်ကိုလည်း ဆည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကို ကာကွယ်ရပါသည်ဆိုသော ကာကွယ်ပိုင်ခွင့်ဘောင်ကို အဆီးအတားမရှိ ကျော်လွန်နေသည်ဟု ဆိုရပါမည်။ ကြည်ကြည်သာသာ ဆက်ဆံပေါင်းသင်းပြီးမှ ဦးကျော်ခိုင်၏ ပေးကမ်းထောက်ပံ့သမျှ ကို ယူပြီးမှ ဦးကျော်ခိုင်အပေါ် မကျေလည်သည့် ပြဿနာတစ်စုံ တစ်ရာပေါ်လာသောအခါ အတင်းအဓမ္မကြံစည်သည်ဟူသော စွပ် စွဲချက်ဖြင့် ခိုးကြိုးပစ်သည်ကို ထန်းလက်နှင့်ကာ ဆိုသလို ကာဆီး ခြင်းသာ ဖြစ်ပါသည်။ ဤအမှု၏ ဖြစ်ရပ်အထွေထွေကို ခြုံငုံကြည့် လျှင် ကြိုတင်ပြင်ဆင်မှု အတိုင်းအတာဖြင့် လူသတ်မှု ကျူးလွန်ခြင်းဖြစ်ကြောင်း၊ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှား ပေါ်လွင်နေပါသည်။ ထို့ကြောင့် တရားခံဖြစ်သူ မဝေဝေနွယ်အား ကြီးလေးသော အပြစ်ဒဏ်ချမှတ်ရန်မှတပါး အခြားမရှိပါကြောင်းကို ဥပဒေအချက်အလက်များ၊ စီရင်ထုံး အကိုးအကားများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လဲသွား၏။

လှအောင်၏ လျှောက်လဲချက်မှာ. . .။

မှုခင်းတစ်ခု ဖြစ်ပွားသည့်အခါ မှုခင်းဖြစ်ပွားရခြင်း၏ အကြောင်းရင်း ဇာစ်မြစ်ကို ရှာဖွေရမည်ဖြစ်ပါသည်၊ ယင်းသို့ ရှာဖွေသည့်အခါ စိတ်ကူးစိတ်သန်းနှင့် မိမိလိုရာကို ဆွဲယူပြီး အဖြေရှာလျှင် မှန်ကန်သော အဖြေမထွက်နိုင်ပါ။ မဝေဝေနွယ်တို့ အိမ်ကို ဦးကျော်ခိုင် ဝင်ထွက်သွားလာနေသည်မှာ ဒေါ်ခင်သန်းနွယ်ကို အကြောင်းပြု၍ ဆိုသည့်အချက်ကို ပမာဏယူရမည်ဖြစ်ပါသည်။ ဒေါ်ခင်သန်းနွယ်ကို အကြောင်းပြု၍ ဆိုသည့်အချက်မှာ အငြင်းထွက်စရာ မရှိပါ။ ဦးကျော်ခိုင်သည် ဒေါ်ခင်သန်းနွယ်ကို အကြောင်းပြု၍ ဆိုသည့်အချက်ကို ပမာနယူရမည်ဖြစ်ပါသည်။ ဒေါ်ခင်သန်းနွယ်ကို အကြောင်းပြု၍ ဆိုသည့်အချက်မှာ အငြင်းထွက်စရာမရှိပါ။ ဦးကျော်ခိုင်သည် ဒေါ်ခင်သန်းနွယ်ကို အကြောင်းပြု၍ မဝေဝေနွယ်ကို ပစ်မှတ်ထားသည်ဆိုလျှင်လည်း အငြင်းထွက်စရာမရှိပါ။ ဖောက်ပြားတတ်သည့် ဉာဉ်ရှိသော မိမိအိမ်ရာအပြင် သူတစ်ပါးအိမ်ရာကို ကျူးလွန်သည့်အကျင့်ရှိသော ကာမဂုဏ်တွင် ပျော်မွေ့လွန်သော ယောကျ်ားတစ်ယောက်သည် မဝေဝေနွယ်ကဲ့သို့ ငယ်ရွယ်၍ ချောမောလှပသူအပေါ် စိတ်တိမ်းညွှတ်မည်ဆိုလျှင် သဘာဝကို လွန်ဆန်ခြင်းဟု မဆိုသာပါ။ သို့သော် တစ်ဘက်က ပညာရှိ အကျိုးဆောင်ကြီး လျှောက်လဲသွားသလို ကြည်ကြည်သာသာ ဆက်ဆံပြီးမှ သဘာတူ လက်ခံပေါင်းသင်းပြီး ဆိုလျှင် အခု အမှုအခင်း ဖြစ်ပေါ်စရာ အကြောင်းမရှိပါ။ အကယ်



၍ တစ်ဦးနှင့်တစ်ဦး မပြေမလည် မကျေမနပ် ဖြစ်ခဲ့သော်မှ ဤကဲ့သို့ မှုခင်းမျိုး ဖြစ်နိုင်စရာအကြောင်း လုံးဝမရှိပါ။ ကြိုတင်ပြင်ဆင်၍ ဦးကျော်ခိုင်အား ထိခိုက်ဒဏ်ရာရစေ၍ အသက်ဆုံးရှုံးသည်အထိ ပြုလုပ်ရန် အကြောင်းမရှိသလို မဝေဝေနွယ်လို နုနယ်သူ မိန်းကလေးတစ်ယောက်တည်းက ကြံစည်ကျူးလွန်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။ တစ်စုံတစ်ရာသော အကြောင်းကြောင့်ဟု ပြောရလျှင် ဤသို့ဖြစ်ရလောက်သော အကြောင်းကို ဖော်ပြနိုင်စွမ်းမရှိပါ။ မိန်းမသားများသည် ခွန်အားကို သုံးလေ့မရှိပါ။ အလွန်အင်မတန် နာကျည်းဖွယ်ရာသော ကိစ္စမျိုးနှင့် တွေ့ကြုံသည့် အခါ ခွန်အားကို အသုံးပြုလေ့ရှိပါသည်။ မိန်းမသားတို့ လက်နက်ကို အသုံးပြုသည့် မှုခင်းဖြစ်ရပ်များကိုကြည့်လျှင် မခံမရပ်နိုင်ဖွယ်ရာသော ကိုယ်ထိလက်ရောက် ကျူးလွန်မှုများကို ဟန့်တားသည့် မှုခင်းများတွင်သာ သွေးထွက်သံယိုမှု ဖြစ်စေသည့် လက်နက်ကို အသုံးပြုလေ့ရှိကြောင်း တွေ့ရပါမည်။ အသက်ထက် အရှက်ကို ကာကွယ်ရမည့်အခါမျိုးတွင် သေစေလောက်သည့် လက်နက် ဟုတ်မဟုတ် မရွေးချယ်နိုင်ပဲ၊ ရမိရာ လက်နက်နှင့် ကာကွယ်လေ့ရှိကြပါသည်။ ဦးကျော်ခိုင်က အရှက်တကွဲ အကျိုးနည်း ဖြစ်စေလောက်သော အမူအကျင့် ပြုမူလုပ်ကိုင်ခဲ့သောကြောင့် (ဝါ) အဓမ္မကြံစည်ခဲ့သောကြောင့်သာ လက်လှမ်းမီရာ လက်နက်ကို စွဲကိုင်၍ တုံ့ပြန်ကာကွယ်ခဲ့ရခြင်း ဖြစ်ပါသည်။ ယင်းသို့ တုံ့ပြန်ကာကွယ်ရာတွင် ရှက်စိတ် ကြောက်စိတ် ထိတ်လန့်စိတ်များ စိုးမိုးလွန်ကဲနေသောကြောင့် မည်သည့် အတိုင်းအတာအထိ လက်ရောက်ကျူးလွန်မိသည်ကို ထိုစဉ်အချိန်က သိနိုင်ရာစွမ်း မရှိပါ။ ဦးကျော်ခိုင်၏

www.burmeseclassic.com

www.burmeseclassic.com



သားရေအိတ်နှင့် သားရေအိတ်အတွင်းပါ ငွေကြေးပစ္စည်းများ ခြေရာလက်ရာမပျက် အချင်းဖြစ်နေရာတွင် ရှိနေခြင်းက ပစ္စည်းကို ယူလို၍ ကြံစည်ခြင်း မဟုတ်ကြောင်း ထင်ရှားစေပါသည်။ မှုခင်းဖြစ်ပွားပြီးပြီးချင်း ရပ်ကွက်ကောက်စီဝင် ဦးစန်းမြင့်အား သွားရောက် အကြောင်းကြားခြင်းမှာ မှုခင်းဖြစ်ရပ်ကို ထိမ်ချန်လိုခြင်း မရှိကြောင်း ထင်ရှားစေသည့်အပြင် ဒဏ်ရာရရှိနေသော ဦးကျော်ခိုင်အား အချိန်မီ ဆေးရုံတင်ပို့ရေး စိတ်ထားဆန္ဒလည်း ပေါ်လွင်စေပါသည်။ တရားရုံးတွင်လည်း ရိုးသားစွာပင် ဖြောင့်ချက်ပေးခဲ့ပါသည်။ ဤအမှုတွင် မဝေဝေနွယ်သည် ပြစ်မှုမြောက်ရန် အားထုတ်ကြိုးပမ်းသူ မဟုတ်ပါ၊ ပြစ်မှုဖြစ်ပေါ်စေရန် ဖန်တီးသူ ဦးကျော်ခိုင်ကြောင့် ပြစ်မှုကျူးလွန်သူအဖြစ်သို့ ရောက်ရပါသည်။ ကတ်ကြေးနှင့် ထိုးရာတွင်လည်းကောင်း၊ တုတ်နှင့်ရိုက်ရာတွင်လည်းကောင်း၊ သေစေလောက်သော နေရာကို ရွေးချယ်ထိုးရိုက်ခြင်းမဟုတ်ပဲ ထိုးမိထိုးရာ၊ ရိုက်မိရိုက်ရာကို ထိုးမိ ရိုက်မိခြင်းသာ ဖြစ်ပါသည်။ မဝေဝေနွယ်အား အပြစ်ဒဏ်ချမှတ်ရာတွင် တရားစီရင်ရေးအဖွဲ့၏ သက်ညှာသော အဆုံးအဖြတ်ကို ခံစားခွင့်ပေးပါရန် ရိုသေလေးမြတ်စွာ ပန်ကြားလျှောက်ထားအပ်ပါသည်။

လှအောင်က မည်သည့်ပုဒ်မဖြင့် စီရင်ချက် ချမှတ်ပေးရန်ကို စကားဦးသန်း၍ မတောင်းခံ။ တရားစီရင်ရေးအဖွဲ့၏ သက်ညှာသော အဆုံးအဖြတ်ကိုသာ တောင်းခံလိုက်သည်။

နောက်တစ်ပတ်ရက်ချိန်းတွင် စီရင်ချက် ချမှတ်တော့မည်။

*



ဘုကြီးဖြစ်သူကလည်း စီရင်ချက်ချမည်၊ တကဲကဲ လုပ်နေပြီ။

မေလွင်ဦး။

ဝေဝေနွယ်လောက် လှသည်ဟု သူ့အမြင်တွင် မထင်လာ၊ မေလွင်ဦးက အသားဖြူဖြူသွယ်သွယ် ပိန်ပိန်ကလေး၊ ပါးစပ်ကလေး နည်းနည်းပြဲသည်ဟု ဆိုရုံမှတပါး မျက်နှာပေါ်တွင် ရှိသည့် ပစ္စည်းများ အချိုးကျနပြေပြစ်သည်။ ဖြူသော အသားပေါ်တွင် ထင်းထင်းပျပျ၊ ပေါ်ပေါ်လွင်လွင် ရှိနေသည်မှာ စံပင်တင်မှဲ့ကလေးပါ။ မေလွင်ဦး၏ လှုပ်ရှားဟန်မှာမူ ကလေးဆန်လွန်းသည်။ တစ်ဦးတည်းသောသမီး၊ မိခင်၏အလိုလိုက်မှုကို ခံရသူ၊ ပစ္စည်းပြည့်ကြွယ်သည့် သားသမီးတို့၏ပုံရိပ် အပြည့် ထင်နေသည်။

မေလွင်ဦး၏ မိခင် ဒေါ်သိန်းမြမှာ သဘောသကာယ ပြည့်ဝပုံရသည်။ အပြောအဆို သိမ်မွေ့သော်လည်း ဈေးသည်လေ မပျောက်။

ဥပဒေဝန်ထမ်း လုပ်မည်ကို ဒေါ်သန်းမြက ပို၍ သဘောကျနေသည်။

မည်သို့ပင်ရှိစေ လှအောင်အတွက် အမှီခိုကောင်းတစ်ခု ဖြစ်နိုင်ဖွယ်သို့ ရှိသည်ကိုမူ မငြင်းနိုင်ရာ။

ရောက်ရှိနေသည့် အနေအထားအထိ ရွက်မစုံ တက်မစုံ လှော်ခတ်ခဲ့ရသည်။ ရွက်ကျိုးလျှင်တက်၊ တက်ကျိုးလျှင် လက်ဆိုသည့် အားမာန်ကိုမွေးပြီး လှော်ခတ်ခဲ့ရသည်မှာ ပင်ပန်းကြီးလှပြီ။ ရှေ့ခရီးအတွက် ထပ်၍ ပင်ပန်းကြီးရဦးမည်ဆိုလျှင် ...။

ဝေဝေနွယ်က ထောင် ဘယ်လောက်ကျဦးမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကလွတ်သည်အထိ စောင့်ရလျှင် အသက်အရွယ် စကား ပြောလာတော့မည်။ လောကဓမ္မတာအရ အိမ်ထောင်သားမွေးမြူလျှင် မယူမဖြစ်သည့် မျိုးဆက်ပြဿနာက ရှိသေးသည်။ အသက်အရွယ်ထောက်လာမှ ကလေးတွေက လူလားမမြောက်ဖြစ်နေလျှင် . . .။

ပြီး. . . ဘကြီးဖြစ်သူ၏ အစီအမံကို ဘယ်လိုအကြောင်းပြချက်နှင့် ငြင်းပယ်ရမည်ဆိုသည်ကလည်း ပြဿနာ၊ မဝေဝေနွယ်အကြောင်း ပြောလို့ကတော့ ဘယ်လိုမှမဖြစ်။

'မင်း စိတ်မှ ကောင်းသေးရဲ့လားလို့' အမေးခံရဖို့ သေချာသည်။

ဘကြီးကလည်း ဇာလောလော တဆော်ဆော်။

ယတိပြတ် အဖြေတစ်ခုပေးဖို့ အချိန်မဆွဲသာ။

မဝေဝေနွယ်အပေါ်ကို ချစ်သည်ထက် သနားကရုဏာစိတ်ယိုဖိတ်မှုက လွန်ကဲနေသည်ဟု ဆိုရမည်သို့ စိတ်တိမ်းညွတ်နေသည်ကလည်း မပြောင်းလဲနိုင်။ ကိုယ်တိုင်ဆုံးဖြတ်ချက် မချနိုင်သည့် ပြဿနာကို ငယ်ဆရာနှင့်ကြီးဆရာတို့ထံ ယူဆောင်သွားရသည်။

ဆရာဦးမြတ်သွင်က 'အေး. . . ငါကိုယ်တိုင်က လူပျိုကြီးဆိုတော့ မင်းကိစ္စကို အဆုံးအဖြတ်ပေးဖို့ မလွယ်ဘူးကွ၊ နှောင်ကြိုးမဲ့ လွတ်လပ်မှုကို တကယ်ခံစားချင်တယ်ဆိုရင် မဝေဝေနွယ်ကိုရော မေလွင်ဦးကိုပါ လက်လွှတ်ရလိမ့်မယ်။ ထွေလီကာလီ ဒုက္ခမျိုးစုံ ခံချင်တယ်ဆိုရင်တော့ မင်း တစ်ယောက်ယောက်ကို ရွေးရလိမ့်မယ်၊ ဒုက္ခကို ဖိဖိစီးစီး ခံချင်တယ်ဆိုရင်တော့ ဝေဝေနွယ်



ကိုပေါ့ကွာ။ ဒုက္ခကို သက်သက်သာသာလေး ခံချင်တယ်ဆိုရင်တော့ မေလွင်ဦးပေါ့ကွာ' လို့ ဆိုမိန့်စကား ထွက်လာသည်။

ဆရာ ဦးမြင့်မောင် 'မွေးဖွားလာခြင်းနှင့် သေဆုံးခြင်းအကြားမှာ ရုန်းကန်လှုပ်ရှားခြင်းဟာ လူတိုင်းမဖြစ်မနေ လုပ်ရတဲ့အလုပ်ပဲ။ သက်သာတယ်၊ မသက်သာဘူး ဆိုတာကတော့ တပိုင်းပေါ့၊ အိမ်ထောင်ရေးဟာ ဘဝအဆစ်အချိုး အပြောင်းအလဲမှာ အရေးကြီးပဲ။ အိမ်ထောင်မကျခင် မိဘရဲ့ ရင်ခွင်ပိုက်အဖြစ် လှုပ်ရှားရတယ်။ ကိုယ်ပိုင်အင်အား သိပ်မသုံးရသေးဘူး။ ဒါ လူအများစုအတွက် ပြောတာနော်၊ အိမ်ထောင်ပြုတော့မယ်ဆိုတာနဲ့ ရင်ခွင်ပိုက်ဘဝက လွတ်ထွက်ပြီ။ ကိုယ့်အားကိုယ်ကိုး ရတော့မယ်။ ကိုယ်က ဦးဆောင် လှုပ်ရှားရတော့မယ်။ အိမ်ထောင်မပြုခင်က အချစ်သည် ပမာန၊ အချိန်အပိုင်းအခြားနဲ့ တွက်ရင် အချစ်ပမာနလေးက တိုတိုလေး၊ ဘဝတည်ဆောက်မှုကာလက အရှည်ကြီး။ အီတလီစကားပုံရှိတယ်ကွ၊ လောကကြီးဟာ လှေကားကြီးနဲ့ တူတယ်တဲ့။ တက်တဲ့လူတက်၊ ဆင်းတဲ့ လူဆင်းပဲတဲ့။ လူတစ်ယောက်ဟာ လောကကြီးကို တက်ဖို့က အိမ်ထောင်ပြုတဲ့အချိန်မှာ စတာပဲ။ တချို့လည်း အိမ်ထောင်ပြုခြင်းအမှားကြောင့် လှေကားကြီးကို တက်ချည်းနေရမယ့်အစား ဆင်းချည်းနေရတယ်။ အဲဒီတော့ မင်း လှေကားကြီးကို တက်ချင်သလား၊ ဆင်းချင်သလား။ တက်တဲ့လူဖြစ်ချင်သလား၊ ဆင်းတဲ့လူ ဖြစ်ချင်သလား။ အဲဒါပဲ၊ ဝေဝေနွယ်ကို မင်းချစ်တယ်၊ စွန့်စားမလား။ ဆရာရေ ကျွန်တော်ကတော့ လောကကြီးကို ဖြစ်သလို စွန့်စားပြီး ရင်ဆိုင်မယ်ဆိုရင် ဝေဝေနွယ်ပေါ့ကွာ၊ မဟုတ်ရင်တော့ မင်းရွေးရမှာ မေလွင်ဦးပဲ။ လောကကြီး

www.burmeseclassic.com

www.burmeseclassic.com



မှာ အခွင့်ကောင်း အခါကောင်းဆိုတာ အမြဲတမ်း မပေါ်တတ်ဘူးကွ။ တချို့လည်း ပေါ်တဲ့အခွင့်ကောင်းက လက်လှမ်းမီတုန်း အချိန်ရှိတုန်း အမိအရ ဆုပ်ကိုင်မိကြတယ်။ တချို့လည်း မဆုပ်ကိုင်လိုက်မိတာကို နောင်မှ တရတယ်' လို့ ဆိုမိန့်စကား ပြောခဲ့သည်။

သို့တိုင်အောင် သူ့မှာ မဝေခွဲနိုင်. . .။

သည်တစ်ပတ် ရုံးထွက်တွင် စီရင်ချက် ချတော့မည်မို့ ရုံးထွက်ရက် မရောက်မချင်း ဝေဝေနွယ်မှာ ရင်တထိတ်ထိတ်၊ ဖြေသာခွင့်ရသည့် အကြောင်းမှာ ထောင်ကျသည့်တိုင် ရဲဘက်စခန်း မလိုက်ရဖို့ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း သေချာနေပြီ။ စက်ချုပ်အလုပ်ရုံတွင် အလုပ်ကြပ်နရာပေးဖို့ အလုပ်ရုံမှူးက ထောင်မှူးကြီးရုံးကို ထောက်ခံတင်ပြထားသည့် စာရင်းထဲမှာ သူ့နာမည်ထိပ်ဆုံးက ပါနေသည်။ စက်ချုပ်အလုပ်ကို ကိုယ်တိုင်လည်း ကျွမ်းကျင်သည်။ သူများကိုလည်း နည်းပြပေးနိုင်သည့် အဆင့်အတန်းသို့ ရောက်နေပြီ။ အချုပ်သမဘဝ၌ အလုပ်ဘက် မှတ်တမ်းတွင် နာမည်ကောင်း စာရင်းဝင်သူများကို ရဲဘက်စခန်းပို့သည်ထက် အလုပ်ဘက်၌ ပြန်လည်နေရာချထားပေးသည့် အစဉ်အလာ ရှိသည်။

အချုပ်သက်တမ်း တစ်လျှောက်လုံး ဘာပြဿနာမှ မဖြစ်ခဲ့။

ပြီး. . . အလုပ်ရုံမှူးကိုယ်တိုင်က 'နင် ဘာမှ မပူနဲ့၊ တို့အလုပ်ရုံဘက်မှာ ဆက်နေရမှာ သေချာတယ်။ ငါ ထောင်မှူးကြီးကို တင်ပြပေးမယ်၊ အလုပ်ကိုသာ ခုထက် ပိုပြီး ကြိုးစားလုပ်၊ အဆောင်မှာ ဘာမှမဖြစ်စေနဲ့' ဟု အားပေးစကား ပြောထားသည်။



ဝေနွယ်က ထောင်ကျသည်ဖြစ်စေ၊ လွတ်သည်ဖြစ်စေ အပြင်လောကသို့ ပြန်ရောက်လျှင် စက်ချုပ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပြုဖို့ ဆုံးဖြတ်ပြီးသား။ ထောင်ထဲက ရသမျှ ပညာကိုယူ၊ အပြင်ရောက်သည့်အခါ မိန်းမဝတ် အပ်ချုပ်သင်တန်းတက်ပြီး တစ်သက်လုံး စက်ချုပ်စားတော့မည်ဟု ဘဝရှေ့ရေးအတွက် ရည်မှန်းချက် အခိုင်အမာပြုလိုက်သည်။

ဘုရားရှိခိုး ပုတီးစိပ်ပြီးတိုင်း 'ဝင်္ကြေးရှိသမျှ သည်မျှနှင့် ကြေပါစေ၊ ရဲဘက်စခန်းသို့ မလိုက်ရသည်ဖြစ်ပါစေ' ဆိုသော ဆုတောင်းကိုသာ ထပ်တလဲလဲ ဆုတောင်းခဲ့သည်။

စီရင်ချက် ချမည့်နေ့။

အစောထကြီးထ၍ ဘုရားရှိခိုး ပုတီးစိပ်ပြီး စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။ ခါတိုင်းလို မိတ်ကပ်မလိမ်းသတော့ပဲ နဂိုအရိုးခံ အရှိအတိုင်း ဟိုင်းလတ်အကျီအဖြူလက်စက၊ နီညိုရောင်အောက်ခံအပေါ်တွင် ရောင်စုံပန်းပွင့်ဖော်ထားသည့် ပါတိတ်လုံချည်ကို ဝတ်ဆင်ပြီး ရုံးထွက်ခဲ့သည်။

ကားပေါ်က ဆင်းသည်နှင့် အမေတို့ လူစုကို အစုံအညီ လှမ်းတွေ့လိုက်ရသည်။ အမေ၏အပြုံးမှာ အားမပါ။ စီရင်ချက်ကို ကြားနာရတော့မည့်နေ့။ အမေ ဘယ်လိုပြုံးပြုံး၊ အမေ့အပြုံးမှာ လိုက်လှဲရိပ် ထင်မိလိမ့်မည် မဟုတ်ပါလေ။

အချုပ်ခန်းထဲရောက်လာသည့် ထမင်းချိုင့်ကို ဖွင့်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်လေးနေသည်။ စားချင်စိတ်လည်းမရှိ၊ တရားခွင်ဝင်ရမည့် ကိုယ့်အလှည့် ဘယ်တော့ရောက်ပါ့မလဲဟူ၍သာ စိတ်တစောစော ရှိနေသည်။ ထမင်းချိုင့်ကို သည်အတိုင်းပဲ ထားလိုက်ရသည်။

အလှည့်ရောက်လာပြီ။

နေ့လယ် နှစ်ချက်တီး

တရားခွင်မှာ. . .

ခါတိုင်းထက် လူပိုများနေသည်။ သူ့အမှုအတွက် တကူးတက လာနားထောင်သည်တော့ မဟုတ်တန်ရာ။ သူ့အမှုနောက် စီရင်ချက်ချမည့် အမှုသည်များ၏ ဆွေမျိုးသားချင်းများ ဖြစ်ပါလိမ့်မည်။

တရားစီရင်ရေးအဖွဲ့ဝင်များမှာ ခါတိုင်းလိုပင် တည်တည်ငြိမ်ငြိမ်။

စီရင်ချက်ကို မတ်တပ်ရပ်၍ နားထောင်ရသည်။

အချင်းဖြစ် မှုခင်း တစ်ရပ်လုံးကု ခြုံငုံ၍ သုံးသပ်သည့်အခါ သေဆုံးသူ ဦးကျော်ခိုင်၏ အပြုအမူမှာ ရိုးသားသည်ဟု လက်ခံနိုင်ဖွယ်ရာ မရှိပေ။ သို့တစေ လူတစ်ဦးက မိမိအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုမူ၍ ရန်မူလာခြင်းကို ခုခံကာပိုင်ခွင့်ရှိသော်လည်း ရာဇသတ်ကြီး ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့်မရှိချေ။ သေဆုံးသူသည် လက်ရောက်မှုတစ်ခုခု ပြုလုပ်သည့်တိုင် ခုခံကာကွယ်မှုကို အသုံးပြုရာ၌ သေစေသည်အထိ မပြုလုပ်နိုင်၊ ယင်းသို့ ပြုလုပ်ခြင်းကိုလည်း လက်ခံနိုင်ဖွယ်ရာ မရှိပေ'

တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက မှုခင်းဖြစ်ပွားခြင်း အနေ



အထား၊ နှစ်ဘက်သက်သေများ၏ ထွက်ဆိုချက်၊ တရားခံ၏ အပြုအမူ ရိုးသားမှုများအပေါ် ခြုံငုံသုံးသပ်ချက်ကို ဖတ်ကြားသွားပြီးနောက်၊ နောက်ဆုံးအပိုဒ်တွင် အထက်ဖော်ပြပါအတိုင်း ဖတ်ကြားခြင်းနှင့် တစ်ဆက်တည်း စီရင်ချက်ကို ဖတ်ကြားသွားသည်။

ပြစ်မှုကင်းသော ကြိုတင်ကြံရွယ်ချက် မရှိသော ပြုမူမှုနှင့် အကျုံးဝင်သောကြောင့် လူသတ်မှုမမြောက်သည့် ရာဇဝတ် ပြစ်ဒဏ်ထိုက်သော လူသေမှု ပုဒ်မ ၃၀၄ အရ ပြစ်ဒဏ်စီရင်ချက် ချမှတ်ရမည် ဖြစ်သည့်အတိုင်း. . .။

မတ်တပ်ရပ်၍ စီရင်ချက်ကို နားထောင်နေသော ဝေဝေနွယ်ရင်က တဒိန်းဒိန်းခုန်လာသည်။ မျက်လုံးများလည်း ပြာဝေချင်သလို ဖြစ်လာသည်။

အဖ ဦးသက်လှိုင်၏သမီး မဝေနွယ်အား အလုပ်နှင့်ထောင်ဒဏ် (၅)နှစ် ကျခံစေရန် စီရင်ချက် ချမှတ်လိုက်သည်။

ဝေဝေနွယ်က မျက်ရည်မကျအောင် ထိန်းထားသော်လည်း မရ၊ အမေ၏ ငိုရှိုက်သံမှာ တရားခွင်ရုံးခန်းထဲတွင် ပျံ့လွင့်ကျန်ရစ်ခဲ့သည်။ အချုပ်ခန်းထဲရောက်သည့်တိုင် အမေ အငိုမရပ်သေး။

'ကဲ. . ဝေနွယ် အယူခံဝင်သင့် မသင့်ဆိုတာကို ဆရာနဲ့ တိုင်ပင်ရဦးမယ်။ ခုပေးတဲ့ အပြစ်ဒဏ်ဟာ များတယ်လို့တော့ မဆိုနိုင်ဘူး။ ခံနိုင်ရည်အား မွေးဖို့ပဲ လိုတယ်။ နောက်ထပ် သုံးနှစ် ကျော်ကျော်တော့ နေရလိမ့်မယ်။ ကံကောင်းရင် နှစ်နှစ်ကျော်ကျော်နဲ့ ပြီးလိမ့်မယ်။ ကိုအောင်လည်း မကြာခဏ ထောင်ဝင်စာ

www.burmeseclassic.com

www.burmeseclassic.com



လာတွေ့မယ်။ ခု. . . ကိုအောင် ဥပဒေဝန်ထမ်းလျှောက်လိုက်ပြီ ဖောင်ကြီးသင်တန်းပြီးမှ ဘယ်ကျမယ်ဆိုတာ သိလိမ့်မယ်။ ကိုယ် နယ်သွားရရင် ဝေနွယ်ကို မမကြည် လာတွေ့မှာပါ၊ အားမငယ်နဲ့ ကဲ. . . ဘာမှာစရာရှိလဲ ပြော'

'မရှိပါဘူး ကိုအောင်၊ ဝေနွယ် တစ်သက်လုံး ကိုအောင် ကျေးဇူးကို မမေ့ပါဘူး၊ ဝေနွယ် ထောင်ထဲမှာကတည်းက စဉ်းစား ပြီးသားပါ။ ဝေနွယ် တစ်ကိုယ်ကောင်းမဆန်ချင်ပါဘူး။ ဝေနွယ်တို့ ကိစ္စကိုလည်း သည်နေ့မှာပဲ စခန်းသတ်လိုက်ကြပါစို့။ ကိုအောင့် သဘောထားအတိုင်းသာ'

'ဒါ အခု ပြောရမယ့်အကြောင်း မဟုတ်သေးဘူး ဝေနွယ်၊ စိတ်အေးအေးနဲ့သာ. . . .'

ရှစ်လကျော် စစ်ဆေးခဲ့သည့်အမှု ပြီးဆုံးသွားပြီ။ သူတို့ နှစ်ယောက်ကိစ္စမှာ မပြီးပြတ်သေးပါလေ။

* * *



## တစ်ဆယ့်ခြောက်

ဝေနွယ်နှင့် သူ့ကိစ္စ၊ မေလွင်ဦးနှင့်သူ့ကိစ္စကို အနီးကပ် ခရေစေ့တွင်းကျ သိသူမှာ အစ်မ မကြည်။ ဒါပေမယ့် အစ်မဖြစ်သူ က ဘာသိဘာသာ နေခဲ့သည်။ ဝေနွယ် ထောင်ကျခံရမည့် စီရင် ချပြီးမှ သူ့အဆုံးအဖြတ်ကို အမေးစကား ရှိလာသည်။

'ကျွန်တော်လည်း ဘာမှ မဆုံးဖြတ်ရသေးဘူး မမ၊ ဘကြီး ကတော့ လောဆော်နေတာပဲ၊ မမသဘောကကော'

သည်တော့မှပဲ တစ်ခါမှ မမေးဖူးသေးသည့် အစ်မဖြစ်သူ ၏ သဘောထားကို မေးလိုက်သည်။

'မေလွင်ဦးတို့သားအမိက ပိုက်ဆံရှိတယ်၊ ဆိုင်နဲ့ ကနားနဲ့၊ အိုးပိုင် အိမ်ပိုင်နဲ့။ မောင်လေးမှာက ပညာဂုဏ်တစ်ခုပဲ ရှိတယ်။ မောင်လေးအတွက် မပူမပင် နေရ ထိုင်ရ လုပ်ရကိုင်ရမှာတော့ မှန်တယ်။ ဒါပေမယ့် မောင်လေးက အပေါ်စီးတော့ မဟုတ်ဘူး နော်။ အိမ်ထောင်သည်ဘဝရောက်တဲ့အခါ ပြဿနာဆိုတာ တွေ့ ကြစမြဲ၊ ဖြစ်ကြစမြဲပဲ။ အဲဒီအခါမျိုးမှာ မောင်လေးရဲ့ အတိတ်ဘဝ တို့ ဖော်ပြီး အနိုင်ယူရင် မောင်လေးခံနိုင်ပါ့မလား။ ကောင်မလေး က ငယ်တယ်၊ မာနထားလိမ့်မယ်၊ ဖြစ်လာရင် ဘာမှ ထောက်ထား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် စိတ်သဘောထားခြင်း ဘယ်လိုရှိတယ်ဆိုတာ မသိကြဘူး၊ သံယောဇဉ်တွယ်တာမှုလည်း မရှိဘူး။ မောင်လေးကြီးပွားလာရင်တောင် သူတို့ကြောင့်ဆိုတာကြီး ကို မဏ္ဍပ်တိုင်တက်ပြီး အလံထူလိမ့်မယ်။ မောင်လေး တစ်သက်လုံး အနိမ့်စံဘဝဘက်က နေရလိမ့်မယ်။ ဝေဝေနွယ်ကျတော့ တန်းတူ ရည်တူ၊ သံယောဇဉ် တွယ်တာမှု ရှိတယ်၊ မောင်လေးဟာ သူ့ရဲ့ကျေးဇူးရှင်၊ မောင်လေးရဲ့ အတိတ်ဘဝကို စေ့စေ့ငှငှ သိတယ်။ ဒါပေမယ့် အထင်မသေးခဲ့ဘူး၊ မောင်လေးကို အိမ်ဦးနတ်လို သဘောထားလိမ့်မယ်။ သည်းခံစရာမှန်သမျှကိုလည်း သည်းခံလိမ့်မယ်၊ မောင်လေး အမှားလုပ်မိရင်တောင် ခွင့်လွှတ်နိုင်လိမ့်မယ်၊ ကိုယ့်ဩဇာသာ လွှမ်းမိုးမယ်၊ သူတို့မှာလည်း အမွေတစ်ခု သမီးတစ်ခုပဲ၊ မချမ်းသာပေမယ့် အိုးပိုင်အိမ်ပိုင်နဲ့။ တစ်ခုတော့ ရှိတယ်၊ ဝေဝေနွယ် ထောင်ကျရတဲ့အကြောင်းနဲ့ ပတ်သက်လို့ သံသယ ကင်းကင်းရှင်းရှင်း ရှိရဲ့လား၊ မောင်လေးမှာ သံသယ ကင်းကင်းရှင်းရှင်း ရှိတယ်၊ အချိန်ကာလကိုလည်း စောင့်နိုင်တယ်ဆိုရင်တော့ မောင်လေး ရွေးသင့်တာက ဝေဝေနွယ်ပဲ. . .'

အဲဒီနေ့က ညဉ့်သန်းခေါင်ကျော်သည်အထိ စဉ်းစားစရာ အချက်အလက်ဟူသမျှကို ပြတ်ပြတ်ထင်ထင် စဉ်းစားတွေးတောပြီးသည့်နောက်. . .။

ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။

ထောင်ကလွတ်မည့်နေ့၊ ဝေဝေနွယ်ကို သွားကြိုတော့မည် ဟု. . .။

* * *

BURMESE CLASSIC .com

www.burmeseclassic.com